# မြန်မာ့ဓလေ့ ရှင်ပြုမင်္ဂလာ

Y.M.B.A အသျှင်ဝိသုတာဘိဝံသ



ဒုတိယအကြိမ်

## ဂန္ထသာရ စာပေ


**ဖြန့်ချိရေး**

၁။ **ဒေါ်ခိုင်ခိုင်သူ**

အမှတ် (၁၇၅)၊ ၅ လွှာ (ဘယ်)၊ ၅၁ လမ်း၊ အပေါ်ဘလောက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း- ၀၉၅၁၉၂၃၈၉၊ ၀၉၅၁၈၆၈၉၄၊ ၀၉၇၃၁၄၄၆၂၆

၂။ **ဦးနန်းလှိုင်**

အမှတ် (၁၀)၊ ကျောင်းတော်ရာလမ်း၊ ကုက္ကိုတန်း၊ ပခုက္ကူမြို့။

ဖုန်း- ၀၆၂-၂၁၁၅၄

စာပေဒါန

သို့

---------------

---------------

---------------

မှ/

---------------

---------------

---------------

Y.M.B.A အသျှင်ဝိသုတာဘိဝံသ (ပခုက္ကူ-ဘုန်းမြိုင်)၏ "မြန်မာ့ရိုးရာ ရှင်ပြုမင်္ဂလာ"ကို ချစ်ခင်လေးစား မြတ်နိုးသောအကြောင့် နိဗ္ဗာန်အမတ လက်ဆောင်မွန် အဖြစ်ဖြင့် ပြုပါသည်။

---------

---------

---------

# မြန်မာ့ဓလေ့
# ရှင်ပြုမင်္ဂလာ

Y.M.B.A အသျှင်ဝိသုတာဘိဝံသ



**စီစဉ်သူ**

ဆရာကြီး ဦးနန်းလှိုင် (ပုရိသ)
စာပေနှင့် သမိုင်းသုတေသန ပညာရှင်

ပခုက္ကူ

၂၀၁၁ ခုနှစ်၊ မေလ　　　　　　၁၃၇၃ ခု၊ ကဆုန်

## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် ❁ ၆၀၀၅၃၇၀၇၁၁
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ❁ ၆၀၀၅၃၂၀၈၁၁
ထုတ်ဝေသည့်ကာလ ❁ ၂၀၁၁ခုနှစ်၊စက်တင်ဘာလ
ထုတ်ဝေခြင်း ❁ ဒုတိယအကြိမ်
အုပ်ရေ ❁ ၁၀၀၀
ထုတ်ဝေသူ ❁ ဦးမောင်မောင်မြင့်အေး
လာဘ်မိုးဆွေစာပေ
၂၀၅၊ပိတောက်-၅လမ်း။
အင်းစိန်မြို့နယ်၊ရန်ကုန်မြို့။
ပုံနှိပ်သူ ❁ ဦးတင်အောင်ကျော်(မြ-၀၇၀၅၃)
စွယ်တော်ပုံနှိပ်တိုက်၊အမှတ်(၁၄၇)
၅၁-လမ်း။ ပုဇွန်တောင်၊ရန်ကုန်မြို့။
ဖြန့်ချိရေး ❁ ၁။ဒေါ်ခိုင်နိုင်သူ
အမှတ်(၁၇၅)၊၅လွှာ(ဘယ်)
၅၁လမ်းအပေါ်ဘလောက်၊
ပုဇွန်တောင်မြို့နယ်၊ရန်ကုန်မြို့။
ဖုန်း။ ၀၉-၅၁၉၂၃၇၉၊
၀၉-၅၁၈၆၈၉၄၊၀၉-၇၃၁၄၄၆၂၆
၂။ဦးနန်းလှိုင်၊ အမှတ်(၁၀)၊
ကျောင်းတော်ရာလမ်း၊ကုက္ကိုတန်း၊
ပခုက္ကူမြို့။ ဖုန်း ။ ။၀၆၂-၂၁၁၅၄
တန်ဖိုး ❁

ထုတ်ဝေသည့်စာအုပ် ကတ်သလောက်အညွှန်း [CIP]

၂၉၄.၃
အရှင် ဝိသုတာဘိဝံသ (Y.M.B.A)
မြန်မာ့ဝေလေ့ ရှင်ပြုမင်္ဂလာ/အရှင် ဝိသုတာဘိဝံသ။ -ရန်ကုန်
လာဘ်မိုးဆွေစာပေ၊ ၂၀၁၁။
၃၈၉ စာ ၊ ၁၉.၃ x ၁၂ . ၉ စင်တီ။
(၁) မြန်မာ့ဓလေ့ ရှင်ပြုမင်္ဂလာ




YMBA အသျှင်ဝိသုတာဘိဝံသ
(ပခုက္ကူ - ဖုန်းမြိုင်)

# မော်ကွန်းတင်စကား

စာပေစကား၊ နေ့တိုင်းကြားက
ထူးခြားလိမ္မာ၊ ရှိသည်သာတည်း။

**ရှင်မဟာရဋ္ဌသာရ**

ဝိုင်အမ်ဘီအေ အသျှင်ဝိသုတာဘိဝံသ (ပခုက္က-ဘုန်းမြိုင်)ကား သံသရာစက် အကန့်တစ်ကန့်မှ တစ်ကန့်သို့ ကူးသွားခဲ့သည်၊ သူ မကူးခင်ကာလက ဗုဒ္ဓသာသနာတော် ဖွံ့ဖြိုးတိုးတက်ရန်ကိုလည်းကောင်း, အမျိုးဘာသာ ယဉ်ကျေးမှုကိုလည်းကောင်း စသည် စသည်တို့ကို စိုက်ပျိုးခဲ့သည်၊ ယင်းသို့ စိုက်ပျိုးခဲ့ရာတွင် အချို့ အပင် အသီးတို့မှာ ဝင်းမှည့်ခဲ့ပြီး ဖြစ်သည်၊ အချို့မှာ အပွင့်, အချို့မှာ သီးကင်းမျှသာ ရှိခဲ့သည်။

ဤသည်တို့ကို ဝင်းမှည့်စေရန်အတွက် Y.M.B.A အသျှင်ဝိသုတာဘိဝံသ (ပခုက္က-ဘုန်းမြိုင်) မထေရ်မြတ်၏ တပည့်, ဆွေမျိုး, ညာတိတို့က စုရုံး၍ လိုအပ်သော သြဇာဓာတ်တို့ကို ပေး၍ နေသည်၊ ဤသို့ ဖြစ်ပေါ်လာစေရန်အတွက် ယင်း၏ တပည့်ကြီး ဖြစ်သူ မန္တလေးမြို့ ပြည်လုံးကျော် ဆရာတော် "အသျှင်မင်္ဂလဓဇမထေရ်"၏ ဥဿုန သမ္ဘာဒါန် ကြောင့်ပင် ဖြစ်သည်ဆိုပါက အမှန်ပင်....။

**ဦးနန်းလှိုင် (ပုရိသ)**

# မာတိကာ


| | | |
|---|---|---|
| - | မိတ်ဆက်အမှာစာ | ၁ |
| ၁။ | ရှင်ပြုမင်္ဂလာ အမွန်အစ | ၁ |
| ၂။ | သာဝတ္ထိပြည်သူတို့၏ ရှင်ပြုမင်္ဂလာ | ၉ |
| ၃။ | သရေခေတ္တရာ ပြည်သူတို့၏ ရှင်ပြုမင်္ဂလာ | ၁၅ |
| ၄။ | ပုဂံပြည်သူတို့၏ ရှင်ပြုမင်္ဂလာ | ၂၁ |
| ၅။ | ရှင်ပြုမင်္ဂလာသည် မြန်မာ့လူမှုကို ဖော်ကျူး | ၃၂ |
| ၆။ | ရှင်ပြုမင်္ဂလာပွဲဖြင့် လူထုစည်းရုံး | ၃၈ |
| ၇။ | ရှင်လေးလောင်းလှည့်ပွဲ | ၅၀ |
| ၈။ | ရှင်ပြုမင်္ဂလာပွဲနှင့် စည်ဖြော | ၅၉ |
| ၉။ | ရှိုးလိုက်ရတုအစ ရခိုင်ပြည်က | ၇၂ |
| ၁၀။ | ဆွဲမှ ရွှဲသို့ | ၉၁ |
| ၁၁။ | ရှိုးလိုက် စုံတွဲရတု | ၉၈ |
| ၁၂။ | ရှင်လောင်းပြုပြင် အလှဆင် | ၁၀၆ |
| ၁၃။ | ရှင်လောင်းနတ်ပြ ကုသိုလ်ငှ | ၁၁၃ |
| ၁၄။ | ရှင်ပြုမင်္ဂလာနှင့် ဘိသိက် | ၁၂၃ |
| ၁၅။ | ဘိသိက်မင်္ဂလာနှင့် ကန်တော့ခန်း | ၁၃၂ |
| ၁၆။ | ချည်မန်းကွင်းစွပ် | ၁၃၇ |
| ၁၇။ | နားသမင်္ဂလာ | ၁၄၂ |
| ၁၈။ | ဆိုင်းကပ်သည့် လမိုင်းနတ် | ၁၄၇ |
| ၁၉။ | လက်ဖွဲ့စာ တိုက်ခန်း | ၁၅၃ |
| ၂၀။ | ရှင်ပြုမင်္ဂလာပွဲမှ ပျော်စရာများ | ၁၅၈ |
| ၂၁။ | မပန်သာသည့် ပန်း | ၁၆၅ |
| ၂၂။ | ပျိုတို့မောင် ရှင်လိင်ပြန် | ၁၇၄ |

| | | |
|---|---|---|
| ၂၃။ | ရှင်ပြုမင်္ဂလာနှင့် ဝင်းခင်း | ၁၈၃ |
| ၂၄။ | ရှင်မည်ခံပွဲ | ၁၈၉ |
| ၂၅။ | ပန်းနှင့် မြန်မာ | ၂၀၁ |
| ၂၆။ | ရှင်ပြုမင်္ဂလာ စီမံခင်းကျင်းဖွယ်ပြ လင်္ကာ | ၂၀၇ |
| ၂၇။ | မင်းကိုယ်ချည်၏ အမွန်အစ | ၂၁၄ |
| ၂၈။ | သာလွန်မင်းနှင့် မင်းကိုယ်ချည် | ၂၂၀ |
| ၂၉။ | သစ္စာလေးလီ ပရိတ်ချည် | ၂၂၅ |
| ၃၀။ | လေးခန်း မင်္ဂမျိုး ကံဆောင်အိုး | ၂၂၇ |
| ၃၁။ | ရေချမ်းအိုးဆယ့်တစ် မီးငြိမ်းလစ် | ၂၃၁ |
| ၃၂။ | ဖိုလ်ဖြစ်မှီးယူ ထီးဖြူလေးထား | ၂၃၄ |
| ၃၃။ | ကုက္ကား တံခွန် သုံးခွန် ဗောဓိ | ၂၃၉ |
| ၃၄။ | ဒိဋ္ဌိ အောင်ချိုင် ဆီမီးတိုင် | ၂၄၃ |
| ၃၅။ | သံဃာလှူရန် မင်္ဂလံ | ၂၄၅ |
| ၃၆။ | အလှူရေစက် လက်နှင့် မကွာ | ၂၄၆ |
| ၃၇။ | ရေငတ်၍ ကြွေးဆပ်ရသည် | ၂၅၁ |
| ၃၈။ | ရေစက်ချနှင့် ဝသုန္ဒရေ နတ်သား | ၂၅၄ |
| ၃၉။ | ထေရ်ဘုန်း ဥပဂုတ် ရန်ငုတ်ကြည့်ပ | ၂၆၁ |
| ၄၀။ | ဖ,မှာ ယပ်ထမ်း တစ်ခန်း သပိတ်လွယ် | ၂၆၆ |
| ၄၁။ | ကွမ်းနှင့် မြန်မာ | ၂၇၁ |
| ၄၂။ | ရှင်ပြုမင်္ဂလာနှင့် ကွမ်းတောင် ပန်းတောင် | ၂၇၉ |
| ၄၃။ | မင်းကိုယ်ချည်တွင်း ရှင်လောင်းသွင်း | ၂၉၂ |
| ၄၄။ | သိဒ္ဓတ္ထမင်း တောထွက်ခန်း ရတု | ၃၀၃ |
| ၄၅။ | ရှင်လောင်းလှည့် စုံတွဲရတု | ၃၀၈ |
| ၄၆။ | စုံတွဲရတု | ၃၁၁ |
| ၄၇။ | ဝေဿန္တရာ စုံတွဲရတုနှင့် အချိုး | ၃၁၅ |
| ၄၈။ | ရှင်လောင်းသွင်း ပါဠိ မြန်မာ | ၃၂၃ |
| ၄၉။ | ဖားနတ်သား | ၃၂၅ |
| ၅၀။ | မဟာဒုတ်ဇာတ် | ၃၂၇ |
| ၅၁။ | သီရိဓမ္မာ သောကမင်းကြီးဇာတ် | ၃၃၁ |
| ၅၂။ | ဝေဿန္တရာ ဇာတ်ဝတ္ထု | ၃၃၃ |
| ၅၃။ | သိဒ္ဓတ္ထမင်းသား တောထွက်ခန်းကြီး | ၃၃၈ |
| ၅၄။ | ဝိသယှ ဇာတ်တော်ကြီး | ၃၄၄ |
| ၅၅။ | ပိပ္ပလိနှင့် မယ်ဘဒ္ဒါဇာတ် | ၃၄၉ |
| ၅၆။ | လိုရာရ ရှင်လောင်းသွင်းရတု | ၃၅၁ |

# Y.M.B.A အသျှင်ဝိသုတာဝံသ
## (၁၃၀၁-၁၃၇၁)



အရှင်မြတ်ကို မကွေးတိုင်း ပခုက္ကူခရိုင် မြိုင်မြို့နယ
ဂျုတ်ကုန်းရွာ ဦးအုန်းခိုင် + ဒေါ်ခန်းကြည်တို့မှ ကောဇ
သက္ကရာဇ်– ၁၃၀၁,ခု တန်ဆောင်မုန်းလဆန်း–၅,ရက် (ခရ
နှစ်– ၁၉၃၅,ခု နိုဝင်ဘာလ– ၁၅,ရက်) ဗုဒ္ဓဟူးနေ့၌ ဖွားမြ
ခဲ့သည်၊ မိဘနှစ်ပါးက “မောင်ရွှေတုပ်”ဟု အမည်နာမ ပြုကြ
သည်၊ မောင်ရွှေတုပ်သည် ဦးအုန်းခိုင်+ဒေါ်ခန်းကြည်တို့၏
သားသမီးရတနာတို့တွင် တတိယမြောက် သားရတနာ ဖြ
သည်၊ မောင်ရွှေတုပ်၌ မွေးချင်း–၇,ယောက် ရှိသည်၊ ယင်း၀
မှာ–

## Y.M.B.A အသျှင်ဝိသုတာဝံသ
## (၁၃၀၁-၁၃၇၁)



YMBA [illegible]

အရှင်မြတ်ကို မကွေးတိုင်း ပခုက္ကူခရိုင် မြိုင်မြို့နယ် ဂျုတ်ကုန်းရွာ ဦးအုန်းခိုင် + ဒေါ်ခန်းကြည်တို့မှ ကောဇာ သက္ကရာဇ်– ၁၃၀၁,ခု တန်ဆောင်မုန်းလဆန်း–၅,ရက် (ခရစ် နှစ်– ၁၉၃၅,ခု နိုဝင်ဘာလ– ၁၅,ရက်) ဗုဒ္ဓဟူးနေ့၌ ဖွားမြင် ခဲ့သည်၊ မိဘနှစ်ပါးက "မောင်ရွှေတုပ်"ဟု အမည်နာမ ပြုကြ သည်၊ မောင်ရွှေတုပ်သည် ဦးအုန်းခိုင်+ဒေါ်ခန်းကြည်တို့၏ သားသမီးရတနာတို့တွင် တတိယမြောက် သားရတနာ ဖြစ် သည်၊ မောင်ရွှေတုပ်၌ မွေးချင်း–၇,ယောက် ရှိသည်၊ ယင်းတို့ မှာ–

၁။ "ဒေါ်သန်းမြ

၂။ ဒေါ်သန်းစိန်

၃။ ဦးရွှေတုပ်

၄။ ဦးရွှေမှုတ်

၅။ ဒေါ်ထူး

၆။ ဒေါ်ဦး

၇။ ဦးတင်အောင်" တို့ ဖြစ်ကြသည်။

❖❖❖

တောကျေးလက် သဘာဝအတိုင်း "မောင်ရွှေတုပ်"ကို မိဘနှစ်ပါးက ကျေးရွာရှိ ဆရာတော် **အသျှင်ခေမိန္ဒထံ** ပညာ သင်ကြားရန်အတွက် ကျောင်းအပ်ကြသည်။

"ကျေးဇူး မြင့်မြတ်၊ အတတ်ပညာ၊ သိလိမ္မာအောင်၊ ဆရာသို့ကပ်၊ နှံ့ထားအပ်သော်၊ ကြပ်ကြပ်မရှင်၊ မိခင်ကို့တမ်း၊ ဖ,ကို လွမ်းလျက်၊ ယောင်ယမ်းထွေထွေ၊ ညိုးငယ်ခွေ၍..."[၁]

အသျှင်ခေမိန္ဒ မထေရ်ကား ဂျုတ်ကုန်းရွာ အနောက် ကျောင်း ဆရာတော် ဖြစ်၏၊ "မောင်ရွှေတုပ်"သည် ဆရာ ထေရ်မြတ် သင်ပြသည့် "သင်ပုန်းကြီး"ကို ကြွက်ကို ကြောင်စား၊ ကျွတ်ကျွတ်ဝါးသို့ ရှိချေ၏၊ ဆရာထေရ်မြတ်က "မောင်ရွှေ တုပ်"၏ ဉာဏ်ရည်, ဉာဏ်စကို သိသောကြောင့် ဦးစွာ စာသင်

၁။ သားရွှေဥ ဆုံးမစာ၊ စာပိုဒ်– ၃၃။



ပေးခဲ့ရာ၌–

"က် + – = က

က် + ာ = ကာ

က် + ား = ကား" ဟူ၍ သင်ပေးချေ၏။

နှုတ်ကလည်း–

"က်,မှာ သရမရှိဘူး၊ ဗျည်းသက်သက် ဖြစ်တယ်၊ သရက အသံ၊ ဗျည်းက အဆံ ဖြစ်တယ်၊ မှတ်ထား"

မောင်ရွှေတုပ်သည် ဆရာသင်ပေးသည့်အတိုင်း တစ်နေ့ တစ်လဖြင့် ပညာများ သင်ယူခဲ့ရာ–၁,နှစ်မှ,– ၃၊ ၄,နှစ်သို့တိုင် ရောက်ရှိချေ၏၊ ဆရာကလည်း မောင်ရွှေတုပ်အား–

**"အခြေပါဒ၊ သင်ဦးစက၊ ချနည်း မကျယ်၊ မိဗ္ဗာယ် ကောင်းစွာ၊ လိုရုံသာဖြင့်၊ အပ်ရာမသည်း၊ နား ထွင်းနည်းသို့၊ ညံ့ဖြည်းမွေ့မွေ့၊ တစ်နေ့တစ်ထူး၊ ကျေဇူးချဲ့ထွင်၊ ကျမ်းရိုးငင်လျက်၊ သင်သင်အံအံ၊ ကြံကြံ ကြည့်ကြည့်၊ ပညာဖြည့်..."**[၂] မှုအတိုင်း သင်ကြားခဲ့ပေသည်။

ဦးအုန်းခိုင်+ဒေါ်ခန်းကြည်တို့၏ မျက်နှာသည် နှစ်တိုင်း နှစ်များနှင့် မတူပေ၊ မှိုရသော မျက်နှာကဲ့သို့ ဖြစ်နေ၏၊ အမြဲတမ်း ပြုံးပြုံးရွှင်ရွှင် ဖြစ်နေ၏၊ ဤသို့ ဖြစ်ရသည်မှာ သားလေး **"မောင်ရွှေတုပ်"**ကို သာသနာတော်တွင်း သွတ် သွင်း၍ သာသနာ့ အမွေခံလို၍ ဖြစ်သည်၊ ဤနှစ်မှာပင် မိုးက

၂။ ကိုးခန်းပျို့၊ စာပိုဒ်– ၁၅၇။

လည်းကောင်း၊ တောင်သူ လယ်ယာကလည်းထွက် ဖြစ်ချေ သည်၊ သို့နှင့်-၁၃၁၂,ခုနှစ် တပို့တွဲလဆန်း ၉,ရက်နေ့၌ မိတ်ဆွေ သင်္ဃာတို့ကို ဖိတ်မံသက ပြု၍ သား **“မောင်ရွှေတုပ်”** ကို ရှင်ပြု မင်္ဂလာ ပြုချေ၏။ ဘဒ္ဒန္တခေမိန္ဒ မထေရ်မြတ်က ဥပဇ္ဈာယ် ပြု၍ မောင်ရွှေတုပ်မှ **“ရှင်ဝိသုတ”** ဖြစ်လာတော့ သည်။

“စာပလွေ ရင်မှာပိုက်ပါလို့၊
ကျောင်းတော်ကိုတဲ့၊ လိုက်မယ်ပြင်။
ဘယ်စာကို ဘယ်နဝါ သင်မတုန်း၊
မေလေးကို သံချိုနှော၊ ပြောခဲ့ပါအနွန်း”[၃]

○

အတက် ဇက်ပြတ် ဖြစ်သူကား **“ရှင်ဝိသုတ”** ဖြစ်သည်၊ ရှင်ဝိသုတသည် ရည်ရွယ်ချက် များစွာ ရှိ၏၊ သူ၏ ရည်ရွယ် ချက်တို့မှာ တစ်ခုစီ တစ်ခုစီ ပုတီးသီသကဲ့သို့ ဖြစ်သည်၊ ယခုကား အပျက်ကြီး ပျက်ရတော့၏၊ အိမ်က ဖခင်ဖြစ်သူက လည်း အဝတ်လဲရန် တဖွဖွ ပြောနေ၏၊ လဲရာ သူခိုးထောင်းပင် ဖြစ်ချေ၏၊ ဖြစ်ပုံက သာမဏေ **“ရှင်ဝိသုတ”** အသက်- ၁၉, နှစ် အရောက်၌ သူ၏ဆရာ ဖြစ်သော ဂျုတ်ကုန်းဆရာတော် **အသျှင်ခေမိန္ဒ** မထေရ်မြတ် ပျံလွန်ခြင်း ဖြစ်သည်။ **“ရှင်ဝိသုတ”**

---

၃။ ကျေးလက်တေးကဗျာ



အဖို့ တန်ဆောင်းကြီး လဲသကဲ့သို့ ဖြစ်သောကြောင့် ဝမ်းနည်း ပက်လက် ဖြစ်ရချေ၏၊ ယင်းသည် ကျော်အောင် စံထား ဆရာတော် **အသျှင်ဉာဏဝရ**ထံုးကို နှလုံးပိုက်ကာ ဆရာထေရ် မြတ်ကို ကောင်းမွန်စွာ သင်္ဂြိုဟ်ပြီးနောက် ဆိပ်သတ်ကျောင်း ဆရာတော် **အသျှင်ကေလာသ**မဟာထေရ်ထံ ပညာနို့ ဆက် လက် သောက်စို့သည်၊ ဤသို့သောကြောင့်-

၁။ “ဂျုပ်ပင်ကုန်းကျောင်းဆရာတော် **အသျှင်ခေမိန္ဒ**နှင့် ဆိပ်သတ်ကျောင်းဆရာတော် **အသျှင်ကေလာသ**တို့ ထံတွင် အခြေခံစာပေများကို သင်ကြား တတ်မြောက် လာသည်”[၄]ဟူ၍လည်းကောင်း

၂။ “နာမည်ကြီးသော ပခုက္ကူစာချနည်းကို သာမဏေ ဘဝကပင် ကျွမ်းဝင်ခဲ့ရသည် ××× ကခ်ိဳအဌကထာ ကို ဆိုဝါဖြင့် တက်နေရချိန် ဖြစ်၏။ ××× ဆရာ သမားက မြိုင်မြို့နယ် ဆိပ်သတ်ကျောင်းဆရာတော် **ဘဒ္ဒန္တကေလာသ** မဟာထေရ် ဖြစ်သည်”[၅]ဟူ၍ လည်း ကောင်း သူ့အကြောင်းကို သူကိုယ်တိုင် မိန့်ဆိုထား သည်။

○

---

၄။ **အမေရိကန်ဗုဒ္ဓသာသနာ့ မော်ကွန်းတိုင်၊ ကျော်ဖုံး။**
၅။ **နာမည်ကြီး ပခုက္ကူစာချနည်း** (ဆောင်းပါး) အသျှင်ဝိသုတာ ဘိဝံသ၊ သူ့ဘဝ, သူ့စာ၊ စာ- ၁၄၉၊ ၁၅၀။

နာရီ၏ လက်တံသည် ပတ်ပြီးရင်း ပတ်၍နေသည်၊ သာမဏေ **"ရှင်ဝိသုတ"**၏ အသက်သည်လည်း– ၂၀, ပြည့်ခဲ့လေသည်၊ အသက်–၂၀,ပြည့်သော် မြိုင်မြို့နယ် **"ဂျုတ်ကုန်းရွာ"**မှာပင် **ဦးလှမောင်+ဒေါ်မြရင်**တို့က စတုပစ္စယဒါနအမှုခံယူသောကြောင့် သက္ကရာဇ်–၁၃၂၀,ပြည့် တပေါင်းလဆန်း ၉,ရက် နံနက်–၉,နာရီအချိန်၌ မန်ကျည်းကုန်းတောင်ကျောင်း **ဘဒ္ဒန္တဉတ္တမ** မဟာထေရ်မြတ်ကို ဉပဇ္ဈာယ် ပြု၍ ဂျုတ်ကုန်းအရှေ့ကျောင်း ခဏ္ဍသိမ်၌ သိမ်ဝင်ခဲ့သည်၊ ယင်းသည် မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်လာပေသည်၊ ရောက်သော် ဆိပ်သတ်ကျောင်း၌ တစ်ဝါ ဆိုခဲ့၏။

"ဃရာဝါသ၊ ကိစ္စဖွဲ့နှောင်၊ လူတို့ဘောင်ကို၊ သားမောင်
မျက်ပွင့်၊ မကျင့်လိုငြား၊ ဤစကားကို၊ အပ်သွားချည်ပါ၊
လီမွှာ သတ္တိ၊ အရည်ရှိသား၊ အမိနန်းနေ၊ ပြန်သွားလေ၍၊
မနေတည်း တွက်၊ နေ့ရက်ဖြင့်လွဲ၊ မဖင့်နွဲနှင့်"[၆]

**"အသျှင်ဝိသုတ"**ကား ကံကောင်းစွာ၊ ဘဝ အကျိုးပေးဆရာအရ တော်ပေစွ၊ အကြောင်းကို ဆိုပါမည်၊ သူ့ဆရာက **"ဘဒ္ဒသုန္ဒရ"** မဟာထေရ်မြတ်ထံ ကြွရောက်ပြီး အပ်နှံ ပေးသောကြောင့် ဖြစ်သည်။

ဤစာရေးသူလည်း ရဟန်းအဖြစ်သို့ရောက်ခဲ့ဖူးသည်၊ မိမိ၏ ငယ်ဆရာမှာ မြိုင်မြို့နယ် မြို့သာ သစ်ကြီးတော အုပ်စု ပေါက်ပင်ကိုင်းရွာ ပေါက်ပင်ကိုင်းကျောင်းဆရာတော် **အသျှင်**

---

၆။ ကုသပျို့၊ စာပိုဒ်–၉၅။



**ဝိစိတ္တ** ဖြစ်သည်၊ ကျောင်းတွင် ရဟန်းလောင်းအဖြစ် ရှင်သာမဏေများ အလွန့်အလွန် များပြား နေချေ၏။ မြေနုရွာက ဦးမှတ်+ဒေါ်ဖွားချို သား ရှင်ဝိမလ (လူအမည် ဦးလှကောင်း)၊ မြေနုရွာကပင် ဦးဘိုးမြ+ဒေါ်မြတို့၏သား **ရှင်ပဏ္ဍိတ** (လူအမည် ဦးသိန်းအောင်)၊ ဦးဂျိုကြီး (ဦးဖိုးဆင့်)+ဒေါ်အေးမြိုင်တို့၏ သား **ရှင်ရေဝတ** (လူမည် ဦးချင်းပု) စသည်အားဖြင့် များစွာ ရှိချေ၏၊ အထူးသဖြင့် တောင်ပြန်, တောထွက်တို့သည် လည်း ဝင်လာမစဲ တသဲသဲ ရှိပေသည်၊ မိမိ၏ ဆရာသမား ကျောင်းတွင် ထိုအချိန်က ကျောင်းသား, ကျောင်းသူ, ရှင်သာမဏေတို့သည် အချိန်မရွေး– ၁၅၀,မှ–၂၀၀,ခန့်အထိ ရှိချေသည်၊ မြိုင်နယ်တွင် တပည့်အများဆုံးကျောင်း ဖြစ်သည်။

တောထွက်, တောင်ပြန်တို့ ကြီးစိုးလာသည်၊ ဆရာသမားလည်း ပုံမှန်စာ မချဖြစ်တော့ချေ၊ သို့သောကြောင့် သာမဏေ **ရှင်ဝိမလ, ရှင်ပဏ္ဍိတ**တို့သည် ပခုက္ကူမြို့သို့ တက်၍ စာသင်ထွက်ကြသည်၊ မိမိလည်း စာသင်ထွက်ခဲ့သည်၊ ဆရာသမားဖြစ်သူ ဘဒ္ဒန္တဝိစိတ္တက အသျှင်ဝိသုတဆရာကဲ့သို့ လိုက်၍ မအပ်ခဲ့ပါ၊ မိမိမှာ ပိတ်စာပင် ပေးပို့ထားချေ၏၊ ဘာမျှ ချီးမြှင့်ခြင်းလည်း မရှိခဲ့ပါ၊ ဆရာသည် ရှေ့ဆောင်လမ်းပြ ဖြစ်သည်၊ တပည့်သည် ရွှန့်ဖြစ်သည်၊ ဆိုလိုသည်မှာ ဆရာချင်း တပည့်အပေါ် စေတနာထား ကွာဟမှုကို ဖော်ကျူးခြင်း ဖြစ် သည်၊ ပြေနု, လေတန်း, သစ်ကြီးတော, ပေါက်ပင်ကိုင်းစသော မြို့သာအရပ်သည် ဒါန, သီလ အလွန် ခေါင်းပါးသော အရပ် ဖြစ်

သည်၊ ထိုအချိန်က သူများသားကို ရှင်ပြုခြင်း၊ ရဟန်းခံခြင်း တို့မှာ အကူအပံ့ ယူပြီး ပြုလုပ်ခြင်း ဖြစ်သည်၊ ရဟန်းကို ဘာတစ်ခုမျှ ထောက်ပံ့ခြင်း မရှိပေ၊ ဤလိုဒေသက ရဟန်း ဒါယကာ၊ ရဟန်းဒါယိကာမ ပေါ်မှာ ကြောက်လွန်လွန်းလို့ ရဟန်း လောင်းတို့မှာ ဘုရား၌ ဆုတောင်းရသည်မှာ အမောပင် ဆို့ကြ ချေ၏၊ အမှန်တကယ် ဖြစ်စဉ်တစ်ခု ပျောက် မသွားရန်သာ ရည်ညွှန်းခြင်း ဖြစ်၏။

အသျှင်ဝိသုတသည် ပခုက္ကူမြို့ မဟာဝိငုတာရာမတိုက် သာသနရက္ခိကျောင်း၌ နေ၍ ဗုဒ္ဓမြတ်စွာ၏ ပါဠိ၊ အဋ္ဌကထာ၊ ဋီကာ၊ ဂဏ္ဌိ၊ ယောဇနာ၊ အနု၊ မဓုတို့နှင့် ဒီပဏီကျမ်း အဆူဆူ တို့ကို ဒိုးလိုမွှေနှောက် သင်ယူခဲ့ချေ၏၊ ထိုအချိန်က အသျှင် ဝိသုတ၏ ဆရာတို့မှာ–

၁။ "ဘဒ္ဒန္တသုန္ဒရမဟာထေရ်
(အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ)

၂။ ဘဒ္ဒန္တဂန္ဓမာမဟာထေရ်
(အဂ္ဂမဟာပဏ္ဍိတ)

၃။ ဘဒ္ဒန္တနန္ဒိယမဟာထေရ်
(ရတနသိဒ္ဓိကျောင်း)

၄။ ဘဒ္ဒန္တမာဃိန္ဒမဟာထေရ်
(တိလောကလင်္ကာရကျောင်း)

၅။ ဘဒ္ဒတေဇနိယမဟာထေရ်
(သာသနရက္ခိတကျောင်း)



၆။ ဘဒ္ဒန္တပညိန္ဒမဟာထေရ်
(သဒ္ဓမ္မဇောတိကကျောင်း၊ အဂ္ဂမဟာပဏ္ဍိတ)

၇။ ဘဒ္ဒန္တနေမိန္ဒမဟာထေရ်
(ဓမ္မောဒယကျောင်း)

၈။ ဘဒ္ဒန္တသူရိယမဟာထေရ်
(ဓမ္မာစာရကျောင်း)

၉။ ဘဒ္ဒန္တနေမိန္ဒမဟာထေရ်
(တိပိဋကရေ၊ တိပိဋကကောဝိဒ၊ ဓမ္မဘဏ္ဍာ ဂါရိက၊ အဂ္ဂမဟာပဏ္ဍိတ) စသည်... စသည် ဆရာတော် တို့ ဖြစ်ကြသည်။

"အသျှင်ဝိသုတ"သည် ပခုက္ကူ၌ အတော်ကြာကြာနေ၍ လောကီ လောကုတ္တရာ ပညာရပ် အသီးသီးတို့ကို လေ့လာ ရှာမှီးသည်၊ မိမိနှင့်မူ ပခုက္ကူရောက်စ ဆရာကြီး ဦးအောင်တင် က ဆက်ပေးသဖြင့် တစ်ဦးနှင့် တစ်ဦး ခင်မင်သွားကြခြင်း ဖြစ်သည်၊ ဤသို့သော ကာလအတွင်း ရန်ကုန်မြို့ Y.M.B.A အသင်းက ဆုတောင်းခန်း၊ ပါရမီတော်ခန်း စသော ပျို့များ၏ အဖြေကို ရေးပေးရန် ဖိတ်ခေါ်သည်၊ သို့ဖြစ်၍ မိမိက ယင်းကို ရေးသားရန် တိုက်တွန်းသည်၊ လိုအပ်သည်တို့ကိုလည်း ကူညီခဲ့ သည်၊ ယင်းက လက်ခံ၍ ရေးခဲ့သည်၊ Y.M.B.A ၏ စာပေဆု ကို ရခဲ့သည်၊ မိမိက သာသနလောကမှ လျှောခဲ့သည်၊ သူကား မိတ္ထီလာမြို့ နန်းတော်ကုန်းရပ် **ရွှေစောလူးကျောင်း**သို့ ကြွ၍ စာချဘုန်းကြီး အဖြစ်နှင့် သီတင်းသုံး နေခဲ့၏၊ ပခုက္ကူ နေစဉ်

သတင်းစာ, မဂ္ဂဇင်း, စာစောင်တို့တွင် သူသည် "ပခုက္ကူ-ဖုန်းမြိုင်"ဟူသော ကလောင်အမည်နှင့် စာပေဆောင်းပါးတို့ကို ရေးသားသည်၊ ရံခါရံခါ "ဘုန်းမြိုင်"ဟူ၍လည်း သုံးချေ၏၊ "ရွှေညာ သီရိ"ဟူသော ကလောင်အမည်ကိုလည်း သုံးချေ၏၊

ယင်းသည် မိတ္ထီလာ၌ နေစဉ် "မြို့နယ်ဝိနည်းဓိုရ်"အဖြစ် တာဝန် ထမ်းဆောင်ခဲ့သည်၊ ယင်းသည်-၁၀,နှစ်ခန့်နေပြီးသော် ရန်ကုန်မြို့ ဘုရားဖြူတိုက် ဂဏဝါစက အဖြစ်နှင့် ပျံလွန်သည့်အထိ သီတင်းသုံး နေသွားချေ၏။ Y.M.B.A"**အသျှင် ဝိသုတာဘိဝံသ**"ခေါ် "**ပခုက္ကူ-ဘုန်းမြိုင်**"သည် သက္ကရာဇ်-၁၃၇၁, ခု နယုန်လပြည့်ကျော်-၈,ရက် ညနေ- ၄,နာရီအချိန်၌ "အူမကြီး ကင်ဆာ ရောဂါ"နှင့် ပျံလွန်သည်၊ တပည့်များ, မွေးချင်းများ, ဉာတိများများက အားစိုက်, အင်စိုက် ကုကြပါ၏၊ ခရီး အလွန်ကြီးလွန်မှ ရောဂါကို သိရ၏၊ အချိန်မမီ ဖြစ်ရသည်၊

"သဗ္ဗေ အ,နိစ္စာ
သဗ္ဗေ ဒုက္ခာ
သဗ္ဗေ အ,နတ္တာ"

❖❖❖



Y.M.B.A "**အသျှင်ဝိသုတာဘိဝံသ**"ဟူသော အမည်နှင့်လည်းကောင်း၊ ပခုက္ကူ ဖုန်းမြိုင်၊ ဖုန်းမြိုင် (ပခုက္ကူ)၊ ဘုန်းမြိုင် ပခုက္ကူ၊ ပခုက္ကူ-ဘုန်းမြိုင်"ဟူ၍ လည်းကောင်း စာစောင်အသီးသီး၌ သူသည် စာမျိုးစုံတို့ကို ရေးသားခဲ့သည်၊ "**ရွှေညာသီရိ**"ဟူသော ကလောင်အမည်နှင့် ရေးသားခဲ့သည်၊ ပြုစုခဲ့သော လုံးချင်း စာအုပ်တို့မှာ-

၁။ "ဆုတောင်းခန်းပျို့အဖြေဋီကာ
* ၂။ အမေရိကန် ဗုဒ္ဓသာသနာ မော်ကွန်းတိုင်
* ၃။ မြန်မာ့ဓလေ့ ရှင်ပြုမင်္ဂလာ
၄။ ထေရုပ္ပတ္တိကာသက (ဘဒ္ဒန္တ နန္ဒသာရထေရ်)
* ၅။ ထေရုပ္ပတ္တိကာသက (ဘဒ္ဒန္တ ကေလာသထေရ်)
* ၆။ ခေမိန္ဒတ္ထဒီပက
* ၇။ ထေရုပ္ပတ္တိ (ဘဒ္ဒန္တ ဝါသဝါဘိဝံသ)
၈။ဆုတောင်းထန်းပျို့ အဘိဓာန်"တို့ ဖြစ်ကြသည်။

ပုရိသ
၁၄-၅-၂၀၁၀

---

* ဤအမှတ်ပါ စာမူတို့မှာ ပုံနှိပ်ပြီး ဖြစ်သည်။

## မိတ်ဆက်အမှာစာ

“ရာဇဝင်သာ၊ မှန်စွာ လက်သုံး
နည်းထုံး ရေးတီး၊ လွန်လေပြီးသား
သူကြီး မင်းစိုး၊ ကျင့်ရိုး ကျင့်စဉ်
ကျင့်ထုံးယှဉ်၍၊ ကျင့်လျှဉ် ကျင့်တမ်း
ကျင့်မြဲလမ်းကို၊ စူးစမ်း နက်တံ
ဝေးရှည်လံသား၊ ပုံစံ မှတ်မိ
ပညာရှိကို၊ သတိ ကြည်မော
ကျမ်းသဘောဖြင့်၊ နီးနှော တကိုယ်
ပြောဆို ဖူးတွေ့၊ မေးမြန်း လေ့လျက်
ရက်နေ့ မပြတ်၊ ညီညွတ် တိုင်ပင်
နှိုင်း,ဆင်ခြင်၍
သိမြင်ကျယ်ဝန်း– စုံစေမင်း”[၁]

❖ ❖ ❖

ကမ္ဘာပြည်သူတိုင်းတွင် ဓလေ့ရိုးရာများ ရှိကြသည်၊ **“ဓလေ့ရိုးရာနှင့် ကင်းသော ကမ္ဘာပြည်သူ”**ဟူ၍ မရှိ၊ ဓလေ့ရိုးရာသည် လူတစ်စု၏ (သို့မဟုတ်) လူတစ်ဦး၏ အမူအကျင့်ပင် ဖြစ်သည်၊ လူတစ်စုနှင့် (သို့မဟုတ်) လူတစ်ဦးနှင့် ပေါင်းသင်း ဆက်ဆံနိုင်ရေးတွင် ယင်းလူတစ်ခု၏ (သို့မဟုတ်) လူ

၁။ ဂမ္ဘီသာရပျို့၊ ပိုဒ်–၂၈။



တစ်ဦး၏ အမူအကျင့်ကို ကမ်းမီလှမ်းမီ ပွန်းတီးထားမှသာ ချော့မွေ့စေနိုင်သည်၊ ပုဂံခေတ်က နရသူမင်းသည် လူတစ်ဦး၏ အမူအကျင့်တွင် ပွန်းတီးမှု မရှိ၊ လူတစ်ဦး၏ အမူအကျင့်ကို ဖီလာ ဆန့်ကျင် လုပ်၍ လင်မယား အိုးစားကွဲ ခွဲပြကာ အသက်ပင် ဆုံးရှုံးရဖူးချေသည်[၁]၊ ပေါင်းသင်းဆက်ဆံရာတွင် ကမ္ဘာပြည်သူတို့၏ အမူအကျင့်ကား ဤမျှအထိ သိမ်မွေ့နက်နဲလှသည်။

ယနေ့ကမ္ဘာပြည်သူတို့သည် ယင်းကမ္ဘာပြည်သူတို့၏ အမူအကျင့်ကို **“လူယဉ်ကျေးမှု”**ဟု တစ်ဆင့်တက်ကာ အဆင့်တိုးမြှင့် အသိအမှတ် ပြုလာကြသည်၊ စင်စစ် ယဉ်ကျေးမှုသည် ကမ္ဘာပြည်သူတိုင်း၏ စားဝတ် နေရေးတို့တွင် စည်းစနစ်များပင် ဖြစ်သည်၊ ကမ္ဘာပြည်သူ အချင်းချင်း ဆက်ဆံရာတွင် ယဉ်ကျေးမှုကို မျက်ကွယ် ပြု၍ မရ၊ ကမ္ဘာပြည်သူတို့၏ စိတ်နေ, စိတ်ထား အဆင့်အတန်း အနိမ့်,အမြင့်ကို ယဉ်ကျေးမှုက နိမိတ်ပြတတ် လေသည်၊ ယဉ်ကျေးမှုကို အကဲခတ်ခြင်းဖြင့် လူမျိုးစု၏ စိတ်နေ စိတ်ထား အဆင့်အတန်း အနိမ့်,အမြင့်ကို ဆစ်ပိုင်းခြားနား နိုင်သည်၊ ယဉ်ကျေးမှုသည် လူမျိုးစုတို့ အကြားတွင် အဓိက ကျသည်၊ ယဉ်ကျေးမှုကို တမြတ်တနိုး, တရိုတသေ, ထိန်းသိမ်း စောင့်ရှောက်ကြသည်၊ ထို့ကြောင့် ယဉ်ကျေးမှုကို မျက်ကွယ် ပြု၍ မရခြင်း ဖြစ်သည်။

❖ ❖ ❖

မြန်မာပြည်သူတို့သည် ဗိဿနိုး, သရေခေတ္တရာ, ဟန်လင်း ခေတ်များဆီက အစဉ်တိုးတက် ဖြစ်ထွန်းခဲ့သော ဘိုးဘွားတို့၏ ယဉ်ကျေးမှု အမွေအနှစ်များကို ကြက်ယက်သလို ယက်၍ ဖော်ထုတ်နိုင်ခြင်းကြောင့် ကမ္ဘာ့ပြည်သူတို့ အလယ်တွင် ယဉ်ကျေးမှု အစဉ်အလာ ထွန်းပြောင်သော လူမျိုး တစ်မျိုးအဖြစ် ထည်ထည်ဝါဝါ ရပ်တည်နိုင်ခဲ့ပြီး ဖြစ်သည်၊ ဗိဿနိုး, သရေခေတ္တရာ, ဟန်လင်းတို့ နောက်တွင် ပုဂံသည် ယနေ့တိုင် မြန်မာပြည်သူတို့၏ ယဉ်ကျေးမှု မျက်နှာစာတွင် မီးရှူး တန်ဆောင်ကြီးသဖွယ် ရပ်တည်လျက် ရှိနေဆဲ ဖြစ်သည်၊ ပုဂံ၏ ခြေရာလက်ရာများကို ပြသ၍ ကမ္ဘာ့လူမှု လောကတွင် မြန်မာပြည်သူတို့ ဝင့်ကြွား နေနိုင်ဆဲ ဖြစ်သည်။

**“ဓလေ့, ထုံးတမ်း, ရိုးရာ, အမူအရာ, ယဉ်ကျေးမှု”** ဟူသည် လူမျိုးစုများ၏ စရိုက်ပင် ဖြစ်သည်၊ **“စရိုက်”** ဟူသည်မှာလည်း အစဉ်အလာပင် ဖြစ်သည်၊ အစဉ်အလာရှိမှ စရိုက် ရှိနိုင်သည်၊ အစဉ်အလာ မရှိက စရိုက်လည်း ဆိတ်သုဉ်းပျက်ပြားသွားရမည်မှာ ဓမ္မတာပင် ဖြစ်သည်၊ စရိုက် ဆိတ်သုဉ်းသွားက စရိုက်၏ ဆင့်ပွား အမွေခံများ ဖြစ်ကြသော ဓလေ့, ထုံးတမ်း, ရိုးရာ, အမူအရာ, ယဉ်ကျေးမှုများသည်လည်း မလွဲမသွေ ဆိတ်သုဉ်းရမည်ပင် ဖြစ်သည်၊ **“အစဉ်အလာ”**ဟူသည် လိုက်နာကျင့်သုံးမှုပင် ဖြစ်သည်၊ လိုက်နာ ကျင့်သုံးမှု မရှိကယင်းအစဉ်အလာသည်လည်း ပြတိုက်ဆီသို့ အောင်မြင်စွာ ချီတက်သွားမည်သာ ဖြစ်သည်။



ယနေ့ မြန်မာပြည်သူတို့၏ ဗိဿနိုး, သရေခေတ္တရာ, ဟန်လင်းမြို့များမှ အစဉ်အလာများသည် ပြတိုက်ဆီသို့ ရောက်နှင့် နေပြီး ဖြစ်သည်၊ မျက်မှောက်ခေတ် မြန်မာပြည်သူတို့နှင့် အနီးကပ်ဆုံး ဖြစ်သော ပုဂံ၏ အစဉ်အလာများသည်ပင် ပြတိုက်ဆီသို့ အောင်မြင်စွာ ချီတက်လျက် ရှိပြီး ဆိုခြင်းကို မြန်မာပြည်သူတို့ ဝန်ခံ နေရချေပြီ၊ ဤနေရာတွင် ပုဂံ၏ အစဉ်အလာ ဖြစ်သည့် **“ကျိန်စာ စသည်များကို လိုက်နာကျင့်သုံးရဦးမည်လော”**ဟု စောဒက တက်လာသူအား **“လေးကားအပ်ပါသော လူကြီးမင်းခင်ဗျား ပြကိုက်ရှိ ဗီရိုထဲသို့ ကြွတော်မူပါ”**ဟူ၍သာ ဖိတ်မန္တက ပြုလိုသည်၊ ဆိုလိုသည်မှာ **“အစဉ်အဆက်ပင် ဖြစ်စေဦး၊ အတုယူသင့်၍ ကောင်းသော အစဉ်အလာဖြစ်မှသာ လိုက်နာ ကျင့်သုံးပါ”** ဟူလို။

❖ ❖ ❖

၂၀,ရာစုခေတ်ကား ပြတိုက်ခေတ် ဖြစ်လျက် ရှိချေပြီ၊ ပြတိုက်သည် လိုက်နာကျင့်သုံးမှု အစဉ်အလာ, ဓလေ့ထုံးတမ်း, ရိုးရာ, အမူအရာ, ယဉ်ကျေးမှုတို့၏ အန္တိမ လမ်းဆုံးပင် ဖြစ်သည်၊ ဓလေ့ထုံးတမ်း, ရိုးရာ, အမူအရာ, ယဉ်ကျေးမှုများ အစဉ်အလာ ပျက်၍ လိုက်နာကျင့်သုံးမှု ကင်းမဲ့ချိန်တွင် ပြတိုက်သို့ အောင်မြင်စွာ ကွန်းခိုကြရတော့သည်၊ ယနေ့ပုဂံ၏ နှောင်း

သားများသည် "**တို့ဘိုးဘွား အမွေအနှစ်မို့ ချစ်မြတ်နိုးပေ**"[၁]

ရင်ကော့ ကြွေးကြော် နေလင့်ကစား ဘိုးဘွားပုဂံတို့၏ အမွေအနှစ် ဖြစ်သည့် ရိုးရာအစဉ်အလာများ ပြတိုက်ဆီသို့ မရောက်အောင် လိုက်နာ ကျင့်သုံးနိုင်ခြင်း မရှိတော့ချေ၊ ယင်း အခြေအနေတွင် ခေတ်၏ ရေစီးကိုလည်း မျက်ကွယ် ပြု၍ မရချေ၊ ခေတ်ရေစီးကြောင်းသည် မည်မျှပင် အရှိန်အဟုန် ပြင်းစွာ စီးဆင်းနေလင့်ကစား "**တို့ဘိုးဘွား အမွေအနှစ်မို့ ချစ်မြတ်နိုးပေ**"ဟု ရင်ကော့၍ ကြွေးကြော်သည့်အတိုင်း ခေတ် ရေစီး ကြောင်းကိုလည်း ရင်ကော့၍ ကြံ့ကြံ့ခံ တားဆီးသင့် ပေသည်။

ပုဂံ၏ နောင်းသားများ ဖြစ်ကြသည့် ပြည်ထောင်စုဖွား တိုင်းရင်းသားများတွင် တိုင်းရင်းသားများအလိုက် ကိုယ်ပိုင် ယဉ်ကျေးမှုများ ရှိကြသည်၊ ယင်းယဉ်ကျေးမှုများထဲတွင် "**ရှင်ပြု မင်္ဂလာ ဓလေ့ရိုးရာများ**"သည်လည်း ပြည်ထောင်စုဖွား ဗုဒ္ဓဘာသာ တိုင်းရင်းသားတို့၏ ယဉ်ကျေးမှုများ ဖြစ်သည်၊ ရိုးရိုးဝန်ခံရသော် ပုဂံနောင်းသားများ၏ "**မြန်မာ့ဓလေ့ ရှင်ပြု မင်္ဂလာ**" အမည်ရှိ ဤစာအုပ်သည်ပင် စင်စစ် ပြတိုက် တစ်ခု ဖြစ်လျက်ရှိချေပြီ၊ ရှင်ပြုမင်္ဂလာ ဓလေ့ရိုးရာများကို စုစည်း ဖော်ဆောင်ရာတွင် ကျားကုတ်ကျားခဲ စုစည်း ဖော်ဆောင်ခဲ့ရ သည်၊ သွားလေသူ ရှေးရှေး သူဟောင်းကြီးများ၏ ကျင့်ရိုး ကျင့်စဉ်များကို စူးစမ်းရသည်၊ ရှေ့မီနောက်မီ ဖြစ်သော ပညာ

၁။ အလံတော် သီချင်း



ရှင်များထံ ချဉ်းကပ်ရသည်၊ မေးမြန်းရသည်၊ နှီးနှောရသည်၊ မေးမြန်း, နှီးနှောရသဖြင့် ရရှိလာသော "**ရှင်ပြုမင်္ဂလာ ဓလေ့ ရိုးရာများ**"ကို နှိုင်းယှဉ် ချိန်ဆရသည်၊ ကျေးလက်တောနှင့် ညှိရသည်၊ ပါဠိ, အဋ္ဌကထာ, ရာဇဝင်, ဓမ္မသတ်, ပျို့ကဗျာ, လင်္ကာများနှင့်လည်း ညှိရသည်။

❖ ❖ ❖

"**မြန်မာ့ဓလေ့ ရှင်ပြုမင်္ဂလာ**"တွင် စင်စစ် ပုဂံ၏နောင်း သား ဗမာတို့၏ "**ရှင်ပြုမင်္ဂလာ ဓလေ့ရိုးရာများ**"ကသာ များပြား ကျယ်ဝန်းလေသည်၊ များပြားကျယ်ဝန်းသည်နှင့် အမျှ ယနေ့ မျက်မှောက်ခေတ် ဗမာတို့လက်ဝယ်တွင် လက်ငုတ် ကျန်ရစ်သည်က နည်းပါး၍ ပျောက်ကွယ်နေသည်က များလေ သည်၊ ပုံစံပြုရသော် ရှင်ပြုမင်္ဂလာ အစီအစဉ်ပြလင်္ကာတွင် မှတ်တမ်းတင်ထားသော ဓလေ့ရိုးရာများအနက် ထက်ဝက် လောက်သာ ဗမာတို့ ရှင်ပြုမင်္ဂလာ မဏ္ဍပ်တွင် တွေ့မြင်ရ၍ တစ်ဝက်လောက်က မတွေ့မြင်ရဘဲ ရှိသည်၊ ထို့ကြောင့် "**မြန်မာ့ ဓလေ့ ရှင်ပြုမင်္ဂလာ**"အမည်ရှိ ဤစာအုပ်သည်ပင် "**ပြတိုက် ဖြစ်လျက်ရှိပြီ**"ဟုဆိုခြင်း ဖြစ်သည်။

သို့တစေ ခေတ်ရေစီးကြောင်းတွင် အချည်းနှီး ဆိတ်သုဉ်း သွားသောထက် ပြတိုက်ထဲ ထည့်၍ ထိုင်ကြည့်ရင်း "**တို့ ဘိုးဘွား အမွေအနှစ်မို့ ချစ်မြတ်နိုးပေ**"ဟု ဆက်လက်

ကြွေးကြော်မြဲ ကြွေးကြော် နေခြင်းက အမျိုးဂုဏ်ကို တဖုန် တင့်စေနိုင်သည်ဟူသော ဝံသာနုရက္ခိတ စိတ်ဓာတ်ဖြင့် ဤ **"မြန်မာ့ဓလေ့ ရှင်ပြုမင်္ဂလာ"**အမည်ရှိ ပြတိုက်ကို အကောင် အထည်ပေါ်အောင် ဖော်ဆောင်လိုက်ရပေသည်၊ သို့ရာတွင် ရှင်ပြုမင်္ဂလာ ဓလေ့ရိုးရာများကို **"ပြီး ပြည့်စုံပြီ"**ဟု မဆို လိုချေ၊ ရှေ့ပိုင်းက တင်ပြခဲ့သကဲ့သို့ **"ယဉ်ကျေးမှု"**ဟူသည် သိမ်မွေ့လှသည်၊ သိမ်မွေ့သည်နှင့် အမျှ ကျယ်ဝန်းလှသည်၊ သို့ဖြစ်ရကား နောက်ထပ် တွေ့ရှိရသော ရှင်ပြုမင်္ဂလာ ဓလေ့ ရိုးရာများကို နောက်ထပ် ရိုက်နှိပ်သော **"မြန်မာ့ဓလေ့ ရှင်ပြု မင်္ဂလာ"** စာအုပ်တွင် **"ထပ်မံ အားဖြည့် တင်ဆက်ပါမည်"** ဟု ဆန္ဒပြုရင်းနှင့် နိဂုံးချုပ်လိုက်ပါသည်။

**Y.M.B.A အရှင် ဝိသုတာဘိဝံသ**
**(ဂဏ ဝါစက)**
**၅-၁၁-၈၁**



ညှိနှိုင်းကိုးကားသော ကျမ်းများ


၁။ ကဗျာဗန္ဓသာရကျမ်း (ပုဂံဝန်ထောက် ဦးတင်)
၂။ ကဝိလက္ခဏာသတ်ပုံကျမ်း (ဦးဩပြု)
၃။ ကုသပျို့ (မုံရွေးဆရာတော်ပြု)
၄။ ကန်တော်မင်းကျောင်း မေတ္တာစာ အဖြေ
၅။ ကျေးလက်တေးကဗျာများ
၆။ ခုဒ္ဒက ပါဠ်ပါဠိ
၇။ ခေတ်မှီ မြန်မာရာဇဝင် (ဦးဖိုးကျား)
၈။ ခေတ်ဟောင်းမြန်မာရာဇဝင် (ဒေါက်တာသန်းထွန်း)
၉။ ဂီတသိပ္ပံအခြေခံ (ဗေလုဝ ဆရာတင်)
၁၀။ ငွေတောင်ရကန်
၁၁။ စတုဓမ္မသာရ ကိုးခန်းပျို့
၁၂။ ဆန်းနိသျ (ဆရာတော် ဦးဗုမ်)
၁၃။ ဆုတောင်းခန်းပျို့
၁၄။ ဇာတကပါဠိ
၁၅။ ဇင်းမယ် ပဏ္ဏာသ
၁၆။ တိဖလသမဏာစိန္တာကျမ်း
၁၇။ တိဘက်များပြောသော တိဘက်ဇာတ်ကြောင်း
(အင်နာလူဝီစထရောင်း)
၁၈။ တွင်းသင်းမြန်မာရာဇဝင်
၁၉။ ထေရအဋ္ဌကထာ
၂၀။ ဓမ္မပဒ အဋ္ဌကထာ၊ ပ-ဒု

၂၁။ နဝဒေးဆို ရတုများ
၂၂။ နေမိဘုံခန်းပျို့
၂၃။ နေမိရကန်
၂၄။ ပါရမီတော်ခန်းပျို့
၂၅။ ပါရာဇိကစဏ် အဋ္ဌကထာ၊ ပ ၊
၂၆။ ပုဂံကျောက်စာများ
၂၇။ ပုဂံခေတ် အုပ်ချုပ်ရေး (ယဉ်ကျေးမှု၊ အတွဲ-၃၊ အမှတ်-၈)
၂၈။ ပဥ္စာနယ ပကာသီနီကျမ်း
၂၉။ မယဒေဝလင်္ကာ
၃၀။ မနုကျယ် ဓမ္မသတ်
၃၁။ မဟာဒွါရ နိကာယ သာသနာဝင်
၃၂။ မဟာပညာကျော်လျှောက်ထုံး
၃၃။ မဟာဝါပါဠိ၊ အဋ္ဌကထာ
၃၄။ မဟာဝဂ္ဂသံယုတ္တ ပါဠိ
၃၅။ မဟာဝင်
၃၆။ မဟာသုတသောမပျို့
၃၇။ မူလ ပဏ္ဏာသ အဋ္ဌကထာ၊ ပ ၊
၃၈။ မန်လည် ရတု ပေါင်းချုပ်
၃၉။ မြန်မာစာညွှန့်ပေါင်းကျမ်း၊ ပ-ဒု-စ
၄၀။ မြန်မာစာပေနှင့် ရခိုင်ယဉ်ကျေးမှုအဖွင့်
၄၁။ မှန်နန်းရာဇဝင်၊ ပ ၊
၄၂။ ယိုးဒယား မိဖုရား ချောင်း



၄၃။ ရာဇမတ္တဏ်းကျမ်း (ယမန)
၄၄။ ရာဇောဝေါဒကျမ်း (မုံရွေးဇေတဝန်ဆရာတော်)
၄၅။ ရာမရကန်၊ ပ၊ ဒု
၄၆။ ရေစကြိုတရားစာ
၄၇။ ရှေးဟောင်းရေစက်ချများ
၄၈။ ရှင်ငြိမ်းမယ်ရေး အိုင်ချင်းများ
၄၉။ ရွှေစက်တော်သွား မှတ်တမ်း (တောင်ဖီလာဆရာတော်)
၅၀။ ရွှေဘုံနိဒါန်း
၅၁။ လောကဓာတ်ပုံ ရွှေကြေးမုံ
၅၂။ ဝဇီရဗမ္မ ဒေသနာ တရားစာ
၅၃။ ဝိဇယ ပြဇာတ်
၅၄။ သဂါထာဝဂ္ဂသံယုတ္တ ပါဠိ-အဋ္ဌကထာ
၅၅။ သမုဟာမုဝိစ္ဆေဒနီ
၅၆။ သမန္တစက္ခုဒီပနီကျမ်း၊ ပ ၊
၅၇။ သီလဝိသောဓနီကျမ်း (ရှင်ဝိနန္ဒာသဘ)
၅၈။ သီလက္ခ ပါဠိ-အဋ္ဌကထာ
၅၉။ သုဝဏ္ဏသျှံ မြားပစ်ခန်းပျို့
၆၀။ သုသောဓိတ ရာဇဝင်
၆၁။ သုတ္တနပါတ အဋ္ဌကထာ
၆၂။ သုတ္တသင်္ဂဟ အဋ္ဌကထာ
၆၃။ သုတ်မဟာ ပါဠိ- အဋ္ဌကထာ
၆၄။ အပဒါနအဋ္ဌကထာ၊ ပ ၊

၆၅။ "အဘိဓမ္မတ္ထသင်္ဂဟော" အစချီကောပိုဒ်ရတု (ဦးပုည)

၆၆။ အမေးတော်ဖြေကျမ်း

၆၇။ "အသင်္ခါရိက၊ ဉာဏသမ္ပယောဂေါ"အစချီမေတ္တာစာ

၆၈။ အင်္ဂုတ္တရပါဠိ – အဋ္ဌကထာ

၆၉။ အင်ရုံစာတမ်း

၇၀။ မြန်မာမင်း အုပ်ချုပ်ပုံစာတမ်း၊ စ–တွဲ (ပုဂံ–ဦးတင်)

၇၁။ က္ခုဒ္ဒကပါဠိ – အဋ္ဌကထာ



ရှင်ပြုမင်္ဂလာ အမွန်အစ

## ၁။ ရှင်ပြုမင်္ဂလာ အမွန်အစ

ရှင်ပြုမင်္ဂလာ၏ အမွန်အစကို ညွှန်ပြပါဆိုလျှင် ဂေါဝါလုသဲစုအသွင် ဘုရားရှင်တို့ ပွင့်ထွန်းထွက်ပေါ်ရာ ကာလချိန်တာများကိုပင် ညွှန်ပြရမည်ဖြစ်သည်။

ယင်းကာလ ချိန်တာများဆီက ပေါ်ပေါက်ခဲ့သော ရှင်ပြုမင်္ဂလာများတွင် ၆၂၃-၅၄၃, ဘီစီက ပွင့်ထွန်းထွက်ပေါ်ခဲ့သော ဂေါတမဗုဒ္ဓလက်ထက် သာဝတ္ထိမြို့သား ကိုပဏ္ဍိတနှင့် ကိုသုခတို့၏ ရှင်ပြုမင်္ဂလာများသည် ရှင်ပြုမင်္ဂလာ၌ စီမံခင်းကျင်းဖွယ်ရာများကို ချဲ့ချဲ့ထွင်ထွင် ဖော်ဆောင်ပြသနိုင်ခဲ့သည်။

ဂေါတမဗုဒ္ဓ ပရိနိဗ္ဗာန် ဝင်စံပြီး နောက်ပိုင်းကာလတွင် အကြီးကျယ်ဆုံးနှင့် အခမ်းနားဆုံး ရှင်ပြုမင်္ဂလာမှာ ၂၆၄-၂၂၇ ဘီစီ အထိ အိန္ဒိယနိုင်ငံကို ဦးဆောင်ပဲ့ကိုင် ပြုခဲ့၍ မောရိယ[1] မင်းဆက်တွင် အထက်မြက်ဆုံးနှင့် အထင်ရှားဆုံး ဖြစ်သော အသောကမင်းကြီး၏ ရှင်ပြုမင်္ဂလာဖြစ်သည်။

---

၁။ Mawrya



အသောကမင်းကြီးသည် မဂဓထီးနန်းကို သိမ်းပိုက်စဉ်က အတ္တဆန်လွန်းသူ ညီတော် နောင်တော်-၉၉,ယောက်ခန့်ကို သုတ်သင်ခဲ့သည်၊ ထိုမျှသာမက တိုင်းပြည် ပြန်လည် ထူထောင်ရေး စပ်ကူးမပ်ကူးကာလတွင်လည်း နိုင်ငံတော်၏ နယ်နမိတ်ကို အောင်မြင်စွာ ချဲ့ထွင်နိုင်ခဲ့သည်၊ ယင်းနှင့် တစ်ဆက်တည်း ကာလင်္ဂနယ်ကိုလည်း အောင်မြင်စွာ သိမ်းပိုက်ခဲ့သေးသည်။

ယင်းသို့ အတ္တသမား ဖြုခွင်းရာနှင့် နယ်ချဲ့ရာတွင် ထောင်ပေါင်းများစွာသော ပြည်သူတို့၏ အသက်နှင့် အသွေးတို့ကိုလည်း စတေးခဲ့ရသည်၊ ထောင်ပေါင်းများစွာသော စစ်သည်တို့၏ အသက်နှင့် အသွေးတို့ကိုလည်း စတေးခဲ့ရသည်၊ ဤမျှအဆုံးရှုံး အနစ်နာခံ၍ စစ်ကို သဲကြီးမဲကြီး တိုက်ရခြင်းကလည်း အသောကမင်းကြီးတွင် အကြောင်း လုံလောက်လျက် ရှိပေသည်။

၃၂၇,ဘီစီတွင် မက်စီဒိုးယား (ဂရိ)မင်း အလက်ဇန္ဒားသည် အိန္ဒိယပြည်ကြီး တစ်စိတ်တစ်ဒေသကို သိမ်းပိုက်ခဲ့သည်၊ ၃၂၃, ဘီစီတွင် ဆယ်လ်လျူဆစ်[1] မင်းသည် အလက်ဇန္ဒား ကွယ်လွန်ပြီးနောက် အုပ်စိုးသည်။

ယင်းသို့ အိန္ဒိယနိုင်ငံကြီးကို တိုင်းတစ်ပါးသားတို့ ဗိုလ်ကျစိုးမိုးနေချိန်တွင် အသောကမင်းကြီး၏ ဘကြီးတော်ချန္ဒြဂုတ်တား[2]သည် အထွေထွေ အမျိုးသား တော်လှန်ရေးကြီးတစ်ရပ်

---

၁။ Seleucid

၂။ Chandragupta

ဆင်နွှဲကာ အိန္ဒိယပြည်ကြီးကို ဆယ်လ်လျူဆစ်မင်းလက်မှ ကယ်တင်ခဲ့သည်။ ထိုမျှသာမက ၃၂၀, ဘီစီတွင် မောရိယမင်း ဆက်ကိုပါ အောင်မြင်စွာ တည်ထောင်နိုင်ခဲ့သည်။

ချန္ဒြဂုတ်တားက တိုင်းပြည်နှင့် လူမျိုးကို ကယ်တင်နိုင်ခဲ့စေကာမူ အိန္ဒိယပြည် နောက်ပိုင်း ခေါင်းဆောင်များက အတ္တမှိုင်းမိကြကာ အမျိုးသားရေးကို မျက်ကွယ် ပြုခဲ့ကြသည်၊ အရည်အချင်းကို အရေအတွက်နှင့် တိုက်ခိုက်ရန် စိုင်းပြင်းလာကြသည်၊ ထို့ကြောင့် အသောကမင်းကြီးသည် အတ္တမှိုင်းမိနေသူ ဖောက်ပြန်ရေးသမားများကို သုတ်သင်ကာ ဤမျှ စွမ်းစွမ်းတမံ တိုက်ခိုက်သိမ်းပိုက်ရခြင်း ဖြစ်သည်။

အသောကမင်းကြီး၏ စွမ်းဆောင်မှုကြောင့် ယခု အက်ဖ်ဂါနစ္စတန်နိုင်ငံနှင့် ပါကစ္စတန်နိုင်ငံများသည်ပင် တစ်ချိန်က အိန္ဒိယ အင်ပါယာကြီး ဖြစ်ခဲ့ဖူးသည်ကို မည်သည့်နိုင်ငံရေးဘောဂဗေဒ ပညာရှင်ကမျှ ငြင်းချက် မထုတ်ဘဲ ရှိသည်။

သို့ရာတွင် စစ်ကြောင့် ထောင်ပေါင်းများစွာသော အပြစ်မဲ့ တိုင်းသူပြည်သားများ သေကြေပျက်စီးရခြင်းနှင့် အပြစ်ကင်းစင် သောကလေးများ မိဘမဲ့ဘဝသို့ ရောက်ကြရခြင်းများက အသောကမင်းကြီး၏ စိတ်နှလုံးကို ကြေပြုန်းစေလေသည်။

ထို့ကြောင့် အသောကမင်းကြီးသည် မိမိ၏ မဂဓနိုင်ငံတော်နှင့် ထီးနန်းကို သတ်သတ်မှတ်မှတ် ခံစံရသော်လည်း တော်လှန်ရေးကာလတွင် “လွန်သည်”ဟု ထင်ရသော မိမိ၏ လုပ်ဆောင်ချက်များကို ပြုပြင်ပြောင်းလဲရန်သာ နေ့စဉ်နှင့် အမျှ ကြံစည်



အားထုတ် နေလေသည်၊ ယင်းအချိန်တွင် အသောကမင်းကြီးသည် ဗုဒ္ဓဘာသာလောက၏ ရှင်နိဂြောဓသာမဏေကို တိုက်တိုက်ဆိုင်ဆိုင် ဖူးမြော်ကြည်ညိုခွင့် ရရှိသည်၊ အသောကမင်းကြီးသည် ရှင်နိဂြောဓ သာမဏေကို ဖူးမြော် ကြည်ညိုခွင့် ရရှိချိန်မှစ၍ မိမိ၏ အယူအဆ ဆိုင်ရာ ဒဿန အမှားများကို အပြီးတိုင် ခဝါချကာ ဂေါတမ ဗုဒ္ဓဒဿနကို ခံယူကျင့်သုံးလေတော့သည်။

ရှင်နိဂြောဓသာမဏေနှင့် တွေ့၍ ဂေါတမဗုဒ္ဓဒဿနများ ခံယူကျင့်သုံးလာသော အသောကမင်းကြီးမှာ ကာယသုခ, စိတ္တသုခများ ရရှိခဲ့သည်၊ မိမိကြံစည်စိတ်ကူးသည့်အတိုင်း နိုင်ငံတော် သယ်ယူ ပို့ဆောင်ရေး ချောမွေ့စေရန် လမ်းဖောက်သည်၊ တံတားဆောက်သည်၊ ခရီးသည်များ အပန်းဖြေ နားနေရန် လမ်းမများဘေးတွင် သစ်ပင်များ စိုက်ပျိုးသည်။

တရားသော စစ်ကို ဆင်နွှဲစဉ်ကာလ ခြေလက်အင်္ဂါ စွန့်ခဲ့ရသော ရာပေါင်းများစွာသော စစ်သည်များနှင့် ပြည်သူများအတွက် အသက်မွေး ဝမ်းကျောင်းများ စီမံပေးသည်၊ ဆေးရုံများ တည်ဆောက်သည်။

နိုင်ငံတော် သီးနှံဖွံ့ဖြိုးရန်နှင့် တိုင်းသူပြည်သားများ ဆာလောင်မွတ်သိပ်မှု ကင်းရန် ရေတွင်းပေါင်း ရှစ်သောင်းလေးထောင်နှင့် ရေကန်ပေါင်း ရှစ်သောင်းလေးထောင် တူးဖော်သည်၊ ဆည်မြောင်း တာတမံများ နိုင်ငံအနှံ့ တည်ဆောက်သည်၊ ထိုမျှသာမက နိုင်ငံတော်တွင် ဂေါတမဗုဒ္ဓဒဿနများ အစဉ်ထာဝရ စည်ပင်ပြန့်ပွားရန် မြို့ပေါင်း ရှစ်သောင်းလေးထောင်

တွင် စေတီပေါင်း ရှစ်သောင်းလေးထောင်ကိုလည်း တည်ထား ကိုးကွယ်ခဲ့လေသည်၊ အသောကမင်းကြီး၏ လုပ်ဆောင်ချက်ကို ယနေ့တိုင် မျက်ဝါးထင်ထင် တွေ့မြင်နေသောကြောင့် မည်သည့် သမိုင်းပညာရှင်များကမျှ မချီးကျူးဘဲ မနေနိုင်ချေ။

အသောကမင်းကြီးသည် မိမိ၏ ဤရွေ့ဤမျှသော စီမံ လုပ်ဆောင်ချက်များဖြင့် ဗုဒ္ဓဘာသာလောကတွင် အဆင့်အမြင့် ဆုံး ဖြစ်သော "သာသနအမွေကို ခံယူထိုက်သူ"ဟု မှတ်ထင် သွားသည်၊ သို့ရာတွင် **"မင်းကြီး ဓနရှင်ပဲ ဖြစ်ဖြစ်, ပစ္စည်း မဲ့ပဲဖြစ်ဖြစ်, မည်သူမဆို မိမိရင်နှစ်သည်းချာ သားရတနာ ကို ရှင်ပြုသူသာ သာသနအမွေကို ခံယူထိုက်သူဟု ဆိုနိုင် သည်"**[၁] ဟူသော သျှင်မဟာမောဂ္ဂလိပုတ္တတိဿ မထေရ်၏ လမ်းညွှန်မှုကြောင့် အသောကမင်းကြီး၏ သာသနအမွေ ခံယူ ရေးတွင် ချောမွေ့သွားခဲ့သည်။

အသောကမင်းကြီးသည် မိမိ၏ ရင်သွေးရတနာ ထီးနန်း လျာများဖြစ်ကြသည့် သားတော် မဟိန္ဒနှင့် သမီးတော် သံဃမိတ္တာတို့ကို ဂေါတမဗုဒ္ဓသာသနာသို့ ရှင်အဖြစ်, ရဟန်း အဖြစ် သွတ်သွင်း ရှင်ပြုပွဲကို ထည်ဝါ, ခမ်းနား, ဆန်းပြား, တင့်တယ်စွာ စီမံခင်းကျင်းခဲ့သည်။

ယင်းခေတ်က အသောကမင်းကြီး၏ ရှင်ပြုပွဲကြီးမှာ ရေတွင်း, ရေကန်, ကျောင်း, ဘုရားစေတီစသော ကုသိုလ်တော် အရပ်ရပ်

၁။ ပါရာဇိက၊ ဠ၊ ၁၊ ၃၈။



တို့ကို ရေစက်ချပွဲနှင့် ပူးတွဲ ပြုလုပ်ကြောင်း တုမနိူင်းသာအောင် ကြီးကျယ်ခဲ့သည်။

"အာကာကို လွှာပုံ ပြုပါလို့
မေရုကိုတဲ့ စုတ်တံဆင်။
သမုဒ်ရေ မင်ရည်ဖျော်လို့
ချစ်တာတွေ စာစီလို့ ကုံးရရင်
အိုကွယ်... ဆုံးနိုင်ဘူးထင်"[၁]

မြန်မာဇာတ်သဘင်လောကမှ ဇာတ်သဘင်စာဆိုတို့၏ နိမိတ်ပုံ ဖြစ်လေသည်၊ ဇာတ်သဘင် စာဆိုတို့၏ နိမိတ်ပုံတွင် ရှင်ပြုမင်္ဂလာမှ ဓမ္မကထိကများ၏ ဒဿနများ လွှမ်းခြုံထား သည်ကို တွေ့ရှိရသည်၊ မှန်ပါသည်၊ ဇာတ်သဘင်စာဆိုသည် ယင်းဒဿနကို ရှင်ပြုမင်္ဂလာပွဲက ကြားနာရခြင်းဖြစ်ရာ မကုန်နိုင်, မဆုံးနိုင်သော ရှင်ပြုရခြင်း၏ အကျိုးများသည် ဇာတ်သဘင် စာဆို၏ နိမိတ်ပုံသို့ ရောက်ရှိသွားခဲ့လေသည်။

စာဆို၏ နိမိတ်ပုံတွင် မကုန်နိုင်, မဆုံးနိုင်သော ရှင်ပြုရခြင်း ၏ အကျိုးများနှင့် မကုန်နိုင်, မဆုံးနိုင်သော ချစ်ခြင်းမေတ္တာများ ဆုံစည်းမိသွားရာ စာဆို၏ နှလုံးသားက ဤမည်သော တေး ဝတ်မှုန်ကို ကောင်းစွာ ပေါက်ဖွားပေးနိုင်ခဲ့ခြင်းသာ ဖြစ်သည်။

မှန်ပါသည်၊ မြန်မာနိုင်ငံ ကျေးလက်ဒေသရှိ ဓမ္မကထိက ရဟန်းတော်တို့က ရှင်ပြုမင်္ဂလာပွဲတွင် ရှင်ပြုရခြင်း၏ အကျိုး ဆိုင်ရာ သမ္မောဒနီယကထာကို ဤသို့ ချီးမြှင့်ခဲ့ကြပေသည်။

၁။ ကျေးလက်တေး။

"ရှင်ပြုရခြင်း၏ အကျိုးဆက်များကို ကောင်းကင်သဖွယ် ကြီးကျယ်သည့် သင်ပုန်းကြီးပေါ်တွင် မှုန်ညင်းစေ့သဖွယ် သေးငယ်သည့် စာလုံးများဖြင့်ရေး၍ မှတ်တမ်းတစ်ခု ပြုစုသော်ငြားလည်း ကောင်းကင်သဖွယ် ကြီးကျယ်သည့် သင်ပုန်းကြီးသာ ကုန်ဆုံးဖွယ်ရာရှိသည်။ ရှင်ပြုရကျိုးများကား ကုန်ခန်းဖွယ် မရှိချေ"[၁]

ယင်းသို့သော ရှင်ပြုမင်္ဂလာ သမ္မေဒနီယကထာကို သာသနိက ပညာရှင် အချို့က နှစ်မြို့တော် မမူကြချေ၊ အကြောင်းမူ ယင်း သမ္မောဒနီယကထာသည် **"သင်္ဂါယနာဝင် ကျမ်းကြီး ကျမ်းခိုင်များတွင် မရှိ၊ တရားဟော စာငယ်များတွင်သာ ရှိ၍"**[၂] ဟု နှုတ်တုန့်တော်မူကြသည်၊ သို့ရာတွင် ကျေးလက် ဓမ္မကထိကတို့၏ ရှင်ပြုမင်္ဂလာ သမ္မေဒနီယကထာကား မြန်မာ့ဇာတ်သဘင် လောကတွင် ပန်းပန်လျက်ပင် ရှိသည်။

❖ ❖ ❖

၁။ ရေစကြို တရားစာ၊ စာ- ၉၇။

၂။ ပဋ္ဌာနယ ပကာသနီ၊ စာ- ၅၆။



သာဝတ္ထိပြည်သူတို့ ရှင်ပြုမင်္ဂလာ

## ၂။ သာဝတ္ထိ ပြည်သူတို့ ရှင်ပြု မင်္ဂလာ

သာဝတ္ထိမြို့သား ကိုပဏ္ဍိတနှင့် ကိုသုခတို့၏ ရှင်ပြုမင်္ဂလာကို အမြွက်မျှ ပြဆိုခဲ့ပြီး ဖြစ်သည်၊ သာဝတ္ထိမြို့သားကြီးများဖြစ်ကြသော ကိုပဏ္ဍိတနှင့် ကိုသုခတို့၏ မိဘတို့သည် ကိုပဏ္ဍိတနှင့် ကိုသုခတို့၏ အလိုဆန္ဒအတိုင်း အသက်ခုနစ်နှစ်အရွယ်ကပင် ရှင်ပြုပေးခဲ့ကြသည်။

ကိုပဏ္ဍိတနှင့် ကိုသုခတို့ကို ရှင်ပြုပေးခဲ့ရာတွင် ဘုရားရှင်ကိုယ်တော်တိုင်က "**ရှင်ပြုမင်္ဂလာ**"၏ အခမ်းအနားကို မည်သို့မည်ပုံ မမိန့်တော်သော်လည်း အဋ္ဌကထာ ဆရာကြီး သျှင်မဟာဗုဒ္ဓဃောသကမူ သူ၏ ဓမ္မပဒအဋ္ဌကထာတွင် ဤသို့ အမှတ်ထင်ထင် လမ်းညွှန် ဖော်ပြပေးသည်။

"ဆွေမျိုးဉာတကာ အဖြာဖြာတို့ကို စုဝေးစေ၍ 'ကျွန်တော်ကျွန်မ၏သားကလေးအား လူဝတ်ကြောင်ဘဝက ချီးမြှင့်တင့်တယ်လှသော ချီးမြှင့်မှုမျိုးကို ယနေ့ပင် ပြုလုပ်ပါမည်'ဟု ပြောဆို ပြီး၍ ကြီးကျယ် များပြား သားနား



တင့်အပ် မြင့်မြတ်သော ချီးမြှင့်မှုမျိုးကို ပြု လုပ်ကြကာ သားရတနာကို အခမ်းအနားဖြင့် ကျောင်းတော်သို့ ဆောင်ယူ၍ "**အသျှင်မြတ် သာရိပုတ္တရာ ဤသူငယ်ကို ရှင်ပြုပေးတော်မူပါဘုရား**"ဟု အသျှင်သာရိပုတ္တရာ မထေရ်မြတ်အား လျှောက်ထား အပ်နှံရလေ၏"[၁]

"ဆွေမျိုးဉာတကာ အဖြာဖြာတို့ကို စုဝေးစေ၍ "**ကျွန်တော်ကျွန်မ၏ သားကလေးအား လူဝတ်ကြောင်ဘဝက ချီးမြှင့်သင့်လှသော ချီးမြှင့်မှုမျိုးကို ယနေ့ပင် ပြုလုပ်ကြပါမည်**"ဟု ပြောဆိုပြီး၍ သားရတနာကို မကိုဋ်မြိုးချယ်, စလွယ်သွယ်ပြောင်း, ဖောင်း, နားတောင်းများဖြင့် အလှပြုပြင် တန်ဆာဆင်၍ ကြီးကျယ်များပြား သားနား တင့်အပ် မြင့်မြတ်သော အခမ်းအနားဖြင့် ကျောင်းတော်သို့ ဆောင်ယူကာ အသျှင်သာရိပုတ္တရာ မထေရ်မြတ်အား အပ်နှံလေ၏"[၂]

အသျှင်မဟာဗုဒ္ဓဃောသ၏ စကားနှစ်ရပ်လုံးတွင် ပါဝင်လျက်ရှိသော–

"**ဆွေမျိုးဉာတကာ အဖြာဖြာတို့ကို စုဝေးစေ၍**"[၃]

ဟူသော စကားရပ်ကို ထောက်ရှုလျှင် ယခု မျက်မှောက်ခေတ် အလှူ့ ဒါယကာများ ဖိတ်စာ ရိုက်၍ ဆွေမျိုး ဉာတိများအား

---

၁။ ဓမ္မပဒအဋ္ဌကထာ၊ ၁၊ ၃၆၇။

၂။ ဓမ္မပဒအဋ္ဌကထာ၊ ၂၊ ၆၀။

၃။ "ဉာတကေ သန္နိပါတာပေတွာ"ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၃၆၇

ဖိတ်စာ ဝေငှကြသကဲ့သို့ သာဝတ္ထိပြည်သူတို့၏ ရှင်ပြုမင်္ဂလာပွဲတွင်လည်း ဖိတ်စာဝေငှခဲ့ကြပုံကို အထင်းသား တွေ့မြင်နိုင်သည်။

"ကျွန်တော် ကျွန်မတို့၏ သားကလေးအား လူဝတ်ကြောင်ဘဝက ချီးမြှင့်သင့်လှသော ချီးမြှင့်မှုမျိုးကို ယနေ့ပင် ပြုလုပ် ပါမည်"[၁]

ဟူသောစကားကို ထောက်ရှုလျှင်လည်း ရင်သွေး ရတနာ သားသည်းချာကို သာသနာ့ဘောင်သို့ သွတ်သွင်း ချီးမြှင့်ရုံ သာမက ရှင်ပြုတော့မည့် ရင်သွေး ရတနာ သားသည်းချာအား ယခုမျက်မှောက်ခေတ် မိဘဘိုးဘွားများက ပေးသင့်, ပေးထိုက်သော, ပေးကမ်းဖွယ်ရာ, လက်ဆောင်ဥစ္စာများကို ရှင်ပြုမင်္ဂလာပြုလုပ်စဉ် ပရိသတ်ရှေ့မှောက်မှာပင် ပေးကမ်း ချီးမြှင့်ကြသကဲ့သို့ ပေးကမ်းချီးမြှင့်ကြပုံကိုပါ အကွင်းသား တွေ့မြင်နိုင်သည်။

[လက်ဖွဲ့စာ တိုက်ခန်းတွင် လက်ဖွဲ့ ဥစ္စာများ ထင်ရှားစေအံ့။]

"သားရတနာကို, မကိုဋ်မြိုးခြယ်, စလွယ် သွယ်ပျောင်း, ဖောင်းနားတောင်းများဖြင့် အလှပြုပြင် တန်ဆာဆင်၍"[၂]

ဟူသော စကားရပ်ကို ထောက်ပြန်ကလည်း ယခု မျက်မှောက်ခေတ် မောင်ရှင်လောင်းများ ဝတ်ကောင်းစားလှနှင့် မကိုဋ်စလွယ်များ ဆင်သကဲ့သို့ ဆင်သထားကြသော သာဝတ္ထိ

၁။ "မမ ပုတ္တဿ ကတ္တဗ္ဗသက္ကာရံ အဇ္ဇေဝ ကရိဿမ"
ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၃၆၇။
၂။ "ပုတ္တံ အလင်္ကရိတွာ" ဓမ္မပဒ၊ ဋ္ဌ၊ ၂၊ ၆၀။



ပြည်သူတို့၏ ရင်နှစ်သည်းချာ သားရတနာများကိုလည်း မကိုဋ်မြိုးချယ် စလွယ်သွယ်ပျောင်း ဖောင်းနားတောင်းနှင့် ဝတ်ကောင်း ဝတ်စား အခန့်သားပင် တွေ့မြင်နိုင်ပေသေးသည်။

"ကြီးကျယ် များပြား သားနား တင့်အပ် မြင့်မြတ်သော အခမ်းအနားဖြင့် ကျောင်းတော်သို့ ဆောင်ယူ၍"[၁] ဟူသော စကားရပ်ကို ထောင့်ချင့်တွေးတောလျှင် ရမ္မာဝတီပြည်သူတို့၏ ဒီပင်္ကရာဘုရားပင့် ပွဲကြီးကဲ့သို့သော သာဝတ္ထိပြည်သူတို့၏ ခြိမ့်ခြိမ့်မွမ်း ရှင်လောင်း လှည့်ပွဲကြီးကို ခမ်းခမ်းနားနားပင် တွေ့မြင်နိုင်ပေသည်။

"သုံးလူ့ဖော်လျှင်၊ ဆေတော်ဆန့်လျှင်း၊ မြေဝယ်နင်းကာ၊
အုံးအင်းနွေလ၊ နှစ်ဦးစ၌၊ ထဲမကလှိုင်၊ မိုးသစ်အိုင်သို့၊
အပြိုင် အပြိုင်၊ အဆိုင်ဆိုင်တိ၊ တိုင်တိုင်လွှံ့တင်း၊ မြေမိုးချင်းမျှ၊ မှုတ်ချင်းတီးမြည်၊ အမည်မည်လျှင်၊ သံကျည်ကျစ်ကျစ်၊ မျက်ပွင့် ဖြစ်သား၊ တစ်တစ်ပီလှ၊ ပဥ္စင်္ဂဖြင့်၊ မိုးမှတစ်ပဲ၊ တစ်တည်ပွဲနှင့်၊ နှစ်ကွဲရပ်သူ၊ နှစ်ဆူပြိုင်ပြီ၊ က,မြူးသီ၍၊ ကိုယ်စီနောက်က၊ လိုက်ကုန်ကြလျက်။ ။
ရှင်ပန္နတ်သံ-လှုလတ်တည်း"[၂]

သျှင်မဟာသီလဝံသ၏ အဆိုအမိန့် ဖြစ်သည်၊ သျှင်မဟာသီလဝံသသည် ရမ္မဝတီပြည်သူတို့၏ ဒီပင်္ကရာ ဘုရားပင့်ပွဲကြီး

၁။ "မဟန္တေန သီရိသောဘဂ္ဂေန ဝိဟာရံ နေတွာ"
ဓမ္မပဒ၊ ဋ္ဌ၊ ၂၊ ၆၀။
၂။ ဆုတောင်းခန်းပျို့၊ ပိုဒ်-၁၆၄။

ကို စိတ်အာရုံဖြင့် မျှော်မှန်း၍ စာပန်းချီ ခြယ်သ ထားခြင်း ဖြစ်သည်၊ သျှင်မဟာသီလဝံသ၏ စာပန်းချီနှင့်အတူ သျှင်မဟာဗုဒ္ဓဃောသ၏ လမ်းညွှန်အတိုင်း သာဝတ္ထိပြည်သူတို့၏ ရှင်ပြုမင်္ဂလာကို ရှုခင်းတစ်ခုအနေဖြင့် သုံးသပ်ရမူ ဤသို့ပင် တွေ့မြင်နိုင်သည်။

(က) ရွှေတော်ပြေး (သို့မဟုတ်) စည်တော်ကြီး

(ခ) မောင်ရှင်လောင်း

(ဂ) ကွမ်းတောင်ကိုင်, ပန်းတောင်ကိုင် အမျိုးသမီး

(ဃ) သပိတ်လွယ် ယပ်ထမ်းနှင့် ရှင်ဒကာကြီး၊

(င) သင်္ကန်းနှင့် အိပ်ဖွယ်အိပ်ရာ ကိုင်ဆောင်လိုက်ပါသော ရှင့်အမကြီး၊

(စ) စစ်ဝတ်တန်ဆာ ဆင်မြန်းလိုက်ပါသော ရှေ့ဝင်း, နောက်ဝင်း၊

(ဆ) လှူဖွယ် ဝတ္ထုများ

(ဇ) ရွှေပန်း, ငွေပန်း, ကြည်းပန်း, ရေပန်း, စိုက်ထိုးထားသော ပရိတ်အိုးများ

(ဈ) တံခွန်, ကုက္ကား, မုလေးပွားများ

(ည) အကအခုန်များ

ဤကား ထည်ဝါခမ်းနား, ဆန်းပြားတင့်တယ်, ကြီးကျယ်လှစွာသော သာဝတ္ထိပြည်သူတို့၏ ရှင်ပြုမင်္ဂလာ ရှုခင်းသာကြီးပင်ဖြစ်ပေသည်။

❖ ❖ ❖



သရေခေတ္တရာ ပြည်သူတို့၏ ရှင်ပြုမင်္ဂလာ

## ၃။ သရေခေတ္တရာ ပြည်သူတို့၏ ရှင်ပြုမင်္ဂလာ

မြန်မာနိုင်ငံ၏ ရှင်ပြုမင်္ဂလာ အမွှန်အစသည် တကောင်း၊ သရေခေတ္တရာခေတ်များဆီကပင် စတင်နိုင်ခဲ့သည်၊ ၆၀၀-ဘီစီတွင် ပိဋ္ဋုပ ဘေးကြောင့် မြန်မာနိုင်ငံတွင် နိုင်ငံရေးခိုလှုံခဲ့သော သကျသာကီယမျိုး ဓဇရာဇာသည် တကောင်းမြို့ကြီးကို ဦးဆောင်ပဲ့ကိုင် ပြုနိုင်ခဲ့သည်။

ဓဇရာဇာနှင့် အတူ ဂေါတမဗုဒ္ဓ၏ ယဉ်ကျေးမှုများလည်း ပါရှိခဲ့ပေရာ မြန်မာနိုင်ငံ၏ ရှင်ပြုမင်္ဂလာသည် တကောင်းခေတ်ကပင် စတင်နိုင်ခဲ့သည်။

တာတာခေါ် တရုတ်လူမျိုးများ ဝင်ရောက်ဖျက်ဆီးသဖြင့် တကောင်းပြည်ကြီး ပျက်စီးသွားသော အခါ မြန်မာနိုင်ငံ အလယ် ပိုင်းတွင် သရေခေတ္တရာပြည်ကြီး ပေါ်ထွန်းလာခဲ့သည်၊ ခရစ်နှစ် ၁၈,ရာစုအတွင်း တရုတ်မှတ်တမ်းများအရ သရေခေတ္တရာကို တရုတ်တို့က "ရိလိချတလော"ဟု ခေါ်ဆိုကြသည်၊ မွန်ကျောက်စာများအရ မွန်တို့က "ရှရိကရှတြာ"ဟု ခေါ်ဆိုကြသည်။



သရေခေတ္တရာသည် သမိုင်းသုတေသီများ သိပြီး ဖြစ်သည့် အတိုင်း စစ်ကိုင်းတိုင်း တကောင်းမြို့နှင့် မဝေးလှသော ဟန်လင်းကြီး ပျူမြို့ထက်လည်းကောင်း၊ မကွေးတိုင်း တောင်တွင်းကြီးမြို့အနီးရှိ ဗိဿနိုး ပျူမြို့ထက်လည်းကောင်း၊ ကြီးသည် သာမက သထုံမြို့ကဲ့သို့သော မွန်မြို့နှင့် ပုဂံမြို့ မန္တလေးမြို့များကဲ့သို့သော မြန်မာမြို့များထက်ပင် ကြီးသောမြို့ ဖြစ်သည်။

သရေခေတ္တရာပြည်သည် ရှေးယိုးဒယားပြည်ရှိ "ဒွါရဝတီ" ခေါ် မွန်မြို့ကဲ့သို့ပင် ဝိုင်းသော သဏ္ဍာန် ရှိသည်၊ မြို့၏အကျယ်အဝန်းမှာ ရှစ်မိုင်ခွဲခန့် ရှိသည်။ ယခုတိုင် ရှိသေးသည့် ပျက်စီးပြီးသော သရေခေတ္တရာ မြို့ရိုး၏ အစိတ်အပိုင်းကြီးများမှာ ၁၅,ပေခန့် မြင့်သည်ကို တွေ့ရှိရသည်၊ တရုတ် တန်မင်းဆက်ရာဇဝင်တွင်-

> **"သရေခေတ္တရာပြည်သည် အရှေ့မှ အနောက်သို့ လီ-၃၀၀၀,(သုံးထောင်)ရှိ၍ တောင်မှ မြောက်သို့ လီ-၅၀၀၀,(ငါးထောင်)[၁]ရှိသည်"**ဟု ဖော်ပြထားသည်၊

သရေခေတ္တရာပြည်၏ အရှေ့ဘက်နယ်နိမိတ်သည် ခမာလူမျိုးတို့ နေထိုင်ရာ ကမ္ဘောဇပြည် နယ်နိမိတ်နှင့် စပ်လျက်ရှိသည်၊ အရှေ့တောင်ဘက် နယ်နိမိတ်မှာ မွန်လူမျိုးတို့ နေထိုင်ရာ ဒွါရာဝတီပြည် (သို့မဟုတ်) ယိုးဒယားပြည် နယ်နိမိတ်နှင့် စပ်လျက်ရှိသည်၊ အနောက်ဘက် နယ်နမိတ်မှာ အိန္ဒိယပြည် (သို့မဟုတ်) ရခိုင်ပြည်နယ်နိမိတ်နှင့် စပ်လျက်ရှိသည်၊ မြောက်ဖက်

---

၁။ တစ်မိုင်သည်-၆,လီနှင့် ညီမျှသည်။

နယ်နိမိတ်မှာ နန်ချောင်ပြည် (သို့မဟုတ်) ယူနန်ပြည် အနောက်ပိုင်းနှင့် စပ်လျက်ရှိသည်၊ တောင်ဖက် နယ်နိမိတ်မှာ ပင်လယ်ဖြစ်သည်ဟု ဖော်ညွှန်းထားသည်။

သရေခေတ္တရာပြည်သူများမှာ ပျူလူမျိုးများသာ ဖြစ်ကြသည်၊ ပျူလူမျိုးတို့သည်-၄၅၀,အေဒီခန့်ကပင် မြန်မာနိုင်ငံအလယ်ပိုင်းသို့ ဝင်ရောက်အခြေချခဲ့သည်ကို တွေ့ရှိရသည်၊ ၆၁၈-၉၀၅, အေဒီအတွင်း ပေါ်ထွန်းခဲ့သော တန်မင်းဆက်တရုတ်ရာဇဝင်ဟောင်း ၆၇၁-၆၉၅, အေဒီအတွင်း ပေါ်ထွန်းခဲ့သော တရုတ် ဘုရားဖူးခရီးသည် အီချင်၏ မှတ်တမ်းများ ၆၂၉-၆၄၅ အေဒီအတွင်း ပေါ်ထွန်းခဲ့သော တရုတ်ဘုရားဖူးခရီးသည် ရှန်ချောင်၏ မှတ်တမ်းများတွင် သရေခေတ္တရာနိုင်ငံနှင့် ပျူလူမျိုးတို့အကြောင်းကို ဤသို့ဖော်ကျူးခဲ့သည်။

သရေခေတ္တရာပြည်သူများသည် အိမ်ကို သစ်သားဖြင့်ဆောက်လုပ်၍ အမိုးကို ခဲမဖြူ, ခဲပုပ်ပြားတို့ဖြင့် မိုးကြသည်၊ ဝတ်စားဆင်ယင်မှုတွင် ပိုးထည်များကို မဝတ်ကြ၊ ပိုးထည်များသည် သူတစ်ပါးအသက်ကို သတ်ပြီးမှ ရသော အထည်များဖြစ်သောကြောင့် မသုံးကြခြင်း ဖြစ်သည်။

အမျိုးသားများက "ကွန်းလွန်း"ခေါ် ဝတ်စုံများဝတ်ပြီးနှင်းဆီပန်းရောင် ချည်ပုဆိုးရှည်ဖြင့် ခါးကို ပိုးကာ ပခုံးပေါ်သိုင်းထားသည်၊ ယနေ့ မျက်မှောက်ခေတ် မြန်မာပြည်သူများကယင်းဝတ်စုံကို "တောင်ရှည်ပုဆိုး"ဟု ခေါ်ကြဆဲ ရှိသည်၊ ယင်းဝတ်စုံကို ဇာတ်ခုံပေါ်နှင့် ပြတိုက်များတွင် ရှေးဖြစ်ဟောင်း



အောက်မေ့ဖွယ်အဖြစ် တွေ့မြင်ရဆဲ ဖြစ်သည်။

အမျိုးသမီးများမှာ ဆံထုံး ထုံး၍ ငွေပန်းကုံး, ပုလဲကုံးများပန်ဆင်ကြကာ မဲထဘီကို ဝတ်ဆင်ကြသည်၊ ယနေ့မဲထဘီသည် ယောလုံချည်အဖြစ် နာမည်ကြီးလျက် ရှိဆဲ ဖြစ်သည်၊ သရေခေတ္တရာ အမျိုးသမီးများ အပြင်သို့ အလည်အပတ်ထွက်သောအခါ ယပ်တောင်များကို ကိုင်ဆောင်၍ ထွက်တတ်ကြသည်။

တစ်ယောက်နှင့် တစ်ယောက် နှုတ်ဆက်ကြရာတွင် တစ်ယောက်လက် တစ်ယောက်ကိုင်ကာ နှုက်ဆက်ကြပြီး အချင်းချင်း အလေးပြုသည့် အနေဖြင့် ဦးခေါင်းညွှတ် ပြတတ်ကြသည်၊ သရေခေတ္တရာပြည်သူတို့၏ ဓလေ့ထုံးစံမှာ အရှက်အကြောက်ကို အခြေခံသော ဓလေ့ထုံးစံ ဖြစ်သည်၊ အယူဝါဒကား ဂေါတမဗုဒ္ဓဝါဒ ဖြစ်သည်။

သမိုင်းဝင် နေရာအများအပြားမှ တူးဖော်ရရှိသော ရှေးဟောင်းပစ္စည်းများကို ထောက်ထားသဖြင့် ပျူတို့၏ ဂေါတမဗုဒ္ဓဝါဒဆိုင်ရာ ယဉ်ကျေးမှုသည် သရေခေတ္တရာခေတ်တွင် အလွန်ဖွံ့ဖြိုးတိုးတက်လျက် အထွတ်အထိပ်သို့ ရောက်ရှိနေပြီဖြစ်ကြောင်း သိရှိရသည်။

ဂေါတမဗုဒ္ဓဝါဒဆိုင်ရာ ယဉ်ကျေးမှုနှင့် သက်ဆိုင်သည့်တွေ့ရှိရသော ရှေးဟောင်းပစ္စည်းများတွင် ရှေးဆန်သောပုံသဏ္ဍာန်ရှိသည့် ပုထိုးများ, စေတီများ, ဗိသုကာလက်ရာမြောက်သော ဘုရားများသည် ပျူတို့၏ ဂေါတမဗုဒ္ဓဝါဒဆိုင်ရာ

ယဉ်ကျေးမှုအထွတ်အထိပ်သို့ ရောက်ရှိခဲ့ကြောင်း ဖော်ညွှန်းလျက် ရှိသည်။

ပျူတို့၏ ရင်သွေးများ ရှင်ပြုချိန်သည် ယခုမျက်မှောက်ခေတ် မြန်မာပြည်သူတို့၏ ရင်သွေးများ ရှင်ပြုချိန်ထက်ပင် စောနေပေသည်၊ တန်မင်းဆက်၊ တရုတ်မှတ်တမ်းများတွင် ယောက်ျားများမှာ အသက်ခုနစ်နှစ်ပြည့်လျှင် ဆံပင်ဖြတ်၍ ဘုန်းတော်ကြီးကျောင်းများတွင် သင်္ကန်းဝတ်ကြရသည်၊ **"အသက်နှစ်ဆယ်ပြည့်ပြီးနောက် ဆက်၍ သင်္ကန်း မဝတ်လိုသူများသည် ဆံပင်ရှည်တားသော လူ့ဘောင်သို့ ပြန်လာကြသည်"**ဟု ဖော်ညွှန်း ထားသည်။

သရေခေတ္တရာပြည်သူတို့ မိမိတို့ရင်သွေးများ ခုနစ်နှစ်အရွယ် ဆံဖြတ်၍ သင်္ကန်းဝတ်ကြခြင်းမှာ ဓမ္မပဒလာ ခုနစ်နှစ်အရွယ်တွင် သင်္ကန်းဝတ်ကြသော "သောပါက, ပဏ္ဍိတ, သုမန, သုခ,သတို့သားများ၏ ထုံးတမ်းကို လိုက်ဟန် ရှိကြောင်း တွေ့ရှိရသည်။

အသက်နှစ်ဆယ်ပြည့်လျှင် ရဟန်းပြုလုပ်ရိုး ထုံးစံရှိရာ ရဟန်းမပြုလိုသူ ပျူတို့၏ရင်သွေးငယ်များ ဆံပင်ရှည်ထား၍ တရုတ်ရာဇဝင်မှတ်တမ်းများတွင် ဖော်ပြထားသကဲ့သို့ လူ့ဘောင်သို့ ပြန်လာခြင်းများသည် ရှင်လူထွက်လာခြင်းဖြစ်ကြောင်း ဖော်ပြအပ်ပေသတည်း။[၁]

❖ ❖ ❖

၁။ ရွှေဟောင်း မြန်မာ့ရာဇဝင်နှင့် ယဉ်ကျေးမှု။



ပုဂံပြည်သူတို့၏ ရှင်ပြုမင်္ဂလာ

## ၄။ ပုဂံပြည်သူတို့၏ ရှင်ပြုမင်္ဂလာ

ပုဂံပြည်သူတို့၏ ရှင်ပြုမင်္ဂလာသည်-၁၀၄၄, အေဒီတွင်မှ စတင်ခဲ့သည်၊ အနော်ရထာမင်းစောသည်- ၁၀၅၆, အေဒီတွင် သထုံကို တိုက်ခိုက်သိမ်းပိုက်၍ ဗုဒ္ဓပိဋကတ်တော်များကို ပင့်ဆောင်ခဲ့သည်။

၁၁, ရာစု အေဒီတွင် ပုဂံနှင့် သထုံစစ်မက်ဖြစ်ပွားရသော အဓိကအကြောင်းရင်းမှာ ဗုဒ္ဓပိဋကတ်တော်များပင်ဖြစ်သည်၊ ၁၀၅၅အေဒီတွင် သထုံမှ ပုဂံသို့ ရှင်အရဟံ ရောက်လာသည်၊ ရှင်အရဟံကို သမိုင်းနှင့် ဘာသာပညာရှင်များက "ရဟန္တာ"ဟု အသိအမှတ် ပြုထားကြသည်၊ အနော်ရထာမင်းစောသည် ရှင်အရဟံကို ဆည်းကပ်ကြည်ညိုခွင့် ရခဲ့ရာမှ ရှင်အရဟံက သထုံတွင် ဗုဒ္ဓပိဋကတ်တော်များ ရှိကြောင်း လမ်းညွှန်မိန့်ကြားလေသည်။

ဗုဒ္ဓအယူဝါဒ ခံယူကျင့်သုံးစ ဖြစ်သော အနော်ရထာမင်း



စောသည် ဗုဒ္ဓနှင့် ဗုဒ္ဓဒဿနများကို သက်ဝင်ကြည်ညိုခြင်း ပြင်းပြလှကာ သထုံရှိ ဗုဒ္ဓပိဋကတ်တော်များကို လက်ဆောင် ပဏ္ဏာများဖြင့် သံတမန်များကို စေလွှတ်၍ ပင့်ဆောင်ရန် စေလွှတ်လေသည်၊ သို့ရာတွင် သထုံမနူဟာမင်းသည် ပုဂံမှ သံတမန်များကို "အရိုင်းတို့နှင့် အရာလော"ဟု မခြေမင် ပြောဆို ပြန်လွှတ်လိုက်သည်၊ ထို့ကြောင့် သထုံနှင့်ပုဂံ စစ်မက် ဖြစ်ပွားရခြင်း ဖြစ်လေသည်။

ရှင်အရဟံမရောက်မီ ပုဂံပြည်တွင် မိစ္ဆာအယူများ လွှမ်းမိုးလျက် ရှိသည်၊ ပုဂံပြည်သူကို့သည် အများအားဖြင့် မိရိုးဖလာ နတ်များကို ကိုးကွယ်ကြသည်၊ နဂါးကိုလည်း ကိုးကွယ်ကြလေသည်၊ ထိုစဉ်က တန်ခိုးထွားလျက်ရှိသူတို့မှာ အရည်းကြီးများသာ ဖြစ်လေသည်။

"အရည်း"ဟူသော စကားလုံးသည် "အရိယ"ဟူသော ပါဠိမှ ဆင်းသက်လာသော ပါဠိသက် စကားလုံး ဖြစ်သည်၊ ယင်း၏ အဓိပ္ပာယ်မှာ "**ရသေ့၊ ရဟန်း၊ အကျင့်ကောင်း ရှိသူ**"ဟု အဓိပ္ပာယ်ရသည်၊ ပျို့ကဗျာလင်္ကာများတွင်-

"သူတော်နည်းဖြင့်၊ အရည်းပီလှ၊ ဖြည့်ဖူးစွဟု"[၁]ဟူ၍ လည်းကောင်း၊

"အရည်းမုနေ့၊ သွင်ဓလေ့ဖြင့်"[၂] ဟူ၍ လည်းကောင်း စပ်ဆိုထားသည်ကို တွေ့ရှိရသည်။

---

၁။ ကိုးခန်းပျို့၊ ပိုဒ်-၂။

၂။ မဃဒေဝ၊ ပိုဒ်-၃၃၆။

သို့ရာတွင် ပုဂံခေတ်၏ အရည်းကြီးများမှာ မကောင်းသော ဒုစရိုက်ဖြင့် ကျင်လည်အသက်မွေးသူဖြစ်၍ "အရည်း"ဟူသော စကားလုံးကို ကာလ, ဒေသ, ပုဂ္ဂိုလ်နှင့် လိုက်ဖက်အောင် အနက်ကောက်ရသော် **"ရှင်ယောင်, အကျင့်ပျက်"**ဟူ၍သာ အနက်ကောက်သင့်လေသည်။

ယင်း ရှင်ယောင်အရည်းကြီးများသည် နက်ပြာရောင် သင်္ကန်းကို ဝတ်ဆင်ကြသည်၊ ဆံပင်လေးသစ်၊ လက်တစ်ဝါး ရှည်အောင် ထားကြသည်၊ နတ်, နဂါး, အင်း, အိုင်, မန္တရား, ဆေးဝါး, အင်္ဂရုတ် လိုက်စားကြသည်၊ တစ်စုံတစ်ခုသော မကောင်းမှုကို ပြုလုပ်မိက **"ဤမည်သော ပရိတ်ကို ရွတ်လျှင် ပျောက်၏"**ဟု မဟုတ်မဟတ် ပြောတတ်ကြသည်။

"သိုးကလေး...
ပုပ္ပားနတ်တောင်၊ အခေါင် မြင့်ဖျား
စုံတောပြားဝယ်၊ နံ့ရှား ကြိုင်လှိုင့်
ခါတန် ပွင့်သည်၊ ရွှေနှင့် ယိုးမှား
ပန်းစကား...။ ။
သိုးကလေး...
စကားပွင့်နှင့်၊ နှိုင်းတင့် နီးသည်
ရဲမျိုး သမီး၊ မောင်ကြီး နှမ
ညက်လှပြာစင်၊ မယ့်သည် ပင်သည်
ခရီးသား...။ ။

သိုးကလေး...
မြိတ်လွတ် စုလည်း၊ အငယ်တည်းက
ကျွမ်းဝင်ကြသည်၊ မွေးဖ တူရင်း
မျိုးသည် မင်းနှင့်၊ ချစ်ခြင်း စုရုံး၊
သက်ထက် ဆုံးသည်၊ နှလုံး မခြား
စောင့်တရား...။ ။
ဆွေမိမင်း...
မျက်သုတ် နီစင်၊ ရထည်း ဖျင်နှင့်
ကျိုင်းစင် မြဝါ၊ မတ်ကြီး လျာကို
မယ်သာ ကြိုက်မိ၊ တုမရှိ[၁]။ ။

ပုပ္ပားနတ်တောင်ဖွဲ့ ကဗျာ ဖြစ်သည်၊ ပုပ္ပားနတ်တောင်ဖွဲ့ ကဗျာကို လေ့လာအကဲခတ်ခြင်းဖြင့် ပုဂံသူပုဂံသားတို့၏ နတ် ကိုးကွယ်မှုသည် အဘယ်မျှ အထွတ်အထိပ်သို့ ရောက်ခဲ့သည် ဆိုခြင်းကို သိသာနိုင်သည်၊ ပုဂံသားများ ဦးထိပ်ထားရာနတ် ကား ပန်းပဲမောင့်တင့်တယ် နတ်မောင်နှမ ဖြစ်သည်၊ ယင်းနတ် မောင်နှမကိုပင် **"အိမ်တွင်း မင်းမဟာဂီရိနတ်"**ဟု တစ်မျိုး, **"မဟာဂီရိ နတ်မောင်နှမ"**ဟု တစ်ဖုံ ပုဂံသားများက မျိုးစုံ အောင် အမွှမ်းတင် ထားခဲ့ကြသည်။

ယင်းနတ်မောင်နှမသည်- ၃၄၄, အေဒီတွင် နန်းတက် သော သေဦလည်ကြောင်မင်း လက်ထက်တွင် ပုဂံသို့ ရောက်ရှိ သည်။ ပုပ္ပားတောင်၌ နတ်ကွန်းနှင့် ထားသည်၊ နိုင်ငံ့ဥသျှောင်

၁။ ကဗျာဗန္ဓသာရ၊ ၅၇၉။

ဘုရင်နှင့်တကွ တိုင်းသူပြည်သားများကပါ နှစ်စဉ် နတ်တော်လ၌ ပူဇော် ပသကြသည်။

နတ်တော်လ၌ နတ်ပူဇော်ပသခြင်းကို စွဲ၍ ယင်းလကို "နတ်တော်"ဟုပင် ပုဂံသားများ ကင်ပွန်းတပ်ခဲ့ကြသည်၊ ယင်းကို အနက်ကောက်သော် "**နတ်= ကိုးကွယ်ရာ + တော်= အရှင်**"၊ "**ပုဂံမင်း အဆက်ဆက် ပုပ္ပားတောင်သို့ တက်၍ နတ်ပွဲကျင်းပသော လ**"ဟု အနက်ကောက်ရသည်။

ယင်းနှင့်အလားတူစွာ နတ်အိပ်သောဝါဆိုလကို "**နတ်စက်လ**"နတ်ကြီးအိပ်ရာမှ နိုးသော တန်ဆောင်မုန်းလကို "**နတ်နိုးလ**"ဟု ခေါ်သည်၊ ထို့ကြောင့် မြန်မာစာပေတို့တွင် "**စွေမိုးမှ ရောရ၊ နတ်စက်လတွင်၊ ညွတ်ခဖျော်ဖျော်၊ နေ့ညဥ့်မချာ၊ လျှောက်သူမှာမူ၊ ယင်းမာပွင့်မှ၊ ချစ်ပန်းသသို့၊ ဘာမျှကြာကျိုး၊ မဝေဖြိုးသော်လည်း၊ နတ်နိုးရာသီ၊ မရောက်မီက**"[၁]ဟု ထင်ဟပ် နေနိုင်ခြင်း ဖြစ်သည်။

ယင်းသို့ ပူဇော်ပသသော နိုင်ငံဥသျှောင်နှင့် ပြည်သူများအား နတ်မောင်နှမက "**နှစ်လို့ ဝမ်းသာ၊ ချိုသောစကားများ ပြောဆို၏**"[၂]ဟု ရာဇဝင်ဆရာများက ဖော်ညွှန်းထားသည်။

နတ်ပူဇော်ရာ ဗလိနတ်စာကား ကွဲဖြူ၊ နွားဖြူ၊ ဝက်ဖြူ၊ ကြက်ဖြူများ ဖြစ်လေသည်၊ ယင်းတို့သတ်ဖြတ်၍ "**နတ်များကို ပူဇော်ပသကြရမည်**"ဟု အရည်းကြီးများက လမ်းညွှန်

၁။ မယ်ခွေဆို "အဲချင်း"

၂။ တွင်းသင်း မြန်မာရာဇဝင်၊ ပ၊ ၆၀။



ခဲ့ကြလေသည်၊ ပုဂံသူပုဂံသားများလည်း အရည်းကြီးများ ညွှန်ကြားသည့်အတိုင်း လိုက်နာပြုလုပ်ကြရသည်၊ မပြုလုပ်က မင်းပြစ် မင်းဒဏ် ခံကြရသည်။

"ပုပ္ပားတောင်သည်၊ ရွှေတောင်တည့်လေ
ရွှေတောင်ပတ်ကုံး၊ စကားပင်နှင့် ပန်းပင်ဖုံး
တောင်လုံး ရနံ့ ကြိုင်စွလေ။ ။
ပုပ္ပားတောင်တွင်...
နတ်ရှင်နှစ်ပါး၊ ရွှင်စံစား
ဘုံခြားဗိမာန် မြိုင်စွလေ...။
လှိုင်စွလေ၊ လှိုင်စွလေ...
လှိုင်စွာစကား၊ တောင်ပုပ္ပား
စကားပျံ့ကြိုင်စွ၊ ပန်းလှိုင်စွလေ...။
မောင်တော်ရေထက်၊ မယ်မှတ်ရေ
ဆယ်လေး သာစွလေ...။
ဗိမာန်နန်းမှာ ထီးစကြာ
ဖြန့်ကာအုပ်မိုး ကာစွလေ..."[၁]။ ။

မည်သူရေးဟု မသိရသော ပုဂံခေတ်ပေါ် "**တောင်ပုပ္ပားစကားပွင့်အဲချင်း**" ဖြစ်သည်၊ ယင်းအဲချင်းကိုပင် "**အရည်းကြီးများ၏ လက်ရာ ဖြစ်သလော**"ဟု တွေးထင်ရသည်၊ ပုပ္ပား နတ်တောင်ဖွဲ့ လင်္ကာဖြင့် "**မျက်သုတ်နီစင်၊ ရထည်းဖျင်နှင့်၊ မင်းပျို မင်းလွင်ကို နှမတော် ငမ်းငမ်းတက် ကြိုက်မိ**

၁။ ကဗျာဗန္ဓသာရ၊ ၅၈၁။

**သည့်ကား မှားကြီးခြင်း မှားလေစွ**"ဟု နမတော်၏ ယူကျုံးမရ ဖြစ်ပုံကို ဖော်ညွှန်းထားသည်။

တောင်ပုပ္ပားစကားပွင့်အဲချင်းသည် "**ကိုးကွယ်ရာ တကာ တို့ထက် ဆယ်လေးသာသော နတ်မောင်နှမကို ဗိမာန် နန်းမှာ ထီးစကြာ ဖြန့်မိုးကာ ကိုးကွယ်ကြပါစို့**"ဟု ပုဂံသူ ပုဂံသားများကို သတ်ပင်းထားခြင်းသာ ဖြစ်သည်၊ ထို့ကြောင့် တောင်ပုပ္ပား စကားပွင့်အဲချင်းသည် "**အရည်းကြီးများ၏ လက်ရာ ဖြစ်သလော**"ဟု တွေးထင်ရခြင်း ဖြစ်သည်။

ပုဂံပြည်၏ အရည်းကြီးများသည် နတ်ကိုးကွယ်မှု၌သာ စည်းရုံး လှုံ့ဆော်ရုံ မက လူညွှန့်လည်း ခူးတတ်ကြသည်၊ ယင်းအချိန်က ပုဂံ၏ သမီးပျိုများ ထိမ်းမြားလက်ထပ်မည့်ဆဲဆဲ တွင် အရည်းကြီးများထံ တစ်ည ပို့ကြရသည်၊ ယင်းသို့ တစ်ည သိပ်ပို့ကြရခြင်းကို ပုဂံသူပုဂံသားများက "**ပန်းဦး လွှတ်သည်**"ဟု ကင်ပွန်းတပ်ခဲ့ကြလေသည်။

ယင်းစကားရပ်တွင် "**ပန်း**"ဟူသောစကားလုံးသည် ဥပစာ စကားလုံး ဖြစ်သည်၊ ယင်းဖြင့် မေထုန်ကို တင်စား ပြောဆို သည်၊ "**ဦး**"ဟူသော စကားလုံးက "**အဦး အစ**"ဟူသော အဓိပ္ပာယ်ကို ဖော်ညွှန်းသည်၊ "**လွှတ်**"ဟူသော စကားလုံးကား ယင်းခေတ် ယင်းအချိန်က ပုဂံသူပုဂံသားများ၏ နေ့စဉ်သုံး စကားလုံး ဖြစ်သည်၊ ယင်းသည် "**ပေးသည် လှူသည်၊ ပူဇော် သည်**"ဟူသော အဓိပ္ပာယ်ကို ဖော်ညွှန်းလေသည်။



ထို့ကြောင့် ပုဂံကျောက်စာများတွင် "ငါလွှတ်[၁]ကျောန် လွှတ်"[၂] စသော စကားလုံးများ ထင်ဟပ်နေခြင်း ဖြစ်သည်၊ ယင်းတို့သည် "**ငါလှူသည်၊ ကျွန်လှူသည်**"ဟူသော အဓိပ္ပာယ် ကို ဖော်ညွှန်းသည်၊ မြန်မာစာပေများတွင်လည်း-

"ဝိဇယစေတီ၊ သီရိရတနာ၊ လွှတ်သောအခါ၌"[၃] စသည် ဖြင့် စပ်ဆိုကြသည်ကို တွေ့ရှိရသည်။

မုဆိုးနားနီး မုဆိုး၊ တံငါနားနီး တံငါ ဖြစ်ခဲ့ရသော အနော်ရထာမင်းစောသည် ရှင်အရဟံတည်းဟူသော သူတော်ကောင်း နှင့် ပေါင်းမိ၍ သူတော်ကောင်းကြီး ဖြစ်လာသည်၊ အယူ သိမ်ဖျင်း၍ သေးနုပ်လှသော အရည်းကြီးများ၏ အညစ်အပတ် နှင့် အညှစ်အသတ်များကို အမြစ်ဖြတ် ပစ်နိုင်ခဲ့သည်၊ အရည်း ကြီးများကိုလည်း လူဝတ်လဲ၍ ဆင်ကျွေး မြင်းကျွေး ခိုင်းခဲ့ သည်။

ပုဂံပြည်သူအားလုံးအား ဗုဒ္ဓအယူဝါဒဆိုင်ရာ ဒဿနများ ကို လိုက်နာကျင့်သုံးစေကာ ဗုဒ္ဓဘာသာကို နိုင်ငံတော်၏ ပင်မ ဘာသာအဖြစ် ရပ်တည်စေသည်၊ အရိန္ဒမာလုံ့ပုံ့စကြာ လက်နက် ရတနာကို ကိုင်စွဲခဲ့သော အနော်ရထာမင်းစောသည် ထက်မြက် လှသောစေတနာနှင့် သဒ္ဓါလက်နက်များ ကိုင်စွဲကာ ပုဂံပြည်သူ အားလုံးအား ပုညကုသလ စစ်ပွဲများဆီသို့ ဦးလှည့် စေခဲ့သည်။

---

၁။ ၅၄၄-ခုနှစ်ထိုး၊ အိုနသင်ကျောက်စာ။

၂။ ၅၄၇-ခုနှစ်ထိုး၊ အမရပူရ ရေကျော်တံတားမှ ကျောက်စာ။

၃။ ယိုးဒယားမိဖုရား ချေင်း။ ပိုဒ်-၁၅။

ယင်းအချိန်က စ၍ ပုဂံပြည်၏ မျက်နှာစာတိုင်းတွင် ပုည ကုသလ စစ်ပွဲများဖြင့် အတိပြီးလျက် ရှိသည်၊ ယင်း ပုည ကုသလ စစ်ပွဲများဖြင့် အကြောင်းခြင်းရာကိုလည်း ပုဂံ၏ ကျောက်စာများက ယနေ့တိုင် ဖော်ကျူးလျက် ရှိသည်။

"ကျောင်လေ ပ္လုအ်ဧ
ညောင်ရေစ်ပင် စိက်ဧ
ကန်လေ တစ်ခုအ် တူဧ
သာနှစ်ယောက်လေ
ရဟာန်မူဧ"[၁]

ပုဂံသူပုဂံသားများသည် ဇရပ်, ကျောင်း, ကန် အရပ်ရှစ်မျက်နှာတွင် တစ်မျက်နှာ တစ်ပင်ကျ ညောင်ရှစ်ပင်စိုက်ပျိုး လှူဒါန်းခြင်းနှင့် အတူ မိမိတို့ ရင်နှစ်သည်းချာ သားရတနာ နှစ်ယောက်အား ဂေါတမဗုဒ္ဓသာသနာသို့ ရှင်အဖြစ် သွတ်သွင်းခဲ့သည်၊ ယနေ့ ပုဂံ၏ ခြေရာလက်ရာ ရုပ်ပိုင်းဆိုရာ အဆောက်အအုံများသို့ ပုဂံ၏ နှောင်းသားများ လိုက်မမီခြင်းသည် **"ရှေးပုဂံသားများ၏ စိတ်ပိုင်းဆိုင်ရာ မြင့်မားမှုကြောင့် ဖြစ်သည်"** ဆိုခြင်းကို မည်သည့် ဗိသုကာပညာရှင်များမှ ငြင်းချက် မထုတ်နိုင်ဘဲ ရှိသည်။

"ပုရှာမဖြစ်သောကြာ ပဥ္စင်္ဂတူရိ မည်သော စည်သျှင်ဖွင် နှိုဝ်လထသော စည်စိမ်လိုရကာ စည်ကြီပန်တျာပ္လုသော စည်သည်ကာ ငါသုခါ, ငါမတ, ငါမရန်, ငါဖုန်ဆုမ်,





ပသာသည်ကာ ငါသူရိမ်, ခွက်ခွင်သည်ကာ ငါဖ္လု့ကုလာ, ပန်တျာကာ ပုလောလိ စည်သည်ကာ ငါရမံ, အာဒိ မြန်မာ ပန်တျာကာ အိုအ်သာ, အိုအ်ကောင်"[၁]

ဤကား ပုဂံသားများ၏ စိတ်ပိုင်းဆိုင်ရာ မြင့်မားမှုကို တစိတ်တစ်ဒေသ ဖော်ကျူးထားခြင်း ဖြစ်သည်၊ ပုဂံသားများက ရှင်ပြုမင်္ဂလာတွင် ကချေသည်များ ကခုန်၍ ဆိုင်းဗုံများဖြင့် တိုင်းတုန်းအောင် ခြိမ့်ခြိမ့်မွမ်း တီးမှုတ် ကခုန်ရခြင်းသည် "တူရိယာ ငါးပါးဖြင့် တီးခတ်နှိုးဆော်၍ ထနိုးရသော ယောကျာ်း၏ စည်းစိမ်မျိုးကို ရရှိရေး"ဟု ကြွေးကြော်ထားသည်၊ ပုဂံ၏ ကြွေးကြော်သံကား မြန်မာနိုင်ငံ တစ်ဝန်းလုံးတွင် ယနေ့တိုင် ပဲ့တင်ညံလျက် ရှိသည်။

❖ ❖ ❖



ရှင်ပြုမင်္ဂလာသည် မြန်မာ့လူမှုကို ဖော်ကျူး

## ၅။ ရှင်ပြုမင်္ဂလာသည် မြန်မာ့လူမှုကို ဖော်ကျူး

မြန်မာ့လူမှုလောကတွင် အရေးကြီးနှစ်ရပ်ရှိသည်၊ ယင်းတို့ကား သာရေးနှင့် နာရေးဖြစ်သည်။ သာရေးဟူသည် အလှူအတန်း စသည်ပြုလုပ်ခြင်းကို ခေါ်ဆို၍ နာရေးဟူသည် လူသေဆုံးခြင်း စသည်ကို ခေါ်ဆိုခြင်းဖြစ်သည်။ ထို့ကြောင့် မြန်မာတို့က သာရေးကို "သုမင်္ဂလ"ဟု ခေါ်ကြပြန်၍ နာရေးကို "ဒုမင်္ဂလာ"ဟု ခေါ်ကြပြန်သည်၊ ယင်း အရေးကြီးနှစ်ရပ်လုံးပင် မြန်မာ့လူမှုသရုပ်သကောင်ကို ထွန်းပြောင်စေနိုင်သည်ချည်း ဖြစ်သည်။

ဗုဒ္ဓဘာသာဝင် အိမ်ထောင်စု တစ်ခုသည် မိမိတွင် သားရတနာတစ်ယောက် ဖွားမြောက် ကြီးပြင်း လာသည့် အချိန်မှစ၍ မိမိသား ရှင်ပြုနိုင်ရေး အတွက် နှစ်ရှည်လများ အချိန်ယူ၍ စိုင်းပြင်း စီမံကြရသည်၊ စိုင်ပြင်း စီမံကြရသည်နှင့် အတူ

သားရတနာကိုလည်း ပိုးမွေးသလို မွေးမြူကြရသည်၊ သားရှင်မိဘများ သန္တာန်တွင် မိမိသား ရှင်ပြုနိုင်ရေးသည် **"အဓိက"** ဖြစ်နေလျက် ရှိသည်။

ဂေါတမဗုဒ္ဓကိုယ်တော်တိုင်က ရခဲလှသာ တရားငါးပါးတွင် ရှင်ဖြစ်နိုင်ရေး, ရှင်ပြုနိုင်ရေးကိုလည်း ရခဲလှသော တရားတစ်ပါးအဖြစ် လမ်းညွှန်ခဲ့ရာ သားရှင်မိဘများအနေဖြင့် မိမိသား ရှင်ဖြစ်နိုင်ရေး, ရှင်ပြုနိုင်ရေး၏ **"အဓိက"**ကျနေမှုမှာ သဘာဝကျလျက် ရှိသည်၊ ထို့ကြောင့် ဗုဒ္ဓဘာသာဝင် အိမ်ထောင်စုတိုင်းက သားရတနာ ထွန်းကားလာခြင်းကို ဂုဏ်ယူကြသည်၊ တန်ဖိုးမဖြတ်နိုင်သော **"ကုသိုလ်မျိုးကို ရသည်"**ဟု အလေးအနက် ခံယူကြသည်။

ဗုဒ္ဓဘာသာဝင် အိမ်ထောင်စုတိုင်းက မိမိတို့ ရင်နှစ်သည်းချာ သားရတနာ, သမီးရတနာများ ရှင်ပြုရခြင်း, နားထွင်းရခြင်းကို **"အထက်တန်း ကျသော မြန်မာ့လူမှု"**ဟု အလေးအနက် ခံယူထားသည်၊ သို့ဖြစ်ပေရာ မိမိသားရတနာ၊ သမီးရတနာကို ရှင်,မပြု၊ နား,မထွင်းရသေးမီ မည်သည့် ဗုဒ္ဓဘာသာဝင် ဖနီးမောင်နှံတို့မျှ အိမ်ထောင်ရေး လူမှုဆိုင်ရာများ ပြတ်စဲခြင်းစသည်တို့ကို အလို မရှိကြချေ၊ ယုတ်စွအဆုံး သေဆုံးခြင်းကိုသော်မှလည်း အလို မရှိကြချေ။

"နွေကျွန်းသန်ဝါ၊ ခုချိန်ခါကို၊ ကျောင်းသာရာမ်ခင်း၊ စေတီတွင်း၌၊ သီတင်းအလှူ၊ ရွှေပြည်သူတို့၊ ဆုယူစည်းဝေး၊



ဖြူဖြူ ဖွေးလိမ့်၊ စက်မေးခိုက်တွင်၊ အိပ်မက်မြင်သို့၊ မရွှင်ရုတ၊ လွမ်းလိုက်လှရှင့်၊ ညွှန်ပြကျိုးဆက်၊ ဆယ်ကျော်သက်က၊ ကြင်ဖက်အတူ၊ တောင်းဆုယူသည်၊ အိမ်သူချောသွယ်၊ သုံးယောက်မယ်နှင့်၊ ပင်လယ်ခြားရာ၊ ခရီးကွာသို့၊ မှာလည်း မကြား၊ သွားလည်း မသင့်၊ ဖြစ်သဖြင့်လျှင်၊ ပူခွင့်ရှည်ရေး၊ ရှိချေသေး၏"[၁]

နက်ရှိုင်း ထူထပ်လှသော မဲဇာငရဲတောမှ သစ်ပင် တောတောင်များကို ထွင်းဖောက်၍ တိုးလျှိုးထွက်ပေါ်လာသော လက်ဝဲသုန္ဒရဘွဲ့ခံ အမတ်ကြီးဦးမြတ်စံ၏ ရင်ထုမနာ ရင်နှင့်သီကျူးသံ ဖြစ်သည်။ ၁၁၂၆-ခုနှစ် ဆင်ဖြူရှင်မင်းတရားလက်ထက် ကျွန်ယုံတော်မောင်အောင်တင်၏ အရေးအခင်းကြောင့် လက်ဝဲသုန္ဒရငရဲတောသို့ ရောက်ခဲ့ရသည်။

နွေအကုန် မိုးအကူး မိုးသားကျူးသည့် လဝါဆိုတွင် လက်ဝဲသုန္ဒရခမျာ ဇရပ်, တန်ဆောင်း, ဂူ, ကျောင်း, ဘုရားများတွင် ကြက်ပျံမကျ သီတင်းအလှူ ကုသိုလ်ယူကြသည့် ရွှေပြည်သူများကို မဲဇာတောမှ အိပ်မက်ပမာ မြင်ယောင်,ထင်ယောင်နေ၍ မရွှင်ရုတ လွမ်းမော နေခဲ့သည်၊ လဝါဆိုတွင် ရှင်ပြုပွဲကြီးများ ရှိနေ၍လည်း လက်ဝဲသုန္ဒရ ဤမျှ မရွှင်ရုတ လွမ်းမောခဲ့ရခြင်း ဖြစ်သည်။

ရွှေပြည်သူတို့မှ ပစ္စည်းဆက်၍ လက်ဝဲသုန္ဒရ နိမိတ်ပုံတွင်

---

၁။ လက်ဝဲသုန္ဒရဆို၊ "ဝေရှန်းစန္ဒာ"ချိုရတု၊
မြန်မာစာညွှန့်ပေါင်းကျမ်း၊ ဒု - ၂၂၉။

စိတ်အာရုံ လှုပ်ရှားဖွယ်ရာ, ဆယ်ကျော်သက်က, ကြင်ဖက်အတူ အိမ်ထောင် ထူခဲ့သော ဇနီးချောနှင့် ဥမမယ် စာမမြောက်သည့် သားငယ်နှင့် သမီးငယ်များ ပေါ်လာသည်၊ လက်ဝဲသုန္ဒရခမျာ အိမ်သူချောသွယ် သုံးယောက်မယ်ကို **“ရှင်ပြုချိန် တန်ပြီ၊ ရှင်ပြုကြ၊ နားထွင်းချိန် တန်ပြီ၊ နားထွင်းကြ”**ဟု အားပါးတရ ပြောလိုစိတ်, မှာလိုစိတ်, သွားလိုစိတ်များ တဖွားဖွား ပေါ်လာသည်။

သို့ရာတွင် ပင်လယ်ခြားရာ ခရီးကွာသလို မဲဇာနှင့် ရွှေပြည်တော်၊ ရွှေပြည်တော်နှင့် မဲဇာကား မြေချင်းထပ်၍ ရေချင်းစပ်သော်လည်း ရာဇဝတ်သား တစ်ယောက်အနေနှင့် မှာလို့လည်း မကြား၊ သွားလို့လည်း မသင့် ဖြစ်ကာ **“အပူမီး ရှည်ဦးမှာပါကလား”**ဟု ညည်းတွား၍ လက်ဝဲသုန္ဒရ ကြိတ်မှိတ် တင်းခံခဲ့ရသည်။

မိမိရင်နှစ်သည်းချာ သားရတနာ, သမီးရတနာကို ရှင်မပြု နားမထွင်းရဘဲနှင့် ငရဲတောတွင် လူဖြစ်ရှုံးရတော့မည်ကို လက်ဝဲသုန္ဒရ တွေး၍ တွေး၍ ဆွေးခဲ့သည်၊ သားသမီးအပေါ် မိဘ၏ ဝတ္တရား မကျေပွန်မှုနှင့် ကြီးစွာသော မဟာ လူမှုအခွင့်အရေးကြီး တစ်ရပ် ဆုံးရှုံးရတော့မည်ကို ဆွေး၍ဆွေး၍ နေခဲ့ရသည်။

ရှင်ပြုမင်္ဂလာပွဲသည် ဤမျှ လူမှုရေး အတိမ်အနက်ကို ဖော်ကျူးထားရကား သားရတနာ မထွန်းကား၍ ရှင်ပြုပွဲ မကျင်းပရသော ဗုဒ္ဓဘာသာ အိမ်ထောင်စုများသည်ပင် သူ



တစ်ပါး၏ သားများကိုယူ၍ ရှင်ပြုပွဲ ကျင်းပတတ်ကြသေးရာ သားရတနာ လက်ငုတ် ရှိနေသော လက်ဝဲသုန္ဒရ အနေဖြင့် လောကလူမှု အပြင်ဘက်သို့ မည်သို့ ရောက်ချင်မည်နည်း။

❖ ❖ ❖

**ယနေ့ဗုဒ္ဓ အဘိဓမ္မာ**

*****

“ဓမ္မ သေနာပတိ ဉာဏ်ကြီးရှင် အသျှင်သာရိပုတ္တရာအား ဟောကြားတော်မူသော အဘိဓမ္မာ တရားဒေသနာတော်မြတ်သည် တာဝတိံသာ နတ်ပြည်၌ ဟောကြားပြီးသော အဘိဓမ္မာ တရားဒေသနာတော်ကို အကျဉ်းချုံး၍ ဟောကြားတော်မူခြင်း ဖြစ်ပါတယ်။

**“အဘိဓမ္မာ အခါတော်နေ့ မိတ်ဆက်စကား”**

Y.M.B.A အသျှင်ဝိသုတာဘိဝံသ

သူ့ဘဝ, သူ့စာ၊ စာ-၆၈။



ရှင်ပြုမင်္ဂလာပွဲဖြင့် လူထုစည်းရုံး

## ၆။ ရှင်ပြုမင်္ဂလာပွဲဖြင့် လူထုစည်းရုံး

မြန်မာပြည်သူတို့ ရှင်ပြုမင်္ဂလာပွဲသည် လူထုစည်းရုံးမှုကို ပေါ်လွင်စေသည်၊ ရှင်ပြုပွဲကျင်းပတော့မည့် အိမ်ထောင်စုသည် ရှင်ပြုပွဲတွင် ကျွေးမွေးဧည့်ခံနိုင်ရန် ဆယ့်ငါးရက်, တစ်လ ကြိုတင်၍ စားဖွယ် သောက်ဖွယ်များ စီမံပြုလုပ်ကြသည်။

ရှင်ပြုမင်္ဂလာ ပွဲမဝင်မီ အကြိုညတစ်ညတွင် ရွာဆော်လုပ်သူက ကျေးရွာရှိ လူသူအားလုံးကို **"ရှင်ပြုမင်္ဂလာ နေအိမ်မဏ္ဍပ်သို့ ဆေးသောက် ကွမ်းစားကြွကြပါဗျိုး"**ဟု အော်၍ ရွာတွင်းသို့ လှည့်လည် ဖိတ်မံရသည်၊ လှည့်လည်ဖိတ်ကြားသူကို "ရွာဆော်"ဟုခေါ်သည်။ "ကြွကြပါဗျိုး"ဟု ဖိတ်မန်သည်ကို ပခုက္ကူဖက်က "ဗျိုးဟစ်သည်"ဟု ခေါ်၍ ပုဂံညောင်ဦးဖက်က "ဗျိုးထိုးသည်"ဟု ခေါ်ကြသည်။ ယင်းသို့ ဗျိုးဟစ်, ဗျိုးထိုးလျှင် ကျေးရွာ လူသူများက **"တစ်ရွာလုံး ဖိတ်မန္တက ပြုသည်"**ဟု နားလည်ပြီး ဖြစ်တော့သည်၊ ယင်းကား တိကျသောမြန်မာ့ လူမှုဓလေ့ တစ်ခုပင် ဖြစ်သည်။

ရှင်ပြုမင်္ဂလာပွဲကြီးနေ့အတွက်မူကား တတ်နိုင်လျှင် တတ်နိုင်သလို ဖိတ်မန္တက ပြုကြသည်၊ မတတ်နိုင်သည့် အလှူရှင်များက မဖိတ်ရင် မဖြစ်သည့် သူများကိုသာ ဖိတ်တတ်ကြသည်

ယင်းသို့ ဖိတ်သည်ကို **"ရွှေးကောက် ဖိတ်သည်"**ဟု ခေါ်ကြသည်၊ ထို့ကြောင့် **"ဗျိုးဟစ်"**ဟူသောစကား, **"ဗျိုးထိုး"**ဟူသောစကား, **"ရွှေးကောက်"**ဟူသော စကားများသည် ရှင်ပြုမင်္ဂလာမှ ပေါက်ဖွားလာသော စကားများသာ ဖြစ်သည်။

ရှင်ပြုမင်္ဂလာ အကြိုညတွင် ဆေးသောက် ကွမ်းစား ဖိတ်ကြားခြင်းသည် စင်စစ် ဆေးသောက်ကွမ်းစားသက်သက်သာမဟုတ်ဘဲ ရှင်ပြုမင်္ဂလာပွဲနှင့် ပတ်သက်၍ လိုအပ်သော စီမံလုပ်ဆောင်ချက်များကို လူထုနည်းဖြင့် အထူးစီမံချက်များချကာ ရေးဆွဲနိုင်ရန်သာ ဖြစ်သည်၊ စီမံချက်များကား ကြိုဆိုရေး, ဧည့်ခံရေး, ဖြေဖျော်ရေးနှင့် ချက်ပြုတ်ရေး စသည်များ ဖြစ်ကြသည်၊ ချက်ပြုတ်ရေးဆိုင်ရာတွင် အလှူရှင်များက စပါးများကို အလှူမတိုင်မီ တစ်လ ကိုးသီတင်း ကြိုတင်၍ တစ်အိမ့်လျှင် တစ်တင်းကျ, နှစ်တင်းကျ အပ်နှံ အထောင်းခိုင်းတတ်ကြသည်၊ ကျေးရွာလူသူများကလည်း မိမိတို့အတွက် တာဝန်သက်သက် ဟု မယူဆ၊ အပ်နှံလာသော စပါးများကို တပျော်တပါး ထောင်းပေးတတ်ကြသည်။

"လက်ဆုံတွေချပါလို့
ဟန်ကျအောင် စီ။ ။
ရွှေနောင်သူပျိုအပေါင်းရယ်
မောင်းကျောက်ကို ချီ။ ။
ချီးကျူးငယ်သီ။
ညီအောင်ပ အချက်ပေး။ ။



ပျော်ရွှင်ရွှင် ယဉ်ယဉ်တွဲပါလို့
နွဲ့ကြစို့လေး။ ။
ဟိုးရှေးက ဆူညံ ဆူညံ
ဘာသံလို့မေး။ ။
မေးပါနဲ့အေ၊ ရွှေနောင်သူ အလှူပေးတယ်
မောင်းသံတဲ့လေး[၁]

ကျေးလက်ပြည်သူတို့၏ မောင်းထောင်းတေးဖြစ်သည်။ ရှင်ပြုမင်္ဂလာများ နေ့သတ်မှတ်ပြီးဖြစ်လျှင် ကျေးရွာတွင် မောင်းထောင်းသံများ ညံသွားတတ်သည်၊ မောင်းထောင်းသည့်ကျေးရွာ၏ သမီးပျိုများက မောင်းထောင်း၍ ဆန်ပြာသည့် ကျေးရွာ၏ သမီးပျိုများက ဆန်ပြာကာ ပျော်မြူးနေတတ်ကြသည်။ ရှင်ပြုမင်္ဂလာပွဲ ဖြစ်မည်ဆိုလျှင် ကျေးရွာတွင် ဤသို့လျှင် ပျော်ရမြဲ ဖြစ်သည်၊ မြန်မာပြည်သူတို့၏ ရှင်ပြုမင်္ဂလာသည် ကျေးရွာတွင် လူကြီးပိုင်းမှ လူငယ်ပိုင်း အထိ စည်းရုံးနိုင်စွမ်းရှိသည်၊ ကျေးရွာတာဝန်ကို မိမိတာဝန် တစ်ရပ်အနေဖြင့် လက်ကမ်း ကြိုဆို လာရန် လူငယ်ထုအတွင်း စည်းရုံးနိုင်ခြင်းသည် ရှင်ပြုမင်္ဂလာ၏ ထက်မြက်မှုပင် ဖြစ်သည်၊ ကာလသားများကလည်း ယင်းအခွင့်အရေးကို လက်လွှတ် မခံကြ၊ အမျိုးသမီးများ မောင်းထောင်းခွင်သို့ဝင်၍ မောင်းထောင်းတတ်ကြသည်၊ ဆန်ပြာတတ်ကြသည်၊ သို့ရာတွင် အမျိုးသားများမှာ အမျိုးသမီးများ၏ လှောင်ပြောင် ကျီစယ်မှုကိုသာ ခံရချေသည်။

---

၁။ ကျေးလက်တေး

"စပါးထောင်းကူ၊ လူမလိုဘူးလား"
"မောင်မထောင်းနဲ့၊ ခါးညောင်းတတ်တယ်
မယ်ထောင်းမယ်။
စပါးပြာလဲ မောင်မပြာနဲ့
ခါးနာတတ်တယ်၊ မယ်ပြာမယ်၊
လက်ဝါးနု သွေးဥတတ်တယ်၊
ထမင်းစားလဲ၊ မောင်မစားနဲ့
ပါးစပ်ယားတယ်၊ မယ်စားမယ်"[၁]

ဧည့်ခံရေးကဏ္ဍတွင် အမျိုးသားပညာရှင်ကြီးများက ရပ်ဝေးမှ ဧည့်သည်များကို စကားပြောဆိုခြင်းဖြင့် ဧည့်ခံရသည်၊ လူငယ်ပိုင်း အမျိုးသားအသင်းက ထမင်းကျွေးရုံများတွင် တာဝန်ယူကြရသည်၊ ကုမ္မရီအမျိုးသမီးအသင်းကမူ ဆေးကွမ်း လက်ဖက်များဖြင့် တည်ခင်းဧည့်ခံရာတွင် တာဝန်ယူကြရသည်၊ မြန်မာ ပြည်သူတို့ ရှင်ပြုမင်္ဂလာကား စင်စစ် မိသားစု ဝိုင်းလုပ်၊ ဝိုင်းစား စနစ်ပင် ဖြစ်သည်၊ သို့ရာတွင် ရပ်ဝေးမှ ရောက်ရှိလာသော လှည်း, လှေ, ခြေကျင် ခရီးသည်များကိုလည်း အထူး ဖိတ်မန်၍ ကျွေးမွေး ဧည့်ခံတတ်ကြသေးသည်။

ရှင်ပြုမင်္ဂလာတွင် လိုအပ်သောအဆောက်အအုံကား ရှင်ပြုမင်္ဂလာမဏ္ဍပ် တစ်ခု, အမျိုးသား ထမင်းကျွေးရုံ တစ်ခု, အမျိုးသမီး ထမင်းကျွေးရုံ တစ်ခုတို့ ဖြစ်ကြသည်၊ ရှင်ပြုမင်္ဂလာ မဏ္ဍပ်ကိုမူ ပရိသတ် အင်အားကို ခန့်မှန်း၍ တည်ဆောက်

၁။ ဗောင်ရိုးခနဲ့ ကျေးလက်တေး။



တတ်ကြသည်၊ ရှင်ပြုမင်္ဂလာမဏ္ဍပ်တွင် ပါဝင်သော စင်များကား ဘုရား သီတင်းသုံးရာ ဘုရားစင်, သံဃာတော်များ သီတင်းသုံး ရန် သံဃာစင်နှင့် ရှင်လောင်းနေရန် စင်များ ပါဝင်ကြလေသည်။ ယင်းစင်များသည် ဘုရားသီတင်းသုံးရာ စင်အောက် အစဉ် အတိုင်း နိမ့်ကျ ဆောက်လုပ်ရသော စင်များ ဖြစ်လေသည်။

ရှင်ပြုမင်္ဂလာမဏ္ဍပ်ကိုမူ တတ်နိုင်သလို မွမ်းမံခြယ်သတတ် ကြလေသည်၊ မဏ္ဍပ်အတွင်းတွင် မျက်စိအရသာခံစရာ, ဗဟု သုတယူစရာ, မှတ်သားစရာ အဖြစ် ဘုရားလောင်းတောထွက်ခန်း ရုပ်စုံကားများ, ဇာတ်နိပါတ်လာရုပ်စုံကားများ, ရာဇဝင်လာ ရုပ်စုံကား, ပန်းပုရုပ်တုများ, ရှုခင်းသာ ပန်းချီကားများနှင့် ဓာတ်ပုံတို့ကို ချိတ်ဆွဲထားတတ်ကြသည်၊ ယင်း အလေ့အထသည် ဇင်းမယ်၏ အလေ့သာ ဖြစ်သည်၊ ဇင်းမယ်ယဉ်ကျေးမှုများ မြန်မာနိုင်ငံသို့ အစဉ်တစိုက် စီးဝင်ခဲ့သည်ဆိုခြင်းကို ယင်း အလေ့အထက ထပ်မံ သက်သေထူခြင်းပင် ဖြစ်ပေသည်။

ဇင်းမယ်ပဏ္ဏာသတွင် သတ္တဓနုမင်းသားသည် မြောက် သားတော် စိရပ္ပဘာနှင့်အတူ ဗာရာဏသီပြည် ကောသနီမယ် တော်ရှိရာသို့ မဏိကက် နတ်မြင်းပျံစီး၍ ကောင်းကင်ခရီးဖြင့် ပြန်လာခဲ့သည်၊ မဏိကက်နတ်မြင်းပျံ၏ လျင်မြန်မှု လေအဟုန် ကြောင့် စိရပ္ပဘာမင်းသမီး နွမ်းလျကာ ကန္တရာတောလမ်းတစ်ခု တွင် အရေးပေါ်ဆင်းသက် ရပ်နားလိုက်သည်။

ဤတွင် ကန္တရဘီလူးမင်းနှင့် မဏိကက်နတ်မြင်းပျံတို့ စစ်ဖြစ်ကြသည်၊ မဏိကတ်နတ်မြင်း စစ်ရှုံး၍ ကန္တရဘီလူးမင်း

၏ သုံ့ပန်းဘဝ ကျရောက်သွားခဲ့ရာ သတ္တုဓနုတို့ ဇနီးမောင်နှံမှာ ကြီးစွာသောအခက်အခဲနှင့် ရင်ဆိုင်ကြလေတော့သည်၊ သတ္တုဓနုတို့ ဇနီးမောင်နှံသည် သမုဒ္ဒရာ ခရီးကြမ်း တစ်ခုကို လှေကြုံဖြင့် ဖြတ်သန်းကြပြန်ရာ လေမုန်တိုင်း တစ်ခုနှင့် တွေ့၍ လှေပျက်ကာ သမုဒ္ဒရာရေကြော တစ်ကွဲစီ မျောပါ သွားလေတော့သည်၊ စိရပ္ပဘာမင်းသမီးက ကုန္ဒပတ္တနကိုရ်မြို့တွင် သောင်တင်ကျန်ရစ်၍ သတ္တုဓနုမင်းသားက အစီရဝတီဆိပ်တွင် သောင်တင်ခဲ့လေသည်။

စိရပ္ပဘာမင်းသမီးသည် ကွေကွင်း ကွဲကွာနေသော သတ္တုဓနုမင်းသားနှင့် ပြန်လည်ဆုံဆည်းနိုင်ရန် မိမိတွင် ကျန်ရှိရစ်သော လက်ဝတ်ရတနာများကို ထုခွဲရောင်းချ၍ မဏ္ဍပ်ကြီးတစ်ခု ဆောက်လုပ်လိုက်လေသည်၊ မဏ္ဍပ်အတွင်းတွင် ဇနီးမောင်နှံ နတ်မြင်းပျံဖြင့် ဗာရာဏသီပြည် ကေသနီ မယ်တော်ထံ ပြန်လာသည်ကမှ အစပြုကာ သမုဒ္ဒရာအတွင်း လှေပျက်၍ တကွဲစီ မျောပါသွားသည်အထိ ဖြစ်ကြောင်း ကုန်စင်ကို ပန်းချီဖြင့် သရုပ်ဖော် ချိတ်ဆွဲထားလိုက်လေသည်၊ မဏ္ဍပ်ထိတ်တွင်မူ **"ဥမ္မာဒိယ မဏ္ဍပ်"**ဟူသော ကမ္ပည်းစာတန်းဖြင့် ဆိုင်းဘုတ်ကြီး ရေးထားလိုက်သည်၊ ဥမ္မာဒိယမဏ္ဍပ်ကို မည်သူမဆို ဝင်ရောက်ကြည့်ရှု နိုင်ကြောင်းကိုလည်း ကြေညာမောင်း လှည့်ထားလိုက်သည်။ **"ဥမ္မာဒိယမဏ္ဍပ်"**ဟူသည် မြင်ရသူ လူအပေါင်းကို ရူးသွပ်စေတတ်သော **"မဏ္ဍပ်"**ဟု ဆိုလိုပေသည်။

တစ်နေ့တွင် သတ္တုဓနုမင်းသား ဥမ္မာဒိယမဏ္ဍပ်သို့ ဆိုက်



ရောက်လာကာ မဏ္ဍပ်အတွင်း ချိတ်ဆွဲထားသော ပန်းချီကားများကို ကြည့်ရှုရင်း ချုံးပွဲချ ငိုကြွေးလေတော့သည်၊ စိရပ္ပဘာမင်းသမီး၏ မျှော်လင့်ချက်ကား ပြီးမြောက်သွားပေပြီ၊ စိရပ္ပဘာမင်းသမီးမျှော်လင့်သလို ရူးသွပ်သွားခြင်းပင် ဖြစ်သည်၊ သတ္တုဓနုမင်းသားသာမက စိရပ္ပဘာမင်းသမီးလည်း ပြန်လည်ဆုံဆည်းခြင်းဖြင့် ငိုကြွေးခဲ့ရလေသည်၊ စိရပ္ပဘာသည် အမြော်အမြင်ကောင်းမှုကြောင့် သတ္တုဓနုမင်းသားနှင့် ပြန်လည်ဆုံဆည်းခဲ့ရပေသည်၊ ထို့ကြောင့် ရှင်ပြုမင်္ဂလာမဏ္ဍပ်အတွင်း ပန်းချီကားများ ချိတ်ဆွဲခြင်းအလေ့အထသည် ဇင်းမယ်၏ ယဉ်ကျေးမှုအလေ့အထ တစ်ခုသာ ဖြစ်ပေသည်။[၁]

ရှင်ပြုမင်္ဂလာတွင် စည်ပြောအဖွဲ့၊ ဘိသိက်ဆရာ၊ အငြိမ့်သဘင်နှင့် ဇာတ်သဘင်များအထိ တတ်နိုင်သလို ထည့်သွင်းဖြေဖျော် တတ်ကြလေသည်၊ ရှင်ပြုမင်္ဂလာဧည့်ခံရေးကဏ္ဍတွင် ပညာသမ္မာရင့်သူ အမျိုးသားပညာရှင်ကြီးများက တာဝန်ယူကြရသည်၊ ရှေးအခါကမူ အတောင်သုံးဆယ်ဝတ် မြန်မာ့အမျိုးသားပညာရှင်များကို ရှင်ပြုမင်္ဂလာ သံဃာစင်မြင့်တွင် ခန့်ခန့်ညားညား တွေ့ရှိရတတ်သည်။

ပညာ သမ္မာရင့်သူအမျိုးသားပညာရှင်ကြီးများသည် သံဃာစင်မြင့်က နေ၍ ရပ်ဝေးဧည့်သည်တော် အမျိုးသားပညာရှင်ကြီးများကို ဧည့်ခံစကား ပြောကြရသည်၊ ယင်းသို့ပြောသောစကားများသည် အများအားဖြင့် ဇာတ်နိပါတ် ရာဇဝင်

၁။ ဇင်းမယ် ပဏ္ဏာသ၊ ၂၈၅။

ထုံးပုံများနှင့် သင်္ဂြိုဟ် စကားများ ဖြစ်သည်၊ "**သင်္ဂြိုဟ်စကား**" ဟူသည် သင်္ဂြိုဟ်ကျမ်းတွင် ပြဆိုထားသော ရုပ် နာမ် ပညတ် ပရမတ်များ ဖြစ်သည်၊ ရှင်ပြုမင်္ဂလာပွဲသည် သာမန်အားဖြင့် သမ္မာရင့်သူပညာရှင်ကြီးများ အချင်းချင်း ပညာစမ်းသည့် ပညာပြိုင်ပွဲတစ်ခု အသွင်ဆောင်သည်၊ ပညာရှင်ကြီးများသည် အာဝဇ္ဇန်းရွှင်ရွှင်နှင့် ပြောတတ်, ဆိုတတ်ကြသည်၊ ယင်းတို့ထံမှ နဘေသံ, ကာရန်သံများလည်း ကြားရတတ်သည်၊ ဝိဂြိုဟ်သံဝါကျသံများလည်း ကြားရတတ်သည်၊ နားထောင်ရသည်မှာလည်း နားမငြီးအောင် ရှိလှသည်၊ အရက်သေစာ သောက်စားသူနှင့် သာမန်ပညာရှိသူများအနေဖြင့် သံဃာစင်ပေါ်တက်ဖို့ နေနေသာသာ သံဃာစင်အပါးသို့ပင် မချဉ်းဝံ့ကြချေ၊

ရွာခံပညာရှင်က ဧည့်သည်ပညာရှင်ကို ပညာစမ်းတတ်သလို ဧည့်သည်ပညာရှင်ကလည်း ရွာခံပညာရှင်ကို ပညာစမ်းတတ်လေသည်၊ စကားစမြည်ပြောစဉ် ကွမ်း, ဆေး, လက်ဖက်တို့ဖြင့် တည်ခင်း ဧည့်ခံရသည်၊ ရှေးခေတ် ရှင်ပြုမင်္ဂလာ သံဃာစင်မြင့်တွင် ရှေးမြန်မာပညာရှင်ကြီးများ ကွမ်းစားလိုက်, လက်ဖက်စားလိုက်, ဆေးသောက်လိုက်, ဇာတ်နိပါတ်ရာဇဝင်လာ ထုံးပုံနှင့် ရုပ်နာမ်ပညတ် ပရမတ်စကားပြောလိုက်ဖြင့် မြိုင်မြိုင်ဆိုင်ဆိုင် စိုစိုပြေပြေရှိလှသည်၊ ရှေးခေတ် ရှင်ပြုမင်္ဂလာသွားကြရသည်မှာ ဗဟုသုတရ၍ ပျော်စရာကောင်းလှသည်။

မြန်မာ့စကားပုံတွင် "**လက်ဖက်စားချင် သင်္ဂြိုဟ်သင်**" "**ထန်းလျက်စားချင် လင်းဖိုဝင်**"ဟူသော စကားပုံများသည် ရှင်ပြုမင်္ဂလာမှ ပေါက်ဖွားလာခဲ့သည်၊ ထန်းလျက် ချက်သည့်တဲကို ပခုက္ကူဖက်က "**လင်းဖိုး**"ဟု ခေါ်ကြသည်၊ "**မီးလင်းဖို**"ဟု ဆိုလိုဟန်ရှိသည်။ "**ထန်းလျက်စားချင် လင်းဖိုဝင်**"ဟူသော စကားပုံ၏ အဓိပ္ပာယ်ကို ဖွင့်ဖော်ရန် မလိုသော်လည်း "**လက်ဖက်စားချင် သင်္ဂြိုဟ်သင်**"ဟူသော စကားပုံ၏ အဓိပ္ပာယ် ဖွင့်ဖော်ရအံ့ထင်သည်၊ ယင်းစကားပုံ၏ ဖော်ညွှန်းချက်ကား "**သင်္ဂြိုဟ် သင်လျှင် ရုပ် နာမ် ပညတ် ပရမတ်ကွဲ၍ ရုပ်စကား, နာမ်စကား, ပညတ်စကား, ပရမတ်စကား မြိုင်မြိုင်ဆိုင်ဆိုင် ပြောနိုင်ကာ သံဃာစင်ပေါ် တက်၍ လက်ဖက်စားရသည်**"ဟု ဖော်ညွှန်းလိုရင်း ဖြစ်သည်။

တစ်ခါတစ်ရံတွင် တစ်ဖက်နှင့်တစ်ဖက် တစ်ယောက်နှင့်တစ်ယောက် အကြောက်အကန် ငြင်းကြခုန်ကြသည်ကိုလည်း တွေ့ ရှိရတတ်သည်၊ ထိုအခါမျိုးတွင် တရားစကား ဆွေးနွေးသူချင်း ဝေဖန် ပြစ်တင် ရှုံ့ချရုံတင်မက "တပည့်မကောင်း၊ ဆရာ့ခေါင်း"ဟူသော လောကဥဒါန်းဖြင့် ပညာသင်ပေးသူ ဆရာသမားများကိုပါ ထိပါး တိုက်ခိုက် လာတတ်ကြသည်၊ "ဘုရားဒကာ၊ ကျောင်းဒကာ၊ မီးလိုက်ရတဲ့၊ ပညာနိသျှည်း" စသော ရောမ စကားလုံးကြီးများဖြင့် တစ်လုံးပြီး တစ်လုံး ပစ်ပေါက်တတ်ကြလေသည်။ ပညာပေးသူ ဆရာသမားများကို ပညာရှင်ကြီးများ ထင်ယောင်ထင်မှား ဖြစ်အောင် "**အလဇ္ဇီတွေ ဒုဿီလတွေ**"ဟု ကဲ့ရဲ့ ရှုံ့ချတတ်ကြလေသည်။

အကြောက်အကန် ငြင်းကြ ခုန်ကြ၍ အနိုင်အရှုံး မပေါ်

သော အခါမျိုးတွင် **"ကြွက်မနိုင် ကျီမီးရှို့"**ဟူသော လောက ဉဒါန်းနှင့်အညီ အလှူ့ရှင်များကိုပါ ပြစ်တင် မောင်းမဲ လာတတ်ကြသည်၊ လက်ဖက်က **"အရွက်ကြမ်းသည်၊ မဲသည်၊ ညစ်သည်၊ ဆီရွှဲရွှဲ မထည့်ဘူး"**စသော စကားဖြင့် အလှူ့ရှင်များကို ပြစ်တင် မောင်းမဲကြလေသည်၊ ယင်းသို့သော စကားဝိုင်းမှ လူ့အလှိုင်းကြီးများကိုလည်း စလေဆရာကြီးက သံဃာ စင်မြင့်တွင် အသေအချာ ပိုင်းပစ်ခဲ့လေသည်။

"အဘိဓမ္မတ္ထ သင်္ဂဟော၊ သင်္ဂြိုဟ်ကို ဝိုက်သိုင်းလို့၊ ကိုးပိုင်းလုံး ဒမ္ဗလိုက်မည်၊ စစ်လျှင်မူလ၊ ပညာရှိ ငါဟဲ့နော်လို့၊ အာဘော်ကို ပြပြီးလျှင်၊ မာနဖိစီး၊ မန်းမနော၊ တစ်ယောက်နှင့် တစ်ယောက်၊ အာပေါက်အောင်ပြောကြ၊ သောမနဿ သဟဂုတ်၊ လက်ဖက်က သုံးလေးလုပ်၊ ဒိဋ္ဌိဂတသမ္ပယုတ်၊ ကြက်သွန်ကြော်များများနှင့် ဗိုက်ကားအောင် သုတ်ပြီးလျှင်၊ သရုပ်က ကွဲလေဟန်၊ လက်လေးသစ်လောက်စာတိုကို၊ ဝိဂြိုဟ်တွေကျဉ်းပြီးတော့ အငြင်းက ကြောက်ဖွယ်သန်၊ မာန ဂုဏ် သူကိုး၍ ဖြတ်ထိုးနှင့် တည်ညံ၊ ငွီကာကျော် လက် သန်းမှ အာဝဇ္ဇန်းမောက်လျှံ၍၊ ဘလောင်ဆံ ဆူကြွက်၊ မြတ်ဇိနော် ဓမ္မစက်ကို၊ ဇာတ်စကား ရောယှက်၍၊ ဖျက်သူကလည်း အတန်တန်၊ ရှုပ်ဘူတုပ္ပါဒါယ ဘေဒ ဘိန္ဒော ကွမ်းရော ဆေးရော ချလို့ကုန်လျှင်၊ အလှူ့ရှင် ပြင်ခဲ့ပြင်ခဲ့၊ အရွက် ကြမ်း လက်ဖက်မဲကို၊ ဆီရွှဲရွှဲမထည့်၍ ကဲ့ရဲ့သူကလည်း တမျှောင့်၊ ဘုရားဒကာ ကျောင်းဒကာ



မှီးလိုက်ရတဲ့ ပညာ နိသျည်း၊ အလဇ္ဇီနှင့် ဒုဿီတဝ၊ လူအပေါင်းတို့ စိတ်ခွလေအောင်၊ ကံဒွါရ ငြင်းကြရှာသည်။ ။ ဘုရားမကြိုက် သည့်လူစုတည်း"[၁]

ရှင်ပြုမင်္ဂလာပွဲမှ ရှေးခေတ်ပညာရှင်ကြီးများသည် ဤသို့ ဤပုံ မိမိတို့ကျေးရွာဂုဏ်များကို မြှင့်တင်နိုင်ခဲ့ကြသည်၊ ကျေးရွာပညာရှင်များ၏ ရုပ်စကား၊ နာမ်စကား၊ ပညတ်စကား၊ ပရမတ်စကား အပြန်အလှန် အချေအတင် ဆွေးနွေးမှုများသည် ရှင်ပြုမင်္ဂလာမဏ္ဍပ် တစ်ခွင်တွင် ပွဲတင်ညံစေခဲ့သည်၊ ယခုသော်ကား ယင်းသို့သော ကျေးရွာပညာရှင်ကြီးများ တစ်စထက်တစ်စ တိမ်ကော၍ ခေတ်ရေစီးကြောင်းသည်လည်း အပြောင်းလဲကြီး ပြောင်းလဲလာကာ ရှင်ပြု မင်္ဂလာ နဒီကြောတွင် ဟိုတစ်စု သည်တစ်စုဖြင့် သောင်ထွန်းလျက်ရှိချေပြီ။

သို့ရာတွင် မြန်မာ့ရှင်ပြုမင်္ဂလာကား လူထုစည်းရုံးမှုကို အရှိန်အဟုန်ဖြင့် မြှင့်တင်လျက်ပင် ရှိဆဲဖြစ်သည်။

❖ ❖ ❖

၁။ စလေဦးပုည ရေး "အဘိဓမ္မတ္ထ သင်္ဂဟော"ချီရတု။



ရှင်လောင်း လှည့်ပွဲ

## ၇။ ရှင်လောင်းလှည့်ပွဲ

ရှင်လောင်းလှည့်ပွဲသည်လည်း ရှင်ပြုမင်္ဂလာ၏ စိတ်အဝင်စားဆုံး အခန်းကဏ္ဍများတွင် တစ်ခု အပါအဝင်ဖြစ်သည်၊ ရပ်ဝေးမှ ဖိတ်မန့်ခံထားသည့် ဧည့်သည်တော်များသည်ပင် ရှင်လောင်းလှည့်ပွဲကို အမိနွှဲတတ်ကြလေသည်၊ ရပ်ဝေး ဧည့်သည်တော်များက ရွာခံ၏ ဓလေ့စရိုက်များကို ရှင်လောင်းလှည့်ပွဲတွင် အကဲဖြတ်တတ်ကြလေသည်။

ထို့ကြောင့် ရွာခံအမျိုးသားများနှင့် အမျိုးသမီးများသည် အိမ်ရှိ လူကုန်ထွက်၍ ရှင်လောင်းလှည့်ပွဲ နွှဲတတ်ကြလေသည်၊ ရှင်လောင်းလှည့်ပွဲတွင် အသုံးပြုသော ယာဉ်များကား ဆင်ယာဉ်, မြင်းယာဉ်, ရထားယာဉ်, လှည်းယာဉ်နှင့် ထမ်းစင်ယာဉ်များ ဖြစ်ကြသည်၊ ယင်းယာဉ်များတွင် ရရာယာဉ်နှင့် အသုံးပြုတတ်ကြလေသည်၊ ရှင်လောင်းလှည့်ရာတွင် မပါမဖြစ်သည့် အစိတ်အပိုင်းများကား ရှင်လောင်း, ရှင်လောင်းတင်ယာဉ်, ရွှေထီး, ထီးတော်မိုး, ရှိုးလိုက် အမျိုးသားများနှင့် အမျိုးသမီးများ, ကွမ်းတောင်ကိုင်, ပန်းတောင်ကိုင် အမျိုးသမီးများ, ပရိက္ခရာ ရှစ်ပါး ကိုင်ဆောင်သော ရှင့်ဒကာ, ရှင့်အမ, တံခွန်, ကုက္ကား,

မုလေးပွားများ ကိုင်ဆောင်သော အမျိုးသားများ, လှူဖွယ်ဝတ္ထု ကိုင်ဆောင်သော အမျိုးသမီးများနှင့် ပရိတ်အိုးယူ အမျိုးသမီးများ ဖြစ်ကြသည်။

အတီးအမှုတ်ပါလျှင် စည်တော်ကြီးအဖွဲ့ကို ရှင်လောင်းရှေ့မှ နေစေ၍ ဒိုးအဖွဲ့ကိုမူ ရှင်လောင်းလှည့် အခမ်းအနား၏ နောက်တွင် နေစေရသည်၊ အချို့ဒေသကမူ ရှင်လောင်းကို နောက်တွင် ထားတတ်ကြသည်၊ ယင်းသည် သဘာဝကျသော ထားခြင်းမျိုး မဟုတ်ချေ၊ ရှင်ပြုမင်္ဂလာ လူထုအစည်းအဝေးတစ်ခုလုံးတွင် ရှင်လောင်းသည်သာ အထွတ်မြတ်ဆုံးနှင့် ပဓာနအကျဆုံးသော ပုဂ္ဂိုလ်ဖြစ်သည်၊ ရှင်လောင်းကို ရှေ့ဆုံးမှ ထားခြင်းသည် လူဝတ်ကြောင်အနေဖြင့် ချီးမြှင့်မှုမျိုးများတွင် တစ်မျိုး အပါအဝင် ဖြစ်သည်။

"ပလုပ်ဖြုန်းရယ်နဲ့
တောင်ကုန်းရွာ သာစခန်းဆီက
ဒေါ်ရွှေမေ ဦးရေချမ်းငယ်တို့
သာသနာ ဝါဝါလန်းရန်တဲ့
ဆန်းလိုက်တဲ့ မြောသံစည်။ ။
အလို... နေခြည်မှာ ရွှေရည်ဝင်းလို့
ဆယ်စင်းလဲမကာ
အဝေးကမှန်း ဟိုရွာလမ်း

၁။ မင်းသုဝဏ်၏ မြောသံကဗျာ။



ထီးတန်းကြီး လှုပါဘိ"[၁]

မင်းသုဝဏ်၏ မြောသံကဗျာမှ ပထမစာပိုဒ်ဖြစ်သည်။ ဗုဒ္ဓဘာသာ မြန်မာပြည်သူတို့၏ ရှင်ပြုမင်္ဂလာ ရှင်လောင်းလှည့် ပွဲသည် နေပူကျဲကျဲတွင် ဖြစ်တတ်လေသည်။ ကျေးလက် ဦးကြီးတို့၏ ရှင်ပြုမင်္ဂလာရာသီကလည်း များသောအားဖြင့် တပို့တွဲလ, တပေါင်းလနှင့် တန်ခူးလများ ဖြစ်တတ်လေသည်၊ ယင်းလ ယင်းရာသီများသည် လယ်ယာလုပ်ငန်းများ ရိတ်သိမ်းပြီး၍ ငွေရွှင်ချိန်နှင့် အားလပ်ချိန်များ ဖြစ်သည်၊ ကဆုန်လနှင့် နယုန်လများတွင် ထွန်ရေးငင်ရန် အရေးကြီးရုံသာမက မိုးများ ရွာတတ်သဖြင့် ရှင်ပြုမင်္ဂလာပွဲအတွက် အနှောင့်အယှက် ဖြစ်တတ်သည်။

ကျေးလက်ဦးကြီးများ၏ ရှင်ပြုမင်္ဂလာရာသီလများကလည်း တစ်လမျှ အပူရှိန်လျှော့သည်မရှိ၊ တပို့တွဲလတွင် စိမ်းဖန်သော ဆီးသီးများကိုပင် တခဏချင်း မှည့်စေ၍ ဝမ်းမှ ပေါက်ပြဲလာအောင် နေမင်းကပူပြင်းလှဘိသည်၊ ထို့ကြောင့် တပို့တွဲလသည် လတကာတွင် **"ဆီးဝမ်းပေါက်ပြဲ တပို့တွဲ"**ဟု အထူးနာမည်ရသည်၊ တပေါင်းလနေမင်းကလည်း မညီမမျှ၊ နေ့တွင် ပူ၍၊ ညတွင်မူ အေးမြလှသည်၊ ထို့ကြောင့် တပေါင်းလကလည်း လတကာတွင် **"နေ့ပူလို့ ညချမ်း၊ တပေါင်း လသရမ်း"**ဟု အထူး ကျော်ကြားလှသည်၊ တန်ခူးလကား အပြင်းထန်ဆုံး ပူပြင်းသောလဖြစ်၍ တန်ခူးဆိုလျှင် လူသားတိုင်း ကျောချမ်းပြီး ဖြစ်သည်။ ပူသမှ ဆွေ့ဆွေ့ခုန်အောင်ပူသည်၊ ထို့ကြောင့်

တန်ခူးလသည် လတကာတွင် **“တန်ခူး ကဆုန် ဆွေ့ဆွေ့ ခုန်”**ဟု အထူး နာမည်ကြီးသည်။

ဤလ ဤရာသီတွင် ရှင်ပြုမင်္ဂလာ ရွှေပွဲလာများကို အေးမြစေနိုင်သည်ကား **“ထီး”**ဖြစ်သည်၊ ရှင်လောင်းက ရွှေထီး ဆောင်းသည်၊ ရှင်လောင်းလှည့် အခမ်းအနားတွင်ပါဝင်သော လူတန်းစား အသီးသီးက ဖဲထီးနှင့် ပုသိမ်ထီးများ ဆောင်းသည်၊ ထို့ကြောင့် ဆယ်စင်းမက ပူပြင်းလှသော နေခြည်အောက်တွင် ရွှေထီး တော်မှ တောက်ပ ပြောင်လက်သော ရွှေရည်များနှင့် ထိုရှာလမ်းမှ ထီးတန်းကြီးကိုသာ တွေ့မြင်ရတတ်ချေသည်။

ရှင်လောင်းလှည့် အခမ်းအနား တစ်ခုလုံးကို အသက်ဝင် လှုပ်ရှားစေသည်ကား **“ရှိုးလိုက် ရတုအဖွဲ့”**ဖြစ်သည်၊ ရှိုးသည် လည်း ရွှဲမှ၊ ရွှဲသည်လည်း ရွှဲမှ၊ ရွှဲသည်လည်း ဆွဲမှ အဆင့် ဆင့်ပြောင်းလဲလာကြောင်းကို ဤစာအုပ်တစ်နေရာတွင် ရှင်း လင်းတင်ပြထားသည်၊ ရှေးခေတ်ကသော် ရှိုးလိုက်ရတု သီဆို မှုကဏ္ဍကို ကျေးရွာရှိ အမျိုးသားအသင်းနှင့် အမျိုးသမီးအသင်း များက တာဝန်ယူ သီဆိုကြရသည်၊ အမျိုးသား သီဆိုလှည့်တွင် အမျိုးသားများက ရှိုးလိုက်ရ၍ အမျိုးသမီးများ သီဆိုလှည့်တွင် အမျိုးသမီးများကသာ ရှိုးလိုက်ကြရသည်။

ယခုသော်ကား ရှိုးလိုက်ရတု သီဆိုမှုကဏ္ဍအားလုံးကို ဘုန်းတော်ကြီးကျောင်းသားများက ပခုံးပြောင်း တာဝန်ယူလျက် ရှိပေပြီ၊ ဘုန်းတော်ကြီးများကလည်း တစ်လကိုးသီတင်း ကြို တင်၍ ကျောင်းသားများကို လေ့ကျင့် သင်ကြား ပေးတတ်ကြ



သည်၊ ရှိုးလိုက်ရတုတွင် အမျိုးအစားအားဖြင့် စုံတွဲရတုနှင့် လုံးချင်း ရတုဟု နှစ်မျိုးပါဝင်သည်၊ **“စုံတွဲရတု”**ဟူသည် အမျိုး သမီး, အမျိုးသား တွဲ၍ သီဆိုရသော ရတုကို ဆိုလိုသည်၊ ယင်းရတုတွင် လင်သားသက်နှံ့ ရည်းစားသနံများက မိမိ၏ ဇနီးသက်နှံ့ ရည်းစားသနံများထံ ရှင်ပြုခွင့် ရရန် ခွင့်တောင်း, ခွင့်ပန် ဟန်များကို သီဖွဲ့ထားသည်၊ ရှင်ပြုခွင့် ရရန် ခွင့်တောင်း, ခွင့်ပန် ပြုရခြင်းသည် ဂေါတမဗုဒ္ဓ၏ လမ်းညွှန်ချက် အရသာ ဖြစ်သည်၊ ဇနီးသက်နှံ့နှင့် ရည်းစားသနံများက ခွင့်မပြုသူ များကို ရှင်ပြုခွင့် ပေးခြင်းဖြင့် လောက လူမှုဆိုင်ရာတွင် အိမ် ထောင်ရေး ပြဿနာများ ကြုံတွေ့ရတတ်ချေသည်၊ ထို့ကြောင့် လည်း ဂေါတမဗုဒ္ဓက **“သက်ဆိုင်ရာက ခွင့်မပြုသူကို ရှင်ပြု မပေးရ”**[၁]ဟု လမ်းညွှန်ချက် ထုတ်ပြန်ခဲ့ခြင်း ဖြစ်သည်။

**“လုံးချင်းရတု”**ဟူသည် တစ်ယောက်တည်း သီဆို ရသောရတုကို ဆိုလိုသည်၊ ယင်းရတုမျိုးတွင် ရှင်ပြုခြင်းဆိုင်ရာ ခွင့်ပန်ခြင်းမျိုးများ လုံးဝ မပါဝင်ချေ၊ လောကကြောင်း, ဓမ္မ ကြောင်း, ရာဇကြောင်း တစ်ခုခုကို ကျောရိုးထား၍ သီဆို ရှိုးလိုက်ရသော ရတုမျိုးသာ ဖြစ်သည်၊ ယင်းအကြောင်းအရာ များနှင့် ပတ်သက်သော လုံးချင်းရတုများကို **“ရှင်လောင်းလှည့် ရတုအစ ရခိုင်ပြည်က”**အခန်းတွင် တွေ့မြင် လေ့လာရမည် ဖြစ်သည်၊ မန်လည်ဆရာတော်သည် ယင်းသို့သော လုံးချင်း ရတုများစွာကို ရေးသားခဲ့သည်၊ ကျေးလက်စာဆိုများ ရေးသား

---

၁။ ဝိနည်းမဟာဝါ ပါဠိ၊ ၁၂၉။

ခဲ့သော ကျေးလက်ရတုများတွင် ရသများက စုံလင်လှသည်၊ ယင်းရတုများဖြင့် ရှင်ပြုမင်္ဂလာရွှေပွဲလာ၏ ဟဒယများကို ရွှင်ပြုံစေသည်၊ ဇနီးသက်နှံ ရည်းစားသနံများ၏ ဟဒယများကိုလည်း ဆွေးတမြမြ ဖြစ်စေသည်။

"ယပ်တောင်ကို ထမ်းပါလို့
မဏ္ဍပ်ကို ဝင်။ ။
ရွှေဂျုပ်ပင် ပျိုယဉ်တစ်စုတို့ရယ်
သူ့လင် ငါ့လင် မဆွဲလိုက်ပါနဲ့
ပရိသတ်ထဲမှာ အရှက်ကွဲဖို့ပင်။ ။
ကျောင်းပေါ်ကဆင်း
ကျောင်းရင်းက မျှော်။ ။
အပျိုကလေးတွေ ငယ်ကကျွမ်း
လွမ်းရစ်ကြနော်"[၁]

ကျေးလက် အချီးများ ဖြစ်သည်၊ ရှီးလိုက်ရတု သီဆိုသူ ကျောင်းတော်သားကြီးများက မောင်ရှင်လောင်း၏ ငယ်ကျွမ်းဆွေများကို အချီးများဖြင့် စသည်၊ ဆွသည်၊ ငိုချင်လျက်လက်တို့ကြသည်၊ ကျောင်းတော်သားကြီးများ၏ ရတုချီက စိတ်ကို သွေးလေတော့ ကညာလုံ ကြာမုံညွှတ်မှာ ယမ်းယောင်ကာ ကွမ်းတောင်လွှတ်သည်အထိ စိတ်ထိခိုက် ရှာကြရသည်၊ ယင်းသို့သောအခါမျိုးတွင် "မတွယ်တာ ဆယ်ခါလွှတ်မယ်" ဟူ၍ပင် ရေရွတ်တတ်ကြလေသည်။

---
၁။ ကျေးလက်တေး။



ရှင်လောင်းလှည့်ရာတွင် ရှင်လောင်းတင် ယာဉ်ကို မြန်မြန်ဆန်ဆန် မောင်းနှင်လေ့ မရှိချေ၊ အချို့ဒေသများတွင် နွားကောင်းရှိသူ နွားဝါသနာရှင်များက ရှင်လောင်းတင် ယာဉ်အတွက် သူဦး့ငါဦး တာဝန်ယူတတ်ကြသည်၊ မိမိနွား ကောင်းကြောင်းကို ပရိသတ် ဗိုလ်ပုံအလယ်တွင် ပြချင်ကြသည်၊ သို့ရာတွင် ယင်းနွားဝါသနာရှင်များသည် လှည်းယာဉ်ကို မြှားပစ်သလို မောင်းနှင်တတ်၍ ရှင်လောင်းမှာ ကဆောင့်ကအောင့် လိုက်ရသည့်အပြင် ရှီးလိုက်ကျောင်းသားများမှာလည်း ကသောကမျော လိုက်ကြရသည်၊ ယင်းဓလေ့ ဝါသနာရှင်များသည် ရှင်လောင်းလှည့် အခမ်းအနား တစ်ခုလုံးကို ရုပ်ပျက်စေလေသည်၊ တစ်ခါတစ်ရံ ရှင်လောင်းတင် ယာဉ်ကို ရှေ့မှ ပိုးဖဲကတ္တီပါကြိုးများဖြင့် တားတတ်ကြသည်၊ ထိုအခါမျိုးတွင် အသင့်ယူဆောင်လာသော မုန့်ပဲသရေစာများ, ငွေများဖြင့် ဖြေရှင်း ပြေလည်စေကြရသည်၊ ရှင်ပြုမင်္ဂလာမဏ္ဍပ် အရောက်တွင် ရှင်လောင်းတင် ယာဉ်မှူးသို့ မုန့်ပဲသရေစာများဖြင့် လက်ဆောင် ပြန်ကြရသည်၊ ဤသည်များကား အမျိုးသား ရှင်လောင်းလှည့်ပွဲကြီး၏ ရှုခင်းသာတစ်ရပ် ဖြစ်လေသည်။

အမျိုးသမီး ရှင်လောင်းလှည့်ပွဲကြီးသည်လည်း ဤလောကမြေပြင်တွင် မရှိခဲ့ဖူး မဟုတ်၊ ရှိခဲ့ဖူးသည်၊ ယင်းကား ဓမ္မဒိန္နာအမျိုးသမီး၏ ရှင်လောင်းလှည့်ပွဲကြီးပင် ဖြစ်သည်၊ အနာဂါမ်ဝိသာခသည် ဇနီးသည် ဓမ္မဒိန္နာအား သူမဆန္ဒအတိုင်း ရှင်းပြုနိုင်ရန် ဘိက္ခုနီမကျောင်းတော်သို့ အခမ်းအနားဖြင့် ပို့ဆောင်

ရာတွင် ရာဇဂြိုဟ်တစ်မြို့လုံးကို တန်ဆာဆင်၍ ရွှေထမ်းစင်ဖြင့် လှည့်လည်ပို့ဆောင်ခဲ့ဖူးသည်၊ ဤရှင်လောင်း လှည့်ပွဲကြီးသည် အမျိုးသမီး ရှင်လောင်းလှည့်ပွဲကြီးပင် ဖြစ်သည်၊ ယခုသော် အမျိုးသမီး ရှင်လောင်းလှည့်ပွဲသည် ဘိက္ခုနီသာသနာနှင့်အတူ ဗိုဝိန်ချုပ်ခဲ့ပြီ ဖြစ်ရကား ဗုဒ္ဓဘာသာ ကမ္ဘာပြည်သူတို့အနေဖြင့် ကြည်ညို သဒ္ဒါပွားများခွင့် မရကြတော့ပြီ။





ရှင်ပြုမင်္ဂလာနှင့် စည်ပြော

## ၈။ ရှင်ပြုမင်္ဂလာနှင့် စည်ခြော

"အရှေ့ကို လျှောက်ပါလို့
အနောက်ကိုတဲ့ မျှော်လိုက်ရင်။ ။
တံခွန်တိုင် ရွှေကုက္ကားနဲ့
ဘုရားကိုမြင်။ ။
မမလေးတို့ ပျို့ဥယျာဉ်
အဝင်သာပေတောင်း။ ။
ဗောဓိရွှေကျောင်း။ ။
စာပုလွေ့ ရင့်မှာ ပိုက်ပါလို့
ကျောင်းတော်ကိုတဲ့ လိုက်မယ့်ပြင်
ဘယ်စာ မောင်သင်မတုန်း။ ။
မမလေး သံချိုနှော
ပြောခဲ့ပါအုံး"[၁]

ရှေးမြန်မာ့ဆိုင်ပညာရှင်များ ရှင်ပြုမင်္ဂလာပွဲတိုင်းတွင် သီဆိုတီးမှုတ်လေ့ရှိသော **"မြန်မာ့ ဗြောသံ"**ဖြစ်သည်၊ အရှေ့ကို

၁။ ကျေးလက်ဗြောသံ။



လျှောက်၍ အနောက်ဆီသို့ ပြန်လည်ငေးမျှော်နေသော မမလေးသည် ရွာနှင့် မလှမ်းမကမ်းတွင် ရှိ၍ တံခွန်, ကုက္ကား, ဘုရားများနှင့် တင့်တယ်သပ္ပာယ်လျက် ရှိသော ဗောဓိကျောင်းကို တွေ့မြင်ရသည်၊ မမလေးက ဗောဓိကျောင်းကို "ပျို့ဥယျာဉ်"ဟု အလေးအနက် ပြုထားသည်။

ဥယျာဉ်သည် လူသားတို့၏ စားကောင်းသောက်ဖွယ်မှအစ အသုံးအဆောင် ပစ္စည်းများ အထိ သီးပွင့် ဖြစ်ထွန်းစေမည့် သစ်ပင်ကြီးငယ်များ ပြုစုပျိုးထောင်ရာ ဌာန တစ်ခု ဖြစ်သည် ဆိုခြင်းကို မမလေး သိထားပြီး ဖြစ်သည်၊ ယင်းနှင့် တစ်ဆက်တည်းပင် သူမမောင်လေးကိုလည်း မျိုးစေ့ဗီဇအသွင် ရှုမြင်ထားသည်၊ စာပုလွေ ရင်မှာပိုက်ပြီး ဗောဓိကျောင်းသို့ လိုက်မည့် ပြင်နေသော သူမမောင်လေးအား **"ဘယ်စာကို မောင်သင်မယ်လို့လဲ မမလေးကို ပြောခဲ့ပါအုံး"**ဟု မမလေးက လေချို သွေးသည်။

ဥယျာဉ်နှင့် တူသော ဗောဓိကျောင်းသည် မျိုးစေ့အညွန့်အညှောင့်နှင့် တူသော သူမမောင်လေးအား အရည်အသွေးများ သီးပွင့် ဖြစ်ထွန်းလာအောင် စင်စစ် ပြုစု ပျိုးထောင်ပေးပေမည်၊ ထိုအခါ သူမမောင်လေးမှ သီးပွင့် ဖြစ်ထွန်းလာသော အသီးအပွင့်များကို မမလေးတစ်ယောက် ကောင်းစွာ ပန်ဆင်ရမည် ဖြစ်သည်၊ သို့သောကြောင့်သာ မမလေးက ဗောဓိကျောင်းကို "ပျို့ဥယျာဉ်"ဟု အလေးအနက်ပြုထားခြင်းဖြစ်တန်ရာသည်။

ရှင်ပြုမင်္ဂလာ၏ အဓိကဇာတ်ကောင်ကား **"ရှင်လောင်း"**

ဖြစ်သည်၊ ရှင်လောင်းဟူသော စကားရပ်တွင် "လောင်း"ဟူသောစကားလုံးသည် နိမိတ်ပြစကားလုံးဖြစ်သည်။ ယင်းဖြင့်ဖြစ်ပေါ်လာမည့် အရိပ်နိမိတ်ကို ဖော်ညွှန်းသည်။ မြန်မာစာပေပျို့ကဗျာလင်္ကာများတွင်–

"ထိုရောအခါ၊ သုမေဓာဟု၊ ငါသည် လည်းကောင်း အလောင်းဖြစ်သေး၊ လုလင် သွေးကား"[၁] ဟူ၍လည်းကောင်း၊ "အလောင်းရှင့်ဘ၊ ပုဏ္ဏားလှကား"[၂] ယူ၍ လည်းကောင်း စပ်ဟပ်ထားသည်ကို တွေ့ရှိရသည်။

ထို့ကြောင့် ရှင်လောင်းဟူသော စကားရပ်ကို အနက်ကောက်ရသော် **"ရှင် ဖြစ်မည့်သူ, သာမဏေ ဖြစ်မည့်သူ, ကိုရင် ဖြစ်မည့်သူ"**ဟု အနက် ကောက်ရပေသည်၊ ယင်းစကားရပ်များတွင် ရှင်သာမဏေ, ကိုရင် ဟူသော စကားလုံးများသည် အနက်တူ စကားလုံးများသာ ဖြစ်သည်။

ဂေါတမ ဗုဒ္ဓဝါဒီများသည် မိမိတို့ ရင်နှစ်သည်းချာသားရတနာတစ်ယောက် ရှင်ဖြစ်နိုင်ရေးအတွက် အရွယ် ရောက်ချိန်မှစ၍ ဘုန်းတော်ကြီးကျောင်းသို့ အပ်နှံ ပညာသင်ကြားစေရသည်၊ ပညာသင်ကြားရာတွင် နှစ်ပရိစ္ဆေဒ မည်ရွေ့မည်မျှရှိမှ "အပ်နှံရမည်"ဟု ပုံသေကားချ ဘောင်ခတ်ထားခြင်းမရှိပေ၊ များသောအားဖြင့် ငါးနှစ်နှင့် ခုနစ်နှစ်အရွယ်တွင် အပ်နှံ ပညာသင်ကြားစေကြသည်၊ ဘုန်းတော်ကြီးများသည်

၁။ ဆုတောင်းခန်းပျို့၊ ပိုဒ်–၅၅။
၂။ ဆုတောင်းခန်းပျို့၊ ပိုဒ်–၇၉။



လူညွှန့်ကလေးများကို နမောဗုဒ္ဓဿ,ကမချမှ စ၍ သင်ရိုးဖြစ်သော မင်္ဂလသုတ်, အပြင်အောင်ခြင်း, အတွင်းအောင်ခြင်းမှအစ, ပရိတ်ကြီး၊ ဇာတ်ကြီးဆယ်ဘွဲ့, သဒ္ဒါကျမ်းနှင့် သင်္ဂြိုဟ်ကျမ်းများကို သင်ကြားပေးသည်၊ အတွက်အချက် ဘာသာရပ်တွင် ကိုးကြောင်း ဂဏန်း အတတ်နှင့် သင်္ချာဂဏန်း အတတ်များကိုပါ ပေါက်ပေါက်မြောက်မြောက် သင်ကြားပေးသည်။

ထိုမျှသာမက အဋ္ဌာရသ ဆယ့်ရှစ်ရပ်တွင် အပါအဝင်ဖြစ်သော ဝေဒကျမ်းအတတ်, မားရေး, လှံရေးအတတ်နှင့် လက်ဝှေ့ လက်ပန်း အတတ်ပညာများကိုလည်း ပေါက်မြောက်သည်အထိ သင်ကြားပေးသည်၊ ၁၃၆၇, အေဒီတွင် နန်းတက်သော မင်းကြီး စွာစော်ကဲလက်ထက် အောက်စည်းခုံကျောင်း သံဃရာဇာဆရာတော်ကား လက်ဝှေ့အတတ်တွင် အထူးနာမည်ကြီးသည်၊ ကိုရင် ကျောင်းသားများကိုလည်း ကောင်းစွာ သင်ကြားပေးသည်၊ ထိုခေတ်က လက်ဝှေ့ပွဲများတွင် လက်ဝှေ့ကျော်ရှင်လူထွက်များသာ ဗိုလ်စွဲကြသည်ဟု စာပေမှတ်တမ်းများက ဖော်ညွှန်းကြလေသည်၊ အောက်စည်းခုံးကျောင်း သံဃရာဇာဆရာတော် လက်ဝှေ့သတ်ကောင်းသဖြင့် နှစ်စဉ် မြင်း ၁၅–စီး၊ အစီး ၂၀ ရသောဟူ၏။[၁]

ယင်းသို့ဖြင့် ဘုန်းတော်ကြီးများသည် မိမိကျောင်းသားများကို ဗျတ္တိခေါ် ပညာကိုသာမက သတ္တိခေါ် သူရဂုဏ်ကိုပါ ကောင်းစွာ မြှင့်တင်ပေးနိုင်ခဲ့ပေသည်။

၁။ မဟာဒ္ဒါရနိကာယ သာသနာဝင်၊ ၁၂၄။

ရှင်ပြုတော့မည့်ကျောင်းသည် ရှေးဦးစွာ ရှင်ကျင့်ဝတ်များကို သင်ကြားတတ်မြောက် ထားရသည်၊ ရှင်ကျင့်ဝတ်ကို တတ်မြောက်ထားခြင်းဖြင့် ရှင်ဖြစ်လျှင် ဖြစ်ချင်း ရှင်ကျင့်ဝတ်များကို အသင့် ဆင်ခြင်နိုင်ပြီးဖြစ်သည်၊ ရှင်ကျင့်ဝတ်များကား ပစ္စဝေက္ခဏာ၊ လိင်၊ ဒဏ်၊ သေခိယနှင့် စုဒ္ဒသခန္ဓကဝတ်များဖြစ်သည်။

ရှင်ကျင့်ဝတ်သည် ရှင့်အဖြစ် ရှင်ကျင့်ဝတ်အနေနှင့် လိုက်နာကျင့်သုံးနိုင်သော နည်းဥပဒေသများဖြစ်၍ လူ့အဖြစ် လူ့ကျင့်ဝတ်အနေနှင့် လိုက်နာကျင့်သုံးနိုင်သော နည်းဥပဒေသများဖြစ်သည်၊ ရှေးခေတ်ဘုန်းတော်ကြီးကျောင်းပညာရေးသည် လိမ္မာရေးခြား ရှိမှုကိုသာ အာမခံရုံမက အသက်မွေးဝမ်းကျောင်းအတွက်ပါ အာမခံသည်၊ လိမ္မာရေးခြား ရှိခြင်းဖြင့် "လောကလူမှုဆိုင်ရာတွင် အထွတ်အထိပ်သို့ ရောက်ရမည်" ဘုန်းတော်ကြီးကျောင်း ပညာရေးက အာမခံသည်။

လောကလူမှုဆိုင်ရာတွင် လိမ္မာရေးခြားရှိခြင်းဖြင့် ပေါင်းသင်းဆက်ဆံမှု ပြည့်ဝရမည်၊ မိတ်ဆွေရန်သူ ခွဲခြားတတ်ရမည်၊ မိတ်ဆွေရန်သူ ခွဲခြားဆက်ဆံခြင်းဖြင့် အနာဂတ်လူ့ဘောင်တွင် သူဌေးကြီးများ စစ်ဗိုလ်ချုပ်ကြီးများ ဖြစ်လာရမည်ဟု ဘုန်းတော်ကြီးကျောင်း ပညာရေးစနစ်က ခံယူသည်၊ မမလေးသည် ဘုန်းတော်ကြီးကျောင်း ပညာရေးစနစ်ကို အားကိုးသည်၊ အနာဂတ်လူ့ဘောင်တွင် သူမမောင်လေး သူဌေးကြီးဖြစ်လာရေးနှင့် စစ်ဗိုလ်ချုပ်ကြီးဖြစ်လာရေးကိုလည်း မမလေး



မျှော်လင့် အားထားသည်၊ ထို့ကြောင့် မမလေးသည် ယင်းသို့သောဘုန်းတော်ကြီးကျောင်း စာပေပညာရပ်များတွင် **"ဘယ်စာကို မောင်သင်မယ်လို့ မမလေးကို ပြောခဲ့ပါအုံး"**ဟု လေချိုသွေးခဲ့ခြင်းဖြစ်သည်။

ရှင်ပြုမင်္ဂလာပြောသံသည် ရှေးခေတ်ဘုန်းတော်ကြီးကျောင်းပညာရေးစနစ်နှင့် ရှင်ဖြစ်တော့မည့် ကျောင်းသား၏ အခြေခံဘဝကို သီဖွဲ့ဖော်ကျူးထားခြင်းဖြစ်သည်၊ ထို့ကြောင့် ယင်းပြောသံကို ရှင်ပြုမင်္ဂလာ အခမ်းအနား အဖွင့်နိဒါန်းအဖြစ် တီးမှုတ်ကြသလို ရှင်ပြုမင်္ဂလာ အခမ်းအနား အပိတ် နိဂုံးအဖြစ်လည်း တီးမှုတ်ကြသည်၊ ယင်းကား မြန်မာ့ရှင်ပြုမင်္ဂလာပွဲ၏ ထူးခြားသော အစဉ်အလာတစ်ရပ် ဖြစ်သည်။

ရှေးခေတ်က ပြောကို "စည်ပြော"ဟု ခေါ်ကြသည်၊ စည်သည် မြှောက်စည်, စည်ဝန်း, စည်ပြောဟု သုံးမျိုးရှိသည်၊ ယင်းတို့သည် အသီးသီး အရံနှင့်တကွ တခြားစီသာ ဖြစ်သည်။ တူရိယာများတွင် စည်သည် ပဓာနဖြစ်၍ စည်ကို နေရာပေးကာ "မြှောက်စည်, စည်ဝန်း, စည်ပြော"ဟု ဆိုထားခြင်းဖြစ်သည်။

"တီးမျိုးမြှောက်စည်၊ ခုနစ်မည်နှင့်၊ တံရှည်တံမြှာ၊ သပြေသာတည့်၊ သခါဟူပြီ၊ နှစ်စင်းစီလျှင်"[၁] ဟူ၍ မြှောက်စည်သည် အရံနှင့်တကွ တခြားဖြစ်ကြောင်း ပြဆိုထားသည်။

ယင်းမြှောက်စည်၏သံစဉ်မှာ ဇမ္ဗူသပြေသီးများ မရှေးမနှောင်း ရေသို့ကြွေကျသည့်အခါ ဖြစ်ပေါ်လာသည့် အသံစဉ်မျိုး

---

၁။ ရွှေဘုံနိဒါန်း၊ ၄၉။

ဖြစ်သည်။

"ကျွန်းဦး သပြေ၊ ညှာမှ ကြွေသား၊ ကျပေတုံလာ၊ ရေမျက်နှာထက်၊ သံဝါကျူးလွန်၊ နစ်လေဟန်တူ၊ ပြုတ်ပြုတ်ဟူ၍၊ ပေါ်မှထူးလည်၊ ဖြုန်းဖြုန်းမြည်ရှင့်၊ နတ်စည်အစ၊ ပေး၍ရသား၊ သာလှပေတိ၊ ဘုန်းဇာတိနှင့်၊ အရိမဒ္ဒနာ၊ ပေါက္ကရာမ၊ ဥကာသ်ဝယ်၊ မြန်မာ့ထိပ်မိုး၊ သီးဆော်နှိုးသည်၊ ဘေးဘိုးသည်ကပင်ကိုသော်"[၁]

အနော်ရထာမင်းစောနှင့် အလောင်းစည်သူတို့ ဇမ္ဗုသပြေပင်သို့ ရောက်စဉ်အခါ ဇမ္ဗုသပြေသီးများ၏ ရေသို့ကြွေကျသံများ သာယာ နာပျော်ဖွယ် ရှိ၍ နိုင်ငံတော်သို့ ပြန်လည်ရောက်ရှိသည့်အခါ ယင်းသံစဉ်များ ဖြစ်ပေါ်လာမည့် စည်များပြုလုပ်ကာ သီဆို့တီးမှုတ်ရာမှ **"ပြောစည်"**စသည်များ ပေါ်ပေါက်လာခဲ့သည်ဟု ရှေးဟောင်းစာပေများက ဖော်ညွှန်းထားသည်၊ ဇမ္ဗုသပြေသီးကား အိုးစရည်း ပမာဏရှိသည်ဟု သာသနိက စာပေများက ဆိုသည်။[၂]

ယင်းမြှောက်စည်ဝိုင်းတွင် **"မြှောက်စည်"** ၇,လုံး၊ တံရှည်တံမြှာ-၂,စီ၊ သပြေသာ-၂,ခု၊ ခရုသင်းခေါ် သခ်-၂,ခုအားဖြင့် တူရိယာပေါင်း-၁၃, မျိုး ပါဝင် တီးမှုတ် ထားသည်ကို တွေ့ရှိရသည်၊ မုံရွေးဆရာတော်ကမူ-

"ရှေ့တော်ပြေးမည်၊ တီးမြှောက်စည် နှင့်၊ တံရှည်တံမြှာ၊

၁။ ရွှေဘုံနိဒါန်း၊ ၄၉။
၂။ အပါဒါနပါဠိ၊ ပ၊ ၄၁၃။



သပြေသာ နှဲငယ်၊ ချယ်လှယ်ညီညီ၊ ခုနစ်စီဖြင့်၊ အာနိခရု၊ နှစ်ခုမယွင်း"[၁] ဟူ၍ မြှောက်စည်တွင် မြှောက်စည်-၇,ခု၊ တံရှည် တံမြှာ- ၇,ခု၊ သပြန်သာခေါ် နှဲငယ်- ၇,ခု၊ ခရု- ၂,ခု အားဖြင့် တူရိယာပေါင်း ၂၃,မျိုး ပါဝင် တီးမှုတ်ရကြောင်း ပြဆိုထားသည်။

"စုံညီ တန်းတန်း၊ သည့်နေခက်ထွန်းသား၊ စည်ဝန်းလုံးလုံး၊ တစ်ဆယ့်သုံးတွင်၊ ပတ်ကုံးရံမြဲ၊ မွန်တို့နဲ့နှင့်၊ မကွဲ လက်ချပ်၊ နှစ်စီကြပ်၍၊ သံထပ်တံပိုး၊ ငါးစင်းဖြိုးလျက်"[၂] ဟူ၍ စည်ဝန်းသည် အရံနှင့်တကွ တခြား ဖြစ်ကြောင်း လမ်းညွှန် ထားသည်။

ယင်းစည်ဝန်း၏ အသံစဉ်မှာ ဇမ္ဗုသပြေသီများ အများအပြား ရေသို့တစ်ပြိုင်နက်ကျစဉ် ဖြစ်ပေါ်လာသည့် အသံစဉ်မျိုးဖြစ်သည်၊ ယင်းစည်ဝိုင်းတွင် စည်ဝန်း-၁၃, လုံး၊ မွန်နဲ့-၂, လက်၊ လက်ချပ်- ၂, ခု၊ တံပိုး- ၅,ခုအားဖြင့် တူရိယာပေါင်း-၂၂,မျိုး ပါဝင်သည်၊ မုံရွေးဆရာတော်၏ စည်ဝိုင်းကား-

"စည်ဝန်းခေါ်မှတ်၊ သတ္တရသ၊ ရာမညနဲ့၊ မကွဲနှစ်ရပ်၊ လက်ချပ်လေးမျိုး၊ တံပိုး နှစ်မည်"[၃] ဟူ၍ စည်ဝိုင်းတွင် စည်ဝန်း-၁၇,လုံး၊ မွန်နဲ့-၂,လက်၊ လက်ချပ်-၄,ခု၊ တံပိုး-၂,ခုအားဖြင့် တူရိယာပေါင်း-၂၅,မျိုး ပါဝင် တီးမှုတ်

၁။ ကုသပျို့၊ ပိုဒ်-၁၈၅။
၂။ ရွှေဘုံနိဒါန်း၊ ၄၉။
၃။ ကုသပျို့၊ ပိုဒ်-၁၅၅။

ထားကြောင်း ဖော်ညွှန်းထားသည်။

"သည့်နောက်ဆက်ကား၊ သံထပ်ညွှန့်လူ၊ စည်ပြောဟူသည်၊ ရည်တူမခြား၊ နှစ်ဆယ့်ငါးနှင့်၊ မြည်အားကြီးဖြိုး၊ နှဲတံပိုးတည့်၊ မြည်ရိုးစည်ပုတ်၊ မြည်တုတ်ပုံသာ၊ မြည်စွာလင်ကွင်း၊ တစ်စီကျင်း၍၊ သံညှင်းနှဲငယ်၊ ငါးစင်းသွယ်မှ၊ တစ်ဆယ့်ငါး တန်၊ ခရာရံလျက်"[1] ဟူ၍ စည်ပြောသည် အရံနှင့်တကွ တခြား ဖြစ်ကြောင်း ပြဆိုထားသည်။

ယင်းစည်ပြော၏ သံစဉ်မှာ ဇမ္ဗူသပြေသီးများ ရေထဲမှ ပေါ်လာသည့်အခါ ဖြစ်ပေါ်လာသော အသံစဉ်မျိုးဖြစ်သည်၊ ယင်းစည်ပြောဝိုင်းတွင် စည်ပြော-၂၅,လုံး၊ နှဲကြီး-၁,ခု၊ တံပိုး-၁,ခု၊ စည်ပုတ်-၁,ခု၊ ပုံသာ-၁,ခု၊ လင်းကွင်း-၁,ခု၊ နှဲငယ်-၅,လက်၊ ခရာ-၁၅,ခုအားဖြင့် တူရိယာပေါင်း-၅၀, ပါဝင်သည်၊ မုံရွေးဆရာတော်ကမူ-

"ပြောစည်အစိတ်၊ သံညိတ် ဒုံမင်း၊ နှစ်သွယ်ကျင်း၍၊ လင်းကွင်းပုံသာ၊ စည်ပုတ်မှာမူ၊ မပါဖော်ကွဲ၊ တစ်စီနှဲလျက်၊ နှဲကြီးလေးဖြာ၊ ခရာဆယ့်ငါး"[2] ဟူ၍ စည်ပြောဝိုင်းကို အမျိုးပေါင်း-၄၉,မျိုးသာ ပါဝင်တီးမှုတ်ထားကြောင်း လမ်းညွှန်ထားသည်။

မည်သို့ဆိုစေ၊ စည်ဝိုင်းသုံးဝိုင်းတွင် စည်ပြောဝိုင်းသည်သာ တူရိယာအများဆုံး ဖြစ်ကြောင်း လေ့လာ တွေ့ရှိရသည်၊

၁။ ရွှေဘုံနိဒါန်း၊ ၄၉။
၂။ ကုသပျို့၊ ပိုဒ်-၁၅၅။



စည်ဝိုင်းသုံးဝိုင်းတွင် ပါဝင်လျက်ရှိသော တံရှည်, တံမြှာ, သပြေသာ, ခရာ, လင်းကွင်းများမှာ ပင်စည်အကိုင်းများကို လေခတ်သည့် အဟုန်၏ အသံ တံပိုးမှာ အကိုင်းအခွ အကွေ့အဝိုက်တို့ကို လေခတ်၍ မြည်သည့်အသံ ခရာသင်းမှာ မပြင်းမပြသော လေညှင်း, လေညက်၏ အသံ, နှဲကြီး နှဲငယ်များမှာ လေပြင်း လေဟုန်တွင် အခက်အရွက် တစ်စု တစ်အုပ်တည်း ပြိုးပြိုင်သဖြင့် မပြင်းမညံ့ မြည်သည့် အသံ, လက်ချပ်မှာ ရွက်ချင်း ခက်ချင်း ထိခိုက်ကြသည့်အသံနှင့် တူစွာ တီးမှုတ်ကြသည်။

စည့်ဝိုင်းများတွင် ပါဝင်လျက်ရှိသော သပြေသာဟူသည် "နှဲငယ်"ကို ဆိုလိုသည်၊ ရှေးခေတ် ရှေးအခါက ပျိုမျစ်နုနယ်ငယ်ရွယ်သော သတို့သမီးများကို "သပြေ"ဟု ခေါ်ဆိုကြသည်၊ ထို့ကြောင့် မြန်မာစာပေများတွင်-

"ဖြူညိုပြာစိမ့်၊ နှစ်သိမ့်ဖွယ်မျို့၊ သပြေတို့နှင့်၊ ရွယ်ပျို့ရွယ်မှည့်"[1]ဟု စပ်ဆိုထားသည်။

ယင်းလမ်းညွှန်ချက်အရ သပြေသာကို အနက်ကောက်ရသော် **"ငယ်သော အသံရှိသော နှဲ၊ နှဲငယ်"**ဟု အနက်ကောက်ရသည်၊ စည်တို့၏ ပုံသဏ္ဍာန်နှင့် အတိုင်းအထွာကို အလိုရှိမူ ကဗျာဗန္ဓသာရတွင် ကြည့်ရှုလေ့လာနိုင်သည်။[2]

ယနေ့မျက်မှောက်ခေတ် ဗုဒ္ဓဘာသာ မြန်မာပြည်သူတို့၏ ရှင်ပြုမင်္ဂလာပွဲများတွင် ကျက်သရေ ရှိ၍ ခန့်ထည်သော

၁။ မဃဒေဝ၊ ပိုဒ်-၅၉၀။
၂။ ကဗျာဗန္ဓသာရ၊ ၅၆၈-၅၆၉။

မြန်မာ့ ဆိုင်းဝိုင်းကြီးများနှင့် အငြိမ့်သဘင်များ ပါရှိနေခြင်းသည် ပုဂံသူ ပုဂံသား ဘိုးဘွားမျိုး၏ အမွေအနှစ် ဖြစ်သည်။

ပုဂံသူ ပုဂံသား ဘိုးဘွားများက ကျောင်းကန်၊ ဘုရားများအား သီဆို တီးမှုတ် ဖြေဖျော်မှုအတိုင်းအတာသာမက သဘင်သည် စစ်စစ်ကြီးများနှင့် တူရိယာ စစ်စစ်ကြီးများကိုပင် ပေးလှူနိုင်ခဲ့ကြသည်။

ပုဂံသူ ပုဂံသား ဘိုးဘွားများကဲ့သို့ မတတ်နိုင်ကြသော ယနေ့မျက်မှောက်ခေတ် ပုဂံ၏ မြေးမြစ်များကား ရွှေပွဲလာ ပရိသတ်အား သီဆိုတီးမှုတ်ဖြေဖျော်ရုံ အတိုင်းအတာမျှသာ တတ်နိုင်ရှာကြတော့သည်။

ရှင်ပြုမင်္ဂလာတွင် သဒ္ဒါဒါနအဖြစ် ယင်းကဲ့သို့ သီဆို တီးမှုတ်ဖြေဖျော်ရခြင်းကို ဘိုးဘွား ပုဂံသားများက "တူရိယာငါးပါးဖြင့် တီးခတ်ဆော်နှိုး၍ ထ,နိုးရသော ယောကျ်ား၏ စည်းစိမ်မျိုးကို ရရှိရေး"ဟု အပြတ်ကြွေးကြော်ခဲ့သည်။

ဘိုးဘွားပုဂံတို့၏ ကြွေးကြော်သံကို မျက်ကွယ်ပြုလိုသူ ပုဂံ၏နှောင်းသားများက **"ရှင်ပြုမင်္ဂလာတွင် တူရိယာနှင့် သဘင်သည်များ ပါရှိနေခြင်းသည် ဆွမ်းဆန်ထဲ ကြွက်ချေးများ ရောခြင်း"**ဟု အမှားမှားအယွင်းယွင်း သုံးသပ်လာကြသည်။

ရှင်ပြုမင်္ဂလာတွင် တူရိယာနှင့် သဘင်သည်များ ပါမှု မပါမှုကြောင့် အကျိုးပေး ထက်သန်, ပျော့ညံ့ခြင်းသည် အလျင်းပင် မဆိုင်ချေ၊ အလှူရှင်၏ စေတနာသုံးတန် ညီညွတ်မှု ရှိ



မရှိ သဘောကသာလျှင် အကျိုးပေး ထက်သန်၊ ပျော့ညံ့မှုကို ဖြစ်ရာ၌ အဓိက ဖြစ်ကြောင်း ဗုဒ္ဓက လမ်းညွှန် သွန်သင်ခဲ့သည်။[၁]

ရတနာသုံးပါးအား ပူဇော်ခြင်းငှာ စီမံလုပ်ဆောင်အပ်သော ပွဲလမ်းသဘင်များသည်ပင် ကုသိုလ်မည်ကြောင်း ဘိုးဘွားပုဂံတို့၏ မှန်ကန်သောလုပ်ဆောင်ချက်ကို အဋ္ဌကထာဆရာကျားကန်ပေးခဲ့ပေသည်။[၂]

ထို့ကြောင့် ရှင်ပြုမင်္ဂလာတွင် တူရိယာနှင့် ဘဘင်သည်များ ပါရှိနေခြင်းသည် ပုဂံ၏ ကြွေးကြော်သံအတိုင်း ငါးပြောင်လို၍ ရွှေနားတောင်း ဝတ်ဆင်ခြင်းမျှသာ ဖြစ်ကြောင်း ထပ်မံကြွေးကြော်လိုက်ရပေသည်။

❖ ❖ ❖

---

၁။ "ပုဗ္ဗေဝ ဒါနာ သုမနော၊ ဒဒံ စိတ္တံ ပသာဒယေ။
ဒတွာ အတ္တ မနော ဟောတိ၊ ဧသာ ယညဿ သမ္ပဒါ"
အင်္ဂုတ္တရ နိကာယ ဆက္ကနိပါတ၊ ပါဠိ၊ ၂၉၆

၂။ "ဝတ္တုတ္တယပူဇနတ္တာယ ကတံ နစ္စသမဇ္ဇံ ကုသလံ ဟောတီတိ ဒဋ္ဌဗ္ဗံ"
သုတ္တသင်္ဂဟ၊ ဋ္ဌ၊ စာ– ၊



ရှုံးလိုက်ရတုအစ ရခိုင်ပြည်က

## ၉။ ရှုံးလိုက်ရတုအစ ရခိုင်ပြည်က

ရှင်ပြုမင်္ဂလာ မလေ့ရိုးရာနှင့် ပတ်သက်၍ ရှုံးလိုက်ရတုကို ဆန်းစစ် လေ့လာသင့်သည်၊ ရှုံးလိုက်ရတုသည် ဗုဒ္ဓဘာသာ မြန်မာပြည်သူတို့၏ ရှင်ပြုမင်္ဂလာပွဲနှင့် ဖွားဘက်တော်စင်စစ် ဖြစ်သည်။

ရှုံးလိုက်ရတုကို ရှင်လောင်းလှည့်ရာနှင့် ရှင်လောင်းယူရာတွင် ရှင်လောင်းလှည့် ရှင်လောင်းယူ ပရိတ်သတ်အား ဧည့်ခံ ဖြေဖျော်ခဲ့သည်၊ ရှင်လောင်းလှည့်ပရိသတ်ကလည်း ရှုံးလိုက်ရတုကို ခေတ်ပြားတေးများလောက် မနှစ်ခြိုက်လင့်ကစား ရိုးရာအမွေအနှစ်ကို ရှိသေလေးစားသောအားဖြင့် လက်ခံနားဆင်ကြသည်။

ရှင်လောင်းလှည့် ရှုံးလိုက်ရတုကား ရခိုင်ပြည်မှ စခဲ့သည်၊ မြန်မာသက္ကရာဇ်–၁၅၂,ခုနှစ်တွင် ရခိုင်ပြည် ဝေသာလီ ကျောက်လှေခါးမြို့ကို တည်ထောင်ဖန်ဆင်းသော "မဟာသူရိယတဋ္ဌန္ဒရာမင်း"၏ သားတော် "သူရိယတဋ္ဌန္ဒရာမင်းသား"သည်

ဖခမည်းတော် အမိန့်အရ ဘင်္ဂလားပြည်သို့ စစ်ထွက်ခဲ့ရသည်။

သူရိယတဥ္စန္ဒရာအိမ်ရှေ့မင်းသားသည် ပသီကုလားမင်းသူရကန်၏ သမီးတော်နှစ်ပါးနှင့် စုလျားရစ်ပတ်၍ နေပြည်တော်သို့ ရုတ်တရက် မပြန်နိုင်ဘဲ ရှိခဲ့သည်၊ အိမ်ရှေ့မင်းသား မပြန်လာ၍ မျှော်တော်ဇောနှင့် မောရှာရသော အိမ်ရှေ့မိဖုရား စောပြည့်ညိုသည် "သိန်ကန်မိန်တွင်"ချီသော ရတုသုံးပိုဒ်ကို ကြင်ရာတော် အိမ်ရှေ့ မင်းသားရှိရာ ဘင်္ဂလာပြည်သို့ ရေးသားဆက်သလိုက်သည်။

ယင်းရတုတွင် အိမ်ရှေ့မိဖုရား စောပြည့်ညိုက "ဥတုသုံးလီ ရာသီစက်မောင်း အခါခါပြောင်းခြင်းနှင့်အတူ နှမတော် လွမ်းခဲ့ရပြီ မောင်တော်၊ နှမတော့်ရင်တွင် အလွမ်းပင်ကြီး မြင့်ရှည် ကြာညောင်းခဲ့လှပြီ၊ တပေါင်းလ တောင်လေနှင့်အတူ မြူခိုးတွေ ဝေလို့ ရွက်ဝါတွေ မြေမှာ ခ,ကုန်ကြပြီ၊ ရွက်ဟောင်းတွေကြွေလို့ ရွက်သစ်တွေ ဝေကုန်ကြပြီ၊ သည်အဖြစ် သနစ်တွေကို နှမတော် ရှုစားရတိုင်း ဖြေမဆည်နိုင်ပါဘူး မောင်တော်"စသည်ဖြင့် ဖွင့်အန်ထားသည်။

"သိန်ကန်မိန်တွင်၊ ဆယ့်နှစ်ခွင်ကို၊ လွမ်းပင်စဉ်မြင့်၊ ကြာရှည်တာကူး။ ။ တပေါင်းမင်းလွင်၊ ရွက်ကြင်တောင်လေမြူးက။ ။မြိတ်သွယ်နူး၊ စီသွယ်ဖြာ။ ။မတတ်သာချေ၊ ဤအဖြစ် တွေကို၊ ကြည့်လေသမျှသာတည်"[၁]

စောပြည့်ညို၏ ရတုကို လေ့လာဆန်းစစ်ရသော် ယနေ့

၁။ မြန်မာစာညွှန့်ပေါင်းကျမ်း၊ ပ၊ ၁၁။



မျက်မှောက်ခေတ် မြန်မာနိုင်ငံ အထက်အောက်တစ်လွှားတွင် အသုံးပြုလျက်ရှိသော ကျေးလက်ရှုံးလိုက်ရတုများနှင့် စောပြည့်ညို၏ ရတုတို့ အစပ်, အဟပ်, ကာရန်, အထား, အသိမ်းများ မည်သို့မျှ ခြားနားခြင်းမရှိသည်ကို လေ့လာ တွေ့ရှိရသည်၊ တစ်ဖန် မြန်မာသက္ကရာဇ်-၉၁၅,ခုနှစ်တွင် ရခိုင်ပြည်၌ နန်းတက်သော မင်းဖလောင်းကြီးလက်ထက် ပဲခူးကျော်ထင်နော်ရထားသည် စကားတောင်းစားကို သံစေ၍ သမီးတော်မြတ်ရှင်စိုးနှင့် ပဲခူးမင်းသားသမီး မင်းသစ္စာကို ပေးပါမည့် အကြောင်းစေဆို ရောက်လာသည်။

မင်းဖယောင်းကြီးသည် ရခိုင်ပညာရှိ မဟာပညာကျော်ကို တိုင်ပင်တော်မူ၍ မဟာပညာကျော်က လျှောက်ထားရာတွင် အမည်မသိ စာဆိုရေး "ရာဇဝသတီနိဒါန်းရတု"ကို ကိုးကားလျှောက်ထားလေသည်။

"ဆန်းသစ်စ လပမာ၊ ကျက်သရေမျိုး၊ စုံပြည့်ဖြိုးသည်၊ တန်ခိုး မင်းအာဏာတည့်၊ ပညာတော်မြေအထု၊ စုံစေ့ မြောက်မြား, မှူးမတ်အားလည်း, ရည်သွားသိအောင် ပြုလော့၊ လူမှုအလွန်ခက်လှစွာ၊ ပြည်သူကိုသား, ယွင်းမမှားအောင်, ထားရသည့် မေတ္တာနှင့်"[၂]

ယင်းရတုသည်လည်း ယနေ့မျက်မှောက်ခေတ် မြန်မာနိုင်ငံ အထက်အောက်တလွှားတွင် သုံးစွဲလျက်ရှိသော ကျေးလက်ရှုံးလိုက်ရတုများနှင့် မည်သို့မျှ ခြားနားခြင်းမရှိသည်ကို လေ့

၂။ မဟာပညာကျော်လျှောက်ထုံး၊ ၉၈။

လာဆန်းစစ်ရသည်၊ ယင်းရတုများကို "ရှိုးလိုက်ရတု"ဟု ခေါ်ဆိုခြင်းမှာ အခံ အအုပ် ရတု တစ်ပိုဒ်စီ၏ အဆုံး အဆုံးတွင် "ရှိုး"ဟု လိုက်ရသောကြောင့် ဖြစ်သည်၊ ယင်းရတုကိုပင် ရှင်လောင်းလှည့်ရာ၌ သီဆိုရသောကြောင့် "ရှင်လောင်းလှည့်ရတု"ဟု ခေါ်ဆိုထားပြန်သည်၊ မြန်မာနိုင်ငံ မြေပြန့်အချို့ဒေသများက "ရှိုး"ဟူ၍ လည်းကောင်း, အချို့ဒေသက "ရှဲ"ဟူ၍ လည်းကောင်း, အချို့ဒေသက "ရှေး"ဟူ၍ လည်းကောင်း, အချို့ဒေသက "ရှတ်"ဟူ၍ လည်းကောင်း လိုက်ကြသည်။

ရှင်လောင်းလှည့်ရတု သန္ဓေတည်ရာ ရခိုင်ပြည်တွင် ရှင်လောင်းလှည့် ရတုများ ဆက်လက်စီးဆင်းမြဲ စီးဆင်းလျက်ရှိသည်ကို လေ့လာတွေ့ရှိရလေသည်၊ ရှင်လောင်းလှည့် ရတုများ ဆက်လက်စီးဆင်းစေခဲ့သူမှာ မြောက်ဦးခေတ် ရခိုင်စာဆိုကြီး ဥက္ကာပျံ ဖြစ်သည်၊ သက္ကရာဇ်-၉၅၀,ကျော်ခန့် ဓညဝတီနန်းစံ မင်းရာဇာကြီး လက်ထက်တွင် ရခိုင်စာဆိုကြီး ဥက္ကာပျံသည် အမျိုးသားဟန် အမျိုးသားမာန်များဖြင့် ရှင်လောင်းလှည့် ရတု အများအပြား ရေးသားခဲ့လေသည်။

မြန်မာတို့က ယင်းအရေးအသားနှင့် ယင်းပုံဟန်သဏ္ဌာန်များကို ရှင်လောင်းလှည့်ရာ၌သာ အသုံးပြုခြင်းကြောင့် "ရှင်လောင်းလှည့် ရတု"ဟု ကျဉ်းမြောင်းစွာ ဘောင်ခတ် အသိအမှတ်ပြုခဲ့ကြသည်၊ စင်စစ် ရှင်လောင်းလှည့်ရတုသည် ရခိုင်တို့၏ အမျိုးသားရေး ရတု တစ်မျိုးသာ ဖြစ်သည်၊ ရှင်လောင်းလှည့် ရတု၏ ခြေဆန့်ရာသည် ရခိုင်တွင် ကျယ်ပြန့်လှသည်၊ ရခိုင်



ပြည်သူတို့၏ လူမှုစည်းပွား ကဏ္ဍနှင့် လူမှုယဉ်ကျေးမှု ကဏ္ဍများကိုပင် ရှင်လောင်းလှည့်ရတုဖြင့် ဆွဲဆန့်ထားသည်ကို တွေ့ရှိရသည်။

သို့ရာတွင် ရှေးအထက် ကာရီ ရခိုင်တို့က ရှင်လောင်းလှည့် ရတုကို "ရှိုးလိုက်ရတု"ဟု ခေါ်ဆိုခဲ့ဟန် မရှိချေ၊ ရှိုးလိုက်ရတုကို ရှေးအထက်ကာရီ ရခိုင်တို့က "ရှဲ့ချင်း"ဟု ခေါ်ဆိုခဲ့ဟန်ရှိသည်။ မြန်မာ့ဝလေ့တေးသံများတွင် "**ကာချင်း, ငိုချင်း, တျာချင်း, တွဲ့ချင်း, လွမ်းချင်း, သာချင်း, ချေင်း, အဲချင်း, အန်ချင်း, အိုင်ချင်း**"စသည်ဖြင့် ချင်းပေါင်းများစွာ ရှိလေသည်၊ ရှင်လောင်း လှည့်ရတု (သို့မဟုတ်) ရှိုးလိုက်ရတုကို ရခိုင်တို့က "**ရှဲ့ချင်း**"ဟု ခေါ်ဆိုခြင်းကို မြန်မာတို့ "**ရှိုးလိုက်ရတု**"ဟု ခေါ်ဆိုခြင်းများနှင့် ထပ်တူပင်ဖြစ်သည်၊ ယင်းရတု အခံ,အအုပ် တစ်ပိုဒ်စီ၏ အဆုံးအဆုံးတွင် ရခိုင်တို့က "**ရှဲ့**"ဟု လိုက်ကြသောကြောင့် "**ရှဲ့ချင်း**"ဟု ခေါ်ဆိုကြခြင်း ဖြစ်သည်။

"ခဝဲမယေဝင်းဝါ၊ ပွင့်ပြန်လာကေ
စီကာလည်းကုံး၊ တန်ဆောင်မုန်းမှာ
ရှင်ဘုန်းသံဃာ၊ ကျောင်းဝိဟာ၌
ကထိန်လည်းကပ်၊ မယ်ရှိ့မှာလေ
ပျော်ပါးကပ်မေ၊ အရွယ်ချင်းချင်း
ရွဲ့သာချင်းနှင့်၊ လမင်း စန္ဒာ
လောင်းရိပ်သာတွင်၊ မယ်ရှိ့မှာလေ
ပျော်ရာတစ်ကြောင်း၊ အဖော်ပေါင်းနှင့်

ဆန်မောင်းနင်းရေ
သာယာအေးလေ၊ သာစွလေ"

ရခိုင်ကျေးလက်ကဗျာတစ်ပုဒ် ဖြစ်သည်၊ ခဝဲပွင့်ကုန်း တန်ဆောင်မုန်းလတွင် သံဃာတော် အရှင်မြတ်များအား ကထိန်သင်္ကန်း ကပ်လှူကြရာ ရခိုင်သူများ အရွယ်တူ လုံမပျိုချင်းရွှဲချင်းဆို၍ ပျော်ကြ ပါးကြသည်၊ အေးမြကြည်လင်သော လစန္ဒာအောက်တွင် ရခိုင်သူပျိုတစ်သင်းတို့ "ရွှဲ့ချင်း"ဆို၍ ဆန်ဖွပ်ကြသည်၊ မောင်းထောင်းကြသည်ဟု ယင်းကဗျာက ရှင်လောင်းလှည့်ရတု၏ ရခိုင်အမျိုးသားရေး ဒေးတစ်ပုဒ် အဖြစ် ထောက်ခံထားသည်၊ မြန်မာတို့ကဲ့သို့ ရှင်လောင်းလှည့်ရတုဟု ဘောင်ခတ်ထားခြင်း မရှိချေ၊ မြန်မာမှုနယ်ပယ်တွင် ဘောင်ခတ်ထားသော မြန်မာမှုများ ရှိသည်၊ အသုဘတွင် ဗြောမတီးရခြင်း, ရှင်ပြုမင်္ဂလာတွင် မျောက်မင်းအူသံ မတီးရခြင်း, ရှင်လောင်းလှည့်ရတုကို ရှင်ပြုမင်္ဂလာတွင်သာ သီဆိုရခြင်းများ ဖြစ်လေသည်။

"သူတော်စိတ်မှတ်၊ ဝါလကျွတ်သည်
ဆန်းလတ်ခါ လှူ့ရှာပွဲသဘင်။
ဆီမီး တန်ဆောင်၊ ပန်းတောင် ထီးပြင်၍။
သင်ပုတ်တင်၊ တံမြတ်ခတ်။
အင္ဂမီနှင့်၊ ပဥ္စသီကို၊ အညီစောင့်သုံး မှတ်၍။
ဒါနဝတ်၊ စွန့်ကြလှူ။
မင်းပွဲသဘင်၊ မြို့ပြင်တချို့လူက။



သေစာဟူ၊ သောက်ပြွန်းပြွန်း။
ကောင်းမှုလက်ဆောင်၊ ထမင်းထောင်ကို ဝန်း၍၊
အံ့ဖွယ်မှု အသံချီ။
လက်ခုပ်ဖြောက်ဖြောက်၊ ချင်းကောက် သံပြိုင်ဆို၍။
အလိုလို၊ သောသောရှ။
ဝါကျွတ်သဘင်၊ ပျော်မှုဆင်သည်၊ လူရှင်အစုပုံနှင့်။
ယစ်ဝမူး အော့အန်ကာ။
တချို့ကလဲ၊ တချို့ကွဲသည်၊ တချို့ရန်ခိုက်ရှာ၍။
ကချို့သာ ပြစ်တင်ကုန်။
ပိန်းပေါင်းခရာ၊ စည်ဒုပ္ပာနှင့်၊ ပတ်သာမြို့လုံးခြုံမျှ။
ကခြေမှု ပတ္တလာ။
စောင်းညှင်းပြည့်သာ၊ တူရိယာသည်၊ လူ့ရှာ
သဘင်များနှင့်။
တသောသော ထမင်းထောင်။
လိုဏ်ဂူထွတ်ထား၊ ဘုရားပါးရောက်အောင်တည့်"[၁]

ရခိုင်တို့၏ လူမှုယဉ်ကျေးမှု ကဏ္ဍတစ်ခုဖြစ်သော ထမင်းထောင်ပွဲ အကြောင်းကို ရခိုင်စာဆိုကြီး ဥက္ကာပျံက "ရွှဲ့ချင်း"ဖြင့် ဂုဏ်ပြု မှတ်တမ်းတင်ခဲ့ခြင်း ဖြစ်သည်၊ ထမင်းထောင်ဟူသည် ထမင်းကို ထောင်းခြေ၍ လင်ပန်းအလယ်တွင် စေတီကဲ့သို့ ပြုလုပ်ထားခြင်းကို ဆိုလိုသည်၊ ယင်းထမင်းထောင်စေတီကြီးကို ထမင်းထောင်စေတီငယ်များ ပတ်ပတ်လည် ခြံရံ

၁။ မြန်မာ့စာပေနှင့် ရခိုင်ယဉ်ကျေးမှုအဖွင့်၊ ၁၄၃။

ထားလိုက်သေးသည်၊ ရခိုင်ပြည်သူတို့သည် ယင်းထမင်းထောင်ပွဲများကို သီတင်းဝါလကျွတ်သောအခါ ကျင်းပလေ့ရှိသည်၊ စေတီပုထိုးများကို ထမင်းထောင်များဖြင့် ပူဇော်ရင်း ရခိုင်ပြည်သူတို့ ပျော်ကြ ရွှင်ကြခြင်း ဖြစ်သည်။

မြန်မာနိုင်ငံကို နှစ်ပေါင်းတစ်ရာနီးပါး လက်ဝါးကြီးအုပ်၍ ဂုတ်သွေးစုပ်ခဲ့သော နယ်ချဲ့အင်္ဂလိပ်သည် သီတင်းကျွတ်လများတွင် မြန်မာတို့တတွေ ပျော်ရွှင် မြူးထူးတတ်ကြပုံကို လေ့လာအကဲခတ်၍ **"သီတင်းကျွတ်လ ဗမာရူးသောလ"**ဟု မှတ်ချက်ချခဲ့သည်၊ အမှန်လည်း သီတင်းကျွတ်လသည် ဗမာရူးသောလဖြစ်ချေသည်၊ မြန်မာတစ်ပြည်လုံးရှိ မြေပြန့်သားရော, တောင်ပေါ်သားပါ သီတင်းကျွတ်လတွင် တိုင်းရင်းသား ရိုးရာ ယဉ်ကျေးမှုအလိုက် ပျော်ရွှင်မြူးထူးတတ်ကြသည်၊ မြန်မာနိုင်ငံသည် ဗုဒ္ဓဘာသာနိုင်ငံဖြစ်သည့်အားလျော်စွာ ဝါကျွတ်တိုင်း ဝါကျွတ်တိုင်း ဗုဒ္ဓဘာသာရဟန်းတော်များအား ဝါကျွတ်ပွဲသဘင်များ ကျင်းပ၍ ပူဇော်ကန်တော့လေ့ ရှိကြသည်၊ တစ်ဝါတွင်းလုံး တရားဓမ္မ ဟောပြခဲ့သော ရွာဦးကျောင်း ဘုန်းတော်ကြီးအား ပူဇော်ကန်တော့ရင်းဖြင့် မြန်မာတို့တတွေ မြူးတူးတတ်ကြသည်၊ သီတင်းကျွတ်တိုင်း ပျော်ပွဲရွှင်ပွဲများကို ထိတွေ့နေရသော အင်္ဂလိပ်က "သီတင်းကျွတ်လ ဗမာရူးသောလ"ဟု မှတ်ချက်ချခဲ့ခြင်း ဖြစ်သည်။

ရခိုင်ပြည်တွင် ရှင်လောင်းလှည့်ရတုများ ယင်းသို့ ဆက်လက်စီးဆင်းနေခဲ့သော်လည်း မြန်မာနိုင်ငံ အင်းဝတွင် သက္ကရာဇ်



- ၁၀၀၀,ပြည့်သည့်တိုင် နိုးကြားပြီးဖြစ်သော ရှင်လောင်းလှည့်ရတုကို အစအန မတွေ့ရချေ၊ ရှင်လောင်းလှည့်ရတုကို မြန်မာနိုင်ငံသို့ သယ်ဆောင်လာခဲ့သူမှာ အမတ်ကြီး ဥက္ကာပျံ ဖြစ်သည်၊ အမတ်ကြီး ဥက္ကာပျံသည် မြန်မာသက္ကရာဇ်-၉၁၇, ခုနှစ်တွင် မြန်မာနိုင်ငံ အင်းဝသို့ သံခင်း တမန်ခင်း အဖြစ် ပထမဆုံး ရောက်ရှိ လာခဲ့သည်၊ ရခိုင်စာဆိုကြီး ဥက္ကာပျံသည် အင်းဝတွင် မြန်မာစာဆိုကြီး နဝဒေးကြီးနှင့် ဆုံဆည်းခွင့် ရရှိခဲ့သည်၊ ပညာရှိအချင်းချင်း စာပေယဉ်ကျေးမှုများ နီးနှော ဖလှယ်ခွင့် ရရှိခဲ့ကြသည်၊ ယင်းသို့ ရရှိခဲ့ပုံများကို နဝဒေးကြီး ရေးသားသော **"မမျှသောင်းထောင်"**ချီအဖြည့်ခံ ရတုက ထောက်ခံလျက် ရှိပေသည်၊ ယင်းအဖြည့်ခံရတုတွင် ရခိုင်စာဆိုကြီး ဥက္ကာပျံက **"မရကြောင်းဆောင်"**ချီ ရတုဖြင့် ဖြည့်စွက်ပေးခဲ့လေသည်၊ စာဆိုအချင်းချင်း နီးနှောဖလှယ်ခွင့် ရရှိသဖြင့် နှစ်နိုင်ငံ စာပေယဉ်ကျေးမှုများလည်း အချင်းချင်း ပေါင်းကူးယှက်နွယ်လာကြမည်မှာ ယုံမှားဖွယ် မရှိချေ၊ သို့ဖြင့် **"ရှင်လောင်းလှည့်ရတု"**သည် မြန်မာနိုင်ငံ အင်းဝတွင် အမြစ်တွယ်ခွင့် ရရှိခဲ့လေသည်။

သို့တစေ ရှင်လောင်းလှည့်ရတုကို မြန်မာနိုင်ငံ အင်းဝတွင် ရှင်သန်ကြီးပွားအောင် ဆက်လက်ပြုစု ပျိုးထောင်ရမည့် စာဆိုတော် နဝဒေးကြီးသည် ဥက္ကာပျံနှင့် တွေ့ချိန်တွင် အိုမင်းရင့်ရော်လျက် ရှိချေပြီ၊ စာဆိုတော်နဝဒေးကြီးအနေဖြင့် ရှင်လောင်းလှည့် ရတုများ ရေးသားခဲ့သည့် မှန်စေဦး၊ ယင်းခေတ် ယင်းအခါက အင်းဝပြည်သူတို့အနေဖြင့် ရှင်လောင်းလှည့်ရတုကို

"**ခေတ်စမ်း ရတု**"အဖြစ်လောက်သာ အသုံးချကောင်း ချခဲ့ပေ မည်၊ ယင်းသို့ ဖြစ်ရသည်မှာ သဘာဝကျလှသည်၊ သက်ရှိ သက်မဲ့ အရာဝတ္ထု အားလုံးသည် အခြေအမြစ် မခိုင်မာ အစိုင်အခဲတစ်ခုအဖြစ် ခိုင်ခိုင်မာမာ ရပ်တည်ခွင့် မရသည်မှာ ယင်းတို့၏ ဖြစ်မြဲ သဘာဝမမွ တစ်ခုပင် ဖြစ်သည်။

ရှင်လောင်းလှည့်ရတု တစ်ခေတ်ဆန်းချိန် ဝက်မစွပ် နဝဒေး တို့ခေတ်တွင် ရှင်လောင်းလှည့်ရတုများ ပြန်လည် ဆန်းသစ် လာသည်၊ ရှင်လောင်းလှည့်ရတုကို ပြန်လည်ဖော်ဆောင်ရ တွင် နဝဒေးအနေဖြင့် က.မ.ချ.ကပင် ပြန်လည်ဖော်ဆော ခဲ့ရဟန်ရှိသည်၊ နဝဒေးသည် မြန်မာနိုင်ငံစာပေသမိုင်းတွ အဦးအစဖြစ်သော အိမ်ရှေ့မိဖုရားစောပြည့်ညို၏ "**သိန်ကန် မိန့်တွင်**"ချီ ရှင်လောင်းလှည့် ရတုကို လိုက်၍ ဖော်ဆောင်ခဲ့ သည်ကို လေ့လာ တွေ့ရှိခဲ့ရသည်၊ နဝဒေး၏ အလိုက်ရတုမှ "သိမ်ကန်ကုန်ပြီ" အစချီသည်၊ ဝက်မစွပ် နဝဒေးခေတ်တွ လူလည်း ကျန်းမာ ခေတ်လည်း သာသဖြင့် ရှင်လောင်း လှည့် ရတုများ မြန်မာနိုင်ငံတွင် အခြေအမြစ် ခိုင်ခိုင်မာမာနှင့် ဝေဝေ ဆာဆာ ဖူးပွင့် ရပ်တည်စေနိုင်ခဲ့သည်၊ နဝဒေးနောက်တွ အလောင်းတော် သိဒ္ဓတ္ထမင်းသား တောထွက်ခန်းရတု အမည်မသိ စာဆိုတစ်ဦးက ဆက်လက် ဖော်ကျူးခဲ့လေသည် ယင်းရတုကား "**ပုလဲရတနာ၊ ဝေဠုယာ**"[၁] အစချီသည်။

ယင်းရှင်လောင်းလှည့်ရတုတွင် မြန်မာ့အသံ မြန်မာ့ဟန်မျာ

၁။ မြန်မာစာညွန့်ပေါင်းကျမ်း၊ ဒု-တွဲ၊ ၂၂၁။



ပါလာသည်ကို လေ့လာ တွေ့ရှိရသည်၊ ရှင်လောင်းလှည့်ရတုကို ရှိုင်တို့ကဲ့သို့ စင်းချော ရိုးရိုး မစပ်ဆိုဘဲ ရှင်လောင်းလှည့်ရတု များအကြားတွင် အချိုးများ ညှပ်၍၊ ညှပ်၍ သီဆိုလာကြသည် ကို လေ့လာ တွေ့ရှိရသည်၊ ယင်းအချက်များဖြင့် ရရှိုင်နှယ် ရှိုင်ဖွား ရှင်လောင်းလှည့်ရတုကို မြန်မာ့ဇာတ်စနစ်သို့ "**အပြီး အပိုင် သွတ်သွင်းလိုက်ခြင်း**"ဟု ကောက်ချက် ချနိုင်သည်၊ မည်သို့ဆိုစေ ရှင်လောင်းလှည့်ရတုသည် မြန်မာ့အသံ မြန်မာ့ ဟန်ဖြင့် အရှိန်အဟုန် မြင့်တက်၍ လာခဲ့ခြင်းကိုကား စာပေ ပညာရှင်တိုင်းက လက်ခံ အတည်ပြုကြပြီး ဖြစ်သည်။ ရှင်လောင်း လှည့်ရတုသည် ခေတ်စမ်းရတု အနေအထားမျိုးတွင် ရပ်တည် မနေတော့ဘဲ မြန်မာ့အမျိုးသားရေး ရတု အဖြစ် တစ်ဆင့်တက် ကာ အခိုင်အမာ ရပ်တည်လာနိုင်ခဲ့သည်၊ အမျိုးသားရေးရတု အဖြစ် အခိုင်အမာ ရပ်တည်လာခြင်းများကို မန်လည်ဆရာတော် ရေး ရှင်လောင်းလှည့် ရတုများက ယုတ္တိ ထူခဲ့ပြီး ဖြစ်သည်။

"ဩော်... လူတို့ပြည်မှာ၊ နေသည့်ထက်ပင်၊ သေမည့် ကြောင်းက ကောင်းလိမ့်ထင်။ တစ်လင်စီပ၊ လူတို့ဓမ္မတာ၊ သည်ခြင်းရာကို၊ မှန်စွာပင် ရှိချေ့ငဲ့တော့။ ရေးသည့်ဖူးစာ၊ သူတကာနှင့်၊ မူရာကွဲပြား၊ နှမလေးမယ့်ဖြစ်တွေမှာ၊ သားရေး နားနှင့် ညားရသည်သာ၊ သမ္ဘာရာရည်၊ သူ့စိန် အားငယ်နှင့် အမယ်နှင့်ပ၊ ဟိုရင်စက၊ သီလသမာ၊ မဂ္ဂါ ထယ်ထယ်၊ ဆရာတင်မူ၊ မင်ဖိုလ်ရွှယ်ကို၊ ကိုးကွယ်ပြုလို့၊ ယခုစောလျှင်၊ ထိုသူ့ လင်ကို၊ ကိုယ့်လင်မယ် ကိုယ်ရေး

ရှုပ်စေတော့၊ လင်လုပ်ရမယ်၊ လင်သင်းသိက တောင်ဇမ္ဗူမှာ၊ သည်လင်လို ဘယ်ရမတုန်း၊ ကြိုရတဲ့မယ့် ကံခေခြောက်လွန်းတင်၊ ကြိုးခွေနှင့်၊ ခုမနေဖြစ် ချင်တိုင်းပါ၊ ရွာတောင်က ညောင်ပင်စောင်းမှာ၊ တစ်ပိုင်းစီ လည်မှာဆွဲလို့၊ သည်လင်ကို ရှောင်ကာကွဲရအောင်၊ ကြိုးဆွဲကာသေတော့မယ်လေး။[၁]

မန်လည်ဆရာတော်ရေး ဆာဝါဥပကာရှင်လောင်းလှည့်ရတုမှ ငိုချင်းတစ်ပုဒ်ဖြစ်သည်၊ မန်လည်ခေတ်တွင် ရှင်လောင်းလှည့်ရတုများ ပိုမို မြန်မာ ဆန်လာပြန်သည်၊ ရှင်လောင်းလှည့်ရတုများအကြားတွင် အချိုးများညှပ်၍ သီဆိုလာရုံမက ငိုချင်းများပါ ညှပ်၍ သီဆို လာပြန်သည်၊ ဤသည့်အချက်များကပင် မြန်မာ့ဟန်ကို ပိုမို ပီသစေခဲ့သည်၊ မြန်မာပြည်သူများကလည်း လိုလိုချင်ချင် တွင်တွင်ကျယ်ကျယ် အသုံးပြုလာကြသည်၊ ဤနည်းဖြင့် ရခိုင်ယဉ်ကျေးမှု ရှင်လောင်းလှည့်ရတုသည် မြန်မာ့ယဉ်ကျေးမှု ရှင်လောင်းလှည့်ရတု အဖြစ်သို့ အသွင်ကူးပြောင်းလာနိုင်ခြင်း ဖြစ်သည်၊ သို့ရာတွင် မျက်နှာစိမ်းညော့်သည်ကို အိမ်ရှင်က နှစ်လို့အားရ ဝမ်းပန်းတသာ လက်ကမ်းကြိုဆိုလိုဟန် မရှိချေ။

"လင်္ကာအပါအဝင် ရတုတွင် ရှင်လောင်းလှည့်ရတုမှာ မပါမဝင် မစပ်မဆိုင်ဖြစ်သည်၊ ရှင်လောင်းလှည့်ရတု၏ အတွင်း စာသွားများမှာ လေးလုံးစပ်မဟုတ်သည် သာမက

၁။ မန်လည်ရတုပေါင်းချုပ်၊ ၁၄၄။



အစအချလည်း လိုရာစ၊ ချသည့်ပြင် သတ်ပုံကာရန်လည်း မမှန်မစောင့်။ ရတုခေါ်ပုံချင်းတူသော်လည်း လွှတ်တော်၊ အတွင်းတော် အသွင်းအထုတ် မှာတမ်းများနှင့် ရည်းစားပေး မှာတမ်းကဲ့သို့ ဖြစ်သည်"[၁]

ပုဂံဝန်ထောက်မင်း ဦးတင်၏ မှတ်ချက်ဖြစ်သည်၊ ဤနေရာတွင် ဦးတင်၏ မှတ်ချက်ကို စောကြောလိုသည်၊ ရှင်လောင်းလှည့် ရတုသည် အခြားသော ရတုများကဲ့သို့ လေးလုံးစပ် မဟုတ်သည်ကား အမှန်ပင် ဖြစ်သည်၊ ဇီးကွက်၏ မြည်ပြသဖြင့် "**ဘာငှက်လဲ**"ဟု မေးစရာပင် မလိုချေ၊ သူ့ခြေထောက်ပေါ်တွင် "**ရှင်လောင်းလှည့်ရတု**"ဟု ကြေးကြော်မာစ်အော်၍ မလှုပ်မယိုင် မြဲခိုင်စွာ ရပ်တည် နေနိုင်ခြင်းကပင် သူ့ပုံ, သူ့ဟန်, သူ့ဇာတိ မာန်များကို ဖော်ကျူးနေပြီး ဖြစ်သည်။

ရှင်လောင်းလှည့် ရတုတွင် မှာတမ်းများ, သမီးရည်းစား နိမိတ်ပုံများ ပါရှိနေခြင်းသည် ရှင်လောင်းလှည့် ရတု စီးဆင်းထွက်ပေါ်ရာ အခြေခံ မြစ်ဖျားကြောင့်ပင် ဖြစ်သည်၊ ယင်း၏ အခြေခံ မြစ်ဖျားကို ခြေရာခံ သုံးသပ်သော် သူ့ပုံ, သူ့ဟန်, သူ့ဇာတိမာန်များကို လက်ခံ သဘော ကျနိုင်ပေမည်၊ "ရတု" ဟု ဆိုသဖြင့် အခြားသော လေးလုံးစပ် ရတုများနှင့် နှိုင်းစာကြည့်ရှုရာ၌ သဘာဝနှင့် ဝိရောဓိ ဖြစ်သော ရလဒ်သာ အဖြေထွက်ပေမည်။

ကုသမင်းသား၏ ရုပ်တုကို "**ရုပ်တု**"ဟု ဆိုကာမျှဖြင့်

၁။ ကဗျာဗန္ဓသာရကျမ်း၊ ၄၁။

ပဘာဝတီ၏ ရုပ်တုနှင့် နှိုင်းစာကြည့်ရှုခြင်းသည် သဘာဝနှင့် ဝိရောဓိ ဖြစ်သည်၊ ကုသမင်းသား၏ ရုပ်ဆင်းသွင်ပြင်သည် အရုပ်ဆိုး အကျည်းတန်သော်ငြားလည်း ကုသမင်းသား၏ ယောက်ျားပီသမှု၊ ဖွဲလုံ့လရှိမှု၊ စွမ်းရည်ထက်မြက်မှုတို့နှင့် နှိုင်းစာကြည့်ရှုလိုက်ပါက ချောမောလှပသော ကုသမင်းသား၏ ရုပ်ဘာဝကို အလှအပအဖြစ် တွေ့မြင်ရမည် ဖြစ်သည်။

ရှင်လောင်းလှည့် ရတုတွင် ယင်းသို့သော ရုပ်ဘာဝနှင့် အလှအပများ ရှိပေသည်၊ မြန်မာစာပေသမိုင်းတွင် မြန်မာတို့၏ ထန်းနှင့် တောင်ယာ အကြောင်းကို တျာဘွဲ့များက ပြောပြသလို ရခိုင်တို့၏ လယ်ယာကဏ္ဍနှင့် ယဉ်ကျေးမှုကဏ္ဍများကို ရှင်လောင်းလှည့် ရတုများက ပြောပြလျက် ရှိသည်၊ ပုထုဇဉ်တို့၏ လောကစရိုက်သည် အလိုက်အထိုက် ဖြစ်တတ်မြဲ ဓမ္မတာ ဖြစ်သည်၊ ဤမျှလောက်သာ ဆိုချင်သည်၊ မြန်မာ့စာပေသမိုင်းတွင် ဆင်းရဲသား ကျေးလက်ပြည်သူတို့ ဘဝကို ဖော်ကျူးသော မြန်မာ့စာဆိုများကို ဆန်းဆန်းစစ်စစ် ရေတွက်ကြည့်ပါက မြန်မာ့စာဆို **“ဝန်ကြီးပဒေသရာဇာ”**နှင့် ရခိုင်စာဆိုကြီး **“ဥက္ကာပျံ”**သာ ရှိသည်၊ စာဆိုကြီးများသည် ပုထုဇဉ်ကြီးများ ဖြစ်သော်လည်း ရွှေထီး ရွှေနန်း ရွှေကြငှန်း၏ မဟာရံတံတိုင်း အပြင်ဘက်မှ စလူမိုးနှင့် ကျူရိုးလျှင် အကာရှိသော ဆင်းရဲသား ကျေးလက် ပြည်သူတို့ဘဝကို မေ့ပျောက်ခဲ့ခြင်း မရှိချေ။

ဆင်းရဲသား ကျေးလက်ပြည်သူတို့ဘဝကို ဖော်ကျူးရာတွင် မြန်မာစာဆိုကြီး ဝန်ကြီးပဒေသရာဇာက **“တျာဖွဲ့”**များဖြင့် ဖော်ကျူး၍ ရခိုင်စာဆိုကြီးဥက္ကာပျံက **“ရှင်လောင်းလှည့် ရတု”**များဖြင့် ဖော်ကျူးခဲ့သည်။



“နန်းသား ပစ်စုံ၊ ကမြူးခုန်သည်၊ ကဆုန်လွှန်။
ပေါ်ဆန်းပြ နယုန်လ။
သမုဒ်ရီယဉ်၊ တောင်လီဆင်၍၊ ကောင်းကင်မှိုင်းဝီ
မျှတည့်။
သွန်ဆင်းကျ ရွာပြန်လှာ။
သောင်းဇမ္ဗူဝယ်၊ ရှင်လူမျိုးလေးဖြာတို့။
ထွန်သွားရှာ ကျွဲနွားတတ်။
လယ်ချောင်းတောတောင်၊ လုပ်ဆောင်မျိုးချလတ်က
ဆွတ်ဆွတ် ပူလောင်ဝီ”[၁]

ထီးရိပ် နန်းရိပ် ကြငှန်းရိပ်တွင် အဖိုင့်သား ယစ်မူးရင်း မေ့ပျောက် မနေဘဲ မိမိဆန္ဒ၏ ဆော်ဖန်ရာ ဆင်းရဲသားကျေးလက်ပြည်သူများ ဘဝဆီသို့ ဥက္ကာပျံ တစ်ယောက် ကလောင်ဖြင့် ရောက်ရှိသွားခဲ့သည်၊ ဆင်းရဲသားကျေးလက်ပြည်သူများ ဘဝဆီသို့ ဥက္ကာပျံ ရောက်ရှိသွားခဲ့ခြင်းကို ဝန်ကြီးပဒေသရာဇာသည်ပင် **“ကလောင်ဖြင့် အလေး ပြုခဲ့ရသည်”**ဟု ဆိုရအံ့ထင်သည်၊ အဘယ်ကြောင့်နည်း၊ ဥက္ကာပျံသည် ဆင်းရဲသား အောက်ခြေ လူတန်းစားဘဝကို ကလောင်ဖြင့် မြှင့်တင်ရာတွင် ဝန်ကြီးပဒေသရာဇာထက် လက်ဦးမှု ရယူနိုင်ခဲ့သောကြောင့်

---

၁။ မြန်မာစာပေနှင့် ရခိုင်ယဉ်ကျေးမှုအဖွင့်၊ ၉၆။
(ရီ+ရေ။ လီ+လေ။ ဝီ+ဝေ)။

ဖြစ်သည်။

ရခိုင်မျိုးဆက်ဖြစ်သော ဥက္ကာပျံက ရခိုင်ပြည်သူများကို ကျော်လွန်၍ ကမ္ဘာပြည်သူများကို **"သောင်း ဇမ္ဗူဝယ်၊ ရှင်လူမျိုး လေးဖြာတို့"**ဟု ကိုယ်စားပြုထားလိုက်သည်၊ ကဆုန်နယုန်လများတွင် မိုးများရွာသွန်းသဖြင့် ထွန်ရေးငင်ရန် ထွန်သွားရှာ ကျွဲနွားတတ်၍ လယ်ယာလုပ်ငန်းများတွင် မျိုးစေ့ချရင်း ပင်ပန်းရှာကြသော ရခိုင်ပြည်သူများမှ ပစ္စည်းဆက်ကာ ဥက္ကာပျံ၏ နှလုံးသည်းပွတ်တွင် ကမ္ဘာပြည်သူများ ထင်ဟပ်လာခဲ့ရာမှ ဤမည်သော ရှင်လောင်းလှည့်ရတု (သို့မဟုတ်) ရွှဲ့ချင်းများ ပေါက်ဖွား လာခဲ့သည်၊ ထီးရိပ် နန်းရိပ် ကြငှန်းရိပ်တွင် အဖိုင့်သား နေရငြားလည်း ဆင်းရဲသား ကျေးလက်ပြည်သူများဘဝကို ဥက္ကာပျံ မမေ့ဆိုခြင်းကို **"ရွှဲ့ချင်း"**များက သက်သေပြုလျက်ရှိသည်၊ ရှင်လောင်းလှည့် ရတုကား ဤသို့လျှင် လှပကြော့ရှင်း ခြောက်ပစ်ကင်းခဲ့သည်။

"ပုလဲ ရတနာဝေဠုယာ။ ။သမ္ဘာဗွေထဲ၊ ရောင်မစဲ
သည်၊ ရည်ရွှဲ ယိုလုလုနှင့်။ ။ဗုဒ္ဓကုံ လောင်းစကြာ။ ။
အာဏာ ပြန့်ကြောင်း၊ လွှဲမစောင်းသည်၊ ယူညောင်း
ဆင်ယင်ကာနှင့်၊ လေးဒီပါ သူအပေါင်း၊ ဆယ်ချောင်း
ဦးနှိမ်၊ အသမ္ဘိန်သည်၊ ဘေဟိန်ရိုက်ကာညောင်း၍"[၁]

သိဒ္ဓထမင်းသား တောထွက်ခန်းရတုမှ တစ်စိတ်တစ်ဒေသသော အဖွဲ့ဗန္ဓများ ဖြစ်သည်၊ ရှင်လောင်းလှည့်ရတုသည်

၁။ မြန်မာစာညွန့်ပေါင်း၊ ဒု-တွဲ၊ ၂၂၃။



အခြားသောရတုများကဲ့သို့ပင် ကာရန်များလည်း ရှိသည်၊ ဒွေးချိုး, တြိချိုး, လေးချိုးများကဲ့သို့ အခံပိုဒ်၊ အအုပ်ပိုဒ်များလည်း ပါရှိသည်၊ အခြားသော ရတုများတွင် အဖြတ်အစပ်ဆိုင်ရာ စည်းစနစ်များ ပါရှိသကဲ့သို့ စည်းစနစ်များလည်း ပါရှိသည်။

"ပုလဲရတနာ ဝေဠုယာ"ဟူသော အခံပိုဒ်တွင် **"နာ၊ ယာ"**များသည် ပါဒန္တ ကာရန်များပင် ဖြစ်ကြသည်၊ **"သမ္ဘာဗွေထဲ၊ ရောင်မစဲသည်၊ ရည်ရွှဲ ယိုလုလုနှင့်"**ဟူသော အအုပ်ပိုဒ်တွင် **"ထဲ၊ စဲ၊ ရွှဲ"**ဟူသော ကာရန်များသည် အခံအုပ်ရတု တစ်ပိုဒ်၏ ဝမ်းတွင်း ကာရန်များပင် ဖြစ်ကြသည်။ **"ယာ"**ဟူသော အခံပိုဒ် အဆုံးကာရန်ကို **"ဘ္ဘာ"**ဟူသော အအုပ်ပိုဒ်ကာရန်က အုပ်သည်၊ အခံအအုပ် တစ်စုံကို **"ရတုပိုဒ်စုံ"**ဟူ၍ ပင်ခေါ်သည်၊ အချိုးတစ်ခုဟူ၍လည်း ခေါ်ဆိုကြသည်၊ ပထမချိုး အအုပ် ပိုဒ်၏ **"လု"**ဟူသောအဆုံးကာရန်ကို ဒုတိယချိုးဖြစ်သည့် **"ဗုဒ္ဓကုံ လောင်းစကြာ"**ရှိ **"ကုံ"**ဟူသော ကာရန်ဖြင့် ချိတ်ဆက်ထားသည်။

ရှင်လောင်းလှည့် ရတုတွင် အခံအအုပ် နှစ်ပိုဒ်ဆုံးမှ အရံ အမျိုးသားနှင့် အမျိုးသမီးများက **"ရှိုး"**ဟု လိုက်ကြရသည်၊ ရှင်လောင်းလှည့် ရတု၏ ဝိသေသလက္ခဏာများသည် အခံပိုဒ် အဆုံးကာရန်ကို ဒီဃသံနှင့် ထားခြင်း, အအုပ်ပိုဒ် အဆုံးကာရန်ကို ရဿသံနှင့် ထားခြင်းနှင့် ရတုတစ်ပိုဒ်လုံး၏ အဆုံးတွင် **"လေး"**ဟု ချရခြင်းများ ဖြစ်ကြသည်၊ ဤသို့လျှင်

ရှင် လောင်းလှည့် ရတုသည် စည်းစနစ်များ ရှိပေသည်၊ ဤရွေ့ ဤမျှလောက်ဖြင့် အရုပ်ဆိုး အကျည်းတန်လှသော ကုသမင်း သား၏ ရုပ်ဘာဝကို အလှကေရီ ပဘာဝတီမင်းသမီး လက်ခံ သဘောကျနိုင်လောက်ပြီဟု ယုံကြည်မိပါသတည်း။

❖ ❖ ❖

**အစားမထိုးရ**

◆◆◆◆◆

သက်ကြီးရွယ်အိုတို့ရဲ့ဘဝ အတွေ့အကြုံရင့်ကျက်မှု အသိဉာဏ်ဆိုင်ရာ ပညာရပ်များနေရာတွင် လူငယ်၊ လူရွယ်တို့ရဲ့ နုနယ်တဲ့ ဘဝအတွေ့အကြုံ အသိဉာဏ် ဆိုင်ရာ ပညာရပ်တို့နှင့် ပြုပြင်ပြောင်းလဲ အစားထိုးသုံးစွဲ၍ မရစကောင်း ပါဘူး"

***"သက်ကြီးပူဇော်ပွဲ" [ဆောင်းပါး]**

Y.M.B.A အသျှင်ဝိသုတာဘိဝံသ

သူ့ဘဝ, သူ့စာ၊ စာ-၇၃။



ဆွဲမှ ရွှေသို့

## ၁၀။ ဆွဲမှ ရွဲသို့

ရှင်လောင်းလှည့်ရတု၏အဆုံးတွင် **"ရှိုး"**ဟု လိုက်ကြခြင်းသည် ဒေသအသီးသီးတွင် မတူကွဲပြားခြားနားလျက်ရှိသည်ကို လေ့လာတွေ့ရှိရသည်၊ ကွဲပြားလျက်ရှိသော ဘာသာဗေဒများကို စုစည်းကြည့်လျှင် **"သံရှည်"**နှင့် **"သံပြတ်"**ဟု နှစ်မျိုးသာ တွေ့ရှိရသည်၊ ပထမအမျိုးအစားတွင် **"ရှိုး၊ ရွှေး၊ ရွှဲ"**ဟူသော ဘာသာဗေဒများ ပါဝင်သည်၊ ဒုတိယအမျိုးအစားတွင် **"ရွှဲ၊ ရှက်၊ ရှုတ်"**ဟူသော ဘာသာဗေဒများ ပါဝင်သည်၊ ယင်းဘာသာဗေဒများသည် **"တစ်ဦးခေါင်း တစ်ပညာ, တစ်ကျောင်း တစ်ဂါထာ တစ်ရွာ တစ်ပုဒ်ဆန်း"**ဟူသော လောကဥဒါန်းအရ ဖြစ်ပေါ်တိုးတက်နေသော ဖြစ်စဉ်မျှသာ ဖြစ်သည်။

ဤတွင် ယုတ္တိတန်သော ဖြစ်စဉ်နှင့် မှန်ကန်မှုနှင့် အနီးစပ်ဆုံးသော ဖြစ်စဉ်ကို ရှာဖွေဆန်းစစ်သင့်လေသည်၊ ယင်းဖြစ်စဉ်များနှင့် ပတ်သက်၍ စာပေ မှတ်တမ်း မှတ်ရာများတွင် **"ရှိုး"**ဟု တွေ့ရှိရသည်၊ ရှင်လောင်းလှည့် ရတုကိုလည်း **"ရှိုးလိုက်ရတု"** ဟူ၍ပင် ဆိုမိန့်ထားလေသည်၊ **"မှတ်တမ်း"**ဟူသည် စာပေ



တစ်ခု၏ စုစည်းမှု တစ်ခုသာလျှင် ဖြစ်သည်၊ ယင်းမှ တစ်ဆင့်တက်၍ မှတ်တမ်းများတွင် မှတ်တမ်းပြုစုသူ၏ တက္ကိဆိုင်ရာ အယူအဆ ဒေသိယ ဝေါဟာရနှင့် လေ့ထုံးတမ်းများ ပါဝင်ရောယှက်လျက် ရှိသည် ဆိုခြင်းကိုလည်း အလေးမူရမည် ဖြစ်သည်။

**"တူရှင်းလက်ပက်၊ တူးဆွယက်၍"**[၁]ဟူသော စာပိုဒ်ကို နမူနာအဖြစ် လေ့လာ ဆန်းစစ် သင့်သည်၊ တူရှင်းဟူသည် မြေထိုး ကိရိယာတစ်ခု၏ အမည်နာမ ဖြစ်သည်၊ အဖျားတွင် ပြား၍ အရင်းတွင် အရိုး တပ်ဆင်ရန် အခေါင်း ပါသည်၊ ယင်းကိရိယာကို ဆုတောင်း ခန်းပျို့စာဆိုရှင်က သူ၏ဒေသတွင် ခေါ်ဝေါ်သုံးနှုန်းသည့်အတိုင်း "တူရှင်း"ဟု စပ်ဆိုထားခြင်း ဖြစ်သည်၊ စာပြုသူ၏ မိတ္ထီလာတွင် **"တူရှင်း"**ဟု ပြောလျှင် မည်သည့် ကိရိယာကို ပြောမှန်းပင် မသိချေ၊ မိတ္ထီလာက ယင်း မြေထိုးကိရိယာကို **"တလဘာ"**ဟု ခေါ်သည်၊ စာပေတွင် **"တူရှင်း"**ဟု ရှိရုံမျှနှင့် အမှန်ဟု မယူဆနိုင်သလို "တလဘာ" ဟု ပြောဆိုရုံမျှနှင့်လည်း အမှားဟု မပြောသာချေ။

စာပေ မှတ်တမ်းမှတ်ရာများတွင် **"ရှိုး"**ဟူသော အဆိုအမိန့်များသည် စာဆိုရှင်၏ ဒေသသုံးဝေါဟာရနှင့် လေ့စရိုက်မျှသာဖြစ်သည်၊ ရှင်လောင်းလှည့်ရတု စတင်သန္ဓေတည်ရာ ရခိုင်ပြည်ကပင် ရှင်လောင်းလှည့်ရတု၏အဆုံးတွင် **"ရွှဲ့"**ဟု လိုက်၍ ရှင်လောင်းလှည့် ရတုကိုလည်း **"ရွှဲ့ချင်း"**ဟု ခေါ်ဆို

---

[၁]။ ဆုတောင်းခန်းပျို့၊ ပိုဒ်– ၁၂၀။

ကြသည်၊ ရခိုင်တို့၏ ဘာသာဗေဒသည်လည်း **"တစ်ဦးခေါင်း တစ်ပညာ, တစ်ကျောင်း တစ်ဂါထာ, တစ်ရွာ တစ်ပုဒ်ဆန်း"** ဟူသော လောကဥဒါန်းအရ ဖြစ်စဉ် တစ်ရပ်မျှသာ ဖြစ်လေသည်၊ စင်စစ် ယင်းဘာသာဗေဒများသည် **"ဆွဲ"**ဟူသော ဝေါဟာရမှ ရွေ့လျော ပြောင်းလဲ လာခြင်းသာ ဖြစ်သည်၊ ယင်း ဘာသာဗေဒများတွင် **"ရွဲ"**ဟူသော ဘာသာဗေဒသည်သာ **"ဆွဲ"**ဟူသော မူလအသံနှင့် အနီးစပ်ဆုံး ဖြစ်သည်ကို လေ့လာ တွေ့ရှိရပေသည်။

ယင်းအဆိုကို ယုတ္တိဗေဒ ရှုကြည့်ရာတွင် ရှင်လောင်းလှည့် ရတု၏ အခြေခံအကြောင်းအရာကို လေ့လာ ဆန်းစစ်ခြင်း ကသာလျှင် မှန်ကန်သောယုတ္တိကို ပေးစွမ်းနိုင်ပေလိမ့်မည်၊ ရှင်လောင်းလှည့် ရတု၏ အကြောင်းခြင်းရာသည် သက်ဆိုင်ရာ မိဘနှင့် ဖနီးသက်နှံ ရည်းစားသနံများထံ ရှင်ပြုခွင့် ရပါမည့် အကြောင်း ခွင့်တောင်း, ခွင့်ပန် ပြုထားခြင်းများ ဖြစ်သည်၊ ယင်းအကြောင်း အရာကို စုစည်း၍ ကာရန်ဝါကျဖြင့် သီဖွဲ့ ထားခြင်းကို **"ရှင်လောင်း ရတု"**ဟု အမည်နာမ ပညတ်ထား ခြင်း ဖြစ်သည်၊ ရှင်ဖြစ်ချင်သူများက သားနှင့် လင်သား သက်နှံ ရည်းစားသနံများ ဖြစ်သည်၊ ရှင်မဖြစ်ချင်သူများက မိဘနှင့် ရည်းစားသနံ ဖနီးသက်နှံများဖြစ်သည်၊ ရှင်ဖြစ်ရေး ရှင်မဖြစ်ရေးများနှင့် ပတ်သက်၍ အိမ်ဦးကြမ်းပြင်တွင် နှစ်ဦး နှစ်ဝ ခေါင်းချင်းဆိုင် တိုင်ပင်ကြရသည်၊ ယင်းသို့ တိုင်ပင်ကြရာတွင် ကိုယ်လိုရာ ကိုယ်ဆွဲ၍ တိုင်ပင်ကြမည်ကိုလည်း



အလေးအနက် ထည့်သွင်း စဉ်းစားရပေမည်။

သားနှင့် လင်သားသက်နှံ ရည်းစားသနံများကလည်း မိမိ လိုရာ ရှင်ပြုရရေးဘက်ကိုသာ ဆွဲ၍ တိုင်ပင်တတ်ကြသည်၊ မိဘနှင့် ဖနီးသက်နှံ ရည်စားသနံများကလည်း မိမိတို့လိုရာ အတူတကွ ယှဉ်တွဲ နေထိုင်ရေး ရှင်မပြုရရေးဘက်ကိုသာ ဆွဲ၍ တိုင်ပင် တတ်ကြသည်၊ မိမိတို့အချင်းချင်း တိုင်ပင်၍ ညှိနှိုင်း၍ မရသော အခါမျိုးတွင် ပတ်ဝန်းကျင်ကို အကူအညီ တောင်းတတ်ကြ သည်၊ နားချစေတတ်ကြသည်၊ နားချသူများကလည်း နားချစေ သူများ၏ လိုရာကိုသာ ဦးတည်၍ လိုလျှင်လိုသလို ဆွဲ၍ နားချတတ်ကြမြဲ ဖြစ်သည်၊ ယင်းသို့ တိုင်ပင်ခြင်းသည် အိမ်ဦး ကြမ်းပြင်တွင် နှစ်ကိုယ်ကြား တိုင်ပင်ခြင်းမျှသာ ဖြစ်သည်။

ထိုထို ဤဤ အလီလီသော ဖြစ်ရပ်များသည် လောက လူသားများ အကြားတွင် တစ်နည်းမဟုတ်တစ်နည်း အမှန် တကယ် ဖြစ်ပျက်လျက် ရှိသည်၊ စာပေဇာတ်ခုံမှ ဖြစ်ရပ်များနှင့် လောကဇာတ်ခုံမှ ဖြစ်ရပ်များသည် လောကလူသားများ အကြားတွင် ဖြစ်ပျက်ခဲ့သော မူလဘူတ ဖြစ်စဉ်များသာ ဖြစ်သည်၊ ယင်းဖြစ်စဉ်များကို စာပေပညာရှင်နှင့် သဘင်ပညာရှင် တို့က လောကသားများ အတုယူ ရှောင်ကြဉ်ရန်နှင့် ဖျော်ဖြေမှု အစိတ်အပိုင်း တစ်ခုအဖြစ် ဖန်တီး တင်ဆက်ခဲ့ခြင်းသာ ဖြစ်သည်၊ အိမ်ဦးကြမ်းပြင်မှ နှစ်ကိုယ်ကြား တိုင်ပင်ခြင်းများသည် အိမ်သားများ အကြားမှ ပေါက်ဖွား ရှင်သန်လာခဲ့သော မူလ

ဘူတ ဖြစ်စဉ်များသာ ဖြစ်သည်။ ယင်းဖြစ်စဉ်များကို စာပေပညာရှင်က စာပေအသွင်ဖြင့် သရုပ်ဖော်၍ သဘင်ပညာရှင်က သဘင်အသွင်ဖြင့် သရုပ်ဖော်ခဲ့ခြင်းသာ ဖြစ်သည်၊ အိမ်ဦးကြမ်းပြင်မှ နှစ်ကိုယ်ကြား တိုင်ပင်ခြင်းများကို လောက ဖွယ်ရာ နားတန်ဆာများဖြင့် တန်ဆာဆင်၍ စာပေပညာရှင်ကြီးများက **"ရှင်လောင်းလှည့် ရတု"**အဖြစ် သရုပ်ဖော်ခဲ့လေသည်၊ စာပေဖြင့် သရုပ်ဖော်ထားခြင်းမှ တစ်ဆင့်တက်၍ အတင်ရတုဆိုသူက တစ်မျိုး, အချေရတုဆိုသူက တစ်နည်း, **"ဆွဲ"**ဟု အားပေးအားမြှောက်သူက တစ်သွယ်, အမယ်မယ်ဖြင့် ဇာတ်သဘင်များ အဟန့်, သရုပ်မှန့်, ဖော်လိုက်ကြပြန်သည်၊ တစ်နည်းဆိုရသော် အိမ်ဦးကြမ်းပြင်မှ နှစ်ကိုယ်ကြား တိုင်ပင်ခြင်းများကို ပရိသတ် ပွဲပြင်သို့ ဆွဲငင်တင်ပြလိုက်ခြင်းပင် ဖြစ်သည်။

အတင်ရတုကို အမျိုးသားက တာဝန် ယူရသည်၊ အချေရတုကို အမျိုးသမီးက တာဝန် ယူရသည်၊ အတင်ရတုတွင် ရှင်ပြုပါရမည့်အကြောင်း လောက လူမှုဆိုင်ရာများ ပါဝင်သည်၊ အချေရတုတွင် ရှင်ပြုခွင့် မပေးနိုင်ကြောင်း၊ လောက လူမှုဆိုင်ရာများ ပါဝင်သည်၊ အချေအတင် ရတုများကို အမျိုးသားနှင့် အမျိုးသမီးများအား သီဆိုစေခြင်းသည် ဇနီးမောင်နှံ ရည်းစားသနံများ၏ သရုပ်သကန်ကို ပေါ်လွင် ထင်ရှားစေလို၍ပင် ဖြစ်သည်၊ အတင်ရတုဆိုသူ အမျိုးသားဘက်တွင် အရန် အမျိုးသားများ ပါရှိ၍ အချေရတုဆိုသူ အမျိုးသမီးဘက်တွင်လည်း အရန်အမျိုးသမီးများပါရှိသည်၊ ယင်း လူပျိုရန်, အပျိုရန်



များသည် မိမိတို့ အမျိုးသား, အမျိုးသမီးများ သီဆိုအပြီးတွင် "ဆွဲ"ဟု သံပြိုင် အားပေး အားမြှောက် ပြုကြရသည်၊ "ဆွဲ"၏ အဓိပ္ပာယ်မှာ **"ကိုယ့်ဘက်ပါအောင် ဆွဲပါ"**ဟု အားပေး အားမြှောက် ပြုရခြင်း ဖြစ်သည်။

ယင်းသို့ **"ဆွဲ"**ဟု အားပေးအားမြှောက် ပြုခဲ့ရာမှ ကာလ ရွေ့လျောလာခဲ့သဖြင့် **"ရွှဲ"**ဟု အားပေး အားမြှောက် ပြုနေကြခြင်း ဖြစ်သည်၊ ယင်းယုတ္တိနှင့်ပတ်သက်၍ ရှမှ-ချ-ဆ-သို့ ပြောင်းလဲနိုင်သည်ကို သာဓက ယူသင့်လေသည်၊ ထို့ကြောင့် **"ရွှဲ"**သည် **"ဆွဲ"**မှ ပြောင်းလဲ လာခြင်း ဖြစ်သည်။

အိမ်ဦးကြမ်းပြင်မှ ရှင်ပြုရေးဆိုင်ရာ လူမှုပြဿနာများ ပရိသတ်ပွဲပြင်သို့ ဆွဲငင်တင်ပြခြင်း၏ အကြောင်းရင်းကလည်း မိဘနှင့် ဇနီးသက်နှံ ရည်းစားသနံများ, ရှင်ပြုရေးဆိုင်ရာ လူမှုပြဿနာများ, ဆိုက်လာသောအခါ ရှင်လောင်းလှည့်ရတုကို သောတဆင်ကြသည့် သောတရှင် ဇနီးသက်နှံ ရည်းစားသနံများအား ရှင်ပြုခွင့် ပန်ကြားတတ်ရန်နှင့် ရှင်ပြုခွင့် ပေးတတ်ရန်ကို နည်းပေးလမ်းညွှန်ထားလိုခြင်းကြောင့် ဖြစ်သည်။

❖ ❖ ❖



ရှိုးလိုက် စုံတွဲရုပ်

## ၁၁။ ရှိုးလိုက် စုံတွဲရုပ်

ရှိုးလိုက်ရှင်သောင်းလှည့်ရုပ်များသည် ဇနီးမောင်နှံ ချည်းစားသန်များ၏ ရှင်ပြုရေးဆိုင်ရာ လူမှုပြဿနာ တိုင်ပင်ဆွေးနွေးခန်းကို အခြေခံ၍ ပေါက်ဖွား ရှင်သန်လာခဲ့ကြသည် ဖြစ်ရာ ရှိုးလိုက်ရှင်လောင်းလှည့် ရုပ်တိုင်းလိုလိုပင် "**စုံတွဲရုပ်**"တွေချည်း ဖြစ်နေတတ်ကြောင်း အမြွက်မျှ တင်ပြခဲ့ပြီးဖြစ်ပါသည်။

ဤနေရာတွင် ဇနီးမောင်နှံ ချည်းစားသန်များ၏ ရှင်ပြုရေးဆိုင်ရာ လူမှုပြဿနာများ အချေအတင် တိုင်ပင်ဆွေးနွေးထားသော ကျေးလက်စုံတွဲရုပ်များကို လေ့လာရန် တင်ပြလိုသည်။

ရှင်ပြုရေးဆိုင်ရာ လူမှုပြဿနာများကို အချေအတင် တိုင်ပင်ဆွေးနွေးထားရာတွင် လင်သည်ကလည်း လင်သည်အလျောက်, ဇနီးသည်ကလည်း ဇနီးသည်အလျောက်, ချည်းစားသန်ကလည်း ချည်းစားသန်အလျောက်, ကိုယ့်ဘက်ပါအောင် ယက်တက်ကြသော ပုထုစဉ်တို့၏ လောကအမြင်ကို ကျေးလက်စုံတွဲရုပ်တွင် အထင်းသား တွေ့မြင်နိုင်သည်။

"လူမှုအလွန်ခက်လှစွာ"ဟူသော စာဆိုတစ်ဦး၏ အဆို အမိန့်ကဲ့သို့ လူမှုရေးကား အမှန်ပင် ခက်သည်၊ လူမှုရေး ခက်သည်ထက် လူဖြစ်ရရေးက အလွန်မှခက်သည်၊ လူ့သဘောကို သိ၍ တရားကပ်လွယ်သော လင်သားသက်နံ့, ရည်းစားသနံ များက **"သည်ဘဝ သည်မျှနှင့် အထုံရ အထုံမျှပါစေတော့"**ဟု အောက်မေ့ကာ ကြင်သူသက်ထား ချစ်မယားနှင့် ရည်းစား သနံများအား သင်္ကန်းစည်းခွင့် ပြုပါမည့်အကြောင်း ခွင့်တောင်း, ခွင့်ပန် ပြုသည်၊ ယင်းသို့သောအခါမျိုးတွင် **"မောင်သေလျှင် မယ်သေဝံ့ပါရဲ့၊ မောင်သွားလျှင် မနေရစ် ပါဘူး၊ သေွမပစ် လိုက်ခဲ့မယ်"**ဟုဆိုသော ကြင်သူသက်ထား ချစ်မယားနှင့် ရည်းစားသနံများက သဘောထား နုတတ်ကြသည်၊ **"သင်္ကန်း ဆင်မှု၊ နိဗ္ဗာန်နန်းခွင် ရသည်မဟုတ်၊ ပဥ္စသီငါးပါးကို ခါးဝတ်ပုဆိုးကဲ့သို့ မြဲက နိဗ္ဗာန် နန်းခွင် ရနိုင်ပါသည်"**ဟု ချစ်စဖွယ် ဆင်ခြေ လဲတတ်ကြသော အိမ်သူသက်ထား ချစ် မယားနှင့် ရည်းစားသနံများ၏ချစ်စဖွယ် ဆင်ခြေကလေးများကို လည်း ကျေးလက် စုံတွဲရတုတွင် တွေ့မြင်နိုင်ပေသည်။

(ကျား) ခက်လှပါချေရဲ့၊ အလှဂေါ်သဇင်...ဆွဲ။
နောက်နောင်ဘဝ၊ အထုံမျှအောင်၊ မောင်လှဝတ် ချင်ပါ၏...ဆွဲ။

(မ) သင်္ကန်းဆင်မှ၊ နန်းခွင် ရသည် မဟုတ်ပါ...ဆွဲ။
လူတို့ပဥ္စ၊ ငါးသီလကို၊ ထိန်းက ရောက်နိုင်ပါ၏...ဆွဲ။



(ကျား) ဆင်ခြေပေါလှချည့်၊ ပျိုချောမောင်ကြင်ရာ...ဆွဲ။
ခင်မောင်ရွှေသွေး၊ တောင်းပန်ရေးကို၊ ခွင့်ပေးပျိုး လွှတ်ပါတော့...ဆွဲ။

(မ) အနည်းနည်းရယ်နဲ့၊ မောင်ကြီးတောင်ပန်းရှာ...ဆွဲ။
ငိုကာမစဲ၊ မောင်ရွှေခဲ့သည်၊ ဖွတ်ဆွဲတကယ် မရှုံးနဲ့ လေး...ဆွဲ။[၁]

ရှင်ပြုရေးဆိုင်ရာ လူမှုပြဿနာများ အချေအတင် တိုင်ပင် ဆွေးနွေးကြရာတွင် ဇနီးသက်နံ့ ရည်းစားသနံများသည် ချစ်စဖွယ် ဆင်ခြင်ကလေးများဖြင့် တစ်လုံးပြီး တစ်လုံး ပစ်ပေါက်တတ်ကြ သည်၊ ယင်းသို့ ပစ်ပေါက်တတ်ကြရုံမျှမက ဆင်ခြေလဲ၍ မကျေ မလည် ရှိလာသော အခါမျိုးတွင် ဇနီးမောင်နှံ, ရည်းစားသနံ များသည် သနားစဖွယ် အမူအရာနှင့် မျက်ရည်ခံ ထိုးတတ် ကြစမြဲ ဖြစ်ရာ ယင်းသို့သော လူ့သဘောကိုလည်း ကျေးလက် ရတု ငိုချင်းများတွင် ရှုမြင်နိုင်သည်။

(ကျား) ပမာမပြရက်တဲ့ ခင်အသဝါရယ်လေ၊ တစ်ဝါကပြင်၊ မောင်မကြာရပါဘူး၊ ဆောင်သာမှာ ရက်ရှေလို့ မတိုး ရအောင်ပ၊ အိုခင်ရဲ့... လက်ချိုးကာ ထား...ဆွဲ။
မှတ်ရက်ပါ၊ ကြပ်လှတဲ့ မဒီအသစာရဲ့၊ ကြည်သာစွာ ခွင့်, အရေးရယ်နဲ့၊ သည်တစ်ခါ မင့်မောင်လေးကို ဗျာ အမယ်မင်း... ပေးသင့်ပါပြား.... ဆွဲ။

---

၁။ ကျေးလက်ရတု။

(မ) ကြင်ရေးရဲ့ ဖော်ရှာသကို၊ ခွင့်ပေးပါ တစာစာနဲ့၊
ပျိုကညာ မသင့်ရေးရယ်ကြောင့်၊ အိုမောင်ရဲ့...
ခွင့်ပေးနိုင်ဘဲ...ဆွဲ။

(က) ခင်ကညာ မကြင်နာ၊ မောင်ပင် ပြုရက်ပါပေ့၊ တဇင်
ညာ ပျိုရင် နုမှာရှင်၊ အမယ်မင်း... ယင်း
ခုခက်ခဲ... ဆွဲ။[၁]

"ကိစ္စတသီး၊ အရေးကြီး၍၊ မပြီးနိုင်က၊ ကြံမရ
သော်၊ မိန်းမကိုသာ၊ တိုင်ပင်ရာ"[၂]

ဟူသော မန်လည်ဆရာတော်ကြီး၏ အဆိုအမိန့်ကဲ့သို့ မပြီးနိုင်သော ကိစ္စရှိလျှင် မိန်းမကို တိုင်ပင်က ပြီးစီးသွားတတ်သည်၊ မချောမွေ့သော အဖုအထစ်ကလေးများကလည်း ချောမွေ့သွားတတ်သည်။

အမျိုးသမီးများသည် လင့်ဘုန်းရိပ် ကံရိပ်ကိုသာ မှီခိုအားထားနေရသူများ ဖြစ်သည်၊ လင်သားသက်နှံ့ ရည်းစားသန်များကို ရဟန်းပြုခွင့် ပေးရေးဆိုသည်မှာ သူမတို့အဖို့ လွယ်ကူသော ကိစ္စမျိုးတော့ မဟုတ်ချေ၊ ကြည်ကြည်သာသာ ခွင့်ပေးလိုက်ပြန်ကလည်း **"အကယ်၍ ရဟန်းဘဝ ပျော်သွားမှဖြင့်"** ဟူသော အတွေးကိုလည်း သူမတို့ မတွေးမိဘဲ ရှိမည် မဟုတ်ချေ။

---

၁။ ကျေးလက်ရတု

၂။ မဃဒေဝလင်္ကာ၊ ပိုဒ်ရေ-



သို့ရာတွင် အမျိုးသမီးများသည် လင့်ဘုန်းရိပ် ကံရိပ်ကို မှီခိုအားထားနေရသူများပီပီ လင်သားသက်နှံ့ ရည်းစားသန်များ အပေါ်တွင် ကရုဏာ သက်ကြသည်၊ သဘောထား ကြီးတတ်ကြသည်၊ သို့ဆိုရစေကာမူ ရှင်ပြုရေးဆိုင်ရာ လူမှုကိစ္စနှင့် ပတ်သက်လျှင်ကား သူမတို့ ခွင့်ပြုချက်များသည် နှောင်ကြိုးနှင့် ဖြစ်တတ်သည်ကို သတိ ပြုမိရသည်။

**"နှောင်ကြိုး"**ဟူသည်မှာ **"ခုနစ်ရက်, တစ်လ, တစ်ဝါ စေ့လျှင် လူထွက်ရမည်"**ဟူ၏၊ ယင်းတောင်းဆိုချက်ကို လင်သားသက်နှံ့၊ ရည်းစားသန်များက လိုက်လျောခဲ့ရသည်၊ **"လူထွက်ပါမည်"**ဟု ဝန်ခံခဲ့ရသည်၊ ယင်းသို့သော လူ့မနော များကိုလည်း ကျေးလက် စုံတွဲ ရတုများတွင် အစင်းသား တွေ့မြင်နိုင်သည်။

(ကျား) ပျိုမောင်လှမှာလ၊ လောကထင်ရှားစွာ...ဆွဲ။
စလွယ် သွယ်ပျောင်း၊ ဗောင်းနားချောင်းနှင့်၊
ရှင်လောင်း လုပ်ဖို့ရာပ...ဆွဲ။

(မ) အခွင့်အကြောင်းရယ်နဲ့၊ မောင်ကောင်းတောင်းပန်
ရှာ...ဆွဲ။
သနားညှာရှု၊ အားနာမှုကြောင့်၊ ပျိုနုခွင့်ပေးပါပေ့...
ဆွဲ။

(ကျား) လိမ္မာလှချေရဲ့၊ မယ်လှ အပူသယ်...ဆွဲ။
ဝါကျွတ်ပါပြား၊ ပျိုသက်ထား၏၊ ထံပါးမောင်လာ
မည်ကွဲ...ဆွဲ။

(မ) မောင်မပျက်ပါနဲ့၊ ဆက်ဆက်လာခဲ့နော်...ဆွဲ။
ဝါကျွတ်သောအခါ၊ ပျိုသက်လျာက၊ သေချာလာနိုး
မျှော်လိမ့်... ဆွဲ။[၁]

သတ္တမျှား၏ စရိုက်ကား ခက်လှသည်၊ **"နိဗ္ဗာန်ကို လိုချင်ပါသည်"**ဟု ဆိုကြသည်၊ **"နိဗ္ဗာန်သို့ ယခုလိုက်ခဲ့"**ဟု တကယ်ခေါ်တော့လည်း အိမ်ကို တိုင်ပင်ချင်ကြသော သတ္တဝါများက ဤလောက မြေပြင်တွင် ဒုနှင့် ဒေးပင် ပေါများလှသည်။

တားစေချင်၍ တိုင်ပင်ပါမှ နိဗ္ဗာန်ကို ဖွတ်အတင်း လွှတ်နေသော ဇနီးသက်နှံ ရည်းစားသနံများနှင့် ဆုံကြုံကြရဒသာအခါ ရတက်မပြေ အခက်ပွေ သွားကြရှာသော သကောင့်သားကြီးများသည်လည်း ပထဝီမြေ အထုတွင် စုလျက်ပင် ရှိချေသည်။

ပုထုဇဉ်တို့၏ လောကစရိုက်သည် အလိုက်အထိုက်ဖြစ်တတ်မြဲ ဓမ္မတာဖြစ်ရာ **"အရှုး"**ဟူသော စကားဖြင့် သည်းခံခွင့်လွှတ်ရမြဲသာဖြစ်သည်၊ ယင်းသို့သော ပုထုဇဉ်တို့၏ ဓလေ့ဝါသနာဆိုးများကိုလည်း ကျေးလက်စုံတွဲရတုငိုချင်းများက မီးမောင်းထိုးပြလျက်ပင် ရှိချေသည်။

(ကျား) အသည်းရဲ့ နာပါသကို၊ မလွှဲသာ ခွဲခွာလို့ သွားရ
ပြန်ပေါ့၊ သနားစရာ ကညာမဒီခင်ကြောင့်ဗျ၊
တစ်နာရီတွင် မအေး...ဆွဲ။





မသက်သာ၊ တစ်ရက်တာ နေမကောင်းပါဘူး၊
ရွှေကျောင်းတော် ခန်းသာဝဆီက၊ ခွေလျောင်းကာ
တမ်းကာ တမိပါပေါ့၊ မချမ်းသာသမျှ တစ်ခဏ
မရှင်ရေးရယ်နဲ့၊ အလှခင်ရေ...၊ လွမ်းလှပါသဗျ၊
ဟာဒယ ဘဝင်မှာဆွေး...ဆွဲ။

(မ) တားမရတာကြောင့် မောင်ရယ်၊ သွားရှာရော့
တစ်ပြည်နည်၊ မေကညာ စေတနာ မပြောင်းခဲ့ပါ
ဘူး၊ ကေသာကို ဖြေကာလျှော့ပါလို့၊ အိုရှင်...
ဦးချကန်တော့မယ်...ဆွဲ။
ရတနာငွေ ပန်ကြာတကောင်းရယ်နဲ့၊ ပတ္တနာရေ
ဖျန်းကာလောင်းပါလို့ ပျိုဆင်ရှယ်၊ အိုခင်ရဲ့
သနင်း...ဆွဲ။
မလာရင် မောင်ရယ်၊ မကြာခင် ခန္ဓာပျက်ပါလိမ့်၊
ညှာသဇင်စရာတဲ့မှာရှင်၊ အမယ်မင်း သည်းဖွဲ့ပူ
ပြခြင်း... ဆွဲ။[၁]

❖ ❖ ❖



ရှင်လောင်းပြုပြင် အလှဆင်

## ၁၂။ ရှင်လောင်း ပြုပြင် အလှဆင်

မဟာမျိုး မဟာနွယ် မဟုတ်သူ ကျေးလက် ပြည်သူများသည် မိမိတို့ ရင်သွေးရတနာ သားသည်းချာများကို များသောအားဖြင့် အသက်တင်ဆယ့်နှစ်နှစ်တွင် ရှင်ပြုတတ်ကြသည်၊ အသက်တစ်ဆယ့်နှစ်နှစ်တွင်မှ ရှင်ပြုကြခြင်းကလည်း ဗုဒ္ဓ ဘာသာ ကျေးလက်ပြည်သူများတွင် နိုင်လုံသောအကြောင်းရှိသည်၊ ယင်းကား ဝေဒသသနများကို ယုံကြည်ကိုးစားခြင်းပင်ဖြစ်သည်။

မိမိတို့ရင်သွေးရတနာ သားသည်းချာများကို တစ်ဆယ့်နှစ်နှစ်မပြည့်မီ ရှင်ပြုလိုက်ခြင်းဖြင့် သားရတနာ မောင်ရှင်လောင်းအား စလွယ်များဖြင့် အလှပြုပြင် ဆင်ယင်ဝတ်စားခွင့်မရကြချေ၊ ဝေဒကျမ်းများတွင် လူတန်းစား အလိုက် စလွယ်များ ဝတ်စားဆင်ယင်ကြရာ၌ ပုဏ္ဏားမျိုး အနေနှင့် မွေးဖွားသည်မှ–၈,နှစ်မြောက် မင်းမျိုးအနေနှင့် မွေးဖွားသည်မှ–၁၀,နှစ်မြောက် သူဆင်းရဲမျိုးအနေနှင့် မွေးဖွားသည်မှ ၁၂–နှစ်မြောက်တွင်သာ ဝတ်စားဆင်ယင်သင့်ကြောင်း နည်းပေးလမ်းညွှန်ထားသည်။

စလွယ် ဝတ်ဆင်သင့်သော လများကို နည်းပေးလမ်းညွှန်ရာတွင်-

(၁) "တပို့တွဲလ၌ စလွယ်ဝတ်မှု ပစ္စည်းဥစ္စာ ကြွယ်ဝအံ့။
(၂) တပေါင်းလ၌ စလွယ်ဝတ်မှု စလွယ် မြဲအံ့။
(၃) တန်ခူးလ၌ စလွယ်ဝတ်မှု ပညာရှိ ဖြစ်အံ့။
(၄) ကဆုန်လ၌ စလွယ်ဝတ်မှု လိမ္မာရေးခြား ရှိအံ့။
(၅) နယုန်လ၌ စလွယ်ဝတ်မှု သက္ကဋကျမ်း, နီတိကျမ်းများ တတ်အံ့။
(၆) ဝါဆိုလ၌ စလွယ်ဝတ်မှု အပူဇော် ခံရအံ့"ဟူ၍ ဖြစ်လေသည်။

ကြွင်းလများ ဖြစ်သော ဝါခေါင်, တော်သလင်း, သီတင်းကျွတ်, တန်ဆောင်မုန်း, နတ်တော်, ပြာသိုလများ ဖြစ်စေ, ညဥ့်အခါ၌ဖြစ်စေ, စလွယ်ဝတ်မှု မမြဲတတ်ကြောင်းကိုလည်း ရာဇာမတ္တဏ်က နည်းပေး လမ်းညွှန် ထားသည်။

ယင်းသို့သော အကြောင်းများကြောင့်သာ ဗုဒ္ဓဘာသာ မိဘပြည်သူတို့သည် မိမိတို့ ရင်နှစ်သည်းချာ သားရတနာကို **"အသက် တစ်ဆယ့်နှစ်နှစ် ပြည့်ချိန်နှင့် တပို့တွဲလ, တပေါင်းလ, တန်ခူးလ, ကဆုန်လ, နယုန်လ, ဝါဆိုလများတွင်သာ ရှင်ပြုကြခြင်း ဖြစ်လိမ့်မည်"**ဟု ယုံကြည်မိပေသည်။

ယင်းကိုဖော်ညွှန်းသော အသက်အပိုင်းအခြားနှင့် ဖော်ညွှန်းသော လများတွင်သာ စလွယ်များ ဝတ်စားဆင်ယင်ခွင့် ရရှိခြင်းဟူသော နိမိတ် ဩဘာများက ထောက်ခံလျက် ရှိသည်၊



ရှင်ပြုရေးဆိုင်ရာ ဗုဒ္ဓဒဿနတွင် ယင်းသို့သော အသက်ကန့်သတ်ချက်များ ရှိသော်လည်း ဓမ္မကြောင်းနှင့်သာ သက်ဆိုင်သည်၊ လောကကြောင်းနှင့် မသက်ဆိုင်ချေ။ ဗုဒ္ဓ၏ ရှင်ပြုရေးဆိုင်ရာအသက်ကန့်သတ်ချက်တွင်-

ပထမ-၁၅,နှစ်ဟု ကန့်သတ်သည်။[၁] မိဘမဲ့ ကလေးများကို ငဲ့ညှာ၍ ဒုတိယ ကျီးခြောက်နိုင်သည့် အရွယ်ဟု ကန့်သတ်သည်။[၂]

သျှင်မဟာဗုဒ္ဓဃောသက မောင်ရှင်လောင်းအား ဝတ်စားဆင်ယင်အလှပြင်ခြင်းနှင့်ပတ်သက်၍ **"မမ ပုတ္တဿ ဂီဟိကာလေ ကတ္တဗ္ဗသက္ကာရံ အဇ္ဇေဝ ကရိဿမိ"**[၃] ဟူသော လမ်းညွှန်ချက်နှင့် **"ပုတ္တံ အလင်္ကရိတွာ မဟန္တေန သိရိသောဘဂ္ဂေန"**[၄] ဟူသော လမ်းညွှန်ချက်များ ပေးသွားခဲ့လေသည်။

သျှင်မဟာဗုဒ္ဓဃောသ၏ လမ်းညွှန်ချက်များတွင် **"မိမိ ရင်နှစ်သည်းချာ သားရတနာအား လူ့ဘဝက ချီးမြှင့်သင့်သော ချီးမြှင့်မှုမျိုးကို ယနေ့ပင် ပြုလုပ်ပါမည်"** ဟူသည် မောင်ရှင်လောင်းအား စလွယ်သွယ်ပျောင်း ဖောင်းနားတောင်းနှင့် ဝတ်ကောင်းစားလှများ ဆင်ယင်ဝတ်စားစေခြင်းပင် ဖြစ်သည်၊ အဆင်တန်ဆာဟူသည်မှာလည်း ဤသည်တို့ပင် ဖြစ်သည်။

---

၁-၂။ ဝိနည်းမဟာဝါ ပါဠိ၊ ၁၀၉၊၁၁၀။
၃။ ဓမ္မပဒ အဋ္ဌကထာ၊ ပ-၃၆၇။
၄။ ဓမ္မပဒ အဋ္ဌကထာ၊ ဒု-၆၀။

မိမိသားရတနာသည် လောကလူ့ဘောင်မှ သာသနာ့ဘောင်သို့ ကူးပြောင်းတော့ပေမည်၊ ကူးပြောင်းတော့မည့် မောင်ရှင်လောင်းအား အခါတိုင်း ဆင်ယင်ဝတ်စားစေခြင်းများနှင့် မတူ သာလွန်ထူးကဲ၍ ဆင်ယင် ဝတ်စားစေခြင်းသည် လူ့ဘဝအနေနှင့် ထိပ်တန်းအကျဆုံး ချီးမြှင့်လိုက်ခြင်းပင်ဖြစ်သည်၊ သားရတနာ မောင်ရှင်လောင်းအတွက် မည်သည့် နိမိတ်ဩဘာကိုမျှ မျှော်တင်း၍ ဆင်ယင်ဝတ်စားစေခြင်း မဟုတ်ချေ။

"ဒလာကီတံထွာ၊ ဗေဒင်လာကား၊ မှန်ရာကားမှန်၊ လွှန်ရာလွန်၏၊ ကျန်ရာကျန်ကြွင်း၊ သုံးခွင်းလောက၊ ဟူသမျှ၌ ကမ္မဗန္ဓု၊ ကံသာပြု၏"[1]

ဝေဒကျမ်းလာ ဒဿနများသည် မှန်သည်လည်း ရှိတတ်၍ မမှန်သည်လည်း ရှိတတ်ချေသည်၊ လွန်သည်လည်းရှိတတ်၍ ကျန်သည်လည်း ရှိတတ်ချေသည်၊ စင်စစ် လူ့, နတ်, ဗြဟ္မာဟူသော လောကသုံးပါးတွင် ကံသာမိတ်ဆွေ ကံသာဥစ္စာ သတ္တဝါအားလုံးကို ကံကသာ ဆော်ဖန် ပြုပြင်သည်၊ ကံကိုသာ ယုံကြ၊ ဗေဒင်ကို မယုံကြနဲ့ဟူသော မုံရွေးဆရာတော်၏အဆို အမိန့်ကလည်း ကမ္မဝါဒနှင့် ဝေဒဝါဒကို ကွဲပြားအောင် ခွဲခြား လမ်းညွှန်လျက် ရှိသည်။

ရှင်ပြုသည့် သားရတနာအား ဤမျှသာ အလှပြုပြင်ဆင်ယင်ရုံမက ဆံချ ပြီးစတွင်လည်း ကိုယ်နှင့် ဦးခေါင်းတွင်

၁။ ကုသပျို့၊ ပိုဒ်-၉၄။



**"နှစ်ခွင်းမှုံ နံ့သာမှုန်များ လိမ်းကျံပေးရမည်"**[1] ဟု အသျှင်မဟာဃောသက ထပ်ဆင့် လမ်းညွှန်ခဲ့သည်။

ယင်းသို့ လိမ်းကျံရခြင်းကလည်း "သိုးဆိတ်သမင်၊ အသွင်ညှိုပျံ့၊ လူအနံ့မှ၊ စင်သန့်စေရန်"ဟု အဆိုရှိသည်၊ အချို့အရပ်ဒေသကမူ "အချင်းသူတော်ကောင်း သာမဏေလောင်း ငါ့ရှင်၊ သင်ကဲ့သို့ ဥသုံမိဘ ကုံလုံသောသူကို ငါတို့အမှီရ၍ သပိတ်သင်္ကန်း စသည်တို့ဖြင့် မပင်မပန်း ချမ်းသာရတော့ လတ္တံ့"[2]ဟု မောင်ရှင်လောင်းအား လေချိုသွေးတတ်ကြသေးသည်၊ ယင်းအယူအဆကို အသျှင်မဟာဗုဒ္ဓဃောသက ပြတ်ပြတ်သားသား ပယ်ချခဲ့သည်။[3]

"မြမြိုစွာနှလုံးထားလော့၊ သင့်အား ယုတ်ညံ့သော လူ့ဘောင်သံသရာမှ၊ ငါတို့ ထုတ်ဆောင်တော့အံ့၊ မသန့်ယှက်မှေး၊ အလှေးအမွှား၊ ပိုးသန်းများတို့၊ သားမွေးကာ၊ အိမ်ထောင်ကာ၊ တည်နေရ စသိုက်မြို၊ တောခြုံအဟာန်၊ ညှိနံ့ပုတ်သိုး၊ စည်းရိုးသဏ္ဍာန်၊ သင့်ကေဆံအုပ်လုံးကို၊ သင်ဓုန်းဖြင့်နိုတ်ဖြတ်၍၊ တစ်ဖတ်ဖတ်ကျလာသည်ကို **"ကေသာ ကေသာ"**ဟု တည်နေရာစသည်နှင့် တကွ ဤ **"ကောဋ္ဌာသ"**ကို ကျနအောင်ရှုလော့"[4]

၁။ မဟာဝါ အဋ္ဌကထာ၊ ၂၄၉။
၂။ တိဖလသမဏာစိန္တာကျမ်း၊ ၆၁၇။
၃။ မဟာဝါအဋ္ဌကထာ၊ ၂၄၉။
၄။ မဟာဝါအဋ္ဌကထာ၊ ၂၄၉။ တိဖလသမဏာစိန္တကျမ်း၊ ၆၁၇။

မောင်ရှင်လောင်းအား ဤသို့လည်း လမ်းညွှန်သွန်သင် ရသေးသည်၊ ယင်းအစဉ်အလာကို ပဏ္ဍိတ သာမဏေဘဝဖြစ် စဉ်မှ ဆက်နွယ် လမ်းညွှန်ထားခြင်း ဖြစ်သည်။ ကောင်းသော အစဉ်အလာ တစ်ရပ်ဖြစ်၍ ဆက်လက် ကျင့်သုံးသင့်သည်။

❖ ❖ ❖

**အစနှင့်အဆုံး**

◆◆◆◆◆

ကမ်းမရှိသော သမုဒ္ဒရာလည်း မရှိနိုင်သကဲ့သို့ ဖြေရှင်းရန်နည်းလမ်း မရှိသောပြဿနာလည်း မရှိနိုင်ချေ။

*"ဉာဏ်ရည်သွေးချိန်"[ဆောင်းပါး]
Y.M.B.A အသျှင်ဝိသုတာဘိဝံသ
သူ့ဘဝ, သူ့စာ၊ စာ-၉၃



ရှင်လောင်းနတ်ပြ ကုသိုလ်ငှ

## ၁၃။ ရှင်လောင်း နတ်ပြ ကုသိုလ်ငှ

ရှင်ပြုမင်္ဂလာ ဓလေ့ရိုးရာများတွင် သာသနိက ပညာရှင်များ မနှစ်မျို့သော ဓလေ့ရိုးရာတစ်ခုရှိသည်၊ ယင်းကား "နတ်ပြ"ဟု ကြွေးကြော်၏၊ ရှင်လောင်းက နငယ်အား ရှိခိုး ဦးတင်ခြင်းပင် ဖြစ်သည်။

နတ်ပြကြရာတွင် နတ်ကွန်းရှိသော ကျေးရွာပြည်သူများက နတ်ကွန်းကို ပြသကြသည်၊ နတ်ကွန်း မရှိသော ကျေးရွာပြည်သူများကမူ "နတ်ရှိသည်, နတ်ရဲသည်"ဟု အစဉ်အဆက်ပြော စမှတ် ဆိုစမှတ် ပြုကြသော နတ်ရဲ သစ်ပင်ကြီးများသို့ အုန်းပွဲ ငှက်ပျောပွဲများဖြင့် သွားရောက် ပြသကြသည်၊ ကျေးရွာပြည်သူများသန္တာန်တွင် "**ရှင်လောင်း နတ်ပြ**"ဟူသည် "**ရှင်လောင်းက နတ်အား ရှိခိုးခြင်း**"ဟု အလေးအနက် ခံယူထားသည်၊ ယင်း ဓလေ့ဝါသနာဆိုးကြီးသည် မြန်မာပြည်သူတို့သန္တာန်တွင် အမြစ်တွယ်လာခဲ့သည်မှာ ကြာမြင့်ခဲ့ပြီဖြစ်သည်။

ကျေးရွာပြည်သူများ ယုံကြည်ကိုးစားသော နတ်များကလည်း အတွင်း ၃၇,မင်းနတ်နှင့် အပြင် ၃၇,မင်းနတ်များသာ ဖြစ်လေသည်၊ ယင်းနတ်များကိုလည်း မြန်မာနိုင်ငံ ကျေးလက်ပြည်သူ



တို့က "**မိဆိုင် ဖဆိုင်နတ်, မိရိုးဖလာနတ်, ရိုးရာနတ်**"ဟု အလေးအနက် ခံယူသည်။

ဗုဒ္ဓသည် ကြီးပွားကြောင်းတရား ငါးပါးကို ဟောညွှန်ရာတွင် မိဆိုင်ဖဆိုင်နတ်များကိုလည်း ကြီးပွားကြောင်းတရားတစ်ပါးအဖြစ် ထည့်သွင် ဟောညွှန်တော်မူခဲ့သည်၊ ဗုဒ္ဓသည် ဆွေးပေါင်းများစွာနှင့် တောလိုက်နေသော လိစ္ဆဝီမင်းသားများအား ကြီပွားကြောင်း တရားငါးပါးကို ဟောညွှန်တော်မူခဲ့သည်။ ယင်းသို့ ဟောညွှန်တော်မူခဲ့ရာ ဗုဒ္ဓ၏စကားတော်တွင် "မိရိုးဖလာ ပူဇော်သကာကို ခံယူတတ်သောနတ်"[၁]

ဟူသောစကားလုံးကို အမှတ်ထင်ထင် တွေ့မြင်ရလေသည်၊ ဗုဒ္ဓ၏စကားတော်ကို အဋ္ဌကထာဆရာက အဓိပ္ပာယ်ဖွင့်ဆိုရာတွင် "မိရိုဖလာပူဇော်သကာကို ခံယူတတ်သောနတ်ဟူသည် ဆွေစဉ်မျိုးဆက် ဆင်းသက်လာသော အစောင့် နတ်များ"[၂] ဟု အဓိပ္ပာယ် ဖွင့်တော်မူခဲ့သည်။

အဋ္ဌကထာဆရာ၏ စကားကျအတိုင်း မြန်မာဓလေ့နှင့်ထုံးမိုစံမျှ ကောက်ချက်ချသော် မိရိုးဖလာ ပူဇော်သကာကို ခံယူတတ်သော နတ်ဟူသည် မြန်မာပြည်သူတို့ ယုံကြည်ကိုးစားရင်းရှိသော အတွင်း ၃၇,မင်းနတ်နှင့် အပြင် ၃၇,မင်းနတ်များပင် ဖြစ်ချေသည်၊ ပျူခေတ်တွင် ဗိဿနိုးနတ်နှင့် သိဝနတ်

---

၁။ "ဗလိပဋိဂ္ဂါဟိကာ ဒေဝတာ"ပဥ္စင်္ဂုတ္တရပါဠိ၊ ၆၈။

၂။ "ဗလိပဋိဂ္ဂါဟိကာ ဒေဝတာတိ ကုလပ္ပဝေဏိယာ အာဂတာ အာရက္ခဒေဝတာ" အင်္ဂုတ္တရ အဋ္ဌကထာ၊ တ-တွဲ၊ ၂၉။

များ၊ ပုဂံခေတ်တွင် မင်းမဟာဂီရိ စသောနတ်များသည် မြန်မာပြည်သူတို့၏ မိဆိုင်၊ ဖဆိုင်နတ်များပင် ဖြစ်သည်၊ ယင်းနတ်များနှင့် ပတ်သက်၍ လူသားများ ကျင့်ဆောင်ဖွယ်ရာ အမှုအရာကြီးယာကို ဟောညွှန်ရာတွင် **"သက္ကရောတိ, ကရောတိ, မာနေတိ, ပူဇေတိ"**ဟူ၍သာ ဟောညွှန်တော်မူခဲ့သည်၊ **"နမာမိ, ဝန္ဒတိ"**စသော အမူအရာကြီးယာများဖြင့် ဟောညွှန်တော်မူခြင်း မရှိခဲ့ချေ။

**"နတ်ပြု"**ဟု ကြွေးကြော်သဖြင့် ရှင်လောင်းက နတ်အား ရှိခိုး ဦးတင် ပြုနေခြင်းသည် နတ်ပြုဟူသော စကားထက် အလွန်အကျွံ ပြုလုပ်နေကြခြင်းပင် ဖြစ်သည်၊ ယင်းသို့ ဆိုခြင်းထက် **"ဘာသာရေး နားလည်မှု လွဲမှားနေသည်"**ဟုဆိုက ပို၍ သဘာဝကျပေမည်၊ နတ်ဒေဝတာများတွင် လူသားများအား ရှိခိုးရမည့် ကာလချိန်တာများ ရှိကြသည်၊ နတ်ဒေဝတာများသည် ဆံမုတ်ဆိတ်ကို ပယ်စွန့်၍ လူတို့ **"ရှင်ပြုမည်, ရဟန်းပြုမည်"**ဟု ကြံစည်တွေးတောရာ ကာလမှ လူတို့ တရားကျင့်ရာ ကာလနှင့် လူသားများ ရဟန္တာဖြစ်ရာကာလများတွင် **"မာရ်မင်းနှင့် စစ်ထိုးရန် စစ်ပြင်ဆင်ပြီ, မာရ်နတ်မင်းနှင့် စစ်ထိုးနေပြီ, စစ်မြေကို စိုးမိုး၍ နေကြပြီ"**ဟူသော ကောင်းချီးသြဘာ မင်္ဂလာစကားများ ကြွေးကြော်ကာ လူသားများအား ရှိခိုး ဦးတင် ပြုကြရသည်။[၁]

၁။ ဣတိဝုတ္တကပါဠိ၊ ၂၄၆။ ဋ္ဌ၊ ၂၃၉။



လူသားများအား ရှိခိုးဦးတင်ပြုရာ၌ သာမန်နတ်ဒေဝတာများ ထားဦး, သိကြားမင်းကြီးကပင် ရှိခိုးဦးတင် ပြုရသည်၊ သိကြားမင်းသည် လူသားများတွင် ကောင်းမှုကုသိုလ် ပြုလုပ်သူ, သီလရှိသူ, ရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ်သူနှင့် တရားနှင့်အညီ သားမယားကို ကျွေးမွေးသူများကို ရှိခိုးဦးတင် ပြုလေသည်။[၁]

မြန်မာပြည်သူတို့ ရှင်ပြုမင်္ဂလာပွဲကျင်းပခြင်းသည် **"ရှင်, ပြုမည်, ရဟန်း, ပြုမည်"**ဟု ကြံစည်တွေးတောနေခြင်း မဟုတ်တော့ချေ၊ တွေးတောကြံစည်ခဲ့သော အကြံအစည်များကို လက်တွေ့ အကောင်အထည် ဖော်ဆောင်လိုက်ခြင်းပင် ဖြစ်သည်၊ ယင်းသို့ အကောင်အထည်ဖော်ဆောင်ခြင်းနှင့် အတူ ကောင်းမှုကုသိုလ်ပြုခြင်း, သီလဆောက်တည်ခြင်း, ရတနာသုံးပါး ကိုးကွယ် ဆည်းကပ်ခြင်းကိုပါ အကောင်အထည် ဖော်ဆောင်လိုက်ခြင်း ဖြစ်သည်၊ ယင်းကာလချိန်တာသည် မည်သူက မည်သူ့ကို ရှိခိုးဦးတင်ပြုရမည့် ကာလချိန်တာ ဖြစ်သည် ဆိုခြင်းကို ဗုဒ္ဓဒေသနာက ပညာရှင်များ တွေ့သိပြီး ဖြစ်ပေမည်။

ယင်းကာလချိန်တာတွင် ရှင်ပြုတော့မည့် မောင်ရှင်လောင်းကို ထားဦး၊ အလှူရှင်များသည်ပင် နတ်ဒေဝတာများအား ရှိခိုးဦးချရန် မထိုက်ချေ၊ ရှင်ပြုမည်ဟူသော အကြံအစည်ကို အကောင်အထည် ဖော်ဆောင်ရာကာလတွင် သာမန် နတ်ဒေဝတာများကိုထားဦး၊ နတ်တို့သနင်း သိကြားမင်းကိုပင် ရှိခိုး

၁။ သဂါထာဝဂ္ဂသံယုတ္တပါဠိ၊ ၂၃၉၊ ဋ္ဌ ၃၂၂။

ဦးချရန် မထိုက်ချေ၊ ဤအချိန် ဤကာလ ဤသမယတွင် သိကြားနှင့် နတ်ဒေဝတာများကသာ ရှင်လောင်းနှင့် ကောင်းမှု ပြုသူများကို ရှိခိုးဦးတင် ပြုရချေမည်၊ ဤအချိန်, ဤကာလ, ဤသမယတွင် ရှင်လောင်းနှင့် ကောင်းမှု ပြုသူများကသာ သိကြားနှင့် နတ်ဒေဝတာများ၏ ရှိခိုးဦးတင်မှုကို ခံယူရမည်၊ ယင်းသို့ဖြစ်လျက် "ရှင်လောင်းနှင့် ကောင်းမှုပြုသူများက သိကြားနှင့် နတ်ဒေဝတာ များအား ရှိခိုးဦးတင် ပြုနေခြင်းသည် လူနှင့် နတ်အကြားတွင် ဘာသာရေး နားလည်မှု လွဲနေခြင်းပင် ဖြစ်သည်။

စင်စစ် မောင်ရှင်လောင်းသည် ဗုဒ္ဓသာဝကသာ ဖြစ်သည်၊ ဒေဝသဝက မဟုတ်ချေ၊ မောင်ရှင်လောင်းသည် "**ဗုဒ္ဓ,ဓမ္မ, သံဃ**"ဟူသော သရဏဂုံသုံးပါးကို မြွက်ဆို ရွတ်အံ၍ ဗုဒ္ဓ သာဝကအဖြစ် ခံယူပြီးသူ ဖြစ်သည်၊ "**ရှင်လောင်း**"ဟူသည် အမည်နာမ ပညတ်ကပင် ဗုဒ္ဓသာသနာတော်သို့ သက်ဆင်း ဝင်ရောက်ရန် တစ်ဝက် နင်းလျက် ရှိပြီဆိုခြင်းကို ဖော်ဆောင် ညွှန်ပြလျက်ရှိသည်၊ မောင်ရှင်လောင်း၏ သန္တာန်တွင် သရဏဂုံ များ တည်ရှိနေပြီဖြစ်သည်၊ သရဏဂုံသည် မိစ္ဆာအယူသို့ ကူးပြောင်းသူနှင့် သေဆုံးသူများသာ ပျက်ပြားနိုင်သည်[၁]၊ နတ်ဒေဝတာများကို ရှိခိုးဦးချခြင်းသည် ဗုဒ္ဓသာဝကအဖြစ်မှ ဒေဝသာဝကအဖြစ်သို့ ကူးပြောင်းရာရောက်သည်၊ မိစ္ဆာ အယူသို့ ကူးပြောင်းရာ ရောက်သည်၊ သို့ဖြစ်၍ မောင်ရှင်လောင်း

၁။ သီလက္ခန္ဓအဋ္ဌကထာ၊ စာ-၂၀၉။



၏ သန္တာန်တွင် တည်ရှိပြီး သရဏဂုံများ ပျက်ပြားနိုင်သည်၊ မောင်ရှင်လောင်းအနေဖြင့် ရှင်လောင်းက နတ်ဒေဝတာများ အား ရှိခိုးဦးချခြင်းသည် ဓမ္မန္တရာယ်ပင် ဖြစ်သည်၊ ထို့ကြောင့် သာသနိက ပညာရှင်များအနေဖြင့် ရှင်လောင်းက နတ်ဒေဝတာ များအား ရှိခိုးဦးချခြင်းကို မနှစ်မြို့ခြင်းပင် ဖြစ်သည်၊ သို့ဆိုလျှင် အဘယ်ကို "**နတ်ပြ**"ဟု ခေါ်ကြမည်နည်း။

"**နတ်ပြ**"ဟူသော မြန်မာဓလေ့ထုံတမ်း အဓိပ္ပာယ်ကား ရှင်းပါသည်၊ မဖော်သော်လည်း ဖော်ပြီးသားဖြစ်သည်၊ အနည်း ငယ်မျှ ဆက်ရအံ့ ထင်သည်၊ ဆန်းသစ်သော ဝတ္ထုပစ္စည်းတစ်ခု ဖြစ်စေ, ဆန်းသစ်သော အကြောင်းအရာတစ်ခုကိုဖြစ်စေ, တွေ့ သိမြင်ကြားသူတိုင်းသည် အစဉ်ထာဝရ ဝမ်းသာရမြဲ ဖြစ်သည်၊ ဆန်းသစ်သော ဝတ္ထုပစ္စည်းနှင့် အကြောင်းအရာကို တွေ့သိ မြင်ကြားရသဖြင့် မိမိလည်း ဝမ်းသာ၍ သူတစ်ပါးကိုလည်း မိမိနှင့် ထပ်တူထပ်မျှ ဝမ်းသာစေချင်ကြသည်၊ တွေ့သိမြင် ကြားရသည့် ဆန်းသစ်သော ဝတ္ထုပစ္စည်းနှင့် အကြောင်းအရာ ကို သူတစ်ပါးကိုယ်တိုင်က "**ပြပါ**"ဟု မပြောသော်လည်း မိမိ ကိုယ်တိုင်က ပြချင် ပြောချင်နေတတ်ကြသည်၊ ပြချင် ပြောချင် နေသည့်အတိုင်း သွားရောက် ပြသ ပြောဆိုကြသည်၊ ထိုအခါ သူတစ်ပါးလည်း မိမိနှင့် ထပ်တူထပ်မျှ ဝမ်းသာမှု ရရှိသွားခြင်း နှင့် အတူ "**တော်ပါပေ့, ကောင်းပါပေ့**"ဟူသော ကောင်းချီး ဩဘာ မင်္ဂလာများ ဝေဖြာသွားလေတော့သည်၊ ဝမ်းသာပြီး ဖြစ်သော မိမိသည် မိမိနှင့် ထပ်တူထပ်မျှ ဝမ်းသာမှု ရရှိသူထံမှ

…သာမှုတစ်မျိုးကို ထပ်ဆင့် ရရှိလိုက်ပြန်သည်၊ ဓမ္မကြောင်းနှင့် စပ်ဆိုင်က မိမိအနေနှင့် ကုသိုလ်တရား ထပ်ဆင့် ရရှိခြင်းပင် ဖြစ်သည်။

နတ်ဒေဝတာများအား မောင်ရှင်လောင်း ပြသခြင်းသည် ယင်းသို့သော ဝမ်းသာမှုမျိုး ထပ်ဆင့် ရရှိစေရန်သာ ဖြစ်သည်၊ မောင်ရှင်လောင်းအား တွေ့သိမြင်ကြားရသော နတ်ဒေဝတာသည် **"မာရ်နတ်နှင့် စစ်ထိုးရန် စစ်ပြင်ဆင်ပြီ, မာရ်နတ်နှင့် စစ်ထိုးနေပြီ, တော်ပါပေ့, ကောင်းပါပေ့, သာဓု သာဓု"**ဟူသော ကောင်းချီး ဩဘာမင်္ဂလာများ ဝေဖြာလိုက်နိုင်ခြင်းနှင့် အတူ ဝမ်းသာမှုတစ်မျိုး ထပ်ဆင့်ရရှိခြင်းဖြင့် ကုသိုလ်တရား ဆင့်ပွားရရှိသည်သာ ဖြစ်သည်၊ မောင်ရှင်လောင်းအား တွေ့သိမြင်ကြားရသော နတ်ဒေဝတာအနေဖြင့်လည်း **"တော်ပါပေ့, ကောင်းပါပေ့, သာဓု သာဓု"**ဟု ကောင်းချီးဩဘာ မင်္ဂလာများ ဝေဖြာလိုက်နိုင်ခြင်းနှင့် အတူ ကုသိုလ်တရားလည်း ရရှိသွားသည် ချမ်းသာသုခ ရရှိသွားသည် မည်၏။

ဤနေရာ၌ **"နတ်ကို ပူဇော်ပသသည်"**ဟုဆိုကာ နတ်ဒေဝတာများကို ရှိခိုးဦးတင်ပြုရာ၌ သီလရှင် ဗုဒ္ဓဘာသာ ကျေးလက် ပြည်သူများ သတိချပ်စရာ ကောင်းလှတော့သည်၊ သီလမဲ့သူသည် သီလရှိသူ၏ ရှိခိုးဦးတင်ခြင်းကို မခံယူနိုင်ချေ၊ ရာဇကြောင်းတွင် အလောင်းစည်သူမင်းကြီးသည် ကိုယ်ရေးကိုယ်တာကိစ္စတစ်ခုကြောင့် ပုဂံတည်စ သမုဒ္ဒရာဇ်မင်းကစ၍ ခမည်းတော် စောယွမ်းတိုင်အောင် မင်း-၄၄,ဆက်တို့ကို



ရုပ်တုများ ပြုလုပ်ကာ ရှိခိုးဦးတင်ပြုခဲ့သည်၊ ယင်းသို့ပြုလုပ်စဉ် ပျူမင်းထီးရုပ်တု ဘေးလောင်းတော် အနော်ရထာမင်းစောရုပ်တုနှင့် ဘိုးတော်ကျန်စစ်မင်းရုပ်တုများသာ ရှိခိုးဦးတင် ခံယူနိုင်၍ အခြားသောမင်းတို့၏ ရုပ်တုများ တုံးရရုံး လဲခဲ့လေသည်။[၁]

ဓမ္မကြောင်းတွင် သီလရှိသော ရဟန်းများ လာရာ၌ ရုက္ခစိုးနတ်များ သစ်ပင်ထက်မှ ဆင်း၍ အောက်တွင် ဆင်းရဲစွာ နေကြရကြောင်းများကို မြတ်စွာဗုဒ္ဓက ဟောဖော်ညွှန်ကြားတော်မူခဲ့သည်[၂]၊ ယင်းရာဇကြောင်း ဓမ္မကြောင်းများအရ သီလရှင်က သီလမဲ့ကို ရှိခိုးဦးတင်ခြင်းသည် အပေါယ်ကြောဖြင့် ဂရုဂါရဝ ဖြစ်သည်ဟု ထင်မှတ်ရသော်လည်း စင်စစ် ညှဉ်းဆဲခြင်းသာ ဖြစ်သည်၊ သီလရှင်လူတန်းစားအနေဖြင့် စာနာစိတ်များ မွေးသင့်လှသည်။

အနော်ရထာမင်းစော၏ ဦးဆောင်မှုဖြင့် ပုညကုသလစစ်ပွဲဆင်နွှဲခဲ့ကြသော ပုဂံပြည်သူတို့သည် ပုညကုသလစစ်မျက်နှာစာတိုင်းတွင် ပိုစတာများ စိုက်ထူခဲ့ကြသည်၊ ကြွေးကြော်သံများ ရေးထိုးခဲ့ကြသည်၊ ယနေ့ ပုဂံ၏ မျက်နှာစာတိုင်းရှိ ကျောက်စာများသည် ဘေးဘိုးတို့စိုက်ထူခဲ့သော ပိုစတာများ ဖြစ်သည်၊ ယင်းကျောက်စာများရှိ ဘေးဘိုးတို့ကို ရေးထိုးခဲ့သော မျှော်မှန်းဦးတည်ချက်များသည် ကြွေးကြော်သံများ ဖြစ်

၁။ မှန်နန်းရာဇဝင်၊ ပ-တွဲ၊ ၃၃၁။

၂။ ခုဒ္ဒက ပါဠပါဠိ၊ ၁၀။

သည်၊ ပုဂံပြည်သူတို့ ကြွေးကြော်သံများကား-

"ဤသို့ ငါပြုသော်ကား ငါထည်းရလိုသော မဟုတ်၊ သိကြားစသော ဗြဟ္မာ နတ်တကာလည်း ရစေ"ဟူ၏။[၁]

ယင်းကြွေးကြော်သံဖြင့် ပုဂံပြည်သူတို့သည် ဆင်နွှဲခဲ့သမျှသော ပုညကုသလစစ်ပွဲတိုင်း၏ ပုညဘာဂများကို သိကြားဗြဟ္မာစသော နတ်ဒေဝတာများအား ဝေငှခဲ့ကြောင်း ပေါ်လွင်ထင်ရှားစေသည်သာမက ပုဂံ၏ မြေးမြစ်ကိုလည်း "သိကြားဗြဟ္မာစသော နတ်ဒေဝတာများအား ပုညဘာဂများ ဝေရစ်"ဟုလမ်းညွှန်ခဲ့ခြင်းလည်း မည်ပေသည်။

ထို့ကြောင့် ပုဂံ၏ မြေးမြစ်ဖြစ်ကြသော ယနေ့မြန်မာနိုင်ငံကျေးလက်ပြည်သူတို့သည် သာသနိကပညာရှင်တို့၏ လိုအင်ဆန္ဒနှင့် လိုက်လျောညီထွေ ဘေး,ဘိုး ပုဂံတို့၏ ကြွေးကြော်သံအတိုင်း နတ်ကို ရှိခိုးဦးတင်မည့်အစား "ပဏာမ"ခေါ် ရှိခိုးခြင်းကိုလည်းမပြု၊ **"အဉ္ဇလီ"**ခေါ် လက်အုပ်လည်းမချီဘဲ **"ကုသိုလ်အမျှ ယူတော်မူပါ"**ဟု ဆိုကာ ပြသလိုက်ခြင်းဖြင့် နတ်ဒေဝတာများ၏ ချမ်းသာသုခများ ကူပံ့ရာ ရောက်ရှိပါကြောင်း ရေးသားရပေသတည်း။

❖ ❖ ❖

---

၁။ သက္ကရာဇ်- ၄၀၀,ကျော်ထိုး၊ သက်စိုးတောင်ဘုရားကျောက်စာ။



ရှင်ပြုမင်္ဂလာနှင့် ဘိသိက်

## ၁၄။ ရှင်ပြုမင်္ဂလာနှင့် ဘိသိက်

မြန်မာပြည်သူတို့ ရှင်ပြုမင်္ဂလာတွင် အတီးသဘင်နှင့် အကသဘင်များ အပြင်အဆိုသဘင်များလည်း ပါဝင်သည်၊ အတီးသဘင်သည် ရှင်ပြုမင်္ဂလာ၏ ပင်မသဘင်ဖြစ်သည်၊ အကသဘင်နှင့် အဆိုသဘင်များသည် အရံသဘင်မျှသာ ဖြစ်သည်၊ အကသဘင်တွင် ဇာတ်, ရုပ်သေးနှင့် အငြိမ့်သဘင်များ ပါဝင်သည်၊ အဆိုသဘင်တွင် ဘိသိက်မင်္ဂလာနှင့် စာဟော များပါဝင်သည်၊ ဆို, က, တီးသဘင် အားလုံးသည် ရှင်ပြုမင်္ဂလာ၏ အဆင်တန်ဆာများသာ ဖြစ်သည်။

ရှင်ပြုမင်္ဂလာတွင် အဆိုသဘင် ဖြစ်သည့် ဘိသိက်မင်္ဂလာ အခန်းကဏ္ဍကို အချို့ဒေသက နံနက်တွင် ကျင်းပ၍ အချို့ဒေသက နေ့ခင်းကျမှ ကျင်းပတတ်ကြသည်၊ ဘိသိက်မင်္ဂလာ အခန်းကဏ္ဍတွင် ကဏ္ဍကြီး-၁၄,ခု ပါဝင်သည်ကို လေ့လာ တွေ့ရှိရသည်။ ယင်းတို့မှာ-

(၁) "ဘိသိတ်ဖွင့်ခန်း
(၂) ကန်တော့ခန်း
(၃) စားတော်တိုက်ခန်း



(၄) နတ်ပင့်ခန်း
(၅) နတ်ဆိုးနှင်ခန်း
(၆) ခြေမန်းကွင်းစွပ်ခန်း
(၇) ထမင်းခွံ့ခန်း
(၈) နားထွင်းခန်း
(၉) ပုဏ္ဏားခန်း
(၁၀) လမိုင်းနတ်ထွက်ခန်း
(၁၁) ဘိသိက် ရေစင်သွန်းခန်း
(၁၂) လက်ဖွဲ့စာ တိုက်ခန်း
(၁၃) ရှင်လောင်းသွင်းခန်း
(၁၄) ဘိသိက်ပွဲ သိမ်းခန်း"တို့ ဖြစ်ကြသည်။

ယင်း အခန်းကဏ္ဍကြီးအားလုံးမှာပင် သူ့အခန်းနှင့် သူ ပတ်တိုက်, ပတ်လိုမ့် စသော သဘင်တို့ဖွယ်ရာ သောတာ လင်္ကာရများ ပါရှိသည်၊ သို့ဖြစ်၍ မြန်မာပြည်သူတို့သည် အဆိုသဘင်ကိုလည်း အကသဘင်များနည်းတူ နှစ်ခြိုက် စွဲလမ်း ကြသည်၊ ဘိသိက်သွန်းခြင်း ယဉ်ကျေးမှု အလေ့အထသည် ဗုဒ္ဓယဉ်ကျေးမှုနှင့်အတူ မြန်မာပြည်သူတို့ ရင်ခွင်တွင် စွဲထင် လာခဲ့သည်မှာ စောစီးစွာကပင် ဖြစ်သည်။

**"ဘိသိက်"**ဟူသော စကားလုံးသည် **"အဘိသေက"**ဟူ သော ပါဠိသက်, စကားလုံးဖြစ်သည်၊ ယင်းသည် **"သွန်း လောင်းခြင်း"**ဟူသော အဓိပ္ပာယ်ကို ညွှန်ပြသည်၊ **"သွန်း လောင်းခြင်း"**ဟုဆိုရာတွင် ရှင်ပြုမင်္ဂလာဖြစ်လင့်ကစား ပရိတ်

ရေဖြင့် သွန်းလောင်းခြင်းကို ဆိုလိုသည် မဟုတ်ချေ၊ အဘိသေကသဒ္ဒါ ဖော်ညွှန်းအပ်သော သွန်းလောင်းခြင်းဟူသည် ပကတိ အစွမ်းထက်မြက်သော ရေစင်ရေမြတ်ဖြင့် သွန်းလောင်းခြင်းကိုသာ ဖော်ညွှန်းလိုရင်း ဖြစ်သည်၊ ပကတိ အစွမ်းထက်မြက်သော **"ရေ"**ဟု ဆိုရာတွင်လည်း အစိရဝတီ, မဟီ, သရဘူ, ယမုနာ မြစ်များရှိ ရေမည်ကာများကို မဆိုလိုချေ။ ဂင်္ဂါမြစ်နှင့် အနဝတတ်အိုင်ရှိ ရေများကိုသာ ဆိုလိုသည်။

ဂင်္ဂါမြစ်ရေသည် ဟိန္ဒူဘာသာဝင်အားလုံး၏ အထွတ်အမြတ်ထားရာ ဖြစ်သည်၊ ဂင်္ဂါမြစ်ရေကို သောက်ချိုးရလျှင် ဘေးဘယာ ဝေးကွာပ၍ **"ကင်းငြိမ်း ချမ်းသာသည်"**ဟု အယူရှိကြသည်၊ ဗုဒ္ဓဘာသာဝင်များကလည်း အနဝတတ်ရေကို အထွတ်အမြတ် ထားကြသည်၊ အနဝတတ်ရေကို သောက်ချိုးလိုက်ရပါက ဘေးဘယာ ဝေးကွာပ၍ **"အေးမြ ချမ်းသာသည်"** ဟု အယူ ရှိကြသည်၊ သုမနသာမဏေ ယူဆောင်လာသော အနဝတတ်ရေစင်ဖြင့် အနုရုဒ္ဓါမထေရ်၏ လေနာရောဂါ ပျောက်ကင်းစေခဲ့ဖူးကြောင်းကို ဗုဒ္ဓဘာသာများက သိထားပြီး ဖြစ်သည်။[1]

သို့ရာတွင် ဂင်္ဂါမြစ်ရေသည် မြန်မာ့ယဉ်ကျေးမှုနှင့် အကျွမ်းမဝင်ချေ၊ မြန်မာ့ယဉ်ကျေးမှု ဓလေ့ထုံးစံနှင့် အကျွမ်းဝင်သော ရေကား **"အနဝတတ်ရေ"**ဟူ၏၊ သာသနဘောင်သို့ ဝင်ရောက်တော့မည့် မောင်ရှင်လောင်း၏ ဥပဒ်ဘေးဒဏ် ရန်မာရ်

၁။ ဓမ္မပဒအဋ္ဌကထာ၊ ၃-၃၈၇။



ခပ်သိမ်း ကင်းငြိမ်းချမ်းသာရန်က အရေးကြီးလျက်ရှိရာ အနဝတတ်ရေဖြင့် သွန်းဖျန်းရန်က လိုအပ်လျက် ရှိပေသည်။

ယင်းသို့ လိုအပ်နေချိန်တွင် ရေစင်ဖြင့် သွန်းလောင်းတတ်သူ ဘိသိက်ဆရာက မရှိ ဖြစ်နေပြန်သည်၊ ဤသည်ကပင် မြန်မာပြည်သူတို့ ရှင်ပြုမင်္ဂလာတွင် ဘိသိက်နှင့် မကင်းနိုင်သည်ကို လှစ်ပြလျက် ရှိသည်။

"လောကအတိက်၊ အောင်တံဆိပ်ဖြင့်၊ ဘိသိက်ရေစင်၊
သွန်းမဆိတ်ရှင်ရအောင်၊ ညွှန်းဘိသိက်ဆင်ခဲ့တော့၊
နားဝင် ကြီးစွာ ကုန်တသီးငယ်နှင့်၊ တစ်ခွင်မိုးကာ ဝသုံဟီး
ရအောင်၊ ကိုင်း ရွာစား... ပုဏ္ဏာတီးဖွင့်တော်မူစမ်း"[2]

ဘိသိက်သွန်းခြင်းအလုပ်ကလည်း ဗြဟ္မဏခေါ် ပုဏ္ဏားတို့၏ မူပိုင်အလုပ်သာ ဖြစ်ချေသည်၊ ပုဏ္ဏားများသည် သာမ, ယဇု, ဣရု, အာထဗ္ဗ **"လေးဝသော ဝေဒကျမ်းများကို သူတို့သာ တတ်သင့်သည်"**ဟု ယူဆခဲ့ကြသည်၊ ယင်းအယူအဆဖြင့် ဝေဒကျမ်းများကို လက်ဝါးကြီးအုပ်ခဲ့ကြသည်၊ ယင်းသို့ဖြင့် ဘိသိက်သွန်းခြင်း အလုပ်သည် ပုဏ္ဏားတို့၏ မူပိုင်အလုပ်ကြီး ဖြစ်သည်။

မြန်မာပြည်သူတို့ ရှင်ပြုမင်္ဂလာတွင် လိုအပ်နေသော ဘိသိက်ဆရာကား ပုဏ္ဏားပင် ဖြစ်သည်ဟူ၏၊ ထို့ကြောင့် ဘိသိက်ဆရာအဖြစ် သရုပ်ဆောင်ရသူသည် ပုဏ္ဏားဝတ် ဝတ်၍ ပုဏ္ဏားတို့ဘာသာ အမူအရာများကို လေ့လာပွန်းတီးထား

၂။ ဘိသိက်ဟောစာ။

ရသည်။

ဘိသိက်ဆရာလုပ်သူ၏ ပင်ကိုအရည်အချင်းကလည်း မသေးလှ၊ ဟန်, မူ, မှင်, အသံ, နဘော, ကာရန် ဝါကျနိုင်နင်း၍ အာဝဇ္ဇန်းရွှင်ရွှင်နှင့် ပြောတတ်, ဆိုတတ် ရှိရသည်၊ တူရိယာ သံစဉ် တီးမျိုးကိုလည်း စွမ်းနိုင်သလောက် လေ့လာပွန်းတီးမှု ရှိထားရသည်၊ အလှူရှင်များ၏ သဒ္ဓါစိတ်ကိုလည်း ရှင်ပြုမင်္ဂလာ ချီးမွမ်းခန်းဖွင့်ခြင်းဖြင့် ယိုဖိတ်စေတတ်ရသည်။

"သာသနာ ငါးထောင်အတွင်းမှာလ
ဒါယကာ တရားရောင်လင်းခဲ့တယ်
မင်းသီရိပုံပမာ။ ။
မဟာဒါနံ ဇမ္ဗူတလျှောက် မွေးရော့လ
ကာယကံ အလှူမြောက် ပေးရှာကြတယ်
ရှေးပုည ဒုလ္လဘာ။ ။
သဒ္ဓါ မနသီ အခြေပွားတာက
မဟာပထဝီ သက်သေထားမယ်တဲ့
များပါတိ ကုသိုလ်ကံ
ဆုလိုရာ ပန်ပါတော့ဗျ
ဒိဋ္ဌမလွဲ။ ။
ရည်စိတ်သန်
ပြည်နိဗ္ဗာန် အရန့်ရှာကြ
ဉဿဟပါရမီ အခြေသစ်ပါလို့
မုတ္တစာဂီ စွန့်လွှတ်လို့ ကျဲတာကြောင့်



အကဲထိုက်လိုက်ပါဘိ သိုက်သိုက်မြိုင်မြိုင်
ရှင်ပြုမင်္ဂလာပွဲ။ ။

"အများခပင်း မယှဉ်သာအောင်၊ သိကြားမင်းဘုရင်ပါ ပြဟ္မဏာရေသွန်းပြီး၊ မဟာနေဝန်း အာကာမွေ လျှပ်ပိ သကဲ့သို့၊ သာသနအမွေခံ မဏ္ဍပ်မှာ၊ တစ်ဖိတ်ဖိတ်လျှံ၍၊ ဘိသိက်ခံ အခေါင်ဘုရင် မဟာတမင်းတို့ကို၊ တံဆိပ် နှိပ်ရန် နောင်အစဉ် အလာ မယွင်းရအောင်၊ ဟဲ့ အောင် မင်္ဂလာစည်တော်ရွှမ်း"[၁]

ယင်းသို့သော တူရိယာသံစဉ်တီးမျိုးတို့နှင့် လေ့လာပွန်း တီးရသည့်ပြင် ဘိသိက်နှင့်သက်ဆိုင်သည့် ဘိသိက်မင်္ဂလာ-၁၂,ပါး၊ ဘိသိက်-၁၂,ပါး စသော ဗဟုသုတများကိုလည်း လက်ဆုပ်လက်မိ ရှိထားရပေသေးသည်။

ရှေးခေတ်ကသော် မြန်မာပြည်သူတို့၏ ရှင်ပြုမင်္ဂလာတွင် အရည်အချင်းနှင့် ပြည့်စုံ၍ ဟန်, မူ, မှင်, အသံ, နဘောကာရန် နိုင်နင်းလှသော ဘိသိက်ဆရာများကို တွေ့မြင်ရသည်၊ ဒေသခံ ကျေးလက် ပညာရှင်များကလည်း လိုလိုလားလား နားသောတ ဆင်၍ ဗဟုသုတ မြှင့်တင်ကြသည်။

ယခုသော် ဘိသိက်သွန်းခြင်း ယဉ်ကျေးမှုအလေ့အထ သည် ဂေါယာကျွန်းသို့ ယွန်းလျက် ရှိပေပြီ၊ လူလတ်ပိုင်း လောက်နှင့် လူကြီးပိုင်းလောက်သာ ယင်းယဉ်ကျေးမှုနှင့် လှမ်းမီ

---

၁။ ဘိသိက်ဟောစာတမ်း။

ကမ်းမိ ရှိကြတော့သည်၊ ယနေ့လူငယ်ထုသည် ဘိသိက်ဆရာနှင့် ကင်းကွာ၍ နေပေပြီ၊ ရှင်ပြုမင်္ဂလာတွင် အဆိုသဘင်၊ ဘိသိက်ဆရာကို မြင်လျှင် ဘိသိက်ဆရာမှန်း သိတော့မည်မဟုတ်ချေ။

ယင်းကား မြန်မာ့ယဉ်ကျေးမှုနယ်ပယ်တွင် မကောင်းသောအလေ့အလာ ဖြစ်သည်၊ ယင်းသို့ဖြစ်ခြင်းကလည်း ခေတ်ရေစီးကြောင်း အပြောင်းအလဲများကြောင့်ဟု ဆိုနိုင်သည်၊ တစ်ဖက်တွင် ငွေကြေးနှင့် ယဉ်ကျေးမှု အစဉ်အလာထိန်းသိမ်းလိုမှုနည်းပါးခြင်းတို့ကလည်း မီးလောင်ရာ လေပင့်သကဲ့သို့ရှိသည်ကို လေ့လာအကဲခတ်ပေသည်။

ကျေးလက်ဒေသများတွင် ရှားပါးလှသော ငွေကြေး ရေစီးကြောင်း၌ ရှားပါလှသော ဘိသိက်ဆရာများက ပန်းပန်လျက်စီးလိုကြသည်၊ ဤတွင် ကြေးမတတ်နိုင်သော အလှူ့ရှင်များအနေဖြင့် ယဉ်ကျေးမှု အမွေအနှစ်ကို ဆက်ခံလိုသော်လည်း ဘိသိက်ကို ကျောမခိုင်းလိုပဲနှင့် ကျောခိုင်းကြရတော့သည်။

ငွေကြေးတတ်နိုင်သော အလှူ့ရှင်များကလည်း ယဉ်ကျေးမှုအမွေအနှစ်ကို ထိန်းသိမ်းလိုခြင်း နည်းပါးကြသည်၊ ရှင်ပြုမင်္ဂလာတွင် ဘိသိက်ကို အမှတ်မရ၊ အကသဘင်နှင့် ကာလပေါ်အတီးသဘင်များဖြင့်သာ ကိစ္စပြီးလိုက်ကြတော့သည်၊ ယင်းသို့သော ခေတ်၏ ရေစီးများ အကြားတွင် ငုပ်ချို့ပေါ်ချို ဖြစ်၍နေသော ဘိသိက်ဆရာကို မျက်နှာစိမ်းလျက် ရှိသော ကာလသားသမီးများက ဘာမှန်းမသိ ဖြစ်နေသည်။



ယင်းသို့သော အခြေအနေကို ဘိသိက်ဆရာရော အလှူ့ရှင်ပါ မြင်တတ်ဖို့ ကောင်းလှတော့သည်၊ နှစ်ဦးနှစ်ဝလုံးက ကြေးမဆို၊ ကြေးမခိုပါက မြန်မာ့ယဉ်ကျေးမှု အစဉ်အလာတစ်ရပ်ကို ထိန်းသိမ်း ဖော်ဆောင်ရာ ရောက်၍ မျက်နှာစိမ်းလျက်ရှိသော ကာလသားသမီးများနှင့်လည်း ပြန်လည်ရင်းနှီးခွင့် ရရှိလာနိုင်မည် ဖြစ်ပေသည်။

❖ ❖ ❖

**သမိုင်း**

◆◆◆◆◆

"ပါးစပ်ရာဇဝင် မရှိသောနေ့သည် သမိုင်း မရှိသောနေ့ ဖြစ်သည်။

*"သီဟိုဠ်ရှင်ဘုရားသည်

**နယ်သတ်စေတီတော်" [ဆောင်းပါး]**

Y.M.B.A အသျှင်ဝိသုတာဘိဝံသ

သူ့ဘဝ, သူ့စာ၊ စာ-၁၇၈။



ဘိသိက်မင်္ဂလာနှင့် ကန်တော့ခန်း

## ၁၅။ ဘိသိက်မင်္ဂလာနှင့် ကန်တော့ခန်း

"မိဘတို့ရဲ့ အနန္တဂုဏ်ကို၊ ဆယ်ကြာပဒုံ၊ ဘယ်ညာစုံဖြင့်၊ မွေးထုံအကျော့၊ အဥ္ဇလီ တင်ချီလို့ ကန်တော့ရဦးမှာကိုး...ဗျ"

"အဲဒါကြောင့်၊ ရာဇဝင်ကျမ်းလာ အစစ်ပါပဲ၊ ကမ္ဘာတွင် နှမ်းကာမညစ်ရအောင်၊ ဆန်းကဗျာအသစ် ခေါင်မဟီကျော်သူက၊ ငြိမ်းတစ်လွှာအဖြစ် နောင်အရှည် ပေါ်လောက်အောင်၊ ဟဲ့... အောင်စည်တော်တီး"

ဘိသိက်ဆရာ၏ နဘေသံကာရန်သံများဖြစ်သည်၊ ကန်တော့ခန်းများအနက် မိဘကို ကန်တော့ရန် ဘိသိက်ဆရာက ပတ်တိုက်နေခြင်း ဖြစ်သည်၊ ဘိသိက်မင်္ဂလာတွင် ကန်တော့ခန်းများပါဝင်နေခြင်းသည် မောင်ရှင်လောင်းအတွက်သာ ဖြစ်သည်၊ သာသနဘောင်သို့ ဝင်ရောက်တော့မည့် မောင်ရှင်လောင်းသည် အနန္တငါးပါးအပြင် နှစ်ဖက်ဘိုးဘွားများကိုလည်း ကန်တော့ကြ

သေးသည်။

**“ဒသ ဆယ်လီ၊ ပမာမြွက်ချက်သောဆီ၊ လေးလီလော်မာ ညှစ်၍ခါ၊ ပရမာနုမြူ၊ လူတို့မမြင်၊ နတ်စက္ခု ရှုကာထင်၊ သို့စင်အတွက်၊ တိပဋိသန်၊ နုညွတ်ဟန်– ကျမ်းဂန်ထွက်မို့၊ မပျက်စောင့်ရှောက်၊ ဟောသည့် သာမဏေလောင်းကလေး လူလားမြောက်အောင်၊ မငေါက်မငန်း၊ အပူခြိမ်းမှု၊ လက်သန်း မပြု၊ မွေးသမိခင်၊ မွေးသဖခင်၊ မြင့်မိုရ်တောင်ဦး မကကျူးပါတဲ့ ကျေးဇူးရှင်၊ ရှေးဦးအစဉ် ဂါရဝထားပြီး၊ ရတနာ့သားကလေး က လက်ဆယ်ဖြာ ထိပ်မှာမိုးလို့မို့၊ ရှိခိုးကန်တော့ပါ၏၊ မိခင် ဖခင် ကျေးဇူးရှင်တို့ခင်ဗျား”**

မြန်မာပြည်သူတို့၏ ရှင်ပြုမင်္ဂလာကား ကြည်နူးစရာကောင်း လှတော့သည်၊ ရှင်ပြုမင်္ဂလာအခမ်းအနားမှာပင် နှစ်ဖက်မိဘနှင့် တကွ ဘိုးဘွားများကို ရှိခိုးကန်တော့ကြသည်၊ မြန်မာ့ရှင်ပြုမင်္ဂလာ ဘိသိက်ခန်း၏ ချစ်စရာကောင်းသော ရှုကွက်တစ်ကွက် ဖြစ်သည်။

မြန်မာပြည်သူတို့၏ သားကြီးသြရသ ကိတ္တိမသား၊ ကိတ္တိမသမီးဟူသော အနှစ်သာရများသည် ဤနေရာတွင် ပေါ်လွင် ထင်ရှားရုံမျှမက မြင်းမိုရ်တောင်ဦး မကကျူးသည့် မိဖတို့၏ ဂုဏ်ကျေးဇူးကိုပါ ပေါ်လွင်ထင်ရှားစေတော့သည်။

ဇနီးမောင်နှံ မစုံလင်သော အလှူရှင်နှင့် မိဘမစုံလင်သော သားသမီးများအဖို့ ဤနေရာတွင် ရင်ကျိုးကြရသည်၊ ကွေကွင်း ကွဲကွာ နေသူ, ဘဝတစ်ပါးသို့ ပြောင်းသွားလေသူများကို



အောက်မေ့တတ အမှတ်ရကြသည်၊ ပူဆွေးကြရသည်၊ ယင်းသို့သော အနန္တဂုဏ် ကျေးဇူးဟုန်များကို ပရိသတ် ဗိုလ်ပုံအလယ်သို့ ထင်ဟပ်သွားစေနိုင်သည်မှာ မြန်မာပြည်သူတို့၏ တစ်ခုတည်းသော ရှင်ပြုမင်္ဂလာ ဘိသိက်ခန်းသာလျှင် ဖြစ်ပေသည်၊ ဘိသိက်မင်္ဂလာ၏ ထက်မြက်လှသော အစွမ်းသတ္တိကို မြန်မာပြည်သူတို့ သဘောပေါက် နားလည်သင့်လှပေသည်၊ ဤအခန်းဖြင့် မြန်မာ့ယဉ်ကျေးမှု အစဉ်အလာတစ်ရပ်ကို အမြင့်ဆုံး ဖော်ကျူးလိုက်နိုင်ခြင်း ဖြစ်သည်၊ ဤနေရာတွင် **“ရှင်ပြုရမည်”** ဟုလာသော မောင်ရှင်လောင်းကို သာမဏေကဲ့သို့ ပြုစုရမည်[1] **ဟူသော စကားကို နွားကုတ်လက်ကိုင် ဆုပ်ကိုင်ကာ “မောင်ရှင်လောင်းက မိဘကို ရှိမခိုးကောင်း”ဟု ယူဆတတ်**ကြသည်။

မောင်ရှင်လောင်း၏ သာမဏေလို ပြုစုကောင်းခြင်းနှင့် မိဘကို ရှိခိုးခြင်းသည် အလျင်းပင် မဆိုင်ချေ၊ အသွင်သာလိုရင်း ဖြစ်သည်၊ သာမဏေလို ပြုစုကောင်းသော်လည်း မောင်ရှင်လောင်းသည် လူ့အသွင်သာ ရှိသေးသည်၊ သာမဏေအသွင် မဟုတ်သေးချေ၊ လူ့အသွင်ဖြင့် မိဘကို ရှိခိုးကန်တော့ထိုက်သည်သာ ဖြစ်သည်၊ သို့ရာတွင် **“ရှိခိုးထိုက်, မထိုက်”** ဟူသော စကားသည် **“သီလ ရှိ,မရှိ”**ဟူသော စကားနှင့်သာ စပ်ဆိုင်ပေသည်၊ **“အတိဇာတသား, အနုဇာတသား, အဝဇာတသား”**ဟူသော သားသုံးမျိုးတွင် အတိဇာတသားသည် မိဘ

၁။ မဟာဝါ အဋ္ဌကထာ၊ ၃ဝ၈။

ထက် သီလရှိသည်၊ မိဘအား ရှိမခိုးကောင်းချေ၊ ပူဇော်သင့်သော ဝတ္ထုဖြင့်သာ ပူဇော်သင့်လေသည်၊ အနုဇာတသားကား မိဘနှင့် သီလ တန်းတူရှိသောသားဖြစ်သည်၊ မိဘအပေါ်၌ အတိဇာတသား ကဲ့သို့ပင် လိုက်နာကျင့်သုံးရလေသည်၊ အဝဇာတသား ကား မိဘအောက် သီလယုတ်သည်၊ မိဘကို ရှိခိုးဦးချ ကောင်းသည်။

သို့ဖြစ်၍ ဗုဒ္ဓဘာသာ မြန်မာပြည်သူများသည် အနန္တဂိုဏ်းဝင်ဖြစ်သော မိဘများအား ရှိခိုးကန်တော့ထိုက်သည်သာ ဖြစ်လေသည်၊ ဘိသိက်မင်္ဂလာပါ ဤကန်တော့ခန်းဖြင့် မိဘများ၏ အနန္တဂုဏ်များကို အဓိကဖော်ကျူးထားခြင်း ဖြစ်သည်။

❖ ❖ ❖



ချည်မန်းကွင်းစွပ်

## ၁၆။ ချည်မန်းကွင်းစွပ်

ရှင်ပြုမင်္ဂလာ ဘိသိက်ခန်းတွင် ချည်မန်းကွင်းစွပ် အလေ့အထသည် ကဏ္ဍတစ်ခုအဖြစ်ဖြင့် သီးသန့်ပါဝင်သည်၊ ဘိသိက်မင်္ဂလာအခမ်းအနားများသည် လောကီမှုနှင့် နီးနွယ်သော အခန်းကဏ္ဍများ ရှိသကဲ့သို့ လောကုတ္တရာမှုနှင့် နီးနွယ်သော အခန်းကဏ္ဍများလည်း ပါရှိလေသည်။

လောကုတ္တရာမှုနှင့် နီးနွယ်သော အခန်းကဏ္ဍများတွင် ဤချည်မန်းကွင်းစွပ် အခန်းကဏ္ဍလည်း အပါအဝင် ဖြစ်သည်၊ **"ချည်မန်းကွင်း"**ဟူသည် ချည်ကို ပရိတ်ဖြင့် မန်း၍ ပြုလုပ်ရသော ချည်ကွင်း တစ်မျိုး ဖြစ်သည်၊ ထို့ကြောင့် ယင်းကို **"ချည်မန်းကွင်း"**ဟု ခေါ်ဆိုထားခြင်း ဖြစ်သည်။

**"မင်းဝိဇယ ဇာတ်ရည်စူး၍၊ နတ်ဘီလူးမျိုးအဟိတ်တို့ကို၊ မစိုးထိတ် အေးရန် တစ်ဖန်ဖြင့်၊ ဘေးရန်မာရ်မသီခရအောင်၊ သီဟဠမှတ် အချုပ်မှာတော့၊ နတ်ဥက္ကလာ တစ်သွင် မာဃရယ်နှင့်၊ အရှင်တာပသရသေ့ အသွင်**



**ဖန်ပြီး၊ မရွေ့အမှန် သောင်ခြေတစ်ဝိုက်တွင်၊ ဖောင်အခြေဆိုက်ကာ စိတ်ချမ်းမြေ့စေဟု၊ ပရိတ်ပန်း, ပရိတ်ရေ, အောင်ချည်မန်းတို့ကို၊ နောင်အရှည်မှန်းကာ သာသနဒါယကာဟု မာဃဝ အလာအမှန် ခိုင်းစေ၍"**

ဘိသိက်ဆရာ၏ နဘေသံ ကာရန်သံများ ဖြစ်သည်၊ ဘိသိက်ဆရာက ချည်မန်းကွင်း အလေ့အထကို သရုပ်ဖော်ဆောင်ရာတွင် ဝိဇယဇာတ်ကို ရည်စူး၍ ဖော်ဆောင်ရခြင်း ဖြစ်ကြောင်း ရိုးရိုးနှင့် လမ်းညွှန်ထားသည်။

ဝိဇယမင်းသားကား လာလတိုင်း သီဟပူရမြို့သား ဖြစ်သည်၊ ခမည်းတော်မှာ သီဟဗာဟုမင်းကြီး ဖြစ်၍ မယ်တော်မှာ သီဟသီဝလီ ဖြစ်သည်၊ သီဟဗာဟုမင်းကြီးနှင့် မိဖုရားသီဟသီဝလီတို့တွင် ဝိဇယမင်းသားအပါအဝင် သားတော်သုံးကျိပ်ရှိသည်၊ ဝိဇယမင်းသားက အကြီးဖြစ်သည်၊ ဝိဇယမင်းသားတွင် ကျွန်သင်းပင်း ခုနစ်ရာ ရှိသည်။

သီဟဗာဟုမင်းကြီးသည် ဆိုးသွမ်းလှသော ဝိဇယမင်းသားအား ကျွန်သင်းပင်း ခုနစ်ရာနှင့် အတူ သီဟိုဠ်ကျွန်းသို့ ပြည်နှင်ဒဏ် ခတ်လိုက်လေသည်၊ ယင်းအချိန်က သီဟိုဠ်ကျွန်းကား လူမှုလောကတွင် **"ဘီလူးသောင်းကျန်းသည်"**ဟု နာမည်ကြီးလှသည်။

ဝိဇယမင်းသား သီဟိုဠ်ကျွန်းသို့ရောက်ချိန်တွင် သိကြားမင်းက ရှေ့ရေးကို မြော်တွေးကာ ရသေ့အသွင်ယူ၍ ပရိတ်ဖြင့်

မန်းထားသော ချည်မန်းကွင်းများကို လည်တွင် စွပ်ပေးလိုက်ခြင်း ဖြင့် ဘီလူးရန်မှ ကာကွယ်တားဆီး ပေးနိုင်ခဲ့လေသည်။

"ရော့… သည်က ဒကာ၊ ငါလက်ကိုင်စွဲ၊ ကရားထဲက၊ ဘေးလွှဲ ရန်နှိပ်၊ အောင်ဘိသိက်၊ ပရိတ်ရေလည်း ပါလေရဲ့၊ ဒကာနှင့်တကွ လူအပေါင်းကို၊ ခေါင်းကစ၍ သွန်းချ ရေစင် ဖျန်းလေလော့"

"ရော့… သည်ကလဲ၊ ပရိတ်ငွေကွင်း၊ ရန်မျိုးကင်းတဲ့ ချည်ကွင်းဘဲ၊ ပွဲတွေ့အကျော်၊ လက်ပြန်ချည်စွပ်၊ နားမှာဝတ်၍ လွှတ်ရသော်၊ မပေါ်ရန်ဘေး၊ ဘုရားချည် ထိန်းသီလာလျှင် ပိန်းနေကျ၊ ရှိန်းတော်ကြီး၊ ပြီးစီးအကုန်၊ ဘာမစိုးနှင့် ဘေးမျိုးလုံ၊ ယုံယုံသာ ဆောင်ကြပေရော့ ဒကာတို့"[၁]

စလေဦးပုည၏ နဘေသံ ကာရန်သံများဖြစ်သည်၊ ဝိဇယဇာတ်ကို ဝိဇယပြဇာတ်အဖြစ် ဦးပုညက အသက်သွင်းခဲ့သည်၊ ဝိဇယရေစီးကြောင်းမှ အစဉ်တစိုက် စီးဆင်းလာခဲ့သော ချည်မန်းကွင်းသည် မြန်မာပြည်သူတို့၏ မြန်မာမှု နယ်ပယ်တွင် ပန်းပန်လျက် ရှိဆဲ ဖြစ်သည်။

ယင်း ချည်မန်းကွင်းဖြင့် မောင်ရှင်လောင်း၏ လည်နှင့်လက်ကောက်ဝတ်များတွင် ဆွဲဆင်ပေးခြင်းကို "ချည်မန်းကွင်းစွပ်"ဟု ခေါ်သည်၊ လည်နှင့် လက်ကောက်ဝတ်များတွင် ဆွဲဆင်

၁။ ဝိဇယပြဇာတ်၊ ၆၁၊ ၆၂။



ပေးလိုက်ခြင်းဖြင့် မောင်ရှင်လောင်း၏ ဥပဒ်ဘေးဒဏ် ရန်မာရ်ခပ်သိမ်းများ **"ကင်းငြိမ်းချမ်းသာသည်"**ဟု ဗုဒ္ဓဘာသာပြည်သူတို့က အယူ ရှိကြလေသည်။

ယင်းအခန်းဖြင့် ဘာသာရေးကို ဦးထိပ်ရွက်ထားခြင်းပင်ဖြစ်သည်၊ ဘာသာယဉ်ကျေးမှုဖြစ်၍ ဆက်လက် သရုပ်ဖော်သင့်ပေသည်။

❖ ❖ ❖



နားသမင်္ဂလာ

## ၁၇။ နားသ မင်္ဂလာ

"ပုတ္တဒါရသ သင်္ဂဟော၊ ရှင်စောဘဂဝါ အရဟံတစ်ဆူက၊ မင်္ဂလာဓမ္မကွန်ကျူးပြီး၊ အသေဝနာစ ဗာလနံ၊ အာဒိခံ၊ အန္တံ နောက်က ဖုဋ္ဌသတဲ့၊ ထုတ်ဟမိန့်မှာ သုံးဆယ့်ရှစ်ဒေသနာကို၊ သေအချာ ဆင်နာခံလို့မို့၊ ကဥ္စနာပျံ့ အပ်ရွှေမြင်ယ်နှင့်၊ နတ်ဆွေတမျှ ချစ်မညီးလှတဲ့၊ ချစ်သမီးအလှကလေး ပုဗ္ဗစာဂကြောင့်၊ ရုပ်ပကာသန သူမတူမြင်၊ နှစ်ဆူအရှင် အမိအဖတို့က အတိမနာပ အလွန်မြတ်နိုးလှသဖြင့်၊ မြကြိုး နဝရက် ကိုးသွယ် ပုတီးတို့နှင့်၊ ဖြိုးကြွယ်တစ်နည်း စိန်တစ်ပွင့် ဆင်လို့ပါလား၊ အချိန်သင့် နာရီလောင်းလိုက်တော့ ရာသီကောင်းကလဲ ဝိသာခါကို...။

"ဝိသာခါ ထွန်းတဲ့အခါမို့၊ မိတရာ အလှ ရှုမဝကလေးအား၊ ယုဇနပန်းခိုင် စပယ် နံ့သာဆီ အနှစ်သွေးပြီးလိမ်း၊ ဆယ်ရတီအစစ် နဝရက်ကိုးသွယ်ဆင်၊ နတ်မိုးမယ် အသရေထင်ရအောင် ရွှေနားပန် လေပြန်ခကြစို့ရဲ့..."

"ဒါကြောင့် တစ်ပြည်စံ ရွှေဉာဏ်မောက်သူက၊ နဘေသံ

ကာရန်နှင့် ကောက်ပါဦး၊ အမောက်တကာဘုရင်၊ ဘုရင့်တကာ့ ထိပ်ခေါင်ထင်ရဲ့၊ အဆောင်ဆောင် လေပြင်းညှင်းသည့်နှယ်၊ ဟဲ့… ထောင်ရောင်နေသီချင်းဖွဲ့တော်မူစမ်း…"

မြန်မာပြည်သူတို့၏ ရှင်ပြုမင်္ဂလာကား နဘေသံ ကာရန်သံများဖြင့် မြိုင်ဆိုင်လှသည်၊ ဘိသိက်ဆရာသည် နားသမင်္ဂလာ ဆင်ယင်နိုင်ရန် ပတ်တိုက်နေခြင်း ဖြစ်သည်၊ နားသမင်္ဂလာကား မင်္ဂလာ ၁၂ ပါးတွင် ကဏ္ဏဝိဇ္ဈန မင်္ဂလာဖြစ်သည်၊ ရာဇမတ္တဏ်တွင် "**ကဏ္ဏဝေဓမင်္ဂလာ**"ဟု ပြသည်။

မြန်မာပြည်သူတို့သည် မိမိတို့ရင်သွေးများတွင် သားကို ရှင်ပြုသည့်အခါ သမီးကိုလည်း နားသကြသည်၊ ယင်းသို့ နားသခြင်းကိုပင် "**နား သမင်္ဂလာ**"ဟု ခေါ်ဆိုခြင်းဖြစ်သည်၊ သားကို ရှင်ပြုရာတွင် အသက်တမ်း မည်ရွေ့မည်မျှရှိမှ "ရှင်ပြုရမည်"ဟု သတ်မှတ်ချက် မရှိစေကာမူ သမီးကို နားသရာ၌ကား "**အသက် တစ်ဆယ့်နှစ်နှစ်**"ဟု ကန့်သတ်ကြသည်။

မြန်မာပြည်တို့၏ ဝေလေ့ထုံးတမ်းတွင် ဗုဒ္ဓဘာသာမိန်းကလေး တစ်ဦးသည် နားသမင်္ဂလာ ဆင်ယင်ပြုလုပ်ပြီး အခါမှသာ ထိမ်းမြားလက်ထပ်ခြင်းကို ပြုလုပ်လေ့ ရှိသည်၊ ယင်းကဲ့သို့ နားသမင်္ဂလာ ဆင်ယင်ပြုလုပ်လိုက်ခြင်းဖြင့် ယင်းမိန်းကလေး အတွက် "**အရွယ်ရောက်ပြီ၊ အပျိုဖော်ဝင်ပြီ**"ဟု ကြေညာလိုက်သည့်သဘောပင် ဖြစ်ဟန် ရှိသည်။

သို့ရာတွင် ရာဇမတ္တဏ်တွင်ကား မိန်းကလေးများ နားသခြင်းသည် အိမ်ထောင်ရေး လူမှုဆိုင်ရာများနှင့် အလျင်းပင်



မသက်ဆိုင်ပဲ အနာဂတ်လူ့ဘောင်တွင် ယင်းမိန်းကလေး၏ နိမိတ်ဩဘာများနှင့်သာ သက်ဆိုင်သည်ဟု ကောက်ချက်ချနိုင်ရာသော အကြောင်းများကို ပြညွှန်း ထားလျက် ရှိသည်။

မိန်းကလေးများအနေဖြင့် တစ်နှစ်, သုံးနှစ်, ငါးနှစ်, ခုနစ်နှစ် စသော မစုံနှစ်များတွင် နားသမင်္ဂလာ မပြုလုပ်အပ်ကြောင်းနှင့် မွေးဖွားသည်မှ နှစ်နှစ်, လေးနှစ်, ခြောက်နှစ်စသော စုံကျသည့်နှစ်များတွင်သာ နားသမင်္ဂလာပြုလုပ်အပ်ကြောင်း ရာဇမတ္တဏ်က နည်းပေး လမ်းညွှန် ထားသည်၊ စုံကျသည့်နှစ်များကွင် နားသရာ၌လည်း နေ့ကောင်းနေ့မြတ်များတွင်သာ နားသမင်္ဂလာ ပြုလုပ်အပ်ကြောင်း နည်းပေးလမ်းညွှန် ထားသည်။

နားသမင်္ဂလာ ပြုလုပ်စဉ်အခါ သမီးကိုလည်း သားနည်းတူ စလွယ် သွယ်ပျောင်း ဗောင်းနားတောင်းတို့ကို ဆင်ယင်ဝတ်စားစေရမြဲ ဖြစ်သည်၊ ဗုဒ္ဓဘာသာသမီးပျိုများ အသက်တစ်ဆယ့်နှစ်နှစ်ရှိမှ နားသမင်္ဂလာ ဆင်ယင်ပြုလုပ်ခြင်းကလည်း လုံလောက်သောအကြောင်း ရှိပေသည်၊ ယင်းကား အခြားမဟုတ်၊ ဆင်းရဲသားအနေဖြင့် အသက်တစ်ဆယ့်နှစ်နှစ်ရှိမှ စလွယ်များ ဆင်ယင်ဝတ်စားခွင့် ရရှိခြင်းပင် ဖြစ်သည်။

ရာဇမတ္တဏ်တွင် မင်း, ပုဏ္ဏား, သူဆင်းရဲများ စလွယ်ဝတ်စားရာနှင့် ပတ်သက်၍ ပုဏ္ဏားမျိုးအနေဖြင့် ဖွားသည်မှ ၈-နှစ်မြောက်၊ မင်းမျိုးအနေဖြင့် ဖွားသည်မှ-၁၀,နှစ်မြောက်၊ သူဆင်းရဲမျိုးအနေဖြင့် ဖွားသည်မှ ၁၂-နှစ်မြောက်တွင်သာ

စလွယ်များ ဝတ်စားသင့်ကြောင်း ပြဆိုထားသည်။

ထို့ကြောင့် မိန်းကလေးများ နားသခြင်းသည် အိမ်ထောင်ရေးလူမှုဆိုင်ရာများနှင့် အလျင်းပင် မသက်ဆိုင်ဘဲ ထိုမိန်းကလေး၏ နိမိတ်ဩဘာများနှင့်သာ သက်ဆိုင်ပတ်သက်လေသည်။

**“နားသခြင်း”**ဟူသည် နားထွင်းနားဖောက်ခြင်းကိုပင် ဆိုလို သည်၊ စူးရှထက်မြက်သော အပ်ဖြင့် နားဖောက်လေ့ရှိကြသည်၊ ဤအခန်းဖြင့် မြန်မာ့လူမှု မှတ်တိုင်တစ်ခုကို အဓိက ဖော်ကျူးခြင်း ဖြစ်သည်။

❖ ❖ ❖



ဆိုင်း ကပ်သည့် လမိုင်းနတ်

## ၁၈။ ဆိုင်း ကပ်သည့် လမိုင်းနတ်

"သီတာရံ သောင်းဒြပ်အလာတွင်၊ ကောင်းမြတ်စွာ သုံး
တာကတော့ ဆိုင်းတဲ့, လေ့တဲ့, လေ့ခါးတဲ့၊ သုံးဖွေ
အပြား ပိုင်စား မှတ်ကာ၊ မျိုးနွယ်ဘုရင်တို့ သုံးကြ
ထုံး အစရှိတာ ကိုးဗျ...
ဒါကြောင့် ပြာဟ္မဏာဆရာက မဆိုင်းရပ်ပါဘူး၊ လမိုင်း
နတ် အစဉ်အလာနှင့်၊ တင်ပဏ္ဏာ နှုံးဖွဲ့ကျင်းလို့မို့
သုံးဆယ့် ခုနစ်မင်း နတ်အသင်းတို့ကိုလည်း၊ နံနက်က
ထမင်းသွင်းလို့ ဆောင်ခဲ့ပါပြီ။ လမိုင်းနတ်ကလေး
ဆင်တန်းဆာ ဗောင်းတော် သပါ,လို့၊ မဟာမင်္ဂလာ
မဏ္ဍပ်တော်အတွင်းသို့၊ ရှိန်တေဇာ ဘယာကင်း
တဲ့အောင်၊ ခုဆင်း၍ မ,တော်မူပါလော့"

ရှင်ပြုမင်္ဂလာ ဘိသိက်ခန်းတွင် အထက်နက် အောက်နက် များ ပါဝင်နေရခြင်းကလည်း ဘိသိက်မင်္ဂလာ၏ ဝိသေသ လက္ခဏာတစ်ရပ်ပင်ဖြစ်သည်၊ သာသနဘောင်သို့ တက်လှမ်း တော့မည့် မောင်ရှင်လောင်း၏ ဥပဒ်ဘေးဒဏ် ရန်မာရ်ခပ် သိမ်း ကင်းငြိမ်းချမ်းသာရန်က လွန်စွာမှ အရေးကြီးလျက်



ရှိသည်၊ မောင်ရှင်လောင်း၏ ဥပဒ်ဘေးဒဏ် ရန်မာရ်ခပ်သိမ်း ကင်းငြိမ်းနိုင်သော ရေကား **"အနဝတတ်ရေ"** ဟူ၏။

အနဝတတ်ရေ ရရှိရန်က အရေးကြီးလျက် ရှိပေပြီ၊ အန ဝတတ်အိုင်သည် ဟိမဝန္တာတွင် ရှိ၍ ခရီးဝေးကွာလှသည်၊ တော အတန်တန်, တောင်အထပ်ထပ် ကျော်ဖြတ်ရသည်၊ ကုမ္ဘာဏ် အထပ်ထပ် ဝန်းရံစောင့်ကြပ်လျက် ရှိသည်၊ အန္တရာယ် ထူပြော လှသည်၊ သာမန်လူသားတစ်ဦး သွားဝံ့ဖို့ နေနေသာသာ စိတ်ကူးမျှပင် မထည့်ဝံ့ချေ။

ယင်းအခြေအနေတွင် လူမစွမ်း၍ နတ်များကို တကြရ သည်၊ နတ်များကြွ၍ လူမစွမ်းများကို မ,ကြရသည်၊ သို့ရာတွင် အထက်နတ်များက လိုရင်းမဟုတ်၊ ဆိုင်းကပ်သည့် လမိုင်းနတ် သာ လိုရင်း ဖြစ်သည်၊ လမိုင်းနတ်လာနိုင်ရန်အတွက် သဘင် တို့ထုံးတမ်းများအရ အထက်နတ်များဖြင့် **"လမ်းခင်ပေးထား ခြင်းသာ ဖြစ်သည်"**ဟု လေ့လာအကဲခတ် ရမိသည်။

**"လမိုင်းနတ်"**ဟူသော စကားရပ်တွင် **"လမိုင်း"**ဟူသော စကားလုံးနှင့် "နတ်"ဟူသောစကားလုံးများသည် အနက်ထပ် တူပင် ဖြစ်သည်၊ မြန်မာစကားပုံတွင် **"လမိုင်းကပ်သည်"**ဟူ သော စကားပုံတစ်ခု ရှိသည်၊ ယင်း၏ ဆိုလိုရင်းကား **"နတ် ကပ်သည်"**ဟူ၏၊ ဆင့်ပွားအဓိပ္ပာယ်ကား **"အဆင်ပြေသည်"** ဟု ဖော်ညွှန်းလိုရင်း ဖြစ်သည်၊ ထို့ကြောင့် အနက်ထပ်တူပင် ဖြစ်သည်။

ဘုရင့်အသုံးတော်ခံ ဆိုင်း, လေ့, လေ့ခါး, သုံးပါးသော

ဌာနများတွင် အမှုထမ်းရသူတစ်စုကို **"လမိုင်းသား"**ဟုခေါ်သည်၊ ယင်းတို့ကိုးကွယ်သော နတ်ကိုလည်း **"လမိုင်းနတ်"**ဟုခေါ်သည်၊ ယင်းနတ်များကို သက်ဆိုင်ရာ ဆိုင်း, လှေ, လှေခါး, သုံးပါးသော ဌာနများတွင် ဘုရင်မင်းများက အပိုင်စား ပေးထားရသည်။

ထို့ကြောင့် ဘီသိက်ဆရာသည် အထက်ပါစကားများဖြင့် ဆိုင်းကပ်သည့်လမိုင်းနတ်ကလေးအား ဖိတ်မန္တက ပြုလိုက်သည်၊ လမိုင်းနတ်သည် ဆင်တန်ဆာ ဖောင်းတော်သပြီး တောင့်တကြသူ ရှင်ပြုမင်္ဂလာ ဧည့်သည်လာများအတွက် ဆင်းလက်၍ လာသည်။

ဝတီ်သာမိုးဖျားက မိုးသိကြား၏စေတမန် နတ်သားတော့မဟုတ်ချေ၊ နတ်ဝတ်တန်ဆာ ဖြစ်ကတတ်ဆန်း ဆင်မြန်းထားသော ဆိုင်းနောက်ထ တစ်ယောက်သာ ဖြစ်ချေသည်၊ သို့ရာတွင် သူက လက်ညှိုးထောင် ကိုယ်ရောင်လင်းကာ ဝတီ်သာမိုးဖျားက ဖိုးသိကြား၏ စေတမန်နတ်သား ဖြစ်ကြောင်း ခပ်တည်တည် အုပ်ထည့်လိုက်သည်။

"(အတူလေးရယ်တဲ့ ယှဉ်ကာပြိုင် ယှဉ်ကာပြိုင်)၂
ပန်းမွှေ့ရာ ကော်ဇောနှင့် ရောနှောလို့ထိုင်။ ။
(ပျိုတိုင်းကြိုက်ပါတဲ့ နှင်းဆီခိုင် နှင်းဆီခိုင်)၂
ခွင်လုံးပိုင်ပါတဲ့ ဇာတ်တော်သား၊ ဝေးရာကရှား။ ။
သန်းခေါင်ကို နေ့မှတ်ပါလို့ (အရပ်ကိုတဲ့မှ အားမနာ အားမနာ)၂
မသောက်ရရင် သီလစောင့်တယ် ကိုးကျောင်းဒကာ။ ။
(သောက်တော်ဗူးရယ်နှင့် ကိုယ်မကွာ ကိုယ်မကွာ)၂၊
မင်းကျော်စွာလို့ မကျော်လား ဝေးရာရှား"[၁]



အနဝတတ်အိုင်သို့ ရေခပ်သွားရာတွင် သီဆိုသော လမိုင်းနတ်၏ နတ်သံများဖြစ်သည်၊ လမိုင်းနတ်သည် လက်ယာရစ်ခရုသင်းကိုကိုင်ကာ အနဝတတ်အိုင်သို့ မြူးမြူးကြွကြွ ဆိုကရေခပ်သွားသည်၊ ရှင်ပြုမင်္ဂလာ ဧည့်သည်လာများ အူမြူးကြရသည်။

ရှင်ပြုမင်္ဂလာ ဘီသိက်ခန်းတွင် ပရိသတ်နှစ်မျိုးကို တွေ့ရှိရသည်၊ မျက်စိအရသာသက်သက်ကိုသာ ခံစားလိုသော ပရိသတ်နှင့် နားမျက်စိအရသာကို ခံစားလိုသော ပရိသတ်များဖြစ်သည်၊ နားမျက်စိ အရသာကို ခံစားလိုသော ပရိသတ်က ဘီသိက်ခန်းကို အစအဆုံး ကြည့်ရှု၍ မျက်စိအရသာ သက်သက်ကိုသာ ခံစားလိုသော ပရိသတ်က နတ်ထွက်မှ ရောက်ရှိလာတတ်ကြသည်။

ဘီသိက်တာဝန်နှင့် နတ်တာဝန်များကို အတီးသဘင်လောကမှ ဆိုင်းနောက်ထများက တာဝန်ယူသည်က များသည်၊ ပင်တိုင်ဘီသိက်ဆရာလုပ်သူက အနည်းငယ်ရှိသေး၍ ပင်တိုင်နတ်လုပ်သူက လုံးဝမရှိသလောက်ဖြစ်သည်၊ ဘီသိက်နှင့် နတ်သည် အတီးသဘင်ပညာရှင်များဖြစ်၍ အဆိုအပြောအရွတ်အဖတ်များတွင် ဌာန်ကရိုဏ်း ကျလှသည်။

ပရိသတ်အထာကို သိကြသူများပီပီ အလွမ်းအသောများဖြင့်

---

၁။ ဂီတသိပ္ပံ အခြေခံ၊ ၂၉၀။

သရုပ်ဆောင်နိုင်ကြသည်၊ အဖွင့်အပိတ် ညီလှသည်၊ နတ်က အနဝတတ်အိုင်သို့ ရေခပ်သွားရင်း ပရိသတ်အား နားမျက်စိ အရသာကို ပေးသွားနိုင်သည်၊ ထို့ကြောင့် နတ်ထွက်က ပရိသတ်များ အူမြူးခြင်း ဖြစ်သည်။

ဤနေရာတွင် နတ်လုပ်သူအတွက် စားပေါက်စားလမ်း တစ်ခု ပွင့်သွားလေသည်၊ ယင်းကား အခြားမဟုတ်၊ အနဝတတ် အိုင်သို့ ရေခပ်သွားရန် ပရိသတ်များသို့ နတ်က ရေစင်ဖိုး တောင်ခြင်း ဖြစ်သည်၊ ယင်း ကကွက်ကို ပျော်စေ ပြက်စေ ကလက်စေခြင်းငှာသာ တီထွင် က,ပြခြင်း ဖြစ်သည်၊ အမြတ် ထုတ်ရန် မဟုတ်ချေ။

အချို့နတ်များက ပါးနပ်ကြသည်၊ အလှူ့ဒကာ၏ ဆွေ မျိုးသားချင်းက စ၍ ရေစင်ဖိုးများ တောင်းတတ်ကြသည်။ မပေးရင် မကဘူးပြော၍ ရေစင်ဖိုးများ ပေးကြရသည်၊ သူ့ကံ နှင့်သူ ဖြစ်လာသဖြင့် မည်သို့မျှ အပြစ် ဆိုစရာ မရှိသော်လည်း အတိုင်း အတာတစ်ခုအထိ ကန့်သတ်နိုင်သော် ပိုမိုကောင်းမွန် အံ့ ထင်သည်။

❖ ❖ ❖



လက်ဖွဲ့ စာတိုက်ခန်း

# ၁၉။ လက်ဖွဲ့စာ တိုက်ခန်း

“ဖဝါးလက်နှစ်လုံး၊ ပခုံးလက်နှစ်သစ်၊ ဝါးဖတ်တော် ခံဆီ နှစ်ဖြင့်၊ လူဖြစ်အောင်ပ မွေးခဲ့ရ၊ သားသမီးအလှ ကိတ္တိမ၊ ဩရသ ရင်သွေးနှစ်ဖြာတို့မှာ၊ ဘဝင်အေးစွာ စက်နှင့်လှမ်းရ အောင်၊ လက်ဖွဲ့စာခန်း စာနိဒါန်း စခန်းနှင့် ဆိုကြစို့ရဲ့”

နဘေသံ ကာရန်သံများကား လက်ဖွဲ့စာတိုက်ခန်းမှ ဘိသိက်ဆရာ၏ အချီးနိဒါန်းဖြစ်သည်၊ ယင်းအချီးနိဒါန်းဖြင့် ဘိသိက်ဆရာသည် လက်ဖွဲ့စာတိုက်ခန်းကို ဖွင့်လှစ်လိုက်သည်၊ ယင်းအခန်းဖြင့် မိဘဘိုးဘွားများ၏ သားသမီး မြေးမြစ် များအပေါ် အစဉ်ထာဝရ ထားရှိအပ်သော–

“မကောင်းမြစ်တာ၊ ကောင်းရာညွှန်လတ်၊ အတက် သင်စေ၊ ပေးဝေနီးရင်း၊ ထိမ်းမြားခြင်းလျှင် ဝတ်ငါး အင်”ဟူသည့် သင်္ဂဟတရားကို တိုးတတ်မြင့်မား စေသည်။



လက်ဖွဲ့စာတိုက်ခန်းတွင် မိဘဘိုးဘွားများက ပရိသတ်ရှေ့ မှောက်တွင် မောင်ရှင်လောင်းအား တတ်နိုင်လျှင် တတ်နိုင်သည့် အလျောက် ရွှေ, ငွေ, ရတနာ, ဥစ္စာ, ဘဏ္ဍာ, လယ်ယာ, ကိုင်းကျွန်းများကို ပေးကမ်းလက်ဖွဲ့လေ့ ရှိကြသည်၊ နားသ သည့် သမီးရတနာကိုလည်း သားနည်းတူ ပေးကမ်း လက်ဖွဲ့ လေ့ရှိကြသည်၊ ထို့ကြောင့် မြန်မာစာပေများတွင်–

“အတွင်းဘဏ္ဍာ၊ ရတနာရောင်းညီး၊ သင်းသီးလက်ဖွဲ့၊ ရပြန်ခဲ့၍၊ သွဲ့သွဲ့သံညင်း၊ ကျော့ရှင်းမူရူ၊ ချော့ရင်းကြူ ပေတဲ့၊ မဥ္ဇူရိုင်, ဂမုန်းခိုင်, သဇင်ခိုင်နွဲ့သွယ်, လှမြတ် မယ်ကို”[၁]ဟူသော အဖွဲ့အနွဲ့များ ထင်ဟပ်နေခြင်း ဖြစ်သည်။

ဥစ္စာဘဏ္ဍာများဖြင့် မိဘဘိုးဘွားများက ပေးကမ်းလက်ဖွဲ့ ကြခြင်းသည် “ဘုရားရှင်အမွေတော်ကို ငါတို့ခံရပေပြီ”[၂] ဟူသော စိတ်ထားဖြင့် သံသရာကိုရည်စူး၍ ပေးကမ်းလက်ဖွဲ့ ကြခြင်းသာဖြစ်သည်၊ ယင်းဖြင့် လောကီအမွေနှင့် လောကုတ္တရာ အမွေကို လဲလှယ်ယူလိုက်ခြင်းဟုလည်း ဆိုနိုင်သည်။

တစ်နည်းဆိုရသော် ယင်းသို့ ပေးကမ်းလက်ဖွဲ့ကြခြင်း သည် ဓမ္မသတ်ဆိုင်ရာ ကျင့်ထုံးများနှင့်အညီ **“လိုက်နာကျင့် သုံးလိုက်ခြင်းလည်း ဖြစ်သည်”**ဟု ဆိုနိုင်ပေသည်၊ ဓမ္မသတ် ကျမ်းတွင် သားသမီးများအား ပေးကမ်းလက်ဖွဲ့လိုက်သော

---

၁။ နေမိရကန်၊ ပိုဒ်ရေ–၂၇။

၂။ မနုဓမ္မသတ်၊ ၁၃၇၊ သမ္မုဟာမုဝိစ္ဆေဒနီဓမ္မသတ်၊ ၂၉၄။

ဥစ္စာဘဏ္ဍာများသည် ကင်းဝန်မင်းကြီး၏ အဆိုအမိန့်အတိုင်း သားသမီးများ၏ သင်းသီးဥစ္စာ တစ်ဆယ့်နှစ်ပါးတွင် တစ်ပါး အပါအဝင်ဖြစ်ကြောင်း ပြဋ္ဌာန်းထားရှိသည်။

သို့ရာတွင် သားသမီးများ ရှင်ပြုနားသမင်္ဂလာ ပြုလုပ်သည့်အခါ မိဘဘိုးဘွားများက ယင်းကဲ့သို့ **"ပေးကမ်း လက်ဖွဲ့ရမည်"**ဟူ၍ကား ဓမ္မသတ်ကြောင်းတွင် လမ်းညွှန်ချက် မရှိချေ၊ သင်္ဂဟတရားနှင့်အညီ ချီးမြှင့်မှုမျိုးကိုသာ ပညတ်လိုခြင်း ဖြစ်သည်။

ရှင်ပြုနားသစဉ်အခါ သားသမီးများကလည်း တောင်းတတ်ကြသည်၊ သားသမီးများက မတောင်းတတ်သည့်တိုင် မိဘဘိုးဘွားများက အမှတ်တရ အမြတ်တနိုးလုပ်ကာ ပေးတတ်ကြလေသည်၊ ယင်းဥစ္စာဘဏ္ဍာများသည် အခြားသားသမီးများနှင့် မသက်ဆိုင် မပတ်သက်ချေ၊ လက်ဖွဲ့ခံသားသမီးများနှင့်သာ သက်ဆိုင် ပတ်သက်လေသည်၊ မိဘများအနေဖြင့်လည်း သုံးစားပိုင်ခွင့်သာ ရှိ၍ အုပ်စိုးပိုင်ခွင့် လုံးဝ မရှိချေ။

**"ဆွေခုနစ်ဆက်၊ မျိုးခုနစ်ဆက်, ခုနစ်လက်ကိုင်ကာ ခုနစ်ခါဖြင့်၊ အစဉ်အလာ အယဉ်မပဟာတို့ သုံးကြ၊ ထုံးအလုပမာလို၊ မိဘနှစ်ဖြာ ဆွေမျိုးအစုံတို့က၊ ပွဲရကာ အကုန်ဟတ္ထေ နှင့်မြှောက်တော့၊ တိုင်းမဟာ အဖူးပတ္တမြားတို့က၊ နှိုင်းစရာ အထူးထားရအောင်၊ ကိုင်း... ဆရာ လူးတားကောက်တော်မူစမ်း"**

ဆိုင်း၏ ရေကင်းသံနှင့်အတူ ဘိသိက်ဆရာနှင့် မိဘ



ဘိုးဘွားများက ပွဲရကာကို လက်ဖြင့် ကိုင်မြှောက်လေ့ ရှိကြသည်၊ **"အောင်ပြီ"**ဟု ကြွေးကြော်လိုခြင်းပေလော မပြောတတ်ချေ၊ ကြည့်နူးစရာလည်း ကောင်းလှ၍ လွမ်းစရာလည်း ကောင်းလှသည်။ ဤသည်တို့ကား မြန်မာပြည်သူတို့၏ ရှင်ပြုမင်္ဂလာပွဲမှ ကြည်နူးစရာ ချစ်စရာကောင်းသော အနှစ်သာရများပင် ဖြစ်သည်။

❖ ❖ ❖



ရှင်ပြုမင်္ဂလာပွဲမှ ပျော်စရာများ

## ၂၀။ ရှင်ပြုမင်္ဂလာပွဲမှ ပျော်စရာများ

မြန်မာပြည်သူတို့၏ ရှင်ပြုမင်္ဂလာပွဲတွင် ပျော်စရာရွှင်စရာများလည်း ရှိသည်၊ တစ်ခါတစ်ရံ ပျော်စရာကို လွမ်းစရာက ဖုံးလွှမ်းသွားတတ်ချေသည်၊ များသောအားဖြင့် မြန်မာပြည်သူတို့၏ ရှင်ပြုမင်္ဂလာတွင် လွမ်းစရာကို ပျော်စရာက ဖုံးလွှမ်းသည်ချည်းဖြစ်သည်။

ပျော်စရာကို လွမ်းစရာဖြင့် ဖြေဆည်ရခြင်းများသည် အချင်းချင်း နားလည်မှုလွဲမှားသောအခါမျိုးတွင် ဆိုကြုံရတတ်ချေသည်၊ နားလည်မှုလွဲမှားခြင်းကြောင့် ကာယကံရှင်များအနေဖြင့် လောကဓမ္မနှစ်ဌာနတွင် ဆုံးရှုံးနစ်နာမှုများ ရှိခဲ့သည်။

မြန်မာပြည်သူတို့၏ ရှင်ပြုမင်္ဂလာပွဲတွင် ကြီးမားလှသော မုန့်ဆီကြော်ကြီးများ, မုန့်လေပွေကြီးများ, ပေါက်ပေါက်ဆုပ်ကြီးများကို တွေ့ဖူး မြင်ဖူးကြပေမည်၊ ယင်းမုန့်နှင့် ပေါက်ပေါက်

ဆုပ်ကြီးများသည် လွမ်းစရာကို ပျော်စရာဖြင့် ဖြေဆည်ရန် တာစူထားခြင်း ဖြစ်သည်။

တစ်နည်းအားဖြင့် ယင်းမုန့်များ ပေါက်ပေါက်ဆုပ်များသည် လက်ဆောင်ပြန်ကြီးများလည်း ဖြစ်ကြသည်၊ ရှင်လောင်းထိုင်သော ကျောင်းသားများအားလည်း ယင်းမုန့် ပေါက်ပေါက်ဆုပ်များဖြင့် လက်ဆောင်ပြန်ကြရသည်၊ ရှင်လောင်းတင်သည့် ယာဉ်များသို့လည်း ယင်းမုန့်ပေါက်ပေါက်ဆုပ်များဖြင့် လက်ဆောင်ပြန်ကြရသည်။

ရှင်လောင်းယူရာနှင့် ရှင်လောင်းလှည့်ရာများတွင် ရေမှ ရွှေကြိုးငွေကြိုး တားသူများသို့လည်း ယင်းမုန့် ပေါက်ပေါက်ဆုပ်များဖြင့်ပင် လက်ဆောင် ပြန်ကြရသည်။

၂၀-ရာစုခေတ် လူငယ်ထုအတွင်းတွင် ရေပန်းစားလျက်ရှိသော ဝေါဟာရတစ်ခု ရှိသည်၊ ယင်းကား "**ဘာ ပေါက်လာတာလဲ**"ဟူသော ဝေါရ ဖြစ်သည်၊ ယင်း၏ ကွယ်ဝှက်သော အဓိပ္ပာယ်မှာ "**ဘာ ရှူးတာလဲ**"ဟူ၏၊ "**ပေါက်**"ဟူသော ဝေါဟာရသည် ရှေးစကားပင် ဖြစ်လင့်ကစား-၂၀, ရာစုခေတ် လူငယ်ထု အတွင်းတွင် ပန်းပန်လျက်ပင် ရှိဆဲဖြစ်သည်ကို တွေ့မြင်ရသည်။

မြန်မာပြည်သူတို့၏ ရှင်ပြုမင်္ဂလာပွဲမှ "**ထမင်းရုံ ပေါက်သည်၊ ဖိုကြီး ပေါက်သည်**"ဟူသော စကားရပ်များတွင် ပါဝင်သည့် "**ပေါက်**"ဟူသော စကားလုံးသည်လည်း ယင်း အဓိပ္ပာယ်ကိုပင် ဖော်ညွှန်းသည်။



ဝံသာနုခေတ်ဆီက ကျေးလက်ဒေသများတွင် အမျိုးသား အသင်းအဖွဲ့နှင့် အမျိုးသမီး အသင်းအဖွဲ့များ ရှိသည်၊ ယင်း အဖွဲ့များတွင် ကာလသားနှင့် ကာလသမီးများသာ ပါဝင်ကြသည်၊ အဖွဲ့အစည်းနှစ်ရပ်လုံးတွင် ခေါင်းဆောင်များလည်း ရှိကြသည်၊ အမျိုးသားရှေ့ဆောင်ကို "**အမျိုးသားခေါင်း၊ ကာလသားခေါင်း**"ဟုခေါ်ကြ၍ အမျိုးသမီးရှေ့ဆောင်ကို "**အမျိုးသမီးခေါင်း**"ဟု ခေါ်ဆိုကြသည်။

ယင်းအဖွဲ့အစည်းများနှင့် ပတ်သက်၍ ကျေးလက်ပြည်သူတို့၏ ခံယူချက်သည် အဆင့်အတန်း မြင့်မားလှသည်၊ ကျေးလက်ဒေသ၏ လူမှုစီးပွားကဏ္ဍတွင် ကာလသမီး ကာလသားများကသာ ပြဋ္ဌာန်းသည်၊ ကာလသမီး ကာလသားများသည် ကျေးလက် လူမှု စီးပွားကဏ္ဍနှင့် "**ပတ်သက်သည်**"ဟု ခံယူထားကြသည်။

သို့ဖြစ်သည်နှင့် အညီ ကာလသမီး ကာလသားများသည် ကျေးလက် လူမှုစီးပွားကဏ္ဍတွင် စွန့်စားကြရသည်၊ မားမား မတ်မတ် ရပ်တည်ကြရသည်၊ အထူးသဖြင့် ကာလသားများတွင် ကျေးရွာကာလသမီးများအပေါ် အစ်မ နှမများအဖြစ် ခံယူ ထားကြရသည်၊ ကာကွယ်စောင့်ရှောက်ကြရသည်၊ ဒွန်တွဲ လုပ်ဆောင်ကြရသည်။

ဝံသာနုခေတ်များဆီက ယင်းအဖွဲ့အစည်းများသည် ကျေးရွာပြည်သူများအပေါ် အတိုင်းအတာတစ်ခု အထိ ဩဇာအာဏာ ကြီးမားခဲ့သည်၊ ယခုအခါသော်ကား ဝံသာနုစိတ်ဓာတ်နှင့်အတူ

ယင်းအဖွဲ့အစည်းများသည် လုံးပါး ပါးလျက် ရချေပြီ။

ရှင်ပြုမင်္ဂလာပွဲများတွင် ယင်းအဖွဲ့အစည်းများသည် ထမင်းကျွေးတာဝန်ယူကြရသည်၊ အခြေအနေကို သုံးသပ်၍ ထမင်းရုံပေါက်ကြရသည်၊ ထမင်းရုံပေါက်ခြင်းဟူသည် ဆိုင်းသမားများထံမှ ဒိုးများငှား၍ မဏ္ဍပ်အတွင်းတွင် တီးမှုတ်ကခုန်ရင်း အလှူရှင်ထံ မုန့်တောင်းခြင်း၊ ပိုက်ဆံတောင်ခြင်းများကို ဆိုလိုသည်၊ အလှူရှင်များကလည်း အလိုက်သိစွာ ပေးကြရသည်။

ဖိုကြီးသားများကလည်း ထိုနည်းတူ ဖိုကြီးပေါက်ကြသည်။ ထမင်းချက်သူများကို **"ဖိုကြီးသား"**ဟု ခေါ်သည်၊ ဖိုကြီးသားတစ်စု ထမင်းအိုး ဟင်းအိုးများထမ်း၍ မဏ္ဍပ်အတွင်း တီးမှုတ်ကခုန်ရင်း အလှူရှင်ထံ မုန့်တောင်းခြင်း၊ ပိုက်ဆံတောင်းခြင်းများကို "ဖိုကြီးပေါက်သည်"ဟု ခေါ်စမှတ်ပြုကြသည်၊ ယင်းသို့ ကခုန်၍ မုန့်တောင်းစားခြင်းများကား အပျော်သက်သက်မျှသာ ပြုလုပ်ခြင်း ဖြစ်သည်။

တစ်ခါတစ်ရံတွင် ပိုက်ဆံတောင်းတတ်ကြသည်၊ စည်းမဲ့ကမ်းမဲ့တော့ မဟုတ်ချေ၊ ကျေးရွာတွင် ရွာဘုံထောင် ပရိဘောဂများ ချို့တဲ့နေခြင်းနှင့် အလှူရှင်ကလည်း ပြန်လည်တုံ့ပြန်နိုင်သော အရည်အချင်းမျိုး ရှိမှသာ ယင်းသို့ ပြုလုပ်တတ်ကြလေသည်။

ရွာဘုံထောင် ပရိဘောဂဟူသည် ယင်းသို့သော ကိစ္စမျိုးမှ ရရှိလာသော ငွေကြေးဘဏ္ဍာများဖြင့် တည်ထောင်ထားရှိသော ပရိဘောဂများကို ဆိုလိုသည်၊ ယင်းပရိဘောဂများ ချို့တဲ့နေခဲ့



တွင် ကာလသမီး ကာလသားများ ယင်းသို့ပြု လုပ်တတ်ကြချေသည်။

ယင်းကိစ္စမျိုးတွင် တစ်ခါတစ်ရံ အချင်းချင်း နားလည်မှု လွဲမှားတတ်ကြသည်၊ အလှူရှင်က နားလည်မှု လွဲမှားသည်လည်း ရှိသည်၊ ကာလသမီး ကာလသားများက နားလည်မှု လွဲမှားသည်လည်း ရှိပေသည်၊ အလှူရှင်က နားလည်မှု လွဲမှားရာတွင် သဘောနု၍ မပေးလိုခြင်းများ ပါဝင်သည်၊ ကာလသားများ နားလည်မှု လွဲမှားရာတွင် မတန်တဆ တောင်းခြင်းများ ပါဝင်သည်။

ယင်းသို့ မဖြစ်သင့်ချေ၊ ကျေးရွာကိစ္စ, ကျေးရွာတာဝန်ကို နှစ်ဦးနှစ်ဝ ထမ်းရွက်ခွင့် ရ၍ ထမ်းရွက်ကြခြင်း ဖြစ်သည်ဟု ခံယူကြရာသည်၊ ယင်းသို့ခံယူခြင်းကသာလျှင် လွမ်းစရာကို ပျော်စရာဖြင့် ဖုံးဖိနိုင်ပေမည်၊ ရှင်ပြုမင်္ဂလာတွင် ထမင်းရုံပေါက်ခြင်း, ဖိုကြီးပေါက်ခြင်းများအပြင် ရှင်လောင်း ဝှက်ခြင်းများလည်း ရှိသေးသည်။

အလှူ့ရှင်သည် မိမိရှင်လောင်း အဝှက်မခံရရန်နှင့် ရှင်လောင်းတွင် ဝတ်ဆင်ထားသော လက်ဝတ်ရတနာများ မပျောက်ပျက်ရန် ဘုန်းတော်ကြီးကျောင်းသားများကို ရှင်လောင်း ထိန်းစေရသည်၊ ရှင်လောင်းထိန်းခ အဖြစ် ရှင်လောင်းတစ်ပါးလျှင် ငါးကျပ်မျိုး, တစ်ဆယ်မျိုး ပေးရသည်။

ကျောင်းသားများသည် ရှင်လောင်းထိန်းခငွေကြေးများကို ဘုန်းတော်ကြီးများ၏ စီမံခန့်ခွဲမှုအောက်တွင် မိမိတို့ ပညာသင်

စရိတ်အဖြစ် ထုခွဲ အသုံးချကြလေသည်၊ ရှင်လောင်းထိန်း သီးသန့်ရှိ၍ ရှင်လောင်းဝှက်မှုများ ပေါ်ပေါက်မှု နည်းပါးခဲ့ ပေသည်။ ကာလသားများ အလှည့်ကောင်းခြင်းနှင့် ကျောင်း သားများ ညံ့ဖျင်းသော အခါမျိုးတွင်သာ ပေါ်ပေါက်တတ်ချေ သည်။

ထိုအခါမျိုးတွင် ပျော်စရာကို လွမ်းစရာက မမျှော်လင့်ဘဲ ဖုံးသွားတတ်ချေသည်၊ ၁၉၇၈-ခုနှစ်လောက်က မန္တလေးတိုင်း တွင်း ဝမ်းတွင်းမြို့နယ် ရွာတစ်ရွာတွင် ဖြစ်သည်၊ အမျိုးသား များက အပျော်အပါးအဖြစ် ရှင်လောင်းများ ဝှက်ခဲ့ကြသည်။ ရှင်လောင်းဝှက်ရာ သေသပ်လွန်း၍ ရှင်လောင်းများ အသက် ဆုံးရှုံးရသည်၊ ရှင်လောင်းများကို ပီပါဖြင့် မှောက်ဝှက်ထားခြင်း ကြောင့် ယင်းသို့ဖြစ်ရသည်ဟု ကြားသိလိုက်ရသည်။

ယင်းသို့သော နားလည်မှုလွဲမှားခြင်းကြောင့် ကာယကံရှင် များအနေဖြင့် လောကဓမ္မ နှစ်ဌာနတွင် ဆုံးရှုံးနစ်နာကြ လေသည်၊ မြန်မာပြည်သူတို့ ရှင်ပြုမင်္ဂလာသည် ပျော်စရာ ကောင်းလှသည်၊ ချစ်စရာ ကြည်နူးစရာ ကောင်းလှသည်၊ မြန်မာ့လူမှုလောကတွင် ထာဝရအားဖြင့် ကြည်နူးစရာ ကောင်း လှသော ယဉ်ကျေးမှု အစဉ်အလာ အရိုးကို အရွက် မဖုံး သင့်ချေ။

❖ ❖ ❖



မပန်သာသည့် ပန်း

## ၂၁။ မပန်သာသည့် ပန်း

သာသနာ့ဘောင်သို့ ဝင်ရောက်သွားကြလေသော ရှင်နှင့် ရဟန်းတော်များသည် သက်ဆိုင်ရာမိဘနှင့် ရည်းစားသနံများ၏ ခွင့်ပြုချက် ကာလချိန်တာဖြင့်သာ ဝင်ကြရကြောင်းကို ရေလည် အောင် တင်ပြခဲ့ပြီး ဖြစ်သည်။

ခွင့်ပြုခြင်းဟူသည် တောင်းပန်ခြင်းရှိမှ ထွက်ပေါ်နိုင် စ ကောင်းရာ, တောင်းပန်ခြင်း ဟူသည်မှာလည်း မကျေလည်ခြင်း များ ရှိမှသာ ထွက်ပေါ်နိုင်စကောင်းသည်၊ ယင်းစကားလုံးများ သည် လောကလူမှုဆိုင်ရာတွင် နောက်ခံ အကြောင်းကလေး များကို အစဉ်အမြဲ စေညွှန်းလျက် ရှိသည်။

သည်ဘဝ သည်မျှနှင့် အထုံမျှ အထုံရပါစေတော့ဟု လောကလူမှုဆိုင်ရာ ပြဿနာများကို တိုးလျှိုးတောင်းပန် နှစ် သိမ့်၍ ဖန်ဝါရောင်သင်္ကန်းကို ဆင်မြန်းခွင့် ပြုလိုက်ရစေကာမူ ဇနီးသက်နံ့ ရည်းစားသနံများ၏ စိတ်အာရုံတွင် လင်သားသက်နံ့ ရည်စားသနံများ၏ နိမိတ်ပုံများသာ ပေါ်လျက် ရှိခဲ့သည်။

ဖျောက်ဖျက်မရသော လင်သားသက်နံ့ ရည်းစားသနံများ၏ နိမိတ်ပုံကြောင့် စိတ်အာရုံထွေပြားကာ "ရွှေကျောင်းပေါ်က



မပျော်ရင် ထွက်ခဲ့ပါ၊ တိမ်ခိုးဆင် ပုဆိုးရက်နှင့် ပမယ်"ဟူ၍ ကျီစယ် မြှူဆွယ်မိ လာသည်။

"ရွှေကျောင်းပေါ်
မပျော်ရင် ထွက်ခဲ့ မောင်ရယ်။ ။
ရစ်တံ ထိုးပါလို့
တိမ်ခိုးဆင် ရက်နှင့်မယ်"[၁]

ရည်းစားသနံများနှင့် တဒင်္ဂခွဲခွာရသည့်တိုင် ချစ်စ ခင်စ ကြင်နာစမို့ လွမ်းစက မပြေ၊ အလွမ်းငွေ့များ ဝေလျက်ရှိသည်၊ ရှင်ပြုသွားကြလေသူ ရည်းစားသနံများကို **"ကတုံး"**ဟု သိသော် လည်း ရောင်ကြီးဖွေ့ဟူ၍ပင် စိတ်ထဲတွင် စွဲထင်ကျန်ရစ်နေ သည်။

"လိုက်လာမယ်ဆို၍ သည်လယ်ကို သည်မယ် စိုက်မယ်၊ သည်လည်ကိုမောင်လာခဲ့၊ သည်လယ်က မယ်မျှော်နေ မယ်"ဟု သနပ်ခါး ပိန်းရိုက်လို့ ချိန်းလိုက်မိသည်။

မလာသဖြင့် သည်တောကို မယ်ကျော်လို့ ကျောင်းဆီသို့ မျှော်မိသည်ဟူသော ရည်းစားသနံမျး၏ မနောအကြိုက်ကို တောသဘာဝ တောစရိုက်ဖြင့် ကျေးလက်တေးများက ဖွင့်ထား လျက် ရှိပေသည်။

"သည်လယ် သည်မယ် စိုက်ပါလို့
လိုက်လာမယ့် ပုံလိုလို။ ။
သျှောင်ကြီးဖွေ့ လူတင်စားရယ်

---

၁။ ကျေးလက်တေး။

သွားနှင့်တော့ ဆိုလေ့။ ။
မြတ်ဖုန်းမို
လာမယ်ဆို မှာကတိကြောင့်
သည်တောကို မယ်ကျော်လို့
မျှော်မိတယ် ဆံတိုလေးရယ်
ပိန်းရိုက်လို့လေး”[၁]

ရှင်ပြုသွားကြသူ ရည်းစားသနံများသည် ဖန်ဝါရောင်သင်္ကန်းကို ဆင်မြန်းထားသည့်တိုင် တဒင်္ဂတစ်ခဏဖြင့် ကိလေသာကုန်ခန်း ရဟန္တာ မဖြစ်နိုင်ကြသေးရာ ကျန်ရစ်သူ ရည်းစားသနံများကဲ့သို့ပင် ခံစားရလျက် ရှိသည်၊ ထို့ကြောင့်လည်း “**ပုထုဇ္ဇနော ဥမ္မတ္တကော**”ဟူသော ဘွဲ့ထူးဖြင့် မြှောက်ချီးခြင်း ခံကြရသည်။

ကျောင်းတော်တွင် ပညာပြသော်လည်း ပညာကမရ၊ ကြင်ယာကိုသာ တမိတော့သည်၊ ပညာသင်ယူသည့် သင်ပုန်းကလည်း လက်ပံသားသင်ပုန်း၊ သုတ်လိမ်းရသည့် မင်ကလည်း ကြက်ဆူမင်, အုန်းခွံမင်, ယင်းမင်များပေါ်တွင် ရေးသားရ၍ စာလုံးက မှေးမှိန်မှိန်၊ တစ်ခါတစ်ရံ မိုးဒဏ်, လေဒဏ်ကြောင့် အထူးသဖြင့် ပုဆစ်တုပ်၍ ကျက်မှတ်စဉ် မိမိ၏ ခံတွင်းလေကြောင့် သင်ပုန်းပေါ်ရှိ စာလုံးကလေးများမှာ တိမ်ဖုံးလနှယ် ငုပ်ချည်တစ်ခါ ပေါ်ချည်တစ်လှည့် ဖြစ်နေသည်။

တွေ့ကရာမင်ဖြင့် ခြယ်လိမ်းရသောအခါများတွင်မူ သနပ်ခါးသွေးကျားရိုက်ထားသည့် ရည်းစား၏ မျက်နှာလို မင်သားများက

၁။ ကျေးလက်တေး။



ဟိုတစ်ကွက် သည်တစ်ကွက် သည်အခါမျိုးတွင် မိမိက အစွမ်းထက်ပါသော်လည်း ကံ့ကူဆန်က အစွမ်းမထက်တော့ “**ခရမ်းသီးပိန် ဓားတုံး**”ကဲ့သို့ သင်ပုန်းပေါ်တွင် စာရေး၍ မထင်တော့ဘဲ သင်ပုန်းသားထဲ ခွက်၍သာ ဝင်နေဘိသည်၊ ကောက်ကြောင်းသာသာမျှသာ ထင်လျားသော စာလုံးကိုကြည့်၍ ကျက်မှတ်ရသည်၊ အံ့ရသည်၊ မသဲမကွဲသော စာကို ကြည့်၍ သင်အံ့ရသဖြင့် စိတ်က မပါ၊ စိတ်က မပါတော့ စာက မရ။

စိတ်မရှည်တော့ ဘုန်းတော်ကြီးက အရိန္ဒမာ ကြိမ်စကြာဖြင့် ရိုက်သည်၊ ဆူသည်၊ ဘုန်းတော်ကြီးက “**ရိုက်ပါသည်၊ ဆူပါသည်**”ဟူ၍ မိဘများကို မတိုင်ဝံ့, မတောဝံ့၊ တိုင်ဝံ့, တောဝံ့သော မိဘများက ဘုန်းတော်ကြီးကျောင်းသို့ လာ၍ စောဒက တက်ဝံ့မည်တဲ့လား၊ ဝေးစွ၊ အလွတ်မဲ့ လာဝံ့ဖို့ နေနေသာသာ ကျောင်းက ခေါ်သည် ဆိုရုံမျှနှင့်ပင် မိဘများ ကျောချမ်းနေကြရပြီး ဖြစ်သည်၊ များသောအားဖြင့် မိဘများသည်လည်း ဘုန်းတော်ကြီးများ၏ အရိန္ဒမာကြိမ်စကြာအောက် ပြားပြား မှောက်ကြရသည်ချည်း ဖြစ်သည်၊ ရှေးခေတ် ဘုန်းတော်ကြီးများသည် ကျေးလက်ပြည်သူများ အပေါ်တွင် ဩဇာအာဏာ ကြီးမားလှသည်”[၁]

၁။ ဗုဒ္ဓဘာသာ မြန်မာဘုန်းတော်ကြီးများအနေဖြင့် တိဘက်ဘုန်းတော်ကြီးများကဲ့သို့ ဘာသာရေးနှင့် နိုင်ငံရေးတွင် မည်သည့်ဩဇာအာဏာမျှ မရှိချေ၊ ကျောင်းသားနှင့် မိဘများကို ဆုံးမခြင်းသည် “တပည့်”ဟူသော ကြင်နာမှုအမှတ်ဖြင့် ဆုံးမခြင်းသာဖြစ်သည်။

ဘုန်းတော်ကြီးများက ကျေးလက်ပြည်သူများအပေါ် ကျန်းမာရေး, စီးပွားရေး, ပညာရေး, နိုင်ငံရေးဟူသော အခြေခံ မဏ္ဍိုင်ကြီး လေးခုတွင် ဦးဆောင်သည်၊ ဘုန်းတော်ကြီးများသည် ယင်းအခြေခံ မဏ္ဍိုင်ကြီးလေးခုကို စာရိတ္တဖြင့် ကျားကန်ထားသည်၊ ကျေးရွာပြည်သူများသည် ယင်းအခြေခံ မဏ္ဍိုင်ကြီးလေးခုလုံး၌ပင် ဘုန်းတော်ကြီးများကို ရှေ့ဆောင်ရှေ့ရွက် ပြုစေကြရသည်၊ ဘုန်းတော်ကြီးများတွင် ဝိနည်းသီလတော်များ ရှိပြီးဖြစ်၍ လုပ်သလိုပြော၍ ပြောသလို လုပ်သည်ဟု ကျေးလက် ပြည်သူများက ယုံကြည် ကိုးစားပြီး ဖြစ်သည်၊ နိုင်ငံတော်တွင် အရေးကြုံလာက ဘုန်းတော်ကြီးများ မနေသာ၊ နိုင်ငံရေးတွင် ဦးဆောင်မှု ပေးကြရသည်၊ နိုင်ငံရေး ဦးဆောင်မှု ပေးရာတွင် ဘုန်းတော်ကြီးများသည် အသက်ကိုပင် မငဲ့ဘဲ ဦးဆောင်မှု ပေးတတ်ကြသည်။

မျက်မှောက်ခေတ်တွင် ဆရာတော်ဦးဥတ္တမနှင့် ဆရာတော်ဦးဝိစာရ, အင်းဝခေတ်တွင် စကြိုသူမြတ်[၁], ပုဂံခေတ်တွင် ရှင်ဒိသာပြာမုက်[၂], ကဲ့သို့သော ဘုန်းတော်ကြီးများသည် ကျေးလက်ကိုသာ မက နိုင်ငံတော်ကိုပါ ကိုယ်စားပြု၍ နိုင်ငံရေးတွင် ဦးဆောင်မှု ပေးနိုင်ခဲ့သည်၊ တိုးတက်သော ရွာဦးကျောင်းတစ်ကျောင်းသည် ယင်းကျေးရွာ၏ တိုးတတ်သော အပေါင်းလက္ခဏာ တစ်ခုပင် ဖြစ်သည်၊ ကျေးရွာတစ်ခု၏ မဏ္ဍိုင်ကြီး

၁။ မှန်နန်းရာဇဝင်၊ ပ-တွဲ၊ ၄၉၁။

၂။ ပုဂံခေတ် အုပ်ချုပ်ရေး၊ ယဉ်ကျေးမှုအတွဲ-၃၊ အမှတ်-၈။



လေးခု အနိမ့်အကျကို ရွာဦးကျောင်းက နိမိတ်ပြတတ်လေသည်၊ ရှေးခေတ် မြန်မာနိုင်ငံ ကျေးလက်ဒေသတွင် ကျောင်းတိုးတက်၍ ရွာတိုးတက်ကြရသည်က များသည်၊ ထို့ကြောင့် ဘုန်းတော်ကြီးများကို အားကိုးကြရသည်၊ ကြောက်ရွံ့ ခန့်ညားကြရသည်၊ အရိန္ဒမာ ကြိမ်စကြာအောက် ပြားပြားမှောက်ကြရသည်၊ **“မည်သို့မည်ပုံ”**ဟု စောဒကမတက်ဝံ့၊ ကျောင်းသားအပ်စဉ်က လျှောက်ထားသည့် မိဘများ၏ စကားကိုလည်း ရှုပါဦး၊ **“အားမနာတမ်း ဆုံးမတော်မူပါ၊ တပည့်တော်သား ချိုးနဲ့ခွာကျန်ရင် တော်ပါပြီတဲ့”** ပညာရေးနှင့် ပတ်သက်လျှင် မိဘများ၏ ဝါဒကား တံခါးပိတ်ဝါဒ, ပြန်လမ်းမရှိသောဝါဒ, အရိုက်ခံအဆုံခံ များသဖြင့် ပို၍ ငြီးငွေ့လာသည်၊ မိဘနှင့် ဇနီးသက်နှံ ရည်းစားသန်များကို အမှတ်ရလာသည်၊ **“ထားဝယ် ပုဆိုး မြန်မြန်ရက်ပါတော့၊ ကျောင်းက ထွက်တော့မယ်”**ဟူ၍ပင် တိုးတိုးတိတ်တိတ် မှာပုံတော် သ,မိလာသည်၊ ယင်းသို့ သောပုထုဇဉ်တို့၏ လောကအမြင်ကိုလည်း ကျေးလက်တေး များက တောသဘာဝ တောအသွင်ဖြင့် လှစ်ပြလျက် ရှိသည်။

“စာလုံးကလေး မှုန်တီးမှုန်ဝါနဲ့
ရိုက်လိုက်တဲ ဒဏ်ရာတွေ။ ။
မောင့်ကျောမှာ ပွေလီရှုပ်ပါပေါ့
ထားဝယ်ပုဆိုး မြန်မြန်ရက်ပါတော့
ကျောင်းက ထွက်တော့မလေ”[၁]

၁။ ကျေးလက်တေး။

ယင်းသို့ မှာပုံတော် သစေကာမူ ကျန်ရစ်သူ ဇနီးသက်နှံ ရည်းစားသနံများက ရှင်နှင့်ရဟန်းဖြစ်သူ ရည်းစားသနံများကို **"မပန်သာသည့် ယင်းမာ ပျဉ်းဖြူ စလပ်ဖြူ"**များအသွင် မြင်လာသည်၊ အယူကမ်းသူ နိဗ္ဗာန်ကို ကြိုးရှယ်သူများဟု မြင်လာသည်၊ **"မဆင်သာသည့် ယင်းမာ ပျဉ်းဖြူ စလပ်ဖြူများကို ချူလို့ပစ်ရတော့မလား၊ အယူကမ်းသူ မဂ်ဖိုလ်နိဗ္ဗာန် ကြိုးရှယ်သူ မြှူလို့ရစ်ရတော့မလား"**ဟု ဒေါချုံချုံနှင့် ပြောဆို ရေရွတ်လိုက် ချေသေးသည်၊ ထိုမျှသာမက **"မပန်သာသည့် ယင်းမာ ခေါင်ရန်း စလပ်ဖြူ တောင်သူ့ပန်းမို့ နွမ်းလို့ ပစ်ရချေတော့မယ်"**ဟု ရည်းစားဖြစ်သူ ရှင်နှင့် ရဟန်းတော်များကို မပန်သာသည့် တောင်သူ့ပန်းနှင့်ပင် နှိုင်းစာ ကလိလိုက်သေးသည်၊ **"ပန်တော့ ပန်ချင်ပါသည်၊ ချစ်တော့ ချစ်ချင်ပါသည်၊ ဒါပေမယ့် မောင်က ရဟန်း၊ ကမ္ဗဝါနှင့် ရေစာထမ်း၊ ကျမ်းနှင့် ဖြစ်နေပြန်တော့ မပန်သာ၊ မချစ်သာဘူး"**ဟူသော ရည်းစာသနံများ၏ ခံစားမှု ရသများကလည်း ကျေးလက် အိုင်ချင်းများတွင် ထင်ကျန်လျက်ရှိသည်။

"မဆင်သာသည့် ယင်းမာ ပျဉ်းဖြူ၊ အပင်ငယ်
ပျပ်သည့် စလပ်ဖြူကို
ချူလို့ ပစ်ရတော့မလား။
မကြင်သာသည့် မင့်မှာသူနှင့်၊ အယူငယ်ကမ်းတဲ့
မလှမ်းသူကို
မြှူလို့ရစ်ရတော့မလား။



မပန်သာသည့် ယင်းမာ ခေါင်ရန်း၊ စလပ်ဖြူငယ်
တောင်သူ့ပန်းကို နွမ်းလို့ ပစ်ရချေတော့မယ်
မချစ်သာသည့်
မောင်မှာ ရဟန်း၊ ကမ္ဗဝါနှင့် ရွှေစာထမ်း
ကျမ်းနှင့် ဖြစ်ပြန်ချေတော့တယ်။
မပန်သာ ယင်းမာ အကိုင်းအခက်နှင့်
မကြိုသာ မင့်မှာ အပေါင်းအဖက်နှင့်
အလိုလေအိုင်၊ လူပျိုပုံမှာ
မယ်သာမှုန်းပါကဲ့ ခွင်လုံးပိုင်လေ[၁]

❖ ❖ ❖

---
၁။ ရှင်ငြိမ်းမယ်ရေး အိုင်ချင်း။



ပျို့တို့မောင် ရှင်လိုင်ပြန်

## ၂၂။ ပျို့တို့မောင် ရှင်လိုင်ပြန်

"အကြိမ်ကြိမ် မောင်ခွင့်တောင်းပါတဲ့
ငယ်ပေါင်းတဲ့ အိုကြင်ရာ။ ။
သုံးလတာ သည်အခွင့်ကို မင်းလွှက်သင့်ပါ။ ။
ယဉ်မခန်း
ဖော့ပန်းတဲ့ လှသူဇာ
အို ကြင်ပါရဲ့ သက်ဆုံး။ ။
အိမ်ကြီးဆောင်တော်သာက
သုံးလသာ မောင်ငယ်ကျွမ်းရယ်
လွမ်းဖြေနှင့်ဦး"[၁]

ရှင်မပြုမီ မှာပုံတော် သ,ခဲ့သော မောင်၏ မှာပုံတော်ဖြစ်သည်၊ ခွင့်သုံးလစေ့ရင် မောင်ပြန်လာမည်၊ သုံးလတာကို မယ့်အလွမ်းနှင့် ဖြေရစ်ဦးရော့ဟု မှာပုံတော် သ,နေခြင်း ဖြစ်သည်၊ မောင်ရဲ့မှာပုံတော်အတိုင်း ပျို့တို့မောင် ရှင်လိုင် ပြန်အလာကို မယ်က မျှော်ရသည်။

---

၁။ ကျေးလက်ရတုအချိုး

"**ရှင်လိင်ပြန်ခြင်း**"ဟူသည် လူဝတ်လဲလာခြင်း၊ လူထွက်လာခြင်း၊ ရှင့်အသွင်မှ လူ့အသွင်ကို တစ်ဖန် ပြန်လည် ရယူခြင်းများကို ဆိုလိုပေသည်၊ သာမဏေအဖြစ်မှ လူထွက်လာသူကို "**ရှင်လိင်ပြန်၊ ရှင်လူထွက်**"ဟု ခေါ်ကြသည်၊ လင်သားသက်နှံ ရည်းစားသနံများမှာ ခွင့်ရသလောက် ရှင်ပြုကြရသည်။

ခွင့်ပန်ခဲ့သော တစ်ဝါတွင်း ခွင့်သုံးလတွင် နှစ်ဦးနှစ်ဝ စောင့်စည်းကြရသည်၊ ခွင့်သုံးလစေ့လျှင် "**မောင် ပြန်လာတော့မည်**"ဟု မယ်က စိတ်ကူးယဉ်ခဲ့သည်၊ အိမ်ကြီးပေါ်က ငေးမျှော်ရင်း အလွမ်းနှင့် ဖြေခဲ့ရသည်၊ စိတ်ကူးဖြင့် ပျော်မိသည်၊ ရှင်လိင်ပြန်သော မောင်ကလည်း ပျော်သည်သာဖြစ်သည်။

ရှင်လိင်ပြန်သောနေ့၊ ရပ်ဝေးမှ ပြန်လည်ဆိုက်ရောက်သောနေ့နှင့် ထောင်ကထွက်သောနေ့များသည် လောကတွင် အပျော်ဆုံးနေ့များ ဖြစ်သည်၊ ဇနီးသက်နှံ ရည်းစားသနံများသည် ခရီးသွားသဖြင့် ထောင်ကျသဖြင့် ကွေကွင်း ကွဲကွာနေသူ လင်သားသက်နှံ ရည်းစားသနံများကို ငံ့လင့် စောင့်စားနေတတ်ကြသည်၊ ကြိုလင့် စောင့်မျှော်နေတတ်ကြသည်။

ပျိုတို့မောင် ရှင်လိင်ပြန်တော့ ဆံရှည်ကပါမလာ၊ ဆံထုံးတွင် ပန်၍မဖြစ်၊ နားတွင်သာ ပန်၍ ဖြစ်ပေမည်၊ ပျိုတို့မောင် ရှင်လိင်ပြန် နားတွင်ပန်ရန် ချစ်ဦးသူ ရည်းစာသနံများက ဆပ်သွားဖူးပန်းများကို စောင့်ရှောက်နှင့်ရသည်၊ ကျေးငှက်တွေနှင့် ရန်ဖြစ်နေရသည်၊ ပျိုတို့မောင်ရှင်လိင်ပြန်အတွက် ကျေးငှက်တွေနှင့် ရန်ဖြစ်နေရသည်ကိုပင် ချစ်ဦးသူက ပျော်ရွှင်နေမိသည်။



"ပျိုလေးတို့အိမ်ဦး
ဆပ်သွားဖူးက တစ်ရုံ နှစ်ရုံ။ ။
ကျေးတွေက အုံ။ ။
မအုံပါနဲ့ ကိုရွှေကျေး။ ။
ပျိုတို့မောင် ရှင်လိင်ပြန်တော့
နားပန်ဖို့လေး"[၁]။ ။

လိင်ပြန်တော့မည့် သာမဏေသည် သာမဏေဘဝတွင် သင့်ရောက်ခဲ့သော အပြစ်ဒဏ်များ ကျေအေးရန် သဲဒဏ် ရေဒဏ် ထမ်းကြရသည်၊ သဲများကို စေတီရှေ့တွင် ခင်း၍ ရေများကို ဗောဓိပင်သို့ လောင်းကြရသည်၊ မောရ ပန်းရမှန်းပင် မသိ၊ လက်တစ်ကမ်းသာ လိုတော့သော အချိန်ပိုင်းတွင် ချစ်ဦးသူနှင့် တွေ့ရတော့မည်၊ ထို့ကြောင့်လည်း ရှင်လိင်ပြန်သောနေ့သည် လောကတွင် အပျော်ဆုံးနေ့ဟု ဥဒါန်းကျူးနိုင်ခြင်း ဖြစ်သည်၊ ချစ်ဦးသူကလည်း ယုတ်စွအဆုံး အိမ်ရှိခွေးများကိုပင် ဆီးကြိုရန် သင်ကြားထားခဲ့လေသည်။

"ပျိုလေးတို့ အိမ်အောက်
ခွေးမြီးကောက် တစ်ကောင် နှစ်ကောင်။ ။
ဆီးတဲ့လို့ ဟောင်။ ။
မဟောင်ပါနဲ့ ကိုရွှေခွေး။ ။
ပျိုတို့မောင် လိင်ပြန်စကို
ဆီးကြိုပလေး"[၂]။ ။

---

၁+ ၂။ ကျေးလက်တေး။

မြန်မာ့လူမှုလောက လူငယ်ထုအသိုင်းအဝိုင်းတွင် ရှင်လူထွက်လာသူများကို အဆင့်တိုးမြှင့် အသိအမှတ် ပြုကြသည်၊ ယင်းကား ကာလသားဟု အသိအမှတ်ပြုလိုက်ခြင်းပင် ဖြစ်သည်၊ ယင်းသို့ အသိအမှတ်ပြုလိုက်ခြင်းသည် လူမှုရေးလောကတွင် “**လူပျိုဖော် ဝင်ပြီ**”ဟု ကြော်ငြာသည့် သဘောပင် ဖြစ်သည်။

ယင်းအချိန်မှ စ၍ ယင်းရှင်လူထွက်သည် ကာလသားအသင်း ဝင်ဖြစ်ကာ ကာလသားကြီးများနှင့် စုစည်းခွင့် ရရှိသွားသည်၊ အပျိုအိမ်သို့လည်း လူပျိုလှည့်ခွင့် ရရှိသွားတော့သည်။

“ရွှေနံ့သာခေါက်ကိုလ
ကျောက်ပေါ်မှာ အသာတင်
ခန်းခွင်မှာ သွေး။ ။
လိမ်းမယ်လို့ကြံ
မှန်ယူခဲ့ ဆံတိုလေးရယ်
ပိန်းရိုက်စို့လေး”[၁]။ ။

သမီးရည်းစား ဘဝတွင် အမှတရလက်ဆောင်များ ပေးတတ်ကြသည်၊ ယင်းကိုလည်း အမြတ်တနိုး သိမ်းဆည်းထားတတ်ကြသည်၊ ယင်းလက်ဆောင်ပစ္စည်းများကို သမီးရည်းစားလောကက “စရန်”ဟု အသိအမှတ် ပြုသည်၊ စရန်ဟူသည် မေတ္တာသက်ဝင် ချစ်ခင်မှု အထိမ်းအမှတ်အဖြစ် ကြိုတင် ပေး

၁။ ကျေးလက်တေး။



လေ့ရှိသော ငွေကြေးဝတ္ထုကို ဆိုလိုသည်။

မြန်မာစာပေနှင့် ဓမ္မသတ်ကျမ်းများတွင်–

“ပေါ့ပေါ့တန် တန်၊ လွန်မေ့ကျန်၊ စရန်မသက်သာ”[၁]

ဟူ၍ လည်းကောင်း–

“မြင်းကိုင် ကိုင်ပေး၊ ရှေးယူစရန်၊ ကြွင်းမကျန်တည့်”[၂]

ဟူ၍ လည်းကောင်း၊

“စရတိ ဇာနာတိ ဝေတနာတိ စရန်ံ”[၃] လည်ကောင်း အဓိပ္ပာယ် ဖော်ညွှန်း ဖွင့်ဆိုထားကြသည်။

ရည်းစားက အမှတ်မရ၊ မေ့ပျောက်နေသော အခါမျိုးတွင် စရန်ကို ပြသ၍ အမှတ်ရစေကြသည်၊ အမှတ်ရ၍ အပေးအယူ မျှတကြသော အခါမျိုးတွင် စရန်သည် မည်မျှလောက် တန်ဖိုးယုတ်ညံ့သည် ဖြစ်စေကာမူ တန်ဖိုးမပြတ် ရှိသွားတတ်သည်၊ သေတပန် သက်တစ်ဆုံး အရိုးပြုန်းသည် အထိ ပါသွားတတ်သည်၊ နှစ်ဦးနှစ်ဝ မပြေလည် မမျှတသောအခါမျိုးတွင်မူကား စရန်သည် မည်မျှလောက် တန်ဖိုးထိုက်သည်ဖြစ်စေ, တန်ဖိုးမဲ့ဖြစ်သွားသည်က များသည်၊ တစ်ခဏချင်း ကြေမွအောင် ခြေဖွပစ်တတ်သည်၊ ရှင်လူထွက် ရည်းစားများ၏ အပျိုက ပေးသည့် ပဝါကလေးများကို လည်တွင်စည်း၍ အပျို လှည့်တတ်ကြသည်၊ ခေါင်းမှာ ပေါင်း၍ အပျို လှည့်တတ်ကြသည်၊

၂။ ကဝိလက္ခဏာသတ်ပုံ၊ ပိုဒ်–၆၂၂။

၃။ ဝါရဓမ္မသတ်။

၄။ မနုဓမ္မသတ်၊ အိမ်မှုခန်းဓမ္မသတ်၊ ၁၃၉။

ပန်းများကို နားတွင်ပန်၍ အပျိုလှည့်တတ်ကြသည်။

အချို့ အမျိုးသမီးများ **“သနပ်ခါးယူခဲ့၊ မှန်ယူခဲ့”**ဟု ကျောက်ပျဉ်တွင် ရှင်လူထွက် ရည်းစားနှင့် လွတ်လွတ်လပ်လပ် ဆုံဆည်းခွင့်ရသော်လည်း အချို့အမျိုးသမီးများမှာ အလိုက် မသိသော မိဘ၏ အငြိုအငြင်ကို ခံကြရသည်၊ အလိုက်မသိ သော မိထွေး၏ အတားအဆီးကို ခံကြရသည်၊ စိတ်ပျက်၍ အလုပ်ဖျက်ကာ ရစ်ကို ထောင်၍ ဆန္ဒ ပြတတ်ကြသည်၊ ဗိုင်းငင်ရာနှင့် မောင်းထောင်းရာသည် ရည်းစားများ စကား လက်ဆုံကျရာ ဖြစ်သည်၊ ရှင်လူထွက် ရည်းစားများ လူပျိုလှည့် ရာတွင် ရည်းစားများ ဗိုင်းငင်ရာနှင့် မောင်းထောင်ရာများ ဖြစ်သည်၊ ဗိုင်းရစ်ခွင်တွင် ရည်းစားစကား တစ်လုံးစ နှစ်လုံးစ ပြောကြရသည်၊ ဝါမရင့်သေးသော ရှင်လူထွက် ရည်းစားများ သည် စကားမရှိ စကားဆိုရာ၌ **“ဗိုင်းကလေးက ဖြူလိုက်တာ, ဆွမ်းဆန်လား, လူဆန်လား”**ဟု အယောင်ယောင် အမှားမှား ဖြစ်ကြရသည်၊ ရှင်လူထွက် ရည်းစားများ ဗိုင်းငင်ရာနှင့် မောင်း ထောင်းရာသို့ လူပျိုလှည့်ခြင်းကလည်း ခိုင်လုံသော အကြောင်း ရှိသည်၊ ယင်းကား အခြားမဟုတ်၊ မိမိရည်းစားသည် အိမ်သူ တို့ တတ်ထိုက်သော ယက်ကန်း ဗိုင်းဝါနှင့် ချက်ပြုတ်ရေး ဆိုင်ရာများ **“ကျွမ်းကျင်မှု ရှိ,မရှိ”**ဟူသော အချက်ကို လေ့ လာ အကဲခတ်လိုခြင်းပင် ဖြစ်သည်။

ရည်းစားဖြစ်သူ အပျိုကလည်း အိမ်သူတို့ တတ်ထိုက် သော ယက်ကန်းဗိုင်းဝါနှင့် ချက်ပြုတ်ရေးဆိုင်ရာများ ကောင်း



စွာ ကျွမ်းကျင် တတ်မြောက်ပါကြောင်းကို ဗိုင်းရစ်ခွင်နှင့် မောင်းထောင်းရာတွင် ပြသကြရသည်၊ ယင်းအတတ်ပညာ များဖြင့် အိမ်ထောင်ရှင်အဖြစ် လက်ကမ်းလိုက်ခြင်းပင် ဖြစ် သည်၊ ကာလသားများသည် များသောအားဖြင့် ယင်းသို့သော ရည်းစားများထံတွင်သာ တဝဲလည်လည် လူပျိုလှည့်တတ်ကြ သည်၊ ယင်းသို့သော အလုပ်ခွင်တွင် ရည်းစားနှင့် အဆီး အတား ခံကြရသောအခါ စိတ်ပျက်၍ အလုပ်ဖျက်ကာ ရစ်ကို ထောင်၍ ဆန္ဒပြတတ်ကြသည်။

ယင်းသို့သော အမျိုးသမီးကို စွဲမိသော ရှင်လူထွက်များ အနေဖြင့်လည်း ရတက်မပြေ အခက်ပွေလျက် ရှိသည်၊ **“တို့ ချစ်ခြင်းကင်းအောင်တစေ၊ နေ့တိုင်းမွှေတဲ့၊ သက်ကြီး ဝန်တို၊ မြင်တိုင်းမုန်းစရ ကုန်းမအို၊ ရေလို ခန်းခြောက် ပါစေသား”**ဟူသော လူငယ်တို့၏ အခဲမကျေ အမျက်ပွေလျက် ရှိသော ဉဉ်ကလေးများကိုလည်း ကျေးလက် **“အိုင်ချင်း”** များတွင် တွေ့မြင် ရလျက်ရှိသည်။

“ချစ်တဲ့ သူငယ်လေ
သူငယ်ချင်းကောင်း ယောက်မတို့လေ
ရှင်လူထွက်သစ်၊ ဆယ့်သုံးနှစ်က
ချစ်တဲ့သူကို၊ အယူတခြား
မိထွေးများက၊ ဆီးတားဆို
ရစ်ကိုထောင်ကာ ထားရတယ်။ ။
နွမ်းနယ် တစေ့၊ ရှေးကပါ ကြမ္မာငွေ့ကြောင့်

မတွေ့ရတာ၊ ကြာကောင်း ကြာမှ
မျက်နှာ တူရူ၊ သူလည်းအလာ၊ မယ်သာ အမှောင်
နေဝင်ကျော် ဒွေးတော်အိမ်ပါး
တောင်ဆီနားသို့၊ ယာသွားပို့ပြန်
စောင်းလျားခြီနှင့်၊ လက်ပံပင်ရှေ့
ကျဉ်းမြောက်ကွေ့မှာ တွေ့သောအခါ။ ။
ပုဝါယက်သစ်
မယ်ကပေးတဲ့၊ ပိုးသေမဲပါ
ခေါင်းပေါင်းပြာ၊ လည်မှာရစ်လို့
ဖွင့်လှစ်ကယ် မဆို
ပခုံးဘယ်တင်၊ မယ့်ကျောပြင်
လက်တင်ရပ်လို့၊ မတ်တပ်ကယ်ငို
မောင်ကို စိမ်းကား
မယ် နှမကဆိုသလား
တို့ချစ်ခြင်း ကင်းအောင် တစေ
နေ့တိုင်းမွေတဲ့ သက်ကြီးဝန်တို
မြင်တိုင်း မုန်းစရ ကုန်းမအို
ရေလိုခန်းခြောက်ပါစေသား"[၁]

❖ ❖ ❖

၁။ ရှင်ငြိမ်းမယ်ရေး အိုင်ချင်း။



ရှင်ပြုမင်္ဂလာနှင့် ဝင်းခင်း

## ၂၃။ ရှင်ပြုမင်္ဂလာနှင့် ဝင်းခင်း

ဗုဒ္ဓဘာသာ မြန်မာပြည်သူတို့သည် ရှင်ပြုမင်္ဂလာပွဲများတွင် ဝင်းခင်း၍ ရှင်လောင်းလှည့်လည်လေ့ ရှိကြသည်၊ ဝင်းများသည် အကြမ်းအားဖြင့် **“ဗုဒ္ဓဝင်, ရာဇဝင်း”**ဟု နှစ်မျိုးရှိသည်၊ ဗုဒ္ဓဝင်းသည် မယ်တော်မိနတ် နို့ဖိုးဆပ်အပြန် သက်သနဂိုရ်မြို့မှ စတင် ထွန်းပေါ်ခဲ့သည်။

ဗုဒ္ဓသည် ပြည်တော်ပြန် ခရီးတွင် စောင်းတန်းသုံးသွယ်ဖြင့် ဝင်းခင်း၍ ပြန်လည် ကြွချီတော်မူခဲ့သည်၊ လက်ယာတော် ရွှေစောင်းတန်းတွင် နတ်များ ခြံရံလိုက်ပါကြသည်၊ လက်ဝဲတော် ငွေစောင်းတန်းတွင် ဗြဟ္မာကြီးများ လိုက်ပါ ခြံရံကြသည်၊

ဘုရားရှင်မှုကား ပဥ္စသီခနတ်သား, မာတလိနတ်သား, မဟာဗြဟ္မာကြီးများနှင့် သုယာမ ဗြဟ္မာမင်းကြီး လိုက်ပါခြံရံစေကာ ပတ္တမြားစောင်းတန်းက ကြွချီတော်မူခဲ့သည်၊ ပတ္တမြားစောင်းတန်းတွင် ဘုရားရှင်၏ လက်ယာတော်၌ ပဥ္စသီခနတ်သားက စောင်းတီးလျက်, လက်ဝဲတော်က မာတလိနတ်သား



အမှူးရှိသော နတ်သားများက ပန်းနံ့သာတို့ လက်စွဲပူဇော်လျက်, မဟာဗြဟ္မာမင်းကြီးက ထီးဖြူတော် မိုးလျက်, သုယာမဗြဟ္မာမင်းကြီးက ယပ် လေခတ်လျက်, အသီးသီး ခြံရံလိုက်ခဲ့ကြသည်။[1]

ဗုဒ္ဓဝင်းတွင် ရှေ့ဝင်းမရှိချေ၊ လက်နက်ဓားလှံများလည်း မကိုင်စွဲကြချေ၊ ရာဇဝင်းတွင် လက်ယာဝင်း, လက်ဝဲဝင်းများအပြင် ရှေ့ဝင်းနောက်ဝင်းများလည်း ပါရှိသည်၊ ဝင်းအားလုံးတွင် စစ်အင်္ဂါလေးပါးအနက် ဆင်, မြင်း, ခြေသည်, သူရဲများ ပါကြရသည်၊ လက်နက် ဓားလှံများလည်း ကိုင်စွဲကြသည်။

ရာဇဝင်းတွင် မင်းမှုထမ်းများ အလွှာစုံပါကြရသည်၊ ကွမ်းရေတော်ကိုင်များလည်း ပါကြရသည်၊ သမားဟူးရားများလည်း ပါကြရသည်၊ ဆေးကုသရာ၌ လုံခြုံမှု ရှိစေရန် တင်းတိမ်ရံမှူးများလည်း ပါရှိကြသည်၊ စည်တော်စုံလည်း ပါကြရသည်၊ အကျယ်ကို အလိုရှိမူ **“အင်ရုံစာတမ်း”**တွင် ကြည့်ရှုလေ့လာနိုင်သည်။[2]

ဗုဒ္ဓလက်ထက်တော်တွင် ဝင်းခင်း၍ ကြီးကျယ်ခမ်းနားလှသော ရှင်လောင်းလှည့်ပွဲကြီး တစ်ရပ် ရာဇဂြိုဟ်မြို့တွင် ပေါ်ပေါက်ခဲ့ဖူးသည်၊ ဝိသာခသည် ချစ်ဇနီး ဓမ္မဒိန္နာကို ရှင်ပြုနိုင်ရန် ရွှေထမ်းစင်ဖြင့် ဘိက္ခုနီမ ကျောင်းတော်သို့ ပို့ဆောင်ခဲ့သည်၊ ဗိမ္ဗိသာရမင်းကြီးကပါ မြို့တော်တစ်ခုလုံးကို တန်ဆာ

---

၁။ ဓမ္မပဒအဋ္ဌကထာ၊ ဒု၊ ၁၄၆။

၂။ လောကဗျူဟာအင်ရုံစာတမ်း၊ ၁၅၀။

ဆင်ပေးခဲ့သည်၊ ရှင်လောင်းလှည့်ပွဲကြီးတွင် လူထု လူတန်းစား အသီးသီးက ပန်းနံ့သာများ လက်စွဲလျက် လိုက်ပါခဲ့ကြသည်။[၁]

ရှင်လောင်းလှည့်ရာတွင် ယင်းသို့သော ဗုဒ္ဓဝင်းနှင့် ရာဇဝင်းများကို တုပ၍ ဝင်းခင်း ရှင်လောင်း "**လှည့်လည်သည်**"ဟု ဆိုနိုင်သော်လည်း စင်စစ် ယင်းသို့မဟုတ်ချေ၊ ဝဇီရာဗမ္မဆရာက "**ကိလေသာမာရ်ကို ပယ်လှန် ချိုးဖျက်ခြင်း၏ ပုဗ္ဗနိမိတ်ကို အကြောင်း ပြု၍ စစ်ဝတ်တန်ဆာများ ဆင်မြန်းကာ စစ်အင်္ဂါလေးပါးဖြင့် ခြံရံ လိုက်ပါကြရခြင်း ဖြစ်သည်**"[၂]ဟု ဖော်ညွှန်းထားလေသည်။

ဝဇီရာဗမ္မဆရာ၏ အဆိုအမိန့်ကို ယုတ္တိထူရသော် "ဒါန **ပြုရခြင်းနှင့် စစ်ထိုးရခြင်းသည် အတူတူ**"[၃] ဟူသော ဗုဒ္ဓ၏ ဖော်ညွှန်းချက်ဖြင့် ယုတ္တိထူချင်သည်၊ ဗုဒ္ဓ၏ ဖော်ညွှန်းချက်ကို လက်တွေ့ဖော်ဆောင်ကြည့်ရသော် စစ်တိုက်ရခြင်းသည် ဆန့်ကျင်ဘက် သူပုန်, သူကန်, တစ်ဖက်ရန်များကို ပျက်ပြုန်းအောင် ချေမှုန်းရခြင်း ဖြစ်သည်၊ အနည်းငယ်သော စစ်သည်ဖြင့်လည်း စစ်သည်အများကို အောင်နိုင်တတ်ပုံများကိုလည်း လေ့လာတွေ့ရှိနိုင်သည်။

ဒါနပြုခြင်းဟူသည် ပေးကမ်းမှုကို ခေါ်ဆိုသည်၊ ပေးကမ်းမှု

၁။ မူလပဏ္ဏာသအဋ္ဌကထာ၊ ဒု၊ ၂၅၇။
၂။ ဝဇီရာဗမ္မဒေသနာ၊ ၃၅။
၃။ သဂါထာဝဂ္ဂသံယုတ္တပါဠိ၊ ၂၀။



ဟူသည် ပေးကမ်းလိုစိတ်ရှိမှ ပေါ်ပေါက်လာစကောင်းသည်၊ မပေးကမ်းလိုခြင်းသည် မစ္ဆေရစိတ် ဖြစ်သည်၊ ပေးကမ်းလိုခြင်းသည် သဒ္ဓါစိတ်ဖြစ်သည်၊ ပေးကမ်းလိုမှု သဒ္ဓါစိတ်ကို မပေးကမ်းလိုမှု မစ္ဆေရစိတ်က ကြိတ်ချေတတ်သည်၊ သဒ္ဓါနှင့် မစ္ဆေရသည် ရန်သူဖြစ်သည်။

ပေးကမ်းလိုစိတ် ဖြစ်ပေါ်လာရာတွင် သဒ္ဓါနှင့် မစ္ဆေရတို့ အပြန်အလှန် သူနိုင်ငါနိုင် အပြိုင်ကြ၍ တိုက်ပွဲဆင်ကြရသည်၊ သဒ္ဓါအနိုင်ရ၍ အောင်ပွဲခံသော် ပေးကမ်းလိုမှု ဖြစ်ပေါ်လာတတ်သည်၊ မစ္ဆေရအနိုင်ရ၍ အောင်ပွဲခံမူကား ပေးကမ်းလိုစိတ်များ ဆိတ်သုဉ်း၍ ပျက်ပြုန်းရလေသည်၊ ဒါနပြုရခြင်းသည် စင်စစ် မစ္ဆေရစသော အတွင်းရန်များကို ပြိုကွဲအောင် ဖြိုခွဲရခြင်းပင် ဖြစ်သည်။

ရှင်ပြုမင်္ဂလာ ရှင်လောင်းလှည့်ရာတွင် ဝင်းများတွင် လိုက်ပါရသူများအနေဖြင့် စစ်ဝတ်တန်ဆာများ ဆင်မြန်းလိုက်ပါရခြင်းသည် အလှူ့ရှင်၏ နှလုံးသားစစ်မြေမှ အောင်နိုင်မှုအထိမ်းအမှတ်ကို ဖော်ဆောင်ပြသခြင်းပင် ဖြစ်သည်၊ ယင်းသို့ပြသရာတွင် တတ်နိုင်သော အလှူ့ရှင်များက ရာဇဝင်းအတိုင်း ရှေ့ဝင်း,နောက်ဝင်းနှင့် လက်ဝဲလက်ယာ ဝင်းများ ခင်းကျင်းပြသခဲ့ကြသည်။

သို့ရာတွင် ရာဇဝင်းများကဲ့သို့ စစ်အင်္ဂါများ အစုံအလင် မပါနိုင်ချေ၊ ခြေသည် သူရဲများနှင့်သာ ခင်ကျင်း ပြသရတော့သည်။ စစ်လက်နက်များတွင်လည်း ဓားများလောက်သာ အသုံး

ပြုနိုင်ကြတော့သည်၊ ပြည့်စုံသော ဝင်းများကို တွေ့ရခဲ့ဘိသည်။

ရှင်ပြုမင်္ဂလာ ဝင်းခင်းရှင်လောင်းလှည့်ရာတွင် အချို့က နားလည်မှု လွဲမှားတတ်ကြသည်၊ မဆိုင်သည့် သိကြား ဗြဟ္မာများ ပါရှိနေတတ်ကြသည်၊ သိကြား ဗြဟ္မာများသည် ဗုဒ္ဓဝင်းနှင့်သာ သက်ဆိုင် ပတ်သက်လေသည်၊ ရှင်ပြုမင်္ဂလာဝင်းသည် မဇ္ဈေရစိတ် အောင်နိုင်ခြင်း အထိမ်းအမှတ်သာ ဖြစ်သည်။

ဗုဒ္ဓ၏ ဖော်ညွှန်းချက်သည် စစ်သည်အနည်းက စစ်သည်အများကို အောင်နိုင်မှုသရုပ် ဆောင်းနိုင်သကဲ့သို့ အနည်းငယ်သော ပေးကမ်းမှုဖြင့် များမြတ်သော အကျိုးကျေးဇူးများ ဖြစ်ထွန်းပုံကို အဓိကထား ဖော်ညွှန်းလိုရင်းဖြစ်သည်၊ သို့ဖြစ်၍ စစ်ဝတ်တန်ဆာ ဆင်မြန်းကာ ဝင်းခင်း၍ ရှင်လောင်းလှည့်လည်ခြင်းဖြင့် အရိုးကို အရွက်မဖုံးသော မြန်မာ့ယဉ်ကျေးမှု အစဉ်အလာကို ဆက်လက် ဖော်ဆောင်နိုင်ကြသည်။

❖ ❖ ❖



ရှင်မည်ခံပွဲ

## ၂၄။ ရှင်မည်ခံပွဲ

ဗုဒ္ဓဘာသာ မြန်မာပြည်သူများသည် ရှင်ပြုမင်္ဂလာပွဲပြီး နောက်တစ်ရက်တွင် ရှင်မယ်ခံပွဲသဘင်ကို ဆက်လက်ကျင်းပ လေ့ ရှိခဲ့ကြသည်၊ အချို့ဗုဒ္ဓဘာသာပြည်သူများကမူ အခြေ အနေအရ မကျင်းပဘဲ နေတတ်ကြသည်၊ စင်စစ် ရှင်မယ်ခံပွဲ သည် ရှင်ပြုမင်္ဂလာပွဲ၏ အညွှန့်အသားသာ ဖြစ်သည်ကို လေ့ လာ တွေ့ရှိရသည်။

ရှင်မယ်ခံပွဲဟူသည် **"ရှင်နာမည် ခံယူသည့်ပွဲ, သာမဏေ ဘွဲ့ခံယူသည့်ပွဲ"**ဟုဆိုလိုသည်၊ ရှင်ပြုပွဲကြီးနေ့က သာသနာ ဘောင်သို့ တတ်ရောက်ခဲ့သော ပြုသစ်စ သာမဏေသည် ရှင်အဖြစ်၊ သာမဏေအဖြစ်သာ ရရှိခဲ့ပြီး ရှင်ဘွဲ့၊ သာမဏေ ဘွဲ့ကို တစ်ပါတည်း မရရှိခဲ့သေးချေ၊ ရှင်ဘွဲ့၊ သာမဏေဘွဲ့ ရရှိရန် ရှင်မယ်ခံပွဲကြီးကို ဆက်လက် ကျင်းပခြင်း ဖြစ်သည်။

ဗုဒ္ဓဘာသာ မြန်မာပြည်သူများသည် ရှင်မယ်ခံသော နေ့ တွင်လည်း ကျေးလက်ပြည်သူများကို ဖိတ်မန္တက ပြုကြသေး



သည်၊ ဆေးကွမ်းလက်ဖက်များဖြင့်လည်း တည်ခင်းဧည့်ခံကြ သေးသည်၊ ရဟန်းတော်များကို ပင့်ဖိတ်၍ ဆွမ်းစသော ဒါန ဝတ္ထုများ လှူဒါန်းကြသည်ကို လေ့လာတွေ့ရှိရသည်။

ပြုသစ်စ သာမဏေအား ဘွဲ့ပေးရာတွင် ရွာဦးကျောင်း ရဟန်းတော်ကသာ ဘွဲ့ပေးလေ့ရှိသည်ကို လေ့လာတွေ့ရှိရ သည်၊ အချို့ဒေသများတွင် ရှင်မယ်ခံပွဲသို့ ကြွရောက်ချီးမြှင့် ကြသည့် ရဟန်းတော်များထဲမှ နာယကရဟန်းတော်ကသာ ဘွဲ့နာမံ ပေးသည်ကို လေ့လာတွေ့ရှိရသည်။

ပြုသစ်စသာမဏေအား ဘွဲ့နာမံများ ချီးမြှင့်အပ်နှင်းခြင်း ကလည်း လွယ်ကူသောအလုပ် မဟုတ်ချေ၊ ချီးမြှင့်အပ်နှင်း သော ဘွဲ့နာမံသည် ဆန်းကျမ်းရှိ ဆန်းနှင့် ညီညွတ်စေရ သည်။ ဂိုဏ်းနှင့် ညီညွတ်စေရသည်၊ ချီးမြှင့်အပ်နှင်းသော ဘွဲ့နာမံက ပြုသစ်စ သာမဏေအတွက် ကောင်းမြတ်သော နိမိတ်သြဘာများ ဆောင်စေရသည်။

ဆန်းကျမ်းသည် သဒ္ဒါ, အဘိဓာန်, ဆန်း, အလင်္ကာ ဟူသော ကဝိလက္ခဏာ လေးဘာသာတွင် တစ်ဘာသာအပါ အဝင် ဖြစ်သည်၊ ပဋ္ဌာန်းကျမ်း, ဆန်းကျမ်း, ဓာတုကထာကျမ်း ဟူသော အခက်ဆုံးကျမ်းများတွင်လည်း တစ်ကျမ်းအပါအဝင် ဖြစ်သည်၊ ထို့ကြောင့် ပါဠိပညာရှင်များက **"ကျမ်းကြီးပဋ္ဌာန်း, ကျမ်းငယ်ဆန်း, ကျမ်းလတ်ဓာတုကထာ"**ဟု ဥဒါန်းကျူး ဆလံတင်ထားကြရသည်။

**"ဆန်း"**ဟူသည် ဂရု၊ လဟုများကို စိစစ်ရခြင်းဖြစ်သည်၊

အသတ် ကာရန်ရှိသော အက္ခရာနှင့် အာ၊ ဤ၊ ဦစသော ဒီဃသရရှိသော အက္ခရာများကို **"ဂရု"**ဟု မှတ်သားရသည်၊ အသတ်ကာရန်မဲ့ အက္ခရာနှင့် အ, ဣ, ဥ စသော ရဿသရရှိသော အက္ခရာများကို **"လဟု"**ဟု မှတ်သားရသည်၊ ဆန်းသင်္ကေတဖြင့် ဂရုအက္ခရာကို "၂"ဟု သတ်မှတ်၍ လဟုအက္ခရာကို "၁"ဟု သတ်မှတ်ရသည်၊ ယင်းသို့ ဂရု၊ လဟု စိစစ်ခြင်းကို **"ဆန်းစစ်သည်"**ဟု ဆိုစမှတ် ပြုကြသည်။

ဂိုဏ်းဖွဲ့ခြင်းဟူသည် ယင်းဂရု၊ လဟုရှိသော အက္ခရာသုံးခုလျှင် တစ်စု ပြု၍ ဖွဲ့စည်းခြင်းကို ဆိုလိုသည်၊ အက္ခရာသုံးခု မပြည့်က ပြည့်အောင် ဖြည့်သွင်းရသည်၊ အက္ခရာတစ်လုံးတည်းဖြစ်ပါက ယင်းအက္ခရာ၏ ပင်ကို ဂရု၊ လဟု အတိုင်း အလားတူ အက္ခရာနှစ်လုံး ဖြည့်သွင်းရသည်။

ဥပမာ **"မာ"**ဟူသော နာမည်ဖြစ်သည်၊ အက္ခရာသုံးလုံးမပြည့်၍ ဂိုဏ်းမဖွဲ့စည်းနိုင်၊ သုံးလုံးပြည့်မီရန် မူလအက္ခရာ၏ ပင်ကို ဂရုအတိုင်း **"မာ မာ မာ"**ဟု ဖြည့်သွင်း ဂိုဏ်းဖွဲ့ရသည်။

အက္ခရာနှစ်လုံး ရှိရာတွင်လည်း နောက်ဆက် အက္ခရာရှိ ပင်ကိုယ်ဂရု၊ လဟုအတိုင်း တစ်လုံး ဖြည့်သွင်းရသည်၊ ဥပမာ **"ရှင်ခေမာ"**ဟူသော ဘွဲ့နာမံဖြစ်သည်၊ သုံးလုံးမပြည့်၍ ဂိုဏ်းမဖွဲ့နိုင်၊ သုံးလုံးမပြည့်မီရန် နောက်ဆက်အက္ခရာ၏ ပင်ကိုယ်ဂရုအတိုင်း **"ခေမာမာ"**ဟု ဖြည့်သွင်းရလေသည်၊ ယင်း၌ ရှင်သည် လိုရင်းမဟုတ်၊ ခေမာသာ လိုရင်းဖြစ်သည်။



ဂိုဏ်းဖွဲ့စည်းရာတွင် အက္ခရာလေးလုံး ဖြစ်နေမူ နောက်ဆုံးအက္ခရာကို ပယ်၍ ဂိုဏ်းဖွဲ့ရသည်၊ ငါးလုံးရှိမူ အစအက္ခရာနှင့် အဆုံးအက္ခရာကို ပယ်၍ ကျန်အလယ်အက္ခရာသုံးလုံးကို ဂိုဏ်းဖွဲ့ရသည်၊ အက္ခရာခြောက်လုံးရှိမူ နှစ်ဂိုဏ်းဖွဲ့ရသည်၊ အက္ခရာခုနစ်လုံး ရှစ်လုံး ရှိရာတွင်လည်း အက္ခရာ လေးလုံး ငါးလုံးရှိရာတွင် ဂိုဏ်းဖွဲ့သကဲ့သို့ပင် ဂိုဏ်းဖွဲ့ရသည်။

"ဂိုဏ်းမပြည့်က၊ ဆုံးဝဏ္ဏ၊ ဂ,လ အတိုင်းပွား၊
တစ်လုံးရှိမူ ထိုနည်းတူ၊ ပွားယူသုံးလုံးထား"
"အက္ခရာသုံးခု၊ တဂိုဏ်းပြုလော့၊ စတုဝ္ဌဝယ်၊ အဆုံးပယ်မှ၊ အစအဆုံး၊ မသုံးပဉ္စ၊ နှစ်ဂိုဏ်းဆတည်း၊ သတ္တအဋ္ဌ၊ စသည်တို့မှာ ဤနည်းသာ မှတ်ပါ နှစ်လုံးထား"

ဂိုဏ်းဖွဲ့ရာတွင် လိုက်နာကျင့်သုံးအပ်သော ဆန်းနယပဒေဖြစ်သည်၊ ဆန်းကျမ်းတွင် ဂိုဏ်ရှစ်ပါးရှိသည်၊ မ,ဂိုဏ်း၊ န,ဂိုဏ်း၊ ဘ,ဂိုဏ်း၊ ယ,ဂိုဏ်း၊ ဇ,ဂိုဏ်း၊ သ,ဂိုဏ်း၊ ရ,ဂိုဏ်း၊ တ,ဂိုဏ်းများ ဖြစ်ကြသည်။

ယင်းတို့တွင် မ,ဂိုဏ်းသည် အလုံးစုံ ဂရုရှိသည်၊ နဂိုဏ်းသည် အလုံးစုံလဟုရှိသည်၊ ဘဂိုဏ်းသည် အစ၌ ဂရုရှိသည်၊ ယ,ဂိုဏ်းအစ၌ လဟုရှိသည်၊ ဇ,ဂိုဏ်းသည် အလယ်၌ ဂရုရှိသည်၊ သ,ဂိုဏ်းသည် အဆုံး၌ ဂရုရှိသည်၊ ရ,ဂိုဏ်းသည် အလယ်၌ လဟုရှိသည်၊ တ,ဂိုဏ်းသည် အဆုံး၌ လဟုရှိသည်၊ ယင်းဂိုဏ်းများတွင် ဂိုဏ်းစောင့် နတ်သားနှင့် နတ်သမီးများအပြင် နက္ခတ်များလည်း ရှိကြသည်။

"မတ်ဘုံစေ၊ နသိဘ၊ ဘူလမိ၊ ယတိမ်သတ်၊ ဇနေပု၊
သုလီသွာ၊ ရာမိကြွတ်၊ တတ်အာသ"

ဆန်းကျမ်းလေ့လာသူ ပါဠိပညာရှင်များ၏ ဂိုဏ်း, ဂရု, လဟု အနေအထား ဂိုဏ်းစောင့်နတ်နှင့် နက္ခတ်များကို အမှတ်ရလွယ်ကူစေရန် သင်္ကေတ လမ်းညွှန်ချက် ဖြစ်သည်၊ ယင်း သင်္ကေတ လမ်းညွှန်ကို ဇယားဖြင့် သရုပ်ဆောင် ပြသလိုက်သည်။ **လမ်းညွှန်းဇယား ပုံ (၁)ကို ကြည့်ပါ။**

ပေးအပ်ချီးမြှင့်သော ဘွဲ့နာမံများကိုလည်း **"ဣဋ္ဌ အနိဋ္ဌ"** ဟု စိစစ်ကြရသေးသည်၊ **"ဣဋ္ဌဂိုဏ်း"**ဟူသည် အလိုရှိအပ် ကောင်းမြတ်သော "ဂိုဏ်း"ဟု ဆိုလိုသည်၊ **"အနိဋ္ဌဂိုဏ်း"** ဟူသည် အလိုမရှိအပ် မကောင်းမြတ်သော ဂိုဏ်းဟု ဆိုလိုသည်၊ ဂိုဏ်းရှစ်ပါးတွင် မ, န, ဘ, ယ ယင်းလေးဝသော ဂိုဏ်းများကား ဣဋ္ဌဂိုဏ်းများ ဖြစ်သည်၊ ဇ, သ, ရ, တ ယင်းလေးဝသော ဂိုဏ်းများကား အနိဋ္ဌဂိုဏ်းများ ဖြစ်သည်။

မဂိုဏ်း နဂိုဏ်းနှစ်ပါးသည် မိတ်ဆွေနှင့် တူသော မိတ္တဂိုဏ်း၊ ဘ,ဂိုဏ်း၊ ယ-ဂိုဏ်းနှစ်ပါးသည် ကျေးကျွန်နှင့်တူသော ဘစ္စဂိုဏ်း၊ ဇဂိုဏ်း တဂိုဏ်းနှစ်ပါးသည် လျစ်လျူရှုအပ်သူနှင့် တူသော ဉဒါသီန်ဂိုဏ်း၊ ရ,ဂိုဏ်း သ,ဂိုဏ်း နှစ်ပါးသည် ရန်သူနှင့် တူသော ဝေရီဂိုဏ်း ဖြစ်သည်ဟုလည်း ဘွဲ့နာမံများ ကောင်းမြတ်သော နိမိတ်ဩဘာကို ဆောင်စေရန် စိစစ်ကြရသေးသည်။

လမ်းညွှန်းဇယား ပုံ(၁)

| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) |
|---|---|---|---|---|---|---|---|
| စာပိုဒ် | ဂရု-လဟု | ဂိုဏ်း | နက္ခတ် | လုံးရေ | ဣဋ္ဌ အနိဋ္ဌ | အစောင့်နတ်သား | အစောင့်နတ်သမီး |
| မတ်ဘုံစေ | ၂၂၂ | မ | ဇေဋ္ဌ | ၁၈ | ဣဋ္ဌဂိုဏ်း | ဘုမ္မစိုးနတ်သား | သူရဿတီနတ်သမီး |
| နသိဘ | ၁၁၁ | န | ဘရဏီ | ၂ | | သိကြားနတ် | သုန္ဒရီနတ်သမီး |
| ဘူလမိ | ၂၁၁ | ဘ | မိဂသီ | ၅ | | လနတ်သား | မဏိမေခလာ |
| ယတိမ်သတ် | ၁၂၂ | ယ | သတ္တဘိသျှ | ၂၄ | | တိမ်နတ်သား | သိရီနတ်သမီး |
| ဇနေပု | ၁၂၁ | ဇ | ပုဏ္ဏဖုသျှ | ၇ | အနိဋ္ဌဂိုဏ်း | နေနတ်သား | ကာလကဏ္ဏီ |
| သုလီသွာ | ၁၁၂ | သ | သွာတိ | ၁၅ | | လေနတ်သား | |
| ရာမိကြွတ် | ၂၁၂ | ရ | ကြတ္တိကာ | ၃ | | မီးနတ်သား | |
| တတ်အာသိ | ၂၂၁ | တ | သရဝဏ် | ၂၂ | | အာကာသစိုး | |

ဘွဲ့နာမံရှိ ဂိုဏ်းစောင့်နတ်သားများ၏ အကျိုးအပြစ် နိမိတ်သြဘာများကိုလည်း ဖော်ဆောင်ကြရသေးသည်၊ ဘုမ္မစိုးနတ်သားကြောင့် မြေရမည်၊ သိကြားနတ်မင်းကြောင့် အသက်ရှည်မည်၊ လနတ်သားကြောင့် အခြံအရံ များမည်၊ တိမ်နတ်သားကြောင့် တည်ကြည်မည်၊ နေနတ်သားကြောင့် ဆင်းရဲပူပန်မည်၊ လေနတ်သားကြောင့် အရပ်တစ်ပါး လွင့်ပါးမည်၊ မီးနတ်သားကြောင့် မီးဘေးသင့်မည်၊ အာကာသစိုး နတ်ကြောင့် အကျိုးမဲ့မည်ဟု ဖော်ဆောင်ကြရလေသည်။

"ဘုမ္မာ မြေရ၊ ဣန္ဒ သက်ရှည်၊ တည်ကြည် စန္ဒာ၊
တိမ်မှာခြွေရွေ၊ နေကား ဆင်းရဲ၊ လေကွဲ ရပ်ပစ်၊ မီးချစ်
ဘေးမြင်၊ ကောင်းကင် ကျိုးမဲ့"

ဘွဲ့နာမရှိ ဂိုဏ်စောင့် နတ်သမီးများ၏ နိမိတ်သြဘာများကိုလည်း ဖော်ဆောင် ပြသရသေးသည်၊ သူရဿတီနတ်သမီးကြောင့် တေးကဗျာလင်္ကာ စီးကုံးနိုင်သည်၊ သုန္ဒရီနတ်သမီးကြောင့် ရည်းစားသနံ ပေါများတတ်သည်၊ သိရီနတ်သမီးကြောင့် ဘုန်းတန်းခိုး ကြီးမားတတ်သည်၊ မေခလာနတ်သမီးကြောင့် စည်းစိမ်ချမ်းသာ တိုးပွားတတ်သည်၊ ကာလကဏ္ဏီနတ်သမီးကြောင့် တန်ခိုးစည်းစိမ် ဂုဏ်သိရ်ဉစ္စာများ ပျက်ပြားရတတ်သည်။

"သူရဿတီ၊ မယ်ဒေဝီကြောင့်၊ တေးဂီကဗျာ၊ ဝါစာပြိုပြိ
သုန္ဒရီကား၊ သိင်္ဂီနုထွား၊ ပျိုရည်းစားဟု၊ တစ်ပါးမေခလာ၊
ချမ်းသာပွားမိ၊ သိရီရွှေဘုန်း၊ လွန်နိုင်နှုန်းသာ၊ ကြေပြုး
တေဇ၊ ပျက်စီးရသည်၊ ကာလကဏ္ဏီ၊ ကျမ်းကိုမှီသည်။
ဖွဲ့စီတတ်စေ ဉာဏ်ဆန်းပွေ"

ထို့ပြင် ရဟန်းတော်များသည် မိမိချီးမြှင့်အပ်နှင်းသော ဘွဲ့နာမံ၏ ဥပါဒ်, မိတ္တု, ကာဏ, စုတ်များကိုပါ တွက်ချက်စစ်ဆေးကြရသည်၊ ဥပါဒ်သည် အန္တရာယ်ကို ဖြစ်ပေါ်စေနိုင်သည်၊ မိတ္တုသည် သေကြေပျက်စီးစေနိုင်သည်၊ ကာဏသည် ကောင်းကျိုးဟူသမျှကို ကွယ်ပစေနိုင်သည်။

စုတ်သည် **"အမြိတ္တာစုတ်, လာဘစုတ်, သိဒ္ဓိစုတ်, ဝရစုတ်"** ဟု လေးမျိုးရှိသည်၊ အမြိတ္တာစုတ်သည် ချမ်းသာစေနိုင်သည်၊ လာဘစုတ်သည် လာဘ်ပေါများစေနိုင်သည်၊ သိဒ္ဓိစုတ်သည် အံ့သြဖွယ်ကို ဖြစ်စေနိုင်သည်၊ ဝရစုတ်သည် ဆုထူး,ဆုမြတ်ကို ဖြစ်စေနိုင်သည်၊ ထို့ကြောင့် ဘွဲ့နာမံ ခံယူသူများအနေဖြင့် မိမိဘွဲ့နာမံ စုတ်တစ်ခုခု ရရှိမှသာ နှစ်သက် လက်ခံလိုကြသည်။

တွက်ချက်ရန်မှာ ပြဆိုခဲ့ပြီးသော လမ်းညွှန်ဇယား (၁)ရှိ ဘွဲ့နာမ၏ ဂိုဏ်းရ နက္ခတ် အရေအတွက်နှင့် ပြလတ္တံ့ လမ်းညွှန်ဇယား (၂)ရှိ နေ့နံစဉ်အလိုက် ရရှိသော အရေအတွက်များကို ရောနှောရသည်၊ ယင်းကို ဆက်လက်၍ ခုနစ်ခုဖြင့် စားရသည်။

၁-ခုကြွင်းမူ ဥပါဒ်၊ ၂-ခုကြွင်းမူ မိတ္တု၊ ၃-ခုကြွင်းမူ ကာဏ၊ ၄-ခုကြွင်းမူ အမြိတ္တာစုတ်၊ ၅-ခုကြွင်းမူ လာဘစုတ်၊ ၆-ခုကြွင်းမူ သိဒ္ဓိစုတ်၊ ၇-ခုကြွင်းမူ ဝရစုတ်ရသည်"ဟု တွက်ချက်ပြကြရသည်။

**လမ်းညွှန်ဇယား ပုံ (၂)ကိုကြည့်ပါ။**

လမ်းညွှန်ဇယား ပုံ(၂)

| အမှတ်စဉ် | (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) |
|---|---|---|---|---|---|---|---|---|
| နက္ခတ် ၂၀ အထိ ရောကိန်း | နေ့သား | ၁-နွေ | ၂-လာ | ၃-ဂါ | ၄-ဟူး | ၅-တေး | ၆-ကြာ | စနေ |
| | ပိဋကတ်သင်္ချာ | စ | ကျ | မာ | ယာ | ဘူ | နာ | ဂါ |
| | နံသင်္ချာ | သည် | ကုန်း | ပြည် | အောင် | လု | တန်း | ဆောင် |
| | ရသင်္ချာ | ၆ | ၂ | ၅ | ၁ | ၄ | ၇ | ၃ |
| နက္ခတ် ၂၀ အထက် ရောကိန်း | ပိဋကတ်သင်္ချာ | နာ | ဂါ | စ | ကျ | မာ | ယာ | ဘူ |
| | နံသင်္ချာ | နောင် | ဆို | သည် | ကား | မြ | အ | လား |
| | ရသင်္ချာ | ၇ | ၃ | ၆ | ၂ | ၅ | ၁ | ၄ |



"ပြီ့ပြီ့သိမှု၊ နက္ခတ်စုကို၊ စက္ကုမာယာ၊ ဘူနာဂါနှင့်၊ မှန်စွာသဘော၊ ရက်လိုက်နှောမှ၊ များလတ်ကလျှင်၊ စားထခုနစ်၊ တစ်, နှစ်, သုံးမှတ်၊ ကြွင်းမြင်လတ်မူ၊ ဥပါဒ်မိတ္တူ၊ ကာဏ ရှုလော့၊ စတ္, ပဥ္စ, ဆ, သုညကား၊ မြိတ္တလာဘာ၊ သိဒ္ဓိကံနှင့်၊ ဝရံ ပိုင်းခြား၊ စီလျဉ်ထားသည်၊ ဤကား ဂိုဏ်းလက်ာဘုရား"[၁]

ဘွဲ့နာမံ၏ နိမိတ်ဩဘာများကို လွယ်ကူစွာ သိရှိနိုင်ရန် ဆရာတော် ဦးဗုစ်က လမ်းညွှန်ခဲ့ခြင်း ဖြစ်သည်၊ ရှင်ခေမာဟူသော နှစ်လုံးဘွဲ့နှင့် "မာ"ဟူသော နာမည်များသည် ဂိုဏ်းရှစ်ပါးတွင် မဂိုဏ်းဖြင့် မှည့်ခေါ်ထားခြင်း ဖြစ်သည်၊ ရှင်ခေမာက တနင်္လာသား ဖြစ်၍ မာက ကြာသပတေးသမီး ဖြစ်သည်။

ရှင်ခေမာ၏ ဂိုဏ်းယှဉ်နက္ခတ်ကား ၁၈-လုံးဖြစ်သည်၊ ယင်းနက္ခတ် ၁၈-လုံးသို့ လမ်းညွှန်ဇယား (၂)တွင် တနင်္လာအောက်ရှိ "ကျ"အရ ၂-နှင့် ရောလိုက်ပါက ၂၀-ရသည်၊ ယင်းကို ၇ ဖြင့် စားပါက ၆-ခုကြွင်းသည်ကို တွေ့ရှိရမည် ဖြစ်သည်၊ ထို့ကြောင့် **"ရှင်ခေမာ"**ဟူသော ဘွဲ့နာမံသည် **"သိဒ္ဓိစုတ်"**ရသည်ဟု သိရှိရသည်။

**"မာ"**၏ ဂိုဏ်းယှဉ်နက္ခတ်လည်း ဇေဋ္ဌနက္ခတ် ၁၈-လုံးပင် ဖြစ်သည်၊ ယင်း ၁၈-လုံးသို့ လမ်းညွှန်ဇယား (၂)တွင် ကြာသပတေးနံအောက်ရှိ **"ဘူ"**အရ ၄-နှင့် ရောလိုက်ပါက ၂၂ ဖြစ်သည်၊ ယင်းကို ၇-ဖြင့် စားပါက ၁-ခု ကြွင်း၍

[၁] ဆရာတော်ဗုစ်ရေး၊ ဆန်းနိသျ၊ ၇၁။

ဥပါဒ်ကျသည်ကို တွေ့ရှိရမည်ဖြစ်သည်၊ စုတ်မရ၍ နှစ်သက်ဖွယ် မရှိချေ။

ဗုဒ္ဓဘာသာ မြန်မာပြည်သူတို့၏ ရှင်မယ်ခံပွဲတွင် ဘွဲ့နာမံ ချီးမြှင့်အပ်နှင်းခြင်းကား ခဲခက်လှသည်၊ သို့ဖြစ်သည်နှင့် အမျှ အပြစ်အနာအဆာကင်းသော ဘွဲ့နာမံကား ရခဲလှသည်၊ ထို့ကြောင့် ပေလားမသိ၊ ရှမ်းပြည်နယ်ဖက်တွင် ရှင်တစ်ပါး ဘွဲ့တစ်လုံးအတွက် ၁၀–မျိုး၊ ၁၅–ကျပ်မျိုး ပေးလှူပူဇော်ကြသည်ကို လေ့လာ တွေ့ရှိရသည်၊ ဤကား ဗုဒ္ဓဘာသာ နယ်ပယ်မှ နာမက ရဏမင်္ဂလာပွဲကြီး ဖြစ်သည်။

သို့ရာတွင် ဗုဒ္ဓက ရှင်မယ်ခံပွဲကို သီးသန့် ပြုလုပ်ရမည်ဟူ၍ကား လမ်းညွှန်ခဲ့ခြင်း မရှိချေ၊ ကာလ, ဒေသအလိုက် **“ဆန်းသစ် ထားခြင်းသာ ဖြစ်သည်”**ဟု လေ့လာသိရှိရပေသည်။

❖ ❖ ❖



ပန်းနှင့်မြန်မာ

## ၂၅။ ပန်းနှင့် မြန်မာ

မြန်မာပြည်သူတို့၏ ရှင်ပြုမင်္ဂလာတွင် ပန်းများက ဝေဆာနေတတ်ချေသည်၊ **“ပန်းနှင့် မြန်မာ, မြန်မာနှင့် ပန်း”** တို့ကား ခွဲခြားမရသော အရာများသာ ဖြစ်သည်၊ နေ့စဉ်ဆင်ယင် ထုံးဖွဲ့ရာနှင့် သုံးပါးရတနာ ကိုးကွယ်ရာများတွင် ပန်း မပါရင် မပြီးတတ်ကြချေ၊

မြန်မာပြည်သူတို့သည် သမီးရည်းစား စကားပြောရာနှင့် ဗေဒင်ဆိုင်ရာများတွင်ပင် ပန်းကို **“အတိတ်ကောင်, နမိတ်ကောင်”**အဖြစ် စေစား အသုံးချလျက် ရှိသည်၊ မြန်မာတို့၏ ဝန်းကျင်ကား ပန်းအတိ ပြီးလျက် ရှိချေသည်။

ဗေဒင်ဆိုင်ရာတွင် “နံနက်ကို သပြေ၊ ဖူးဝေဝေ၊ ညနေကိုချရား၊ ပန်၍သွား၊ သိကြားသော်မှ၊ နေရာချ၏”[၁] စသည်ဖြင့် ပန်းကို အတိတ်ကောင် နိမိတ်ကောင်အဖြစ် ကောက်ယူ အသုံးချထားသည်ကို တွေ့ရှိရသည်၊ သမီးရည်းစား ဆိုင်ရာများတွင်-

“သင်ပေါင်းရိုးရှည်၊ ခိုင်မြောက်စည်၍၊ အမည်ခေါ်မှန်း၊ နိမိတ်ပန်းနှင့်၊ လန်းလန်းရောက်အောင် လှထွတ်ခေါင်ကို၊

၁။ ရာမရကန်၊ ဒု၊ ၂၀၆။



ကျေးမောင်ယူချေ၊ ဆက်ပို့လေလော့”[၁]စသည်ဖြင့် ပန်းကို နိမိတ်တမန်အဖြစ် စေစား အသုံးချထားသည်ကို လေ့လာ တွေ့ရှိရသည်။

ကျေးဖြင့် ပန်း ပို့ဆက်စေခြင်းသည် **“မယ့်ကို အမြဲတစေ အမှတ်တရနေပါသည်”**ဟူသော အဓိပ္ပာယ်ကို ဖော်ကျူးလိုရင်း ဖြစ်သည်၊ ထိုမျှသာမက တစ်ခါတစ်ရံ မြန်မာတို့၏ အိမ်ထောင်ရေး လူမှုဆိုင်ရာများကိုပင် ပန်းများက အဆုံးအဖြတ် ပေးတတ်ကြောင်းကို လေ့လာ တွေ့ရှိရပြန်သည်။

“ပန်းနီနီ မပန်လေနှင့်
အမယ်မှာ နတ်ပန်းပွင့်တဲ့
အတင့်ငယ်မှ ရဲချင်
ပျော်လိုအားနှင့် ခေါင်းဖျားတင်
အရင်လူနှင့် လွဲတတ်တယ်။ ။
မိဘဘိုးဘွား၊ ဆိုစကားကို
နားမျှမဝင်၊ ထီမထင်ဘဲ
ကြို့ပင်ကြီးမြောက်၊ ပိတောက်ပင်တောင်
ညောင်ပင်ကြီးရင်း
ကောက်စိုက်ကယ်ပြန်၊ ထိန်ကန်တွင်းမှာ
လာရင်မျက်မြင်
နေမလှန်းတဲ့၊ ပန်းလွင်လွင်ကို
ရွှင်လိုမြူးလို့၊ ကစားလိုလို့

၁။ နဝဒေးဆို “လျှင်ကြောင်းကျိုးရည်”ချီရတု။

ဝါဆိုဦးက ပန်ဖူးတယ်။ ။
အမယ်မင်း ဖြစ်ရလေခြင်း…
ယင်းမာရယ်ပေါ်၊ တော်သလင်းနှင့်
မိုးတွင်းဝါဝင်
ဟိုဆောင်ဦးသို့၊ မကူးခင်က
အရင်လူနှင့် ကွဲရတယ်ရှင်။ ။
အပျိုစင် ငယ်ကကျွမ်းပါတဲ့
လွမ်းတုံထင့်လေး"[၁]

မြန်မာတို့ ပန်းကို အလွန်ချစ်ကြလွန်း၍လားမသိ၊ သက္ကရာဇ် ၁၁၆၈–ခုနှစ်က မြန်မာနိုင်ငံတော်တွင် ပန်းပြဿနာပေါ်ခဲ့ဖူးလေသည်၊ ဖြစ်ရပုံက ရွှေနန်းတော်သို့ ပန်တော်ပန်း ဆက်သရသူ ပန်းတော်ဆက်များသည် သက်ဆိုင်ရာမင်းသမီးများသို့ ပန်တော်ပန်းမဆက်၊ မသက်ဆိုင်သည့် မင်းသားများသို့ ပန်တော်ပန်း ဆက်သကြရုံမျှမက လက်ကျန်ပန်းများကိုပါ ဈေးသို့ ရောင်းချပစ်လိုက်ကြသည်၊ ဤတွင် ပန်းပြဿနာပေါ်လာရခြင်း ဖြစ်သည်။

"သဇင်ပန်းတော်များ ရွှေနန်းတော်သို့ မဆက်မသွင်းသေးသည်ကို မင်းသားအိမ်သို့ ပန်းများရောက်ကြောင်းနှင့် ကြားသိ တော်မူရသည်၊ ကျီဝန်ကိုတန်းမှာထား၊ ပန်းဆက်လာသူကို ရအောင်တောင်း"[၂]

၁။ ရာဇာဓိရာဇ်ကတော်ဆို "သုံးတောင်အိုင်"အိုင်ချင်း။မြန်မာစာ၊ ပ၊ ၆။
၂။ မြန်မာမင်းအုပ်ချုပ်ပုံ၊ စ–တွဲ၊ ၂၈၉။



ရွှေနန်းတော်က တိုက်ရိုက်ထုတ်ပြန်လိုက်သော အမိန့်တော်ဖြစ်သည်၊ ရွှေနန်းတော်၏ အမိန့်တော်ကြောင့် လွှတ်တော်ကပါ ထပ်ဆင့်အမိန့် ထုတ်ပြန်လိုက်ရပေသည်။

"ရွှေမြို့တော် ဝန်မင်းစာ မပါလျှင် သဇင်ပန်းတော်များကို မည်သူမျှ ဈေးတွင်မရောင်းရ"[၁]

လွှတ်တော်က အမိန့်ထုတ်ပြန်လိုက်သည်မှစ၍ မြို့ဝန်မင်းထံ ပန်းထောက်ခံစာများ ယူကြရတော့သည်၊ ထောက်ခံစာမပါဘဲ ပန်းရောင်းချသူတွေ့လျှင် ကြိမ်ဖြင့် ပြင်းစွာ ရိုက်ခတ်သောဟူ၏၊ ယင်းသို့သော ပန်းအရေးတော်ပုံကို မျက်ဝါးထင်ထင် တွေ့မြင်လိုက်ရသော ရကန်ဆရာကြီး ဦးတိုးက သူ၏ ကမ္ဘာကျော် ရာမရကန်ကြီးတွင် မှတ်တမ်းတင်ဖြစ်အောင် တင်လိုက်နိုင်သည်။

"တချို့က နီပြာပြာ၊ တချို့က ဖြူဝါဝါ၊ တချို့မှာ ချိတ်ပွင့် တချို့မှာ ပန်းရင့်လို၊ ပင်ဆင့်ပန်းပျံ ဘွဲ့မည်ရည် ခံခြင်းတွင်၊ ဝေယံနန်းမြင့်၊ ပင်တိုင်းတင့်မို့၊ မြို့ဝန်မင်းစာ လိပ်မပါဘဲ၊ ကွယ်ရာဈေးပြင်၊ ရောင်းလို့များ မြင်မလား၊ သေချင်သေ၊ ရှင်ချင်ရှင်၊ အင်မတန့်အင်မတန်၊ ရာဇဝတ်တော် ခံရသည်။ မြတ်ပန်တော်ပန်း၊ ခိုင်လုံးလန်းကို၊ ဟိုလောင်ပန်းပွင့်၊ ဘယ်ဂုဏ်ကြောင့် ဝင့်မတုန်း။ ဘုန်းနှင့်ကံနှင့် ရွှေသဇင်"[၂]

၁။ မြန်မာမင်းအုပ်ချုပ်ပုံ၊ စ–တွဲ၊ ၂၈၉။
၂။ ရာမရကန်၊ ပ၊ ၉၇။

မြန်မာတို့သည် ဤမျှပင် ပန်းကို ချစ်ခင်မြတ်နိုးခဲ့ကြသည်၊ ထို့ကြောင့် မြန်မာတို့၏ သုံးပါးရတနာ ကိုးကွယ်ရာများတွင် ရွှေပန်း, ငွေပန်း, ကြည်းပန်း, ရေပန်းများနှင့် ထန်းအုန်းညွှန့်ညို, ကုက္ကို, နေဇာ, အင်္ဂါချယား, ပတ္တမြား ညွှန့်ထိး, သပြေသီးဟု၊ ပန်းကြီးအမြတ်၊ ခုနစ်ရပ်သို့ အထပ်ထပ် ဝေဆာပန်းပဒေသာ ဖြစ်နေရခြင်းကား အဆန်း မဟုတ်ပါချေ။

သို့တစေ၊ ရှင်ပြုမင်္ဂလာတွင် ပန်းများ အလှုံတောင်နှယ် မံလျက် မိုးပျံ့အောင် ဝေဆာနေခြင်းသည်ကား မဟာဆန်ဂုဏ်ခံချင်၍တော့မဟုတ်၊ မြန်မာတို့ ရှင်ပြုမင်္ဂလာတွင် ဤသို့ ဤနှယ် ပန်းမျိုးစုံ ခြယ်လှယ်၍ ပရိတ်အိုး၌ စိုက်ထိုးရခြင်းသည် "သာသနာတော်၏ အထူးသဖြင့် တောက်ပထွန်းလင်းခြင်း, စည်ပင်ပြန့်ပွား များပြားခြင်းတည်းဟူသော နိမိတ်သြဘာများကို အကြောင်း ပြု၍ စိုက်ထိုးကြရခြင်းသာ ဖြစ်သည်။[၁]

❖ ❖ ❖

၁။ ဝဇီရဗုဒ္ဓဒေသနာ၊ ၃၅။



ရှင်ပြုမင်္ဂလာ စီမံခင်းကျင်းဖွယ်ပြ လက်ာ

## ၂၆။ ရှင်ပြုမင်္ဂလာ စီမံခင်းကျင်းဖွယ်ပြ လင်္ကာ

မြန်မာစာဆိုများသည် မိမိတို့ မြန်မာ့ယဉ်ကျေးမှု ဓလေ့ရိုးရာများကို မျက်ခြည်မပြတ် ဖော်ထုတ် စပ်ဆိုခဲ့ကြသည်၊ စာဆိုတို့၏ ကျေးဇူးကြောင့် နှောင်းခေတ် မြန်မာပြည်သူများသည် မြန်မာ့ယဉ်ကျေးမှု ဓလေ့ရိုးရာ အသီးအပွင့်များကို အောင်အောင်မြင်မြင် စားသုံးနေကြရပြီ၊ ပန်ဆင်နေကြရပြီ ဖြစ်သည်၊ ပုဂံခေတ် ပုဂံ၏ သမီးပျိုများ ဆင်ယင်ထုံးဖွဲ့ခဲ့သော ဆံထုံးထုံးနည်း -၅၅, မျိုးကို စာဆိုတော် ရဝေရှင်ထွေး၏ အမြော်အမြင်ကြီးမှုကြောင့် ယနေ့ မျက်မှောက်ခေတ် မြန်မာ့သမီးပျိုများ ပုံမပျက် ပန်းမပျက် ဆင်ယင်ထုံးဖွဲ့နေနိုင်ခြင်း ဖြစ်သည်။

ရှင်ဥတ္တမကျော်သည် အရေးအသား ကျစ်လျစ်သိပ်သည်း၍ ပြောင်မြောက်လှသော ၉-ပိုဒ်မျှသော တောလားရတုဖြင့် စာဆိုတော် အောင်လံကို ကောင်းစွာ စိုက်ထောက်နိုင်ခဲ့သည်၊ ရဝေရှင်ထွေးသည်လည်း ယင်းကဲ့သို့ပင်ဖြစ်သည၊ သူမ၏ ဆံထုံးထုံးနည်း ၅၅-မျိုး အန်ချင်းဖြင့် စာဆိုတော် အောင်လံကို ကောင်းစွာ စိုက်ထောက်နိုင်ခဲ့လေသည်၊ ယင်းတို့၏ စာဆိုတော် အောင်လံ ကောင်းစွာ စိုက်ထောက်နိုင်ခြင်းကလည်း နှောင်းခေတ်



မြန်မာပြည်သူတို့၏ အလေးပြုထိုက်သူကို အလေးပြုခြင်းများနှင့် သက်ဆိုင် ပတ်သက်လျက် ရှိပေသည်။

ရှင်ပြုမင်္ဂလာ စီမံခင်းကျင်းဖွယ်ပြ လင်္ကာကို ရေးဖွဲ့ခဲ့သော အမည်မသိ စာဆိုသည်လည်း အလေးပြုထိုက်သူများတွင် အလေးပြုထိုက်သူ တစ်ဦးသာ ဖြစ်ပေသည်၊ စာဆို၏ ရတုကား **“ရှင်ပြုမင်္ဂလာ၊ စီရင်ရာကို”**အစ ချီထားသည်၊ စာဆို၏ ရတုသည် ရဝေရှင်ထွေး၏ ဆံထုံး ထုံးနည်း-၅၅,မျိုး အန်ချင်းကဲ့သို့ ရှင်ပြုမင်္ဂလာတွင် စီမံခင်းကျင်းရမည့် စီမံခင်းကျင်းဖွယ်ရာအဖြာဖြာကို ရတု တစ်ပိုဒ်တည်းဖြင့် ခြုံငုံစပ်ဆိုထားသည်၊ စာဆို၏ ကျေးဇူးကြောင့် စည်ကားသိုက်မြိုက်လှသော ရှေးခေတ် ရှင်ပြုမင်္ဂလာ အခမ်းအနားကိုလည်းကောင်း, ရှေးခေတ် ရှင်ပြုမင်္ဂလာ ဓလေ့ရိုးရာများကိုလည်းကောင်း အစင်းသား, အထင်းသား, တွေ့မြင်ရလျက်ရှိပေသည်။

မြန်မာပြည်သူများအနေဖြင့် ဗုဒ္ဓဒဿနများအပြင် ဝေဒဒဿနများကိုလည်း ယုံကြည်ကိုးစားလျက်ရှိရာ ရှင်ပြုမင်္ဂလာ အစီအမံများတွင် ဗုဒ္ဓဒဿနများကို ဝေဒဒဿနများဖြင့် နှီးနွှယ်စပ်ဟပ်ထားသည်ကို လေ့လာတွေ့ရှိရပေသည်၊ ယင်းကား နိမိတ်ဩဘာများပင် ဖြစ်သည်၊ **“နိမိတ်ဩဘာ”**ဟူသော စကားလုံးများသည်လည်း **“အတိတ်တဘောင်”**ဟူသော စကားလုံးများသည်လည်းကောင်း ဝေဒဒဿနတွင်သာရှိ၍ ဗုဒ္ဓဒဿနတွင် မရှိချေ၊ ဗုဒ္ဓဒဿနသည် ကြောင်းကျိုးဆက်ဝါဒဖြစ်ရာ ဝေဒဒဿနများဖြစ်သည့် အတိတ်၊ နိမိတ်၊ တဘောင်များကို

အကြောင်း ပစ္စည်းတရားအဖြစ်ယူသော် ရစကောင်း၍ ဩဘာကို အကျိုးပစ္စယုပ္ပန်တရား အဖြစ်ယူသော် ရစကောင်း သည်သာ ဖြစ်လေသည်။

“ထွက်မြောက် ဘုံသုံးတစ်
နှုံးဖြစ်ချည်မျှင်
စီရင် လုစ်ဖြာ”

ယင်းစာပိုဒ်တွင် **“နှုံးဖြစ်ချည်မျှင်၊ စီရင်လုစ်ဖြာ”**ဟုသော စာပိုဒ်များသည် ဗုဒ္ဓဒသနအရ အကြောင်းပစ္စည်းတရား ဖြစ်၍ ဝေဒဒသနအရ အတိတ်, နိမိတ်, တဘောင်များ ဖြစ်သည်၊ “ထွက်မြောက် ဘုံသုံးတစ်”ဟူသော စာပိုဒ်သည် ဗုဒ္ဓဒသနအရ အကျိုးပစ္စယုပ္ပန်တရားဖြစ်၍ ဝေဒဒသနအရ ဩဘာများ ဖြစ်သည်၊ စာပိုဒ်တစ်ခုလုံး၏ ကြောင်းကျိုးဆက်စပ်ဟန်မှာ **“မင်းကိုယ်ချည်ကို သုံးဆယ့်တစ်မျှင် ပြုလုပ်ခြင်းဖြင့် သုံးဆယ့် တစ်ဘုံမှ ထွက်မြောက်ရသည်”**ဟူ၍ ဖြစ်သည်၊ ထို့ကြောင့် မင်းကိုယ်ချည် သုံးဆယ့်တစ်မျှင် ပြုလုပ်ခြင်းသည် အကြောင်း ပစ္စည်းတရား ဖြစ်သည်၊ ဝေဒဒသနအရ **“အတိတ်ကောက် နိမိတ်ကောက်ခြင်းများ”**ဟု ဆိုနိုင်စကောင်းသည်၊ သုံးဆယ့်တစ်ဘုံမှ ထွက်မြောက်ခြင်းသည် ဗုဒ္ဓဒသနအရ အကျိုးပစ္စယုပ္ပန်တရား ဖြစ်သည်၊ ဝေဒဒသနအရ ဖြစ်ပေါ်တိုးတက်လာသော **“အောင်မြင်မှုဩဘာ”**ဟု ဆိုနိုင်ပေသည်၊ ရှင်ပြုမင်္ဂလာ စီမံခင်းကျင်းဖွယ်များသည် ဤနည်း နှင်နှင်ချည်းသာ ဖြစ်သည်၊ သို့ဆိုရလင့်ကစား ရှင်ပြုမင်္ဂလာ ဓလေ့ရိုးရာများ



သည် ဗုဒ္ဓဒသနအရ ကြောင်းကျိုးဆက်စပ်သော ဓလေ့ရိုးရာများဖြစ်၍ ဗုဒ္ဓဘာသာ မြန်မာပြည်သူတို့ ယနေ့တိုင် လက်ခံသုံးစွဲနေခြင်းသာ ဖြစ်သည်။

“ရှင်ပြုမင်္ဂလာ၊ စီရင်ရာကို၊ လင်္ကာစကား၊ သံချိုကြားအံ့၊ နဂါးဂဠုန်သုတ်၊ ပါဋလိပုတ်ဌာန၊ သမုဒ္ဒရာဇွေလှိုင်း၊ ရေကသိုဏ်း စီးဖြန်း၊ ရှင်ရဟန်း၏ သင်္ကန်းတွင်းခို၊ မင်းကိုယ်လက်တမြောက်၊ ထွက်မြောက်ဘုံသုံးတစ်၊ နှုန်းဖြစ်ချည်မျှင်၊ စီရင်လုစ်ဖြာ၊ သစ္စာ လေးလီ၊ ပရိတ်ချည်, ပရိတ်ပန်း၊ လေးခန်းမင်္ဂမျိုး၊ ကံဆောင် အိုးတည့်၊ ရေချမ်းအိုး ဆယ့်တစ်၊ မီးငြိမ်းလစ်ရှင့်၊ ဖိုလ်ဖြစ်မိုးယူ၊ ထီးဖြူလေးထား၊ မုလေးပွားနှင့်၊ ကုက္ကားတံခွန်၊ သုံးခွန်ဗောဓိ၊ ဒိဋ္ဌိအောင်ချိုင်၊ ဆီမီးတိုင်ဆဒ္ဒိ၊ ပြဘိမှန်စွာ၊ သံဃာလျှုရန်၊ မင်္ဂလံ၌၊ ငှက်ချေးခံဝမ်းသား၊ ပြင်ဘက်ထား၍၊ ကျောကားတွင်းသိ၊ ငါးပိ ဆားငြုတ်၊ ထုတ်လုပ်ပေလင့်၊ ရေဖြင့်မဆေးကြော၊ ငှက်ပျောဖီးဆိုင်၊ မြီးခိုင်မစောင်းမတ်၊ ကောင်းမြတ်မသုံးပြီး၊ အုန်းသီး တစ်လုံး၊ ထေရ်ဖုန်းဥပဂုတ်၊ မာရ်နတ်ယုတ်၏၊ ရန်ငုတ် ကြဉ်ပရာ၊ တင်သပါလော့၊ ဖမှာ ယပ်ထမ်း၊ တခန်းသပိတ်လွယ်၊ မွေးမယ်မယ်ကား၊ ဝတ်ဖွယ်ဝတ်ရာ၊ ထိပ်မှာဆောင်ရွက်၊ မိတ်ဆက်ကွမ်းတောင်၊ ကိုင်ဆောင်ပျိုများ၊ ရှေ့ကထား၍၊ ခုနစ်ဖဝါးလှမ်း၊ စီးဖြန်းဘာဝနေ၊ “အဟံ ဘန္တေ၊ သံဃေမဇ္ဈေ ပဝေသနံ အာပုစ္ဆာမိ” ပါဠိလင်းဆို၊ မင်းကိုယ်ချည်တွင်း၊

ရှင်လောင်းသွင်းသည်။ ။ မယွင်း ရှေးထုံး–စဉ်လာတည်း"[၁]

စာဆိုသည် မိမိရေးသားလိုသော ရှင်ပြုမင်္ဂလာ၏ စီမံခင်းကျင်းဖွယ်များကို တိုတိုကျဉ်းကျဉ်းဖြင့် လိုရင်းပြဆိုထားသည်၊ စာဆို၏ ကဗျာကား ရဝေရှင်ထွေး၏ ဆံထုံး ထုံးနည်း ၅၅-မျိုး အန်ချင်းကဲ့သို့ ဩဇာဂုဏ် မြောက်လှတော့သည်၊ စာဆိုသည် ဩဇာဂုဏ် မြောက်လှသော သူ၏ လင်္ကာဖြင့် မြန်မာပြည်သူတို့၏ ရှင်ပြုမင်္ဂလာတွင် စီမံခင်းကျင်းဖွယ်ရာ အဖြာဖြာကို ခရေစေ့တွင်းကျ ပြဆိုထားနိုင်ခြင်းကပင် သူ့လင်္ကာ, သူ့ဝါသနာ၏ အရည်အသွေးများကို ကောင်းစွာ ထက်မြက်စေခဲ့လေသည်။

ရတု၊ ကဗျာ၊ ပျို့လင်္ကာများ စပ်ဆိုရာတွင် မရှိ နိမိတ်ပုံသို့ အာရုံဝင်စား စပ်ဆိုခြင်း၊ အရှိနိမိတ်ပုံသို့ အာရုံဝင်စား စပ်ဆိုခြင်းနှင့် အရှိ နိမိတ်၏ မူလစီးဆင်းရာ အခြေခံဗျူပ္ပတ်နိမိတ်ကို ဖော်ထုတ်စပ်ဆိုခြင်းဟု သုံးမျိုးရှိလေသည်၊ စာဆို၏ ရှင်ပြုမင်္ဂလာ အစီအစဉ်ပြ လင်္ကာသည် မရှိနိမိတ်ပုံသို့ အာရုံဝင်စား၍ ဖန်တီးစပ်ဆိုထားခြင်း မဟုတ်၊ အရှိနိမိတ်ပုံသို့ အာရုံဝင်စား စပ်ဆိုထားခြင်းသာ ဖြစ်သည် ဆိုခြင်းကို စာဆို၏ ကဗျာက သက်သေ ညွှန်းလျက် ရှိပေသည်၊ ရတု၏ အချို့သော အဖွဲ့ဗန္ဓများတွင် အရှိ နိမိတ်၏ မူလစီးဆင်းရာ အခြေခံ ဗျူပ္ပတ်နိမိတ်ကိုပင် ဖော်ထုတ် စပ်ဆိုထားသည်ကို လေ့လာတွေ့ရှိရပေသည်

"နဂါးဂဠုန်သုတ်၊ ပါဠိလိပုတ်ဌာနာ၊ သမုဒ္ဒရာဇွေလိုင်း ရေကသိုဏ်းစီးဖြန်း၊ ရှင်ရဟန်း၏၊ သက်န်းတွင်းရှိ

၁။ အမည်မသိ စာဆိုရေး "ရှင်ပြုမင်္ဂလာ၊ စီရင်ရာကို"ချီရတု၊



မင်းကိုယ် လက်တမြှောက်၊ ထွက်မြောက်ဘုံသုံးတစ်၊ နှုန်းဖြစ် ချည်မျှင်၊ စီရင်လှစ်ဖြာ"

စာဆို၏ ရတုမှ အဖွဲ့ဗန္ဓတစ်ခု ဖြစ်သည်။ ယင်းအဖွဲ့ဗန္ဓသည် မင်းကိုယ်ချည်၏ မူလစီးဆင်းရာ အခြေခံ ဗျူပ္ပတ်နိမိတ်ကို ဖော်ထုတ်စပ်ဆိုထားခြင်း ဖြစ်ပေသည်၊ ယင်းအဖွဲ့ ဗန္ဓဖြင့် နဂါးကို ဂဠုန်သုတ်ရာမှ မင်းကိုယ်ချည် ဖြစ်ပေါ်လာရပုံကို ပြညွှန်းထားခြင်း ဖြစ်သည်။

စာဆို၏ စေတနာကား ထက်သန်ကြီးမားလှဘိသည်၊ ဘုန်းတော်ကြီးများသို့ ငါးပိ, ဆား, ငရုတ်များ ထုတ်လုပ်လှူဒါန်းရာတွင် လုပ်ထုံးလုပ်နည်းများကို အသေးစိတ် လမ်းညွှန်ချက် ပေးထားပေသည်၊ သစ်ရွက်တစ်ရွက်တွင် ကျောဘက်နှင့် ဝမ်းဘက်များ ရှိကြသည်၊ အပေါ်မျက်နှာပြင် ငှက်ချေးခံကို ဝမ်းဟု မှတ်သား၍ အောက်မျက်နှာပြင်ကို ကျောဟု မှတ်သားရသည်၊ ငါးပိ, ဆား, ငရုတ်များကို ထုတ်လုပ်လှူဒါန်းရာတွင် သစ်ရွက်၏ ကျောဘက်ဖြင့် ထုပ်လုပ်လှူဒါန်းရမည်ကို စာဆိုက အသေးစိတ် လမ်းညွှန် သွန်သင် ထားလေသည်။

❖ ❖ ❖



မင်းကိုယ်ချည်၏ အမွှန်အစ

## ၂၇။ မင်းကိုယ်ချည်၏ အမွှန်အစ

မြန်မာပြည်သူတို့ ရှင်ပြုမင်္ဂလာတွင် သူမပါယင် ပွဲမပြီးသလောက် သူ့ကို အစွဲကြီးကြသည်၊ သူ ဆိုသည်ကား အခြားမဟုတ်၊ ရှင်ပြုမင်္ဂလာ ဝေလေ့ရှိရာများတွင် အစိတ်အပိုင်းတစ်ခုဖြစ်သည့် မင်းကိုယ်ချည်ပင် ဖြစ်သည်။

မင်းကိုယ်ချည်ဆိုယင် မြန်မာပြည်သူတိုင်း သိနားလည်ဖြစ်နေတတ်သည်၊ မင်းကိုယ်ချည်ကား ဗုဒ္ဓဘာသာ မြန်မာပြည်သူတို့၏ မျက်နှာစိမ်း ညှော်သည် မဟုတ်ချေ၊ သို့ရာတွင် မင်းကိုယ်ချည်၏ ဇာတိချက်ကြွေ မွေးရပ်မြေကိုကား ဗုဒ္ဓဘာသာ မြန်မာပြည်သူတိုင်း မသိရှိကြ။

မင်းကိုယ်ချည်၏ ဇာတိချက်ကြွေ မွေးရပ်မြေကို သေချာဂန မသိကြပဲလျက် သိသယောင်ယောင်နှင့် ယောင်တောင်တောင် အသိလုပ်ခြင်းကလည်း သဘာဝကျသော လုပ်ရပ်မဟုတ်ချေ။

မင်းကိုယ်ချည်၏ အမွှန်စကား အဘယ်နည်း။

ပါဋ္ဌလိပုတ်ပြည်တွင် ရဟန်းတစ်ပါးသည် မြစ်တစ်ခု၌ ရေကသိုဏ်း စီးဖြန်းနေသည်၊ ဂဠုန်လိုက် နဂါးသည် သေအံ့သောဘေးမှ ကြောက်သောကြောင့် အသက်ချမ်းသာရာရရန်

ကမ္ဗဋ္ဌာန်း စီးဖြန်းလျက် ရှိသည့် ရဟန်း၏ သင်္ကန်းတွင်းသို့ ပြေးဝင် ပုန်းခိုလိုက်ရသည်။

ရဟန်းလည်း မိမိတွင် အသင့်ရှိသော ပရိတ်ချည်ကို နဂါးကိုယ်နှင့် အမျှပြုလုပ်၍ ပရိတ်မေတ္တာ ဘာဝနာပွားကာ နဂါးလည်သို့ စွပ်ပေးလိုက်သည်၊ ပရိတ်မေတ္တာ ဘာဝနာဖြင့် ထုံသောချည်ကြောင့် ဂဠုန်မင်း အမျက်ပြေကာ နဂါးမင်းလည်း အသက်ချမ်းသာရာ ရသွားလေသည်။

ဤကား စာဆို၏ လက်တန်းဉာဏ်အရ မင်းကိုယ်ချည်၏ အမွန်အစကို ပြည့်ဆွန်းခြင်း ဖြစ်သည်၊ မင်းကိုယ်ချည်၏ အမွန်အစကို လေ့လာဆန်းစစ်ရာတွင် ယုတ္တိဗေဒ နှစ်ရပ်ဖြင့် လေ့လာဆန်းစစ်သင့်သည်၊ ယင်းတို့ကား မဟာဝင် ယုတ္တိဗေဒနှင့် ဥရဂဇာတ်တော် ယုတ္တိဗေဒများ ဖြစ်သည်။

ပါဋ္ဌလိပုတ်ပြည် အသောကမင်းတရားကြီး၏ ကျောင်းအနုမောဒနာပွဲတော်တွင် ကျရောက်လတ့်သော အန္တရာယ်များကာကွယ် တားဆီးနိုင်မည့် ပုဂ္ဂိုလ်ရှာရန် သံဃာတော်များစည်းဝေးလျက်ရှိစဉ် နဂါးမင်းသည် သံဃာတော်များအား အဖူးအမြော် ရောက်လာသည်။

သံဃာတော်များအား နဂါးမင်း ရှိခိုးနေစဉ် ဂဠုန်မင်းသည် ကောင်းကင်ဖြင့် လာရင်းက နဂါးကို မြင်၍ နဂါးကို ဖမ်းအုံ့သောဌာ မြေသို့ သက်ဆင်းလိုက်သည်၊ ဂဠုန်၏ လေအဟုန်ကို သိသော နဂါးသည် သေဘေးမှ ကြောက်၍ သံဃာတော်များ အကြားသို့ ဝင်ကာ **“အကျွန်ုပ် အသက်ကို ကယ်ပါ”**ဟု လျှောက်ထား



လေသည်။

ဂဠုန်မင်း နဂါးအနီးသို့ရောက်လျှင် သံဃာတော်များက တန်ခိုးထက်မြက်သော သာမဏေတစ်ပါးကို ကယ်တင်ရန် တိုက်တွန်းတော်မူကြသည်၊ သာမဏေကလည်း စတုတ္ထစျာန်ကို လျင်မြန်စွာ ဝင်စား၍ ကျောက်ဖျာကြီးအသွင် ကာထားလိုက်နိုင်သည်။ ဂဠုန်မင်းလည်း ပြေးရှောင်ရလေသည်။[၁]

ဤကား ကဗျာစာဆို ကိုးကားရေးသားသည်ဟု ယုံကြည်ရသော မဟာဝင်လာ ယုတ္တိဗေဒတစ်ရပ် ဖြစ်သည်။ မဟာဝင်လာ ယုတ္တိဗေဒတွင် စာဆို၏ အာဘော်နှင့် တူညီသော အချက်များ **“ပါဋ္ဌလိပုတ်ပြည်, ရဟန်း, နဂါး, ဂဠုန်”**ဟူသော အချက်များ ဖြစ်လေသည်။

မဟာဝင်လာ ယုတ္တိဗေဒနှင့် တူသော ယုတ္တိဗေဒတစ်ရပ်ကို ဗုဒ္ဓသည် ဥရဂဇာတ်တော်တွင် ဟောညွှန်တော်မူခဲ့သည်။ မဟာဝင်လာ ယုတ္တိဗေဒနှင့် တူညီသောဟု ဆိုရငြားသော်လည်း စင်စစ် ဗုဒ္ဓသည် ဗုဒ္ဓအဖြစ်သို့ မရောက်မီ ပါရမီဖြည့်စဉ်က ဖြစ်ပျက်ခဲ့သော ဥရဂဇာတ်ကြောင်းကို ဗုဒ္ဓအဖြစ်သို့ ရောက်သည်မှ နောက်ပိုင်းကာလတွင် ဟောညွှန်တော်မူခဲ့ခြင်းသာ ဖြစ်သည်။

ဗာရာဏသီပြည်တွင် နက္ခတ်ပွဲသဘင်တစ်ခု ကျင်းပလျက်ရှိသည်။ ယင်းပွဲသဘင်တွင် ဂဠုန်မင်းနှင့် နဂါးမင်းတို့လည်း လူယောင်ဆောင်၍ ပွဲကြည့်နေကြသည်။ ယင်းသို့ ပွဲကြည့်ကြစဉ် နဂါးမင်းသည် ဂဠုန်မှန်းမသိသော လူ၏ ပခုံးပေါ်သို့

---

၁။ မဟာဝင် ၉၈။

လက်တင် ပွဲကြည့်မိသည်။

ဂဠုန်မင်းလည်း **“ငါ့,ပခုံးပေါ် လက်တင်ပွဲကြည့်သူကား အသူနည်း”**ဟူသော စူးစမ်းလိုစိတ်ဖြင့် နောက်သို့ လှည့်ကြည့်လိုက်ရာ နဂါးမှန်း သိသွားလေတော့သည်၊ နဂါးမင်းလည်း မျက်နှာချင်းဆိုင်မိမှ ဂဠုန်မှန်းသိရ၍ ရေဆိပ်တစ်ခုသို့ တကြိုးတည်း လစ်ရလေသည်။

ဂဠုန်မင်းသည် ထွက်ပြေးသော နဂါးကို ထက်ကြပ်မကွာ နောက်မှ လိုက်ဖမ်းသည်။ နဂါးလည်း မြစ်အတွင်း ရေချိုးနေသော ရသေ့၏ သင်္ကန်းကို အသင့်တွေ့ရသဖြင့် ရဲရဲညီးသော ပတ္တမြား အသွင်ဖန်ဆင်းကာ သင်္ကန်းအကြားသို့ ပုန်းခိုလိုက်ရသည်။

ဂဠုန်လည်း သင်္ကန်းအကြားရှိ ပတ္တမြားကို နဂါးမှန်းသိလျက် သင်္ကန်းဟူသော ရိုသေမှု အမှတ်ကြောင့် မဖမ်းရက်, မစားရက်, ရေချိုးနေသော ရသေ့အား သင်္ကန်းကို လာရောက်ယူပါရန်သာ အတွင် ပန်ကြား လျှောက်ထား နေလေသည်။

ရသေ့သည် ရေချိုးနေရာက ဂဠုန် နဂါး နှစ်ဦးသားကို ရည်စူး၍ ပရိတ်မေတ္တာ ဘာဝနာများ ပွားများလိုက်လေသည်။ ယင်းခဏတွင် ဂဠုန်မင်း အမျက်ပြေကာ နဂါးမင်းနှင့် အချင်းချင်း မေတ္တာသက်ဝင် ချစ်ခင်သွားကြလေသည်။[1]

“အုံ့အဲစွမ်းကုန်၊ ပြင်းအဟုန်ဖြင့်၊ ဂဠုန်မင်းအား၊ နဂါးတစ်ခု၊
ဒီဃာယုဖြင့်၊ သေလုဘနန်း၊ ကြောက်လုလွန်း၍၊ ထိုသည့်
နေ့ဝယ်၊ ရသေ့ဝတ်စား၊ လျှော်တေကြား၌၊ ပတ္တမြား

၁။ ဇာတက၊ ပါ၊ ၁၊ ၃၅



အသွင်၊ ပုန်းသည် မြင်သော်၊ ဖမ်းချင်လှလျက်၊ ငှက်ဂဠုန်
မင်း၊ ကြည်ညွတ်ခြင်းဖြင့် ရှင်းရှင်းဘေးမဲ့၊ ပေးသကဲ့သို့”[1]
မြန်မာစာပေ ဖခင်ကြီး ရှင်မဟာသီလဝံသ၏ ဘုရင်
မင်းခေါင်ထံပေး မေတ္တာစာ ဖြစ်သည်။

သျှင်မဟာသီလဝံသသည် ဗုဒ္ဓ၏ ဥရဂဇာတ်သွားကို မှတ်သား နည်းရလောက်ရန် ဘုရင်မင်းခေါင်ထံသို့ ဆက်သွင်းခဲ့ခြင်း ဖြစ်သည်၊ မုံရွေးဆရာတော် ရှင်အာဒိစ္စရံသီကလည်း–

“ဂဠုန်လိုက် နဂါးလည်း ရေနားတွင် ပျော်မွေ့သည့်၊
ရှင်ရသေ့ကြောင့် အသက်ရှင်”[2] ဟူ၍ မဟာဝိဇယရံသီ
စေတီတော် ဒါယကာ မင်းတရားကြီးထံ မေတ္တာစာ ဆက်
သွင်း ဆုံးမခဲ့ဖူးလေသည်။

ဤကား ကဗျာစာဆို ကိုးကားရေးသားသည်ဟု ယုံကြည်ရသော ဗုဒ္ဓ၏ ဥရဂ ဇာတ်တော်လာ ယုတ္တိဗေဒ ဖြစ်သည်။ ဗုဒ္ဓ၏ ဥရဂဇာတ်တော်လာ ယုတ္တိဗေဒနှင့် စာဆို၏ အာဘော်ကား များစွာ ကွဲလွဲမှု မရှိချေ၊ သို့ဖြစ်ပေရာ မင်းကိုယ်ချည်၏ အမွန်အစသည် **“မဟာဝင်နှင့် ဥရဂ ဇာတ်တော်သာ ဖြစ်သည်”** ဟု ကောက်ချက်ချနိုင်ပေသည်။

❖ ❖ ❖

၁။ “အသင်္ခါရိက ဉာဏသမ္ပယောဂေါ”ချီ မေတ္တာစာ။
၂။ ရာဇောဝါဒ၊ ၁၃၂။



သာလွန်မင်းနှင့် မင်းကိုယ်ချည်

## ၂၈။ သာလွန်မင်းနှင့် မင်းကိုယ်ချည်

မင်းကိုယ်ချည်ကို အင်းဝခေတ်တွင် လှိုင်လှိုင်ကြီး သုံးစွဲခဲ့သည်ကို လေ့လာ တွေ့ရှိရသည်၊ သာလွန်မင်းတရားကြီးသည် သားတော် သမီးတော်များကို ရှင်ပြု၊ နားသ မင်္ဂလာ ပြုလုပ်ရာတွင် မင်းကိုယ်ချည်ကို သားတော် သမီးတော်များ၏ လည်တွင် စွပ်စေခဲ့သည်၊ မင်းကိုယ်ချည်ကို လည်တွင် စွပ်ခြင်းဖြင့် “ဥပဒ်ဘေးဒဏ် **ရန်မာရ်ခပ်သိမ်းများ ကင်းငြိမ်းသည်**”ဟု ဗုဒ္ဓဘာသာ မြန်မာပြည်သူတို့ အယူရှိကြသည်။ သာလွန်မင်းလက်ထက်တွင် မင်းကိုယ်ချည်ကို တွင်တွင်ကျယ်ကျယ် အသုံးချခဲ့ပုံများ စာပေများက ပြည့်ပြည့်စုံစုံ ရှိသည်။

“သက္ကရာဇ်- ၉၉၅,ခုနှစ် မင်းဖြစ်သော သာလွန်မင်း လက်ထပ် မင်္ဂလာပရိတ်ရွတ်ရာတွင် ပါသော မင်းကိုယ်ချည်ကို မင်းသား မင်းသမီးတို့လည်မှာ စွပ်ပါလော့”[၁]

၁။ ရှင်ဝိနန္ဒာသဘရေး “သီလဝိသောဓနီ”၊ ၁၁၆

သာလွန်မင်းလက်ထပ် မင်းကိုယ်ချည် လည်မှာ အစွပ် နိုင်းခဲ့ပုံကို ရှင်ဝိနန္ဒာသဘက ခြေရာကောက်ထားခြင်း ဖြစ်သည်၊ ယခု မျက်မှောက်ခေတ် မြန်မာပြည်သူတို့၏ ရှင်ပြုမင်္ဂလာပွဲတွင်လည်း မင်းကိုယ်ချည်ကို သာလွန်းမင်းကဲ့သို့ပင် မောင်ရှင်လောင်း၏ လည်မှာ စွပ်လေ့ရှိဆဲ ဖြစ်သည်ကို လေ့လာတွေ့ရှိရသည်။

မြန်မာနိုင်ငံ အချို့သော ဒေသများတွင် မင်းကိုယ်ချည်ကို လည်မှာ မစွပ်သော်လည်း သံဃာ့ထေရ်ကြီးနှင့် ထေရ်ငယ်တို့ တစ်ဖက်တစ်စစီ ကိုင်၍ မောင်ရှင်လောင်းအား မင်းကိုယ်ချည် အတွင်း ထားသည်ကို လေ့လာတွေ့ရှိရသည်။

မင်းကိုယ်ချည်ကား နာမည်များလှသည်၊ **"မင်းကိုယ်ချည်, မင်းခိုချည်, မှန်ကူချည်, အောင်ချည်"**ဟူသော အမည်များသည် မင်းကိုယ်ချည်၏ ဆင့်ပွား ပရိယာယ်အမည်များ ဖြစ်လေသည်၊

မင်းကိုယ်ချည်ဟု ခေါ်ရခြင်းသည် **"မင်းကိုယ် လက်တမြှောက်"**ဟူသော သူ၏ အန္တတ္တအတိုင်း နဂါးမင်း ကိုယ် အရှည်တမျှ ပြုလုပ်ရခြင်းကို စွဲမှီ ခေါ်ဆိုထားခြင်း ဖြစ်သည်၊ လူမင်း ဆိုသော်ကား လူ၏ လက်တမြှောက် (ဝါ) လက်ခုပ် တဖောင် ပြုလုပ်ရသောဟူ၏။

မင်းခိုချည်ဟု ခေါ်ဆိုရာတွင် နဂါးမင်း လာရောက်ခိုဝင်ရာမှ ဖြစ်ပေါ်လာခြင်းကို စွဲမှီ ခေါ်ဆိုထားခြင်း ဖြစ်သည်၊ မှန်ကူချည်ဟု ခေါ်ရာတွင် **"မှန်ကူချည်"**ဟူသော စကားရပ်၌ "မှန်ကူ" ဟူသော စကားလုံးသည် **"အထွတ်အမြတ်"**ဟူသော အဓိပ္ပာယ်ကို ဖော်ဆောင်သည်၊ သို့ဖြစ်၍ **"မှန်ကူချည်"**ဟူသည် **"အမြတ်ဆုံးချည်"**ဟု ဆိုလိုသည်။



"နံ့သာဖြူနှစ်၊ ဥသျှစ်မြစ်လွှာ၊ ဂေါရာနည်းယူ၊ အောက်မဲ ဖြူမြစ်၊ ဆေးစစ်မြတ်ကျော်၊ ဤလေးဖော်ကို၊ ရှင်တော် ပရိတ်၊ ရေနှင့်ကြိတ်လျက်၊ ပိတ်ချင်းသီးတု၊ အတောင့်ပြု၍၊ ရိပ်တွင်သွေ့မှ၊ မှန်ကူရမည်၊ ဇေတကျက်သရေ၊ ရွှန်းရွှန်း ဝေ၍၊ မြူတေဖြိုးမြင့်၊ လန်းလန်းပွင့်လျက်"[၁]

မြန်မာ့ဆေး လောက၏ မှန်ကူဆေး ဖော်နည်း ဖြစ်သည်၊ မှန်ကူဆေးဟူသည် **"ဆေးကောင်း ဆေးမြတ်"**ဟု ဆိုလိုသည်၊ ယင်းသို့ ဆိုနိုင်ရန်ကလည်း **"ဇေတကျက်သရေ၊ ရွှန်းရွှန်း ဝေ၍၊ မြူတေဖြိုးမြင့်၊ လန်းလန်းပွင့်လျက်"**ဟူသော စာပိုဒ်က ထောက်ခံ လျက်ရှိသည်၊ ထို့ကြောင့် ဤ၌ **"မှန်ကူချည်"** ဟူသည်မှာလည်း **"ချည်ကောင်းချည်မြတ်"**ဟု ဖော်ဆောင် လိုခြင်း ဖြစ်သည်။

**"အောင်ချည်"**ဟု ခေါ်ဝေါ်ရာ၌လည်း မလှူဒါန်း့မပေးကမ်း ရက်သော ဝန်တိုမှု, မစ္ဆေရ စသော ရန်အပေါင်းကို အောင်မြင် ၍ အလှူအတန်း ပြုလုပ်ရာမှ ဖြစ်ပေါ်လာခြင်းကို စွဲမှီ ခေါ်ဆို ထားခြင်း ဖြစ်သည်။

ဒါနပြုရခြင်းနှင့် စစ်တိုက်ရခြင်းသည် တူညီသော အသွင်ကို ဖော်ဆောင်သည်။ စစ်တိုက်ရခြင်းသည် ဆန့်ကျင်ဘက်ရန်သူ ဟူသမျှကို တိုက်ခိုက် တွန်းလှန်ရခြင်း ဖြစ်သည်၊ ဒါနပြုခြင်း

---

၁။ (က) မြန်မာမင်း အုပ်ချုပ်ပုံ၊ စ-တွဲ၊ ၉၈။

၂။ (ခ) ရွှေဘုံနိဒါန်း၊ ၆၂။

သည့် ပေးကမ်းမှုကို ဆိုလိုသည်၊ အချုပ်တရားမှာ "သဒ္ဓါ" ဖြစ်သည်။

ပေးကမ်းလိုမှု သဒ္ဓါဖြစ်ပေါ်လာယင် မပေးကမ်းလိုမှု ဆန့်ကျင်ဘက် မစ္ဆေရက ထက်ကြပ်မကွာ ဝင်ရောက်နှောက်ယှက်လေ့ ရှိသည်၊ ယင်းအခါမျိုးတွင် သဒ္ဓါနှင့် မစ္ဆေရတို့ စေတနာရှင်၏ နှလုံးသား စစ်မြေတွင် သူနိုင်, ငါနိုင် အပြိုင် ကြိုးကြရတော့သည်။

သဒ္ဓါအနိုင်ရ၍ အောင်ပွဲခံသော အခါ ပေးကမ်းမှု, အလှူပွဲကြီးလည်း ခြိမ့်ခြိမ့်သဲ့လျက် ပေါ်ထွက်စမြဲ ဖြစ်သည်၊ ပေးကမ်းမှု အလှူပွဲကြီးသည် မစ္ဆေရအပေါ် အောင်ပွဲခံနိုင်ခြင်းကို ကြွေးကြော်ခြင်းလည်း မည်ပေသည်။ မင်းကိုယ်ချည်ကိုလည်း မစ္ဆေရအပေါ် အောင်နိုင်မှုရရာမှ ပေါ်ထွန်းလာခြင်းကြောင့် "**အောင်ချည်**"ဟု ခေါ်ဆိုထားခြင်း ဖြစ်သည်။

မင်းကိုယ်ချည် ပြုလုပ်ရမည်ကိုလည်း စာဆိုက "ထွက်မြောက် ဘုံသုံးတစ်၊ နှုန်းဖြစ်ချည်မျှင်၊ စီရင်လုစ်ဖြာ"ဟု နည်းပေး လမ်းညွှန် ထားသည်၊ "**သုံးဆယ့်တစ်ဘုံ တည်းဟူသော နှောင်အိမ် သံချိုင့်အတွင်းမှ ထွက်မြောက်ရခြင်း၏ ပုဗ္ဗနိမိတ်ကို အကြောင်း ပြု၍ ချည်မျှင်ပေါင်း သုံးဆယ့်တစ်မျှင် ပြုလုပ်ရမည်**"[၁]ဟု နည်းပေးလမ်းညွှန် ထားသည်။

❖ ❖ ❖

၁။ ဝဇီရဓမ္မဒေသနာ၊ ၃၅

## ၂၉။ သစ္စာလေးလီ ပရိတ်ချည်

စာဆိုက "**သစ္စာလေးလီ ပရိတ်ချည် ပရိတ်ပန်း**" ဟူသော စာပိုဒ်ဖြင့် ပရိတ်ချည် ပရိတ်ပန်း ပြုလုပ်ရမည်ကို နည်းပေးလမ်းညွှန်ထားသည်။

(၁) တေဘူမက ဝဋ္ဋဒုက္ခဖြစ်သော ဒုက္ခသစ္စာ

(၂) ဒုက္ခဖြစ်ကြောင်း တဏှာလောဘ သမုဒယသစ္စ

(၃) ဒုက္ခချုပ်ရာ နိဗ္ဗာန် နိရောဓသစ္စာ

(၄) ဒုက္ခချုပ်ရာသို့ ရောက်ကြောင်းအကျင့် မဂ္ဂသစ္စာ

ယင်းသစ္စာလေးပါးကို သိရခြင်း၏ ပုဗ္ဗနိမိတ်ကို အစွဲပြုကာ ပရိတ်ချည်နှင့် ပရိတ်ပန်းကို လေးခုစီ ပြုလုပ်ရမည်ဟု ဆိုလိုပေသည်၊ ဗုဒ္ဓ၏ မေတ္တာဒေသနာတော်ဖြင့် ထုံမွှမ်းအပ်သော ပရိတ်ချည်သည် တန်ခိုးစွမ်းအင် ထက်မြက်လှသည်။

ရာဇမဏိစူဠာ ဘုရားဒါယကာလက်ထက် သက္ကရာဇ်-၁၀၀၀,ပြည့်နှစ်က ဖြစ်သည်၊ ယင်းခုနှစ်တွင် တောင်ဖီလာ ဆရာတော် မန်းစက်တော်ရာသို့ ဘုရားဖူးကြွခဲ့သည်၊ တောင်ဖီလာ ဆရာတော်သည် အထက်စက်တော်ရာနှင့် အောက်စက်တော်ရာ များကို စက်တော်ဦး စက်တော်ဖနောင့်များ မှတ်သား၍ ပရိတ် ဖြင့် ထုံမွမ်းထားသော တစ်ရာ့ရှစ်မျှင်ရှိ ချည်နှင့် တိုင်းတာ ယူခဲ့သည်။

စက်တော်ရာမှ အပြန် ရွှေနန်းတော်သို့ ရောက်သည့်ကာလ ဘုရင်မင်းမြတ်၏ အဖူးအမြော်ကို ပရိတ်တော်ဆောင်တွင် အဖူးအမြော် ခံတော်မူသည်၊ စက်တော်ရာမှ မှတ်သားတိုင်းတာ ယူခဲ့သော တစ်ရာ့ရှစ်မျှင်ရှိ စက်တော်တိုင်းချည်ကို စက်တော်ဦး စက်တော်ဖနောင့်များ မှတ်သားဖြန့်ခင်းပြီးလျှင် ပရိတ်ရွတ်တော် မူသည်။

ပရိတ်ရွတ်အပြီး ဆရာတော်နှင့် မင်းကေရာဇ်နှစ်ပါးက **"ထင်ရှားစွာ နိမိတ်ပြဋ္ဌိဟာ ပြတော်မူစေသော"**ဟု သစ္စာ ဓိဋ္ဌာန် ပြုတော်မူရာ ညိုသောရောင်ခြည်တော် လွှတ်တော် မူသည်[၁]ဟု ရွှေစက်တော်သွား မှတ်တမ်းတွင် ပြဆိုန်းထားသည်။

❖ ❖ ❖

၁။ ရွှေဘုံနိဒါန်း၊ ၂၉၊ ရွှေစက်တော်သွား မှတ်တမ်း။

## ၃၀။ လေးခန်းမဂ်မျိုး ကံဆောင်အိုး

ကံဆောင်အိုးပြုလုပ်ရာတွင် စာဆိုက **"လေးခန်းမဂ်မျိုး ကံဆောင် အိုးတည့်"**ဟူသော စာပိုဒ်ဖြင့် လမ်းညွှန်သည်၊ ဗုဒ္ဓတရားတော်တွင် မဂ်လေးပါး ရှိသည်။

(၁) "သောတာပတ္တိမဂ်

(၂) သကဒါဂါမိမဂ်

(၃) အနာဂါမိမဂ်

(၄) အရဟတ္တမဂ်" မဂ်လေးပါးတရားဖြစ်သည်။

ယင်းလေးပါးကို ရခြင်း၏ ပုဗ္ဗနိမိတ်ကို အစွဲပြုကာ ကံဆောင်အိုးကို လေးလုံးပြုလုပ်ရမည်ဟု စာဆိုက လမ်းညွှန် လိုရင်း ဖြစ်သည်၊ အဘယ့်ကြောင့် မဂ်လေးပါးကို အစွဲပြု၍ ကံဆောင်အိုးကို လေးလုံး ပြုလုပ်ရသနည်း။

မဂ္ဂင်နှင့် ရေ- ရေနှင့် မဂ္ဂင်တို့ကို နေရာတိုင်းမှာ ဆရာတိုင်းက ရူပကပြု နှိုင်းခိုင်း တင်စားခဲ့ကြသည်၊ ရေသည် ချေးညှော် စသော မကောင်းမှု အညစ်အကြေးများကို စင်ကြယ်

သန့်ရှင်းစေတတ်၍ မဂ္ဂင်သည် အယူမှားမှု စသော မကောင်းမှု အကုသိုလ် တရားအစုကို စင်ကြယ်သန့်ရှင်းစေတတ်လေသည်။

(၁) "သမ္မာဒိဋ္ဌိ = အမြင်မှန်မှု
(၂) သမ္မာသင်္ကပ္ပ = အကြံမှန်မှု
(၃) သမ္မာဝါစာ = အပြောအဆို မှန်ကန်မှု
(၄) သမ္မာကမ္မန္တ = အလုပ်မှန်မှု
(၅) သမ္မာအာဇီဝ = အသက်မွေးမှန်မှု
(၆) သမ္မာဝါယာမ = အားထုတ်ခြင်း မှန်ကန်မှု
(၇) သမ္မာသတိ = အောက်မေ့ခြင်း မှန်ကန်မှု
(၈) သမ္မာသမာဓိ = တည်ကြည်ခြင်း မှန်ကန်မှု"

မဂ်လေးပါး အခြံအရံ မဂ္ဂင်တရားကိုယ် ရှစ်ပါးဖြစ်သည်။

မဂ္ဂင်တရားကိုယ် ရှစ်ပါးသည် မဂ်လေးပါးတွင် ရှိသည်၊ အမြင် မှန်မှု စသည် မဂ္ဂင်တရားကိုယ် ရှစ်ပါး ခြုံရုံအပ်သော မဂ်လေးပါးသည် အကုသိုလ် အညစ်အကြေးများကို အကြွင်းမဲ့ အစင် ဆေးပေးလေသည်၊ သောတာပတ္တိမဂ်ဖြင့် အမြင်မှားမှု, ဒိဋ္ဌိနှင့် မဝေခွဲနိုင်မှု ဝိစိကိစ္ဆာတရားစုကို အကြွင်းမဲ့ အစင် ဆေးပေးလေသည်၊ သကဒါဂါမိမဂ်ဖြင့် ကာမဂုဏ် သောင်းကျန်းမှု, ကာမရာဂနှင့် ကြမ်းတမ်းသောအားဖြင့် ပြစ်မှားမှု, ဒေါသကို အားနည်းချည့်နဲ့ စေလေသည်၊ အနာဂါမိမဂ်ဖြင့် ကာမဂုဏ် သောင်းကျန်းမှု, ကာမရာဂနှင့် ပျက်စီးစေလိုမှု ဗျာပါဒ တို့ကို အကြွင်းမဲ့ အစင် ဆေးကြောပေးနိုင်လေသည်၊ အရဟတ္တ မဂ်ဖြင့် ရုပ်နာမ် နှစ်ပါး၌ သောင်းကျန်းမှုဟူသမျှကို အကြွင်းမဲ့



အစင် ဆေးပေးလေသည်။

ထို့ကြောင့် အကုသိုလ် အညစ်အကြေးများ အစင် ဆေးကြော နိုင်ရန် မဂ်လေးပါးကို အစွဲ ပြု၍ "**ကံဆောင်အိုးလေးလုံး ပြုလုပ်ရမည်**"ဟု လမ်းညွှန်လိုရင်း ဖြစ်သည်၊ ယင်းသို့ ပြုလုပ် ခြင်းဖြင့် အကုသိုလ် အညစ်အကြေးများ သန့်ရှင်းစင်ကြယ်မှု နိမိတ် ဩဘာများကို ဖြစ်ထွန်းစေနိုင်လေသည်။

"**ကံဆောင်အိုး**"ဟူသည် မောင်ရှင်လောင်းအတွက် သီး သန့်ပြု လုပ်ထားသော ပရိတ်အိုးကို ခေါ်ဆိုခြင်း ဖြစ်သည်၊ ပေါ့ပေါ့ပါးပါး သယ်နိုင်ရွက်နိုင်သော ရေအိုး အငယ်စားများပင် ဖြစ်သည်၊ အထက်မြန်မာနိုင်ငံ အညာဒေသတွင် မဂ်လေးပါးကို အစွဲပြု၍ ကံဆောင်အိုး လေးလုံး မပြုလုပ်ပဲ မောင်ရှင်လောင်း တစ်ပါးလျှင် နှစ်လုံးကျစီဖြင့် ပြုလုပ်တတ်ကြချေသည်။

အထက်မြန်မာနိုင်ငံ အညာဒေသတွင် ယင်းကံဆောင်အိုး များကို သယ်ချင် ရွက်ချင်သည့် သမီးပျိုများက သယ်နိုင် ရွက်နိုင်သော်လည်း ရခိုင်ပြည်နယ်၌မူ ယင်းသို့ မရွက်နိုင်ချေ၊ ရခိုင်ပြည်နယ်တွင် မောင်ရှင်လောင်း၏ ကံဆောင်အိုးများကို မောင်ရှင်လောင်းနှင့် နေ့ချင်းထပ်သော ကညာပျိုများကသာ သယ်ရ ရွက်ရလေ့ ရှိသည်၊ မောင်ရှင်လောင်းက တနင်္ဂနွေသား ဖြစ်ရင် ယင်းမောင်ရှင်လောင်း၏ ကံဆောင်အိုးများကိုလည်း တနင်္ဂနွေနေ့ဖွား ပျိုကညာများကသာ သယ်ရ ရွက်ရလေ့ ရှိသည်။

ယင်း ကံဆောင်အိုးများနှင့် အတူ ဖျာတစ်ချပ်လည်း ပါရှိရသေးသည်၊ ယင်းဖျာကိုလည်း ကံဆောင်ဖျာဟူ၍ပင် ခေါ်

သည်၊ ကံဆောင်ဖျာကိုကား မောင်ရှင်လောင်း တစ်ပါးလျှင် တစ်ချပ်စီသာ ပြုလုပ်လေ့ ရှိသည်၊ ယင်း ကံဆောင်ဖျာသည် မောင်ရှင်လောင်း ရှင်ဖြစ်သွားသော အခါ အိပ်ရာ နေရာအဖြစ် အသုံး ပြုရန် ဖြစ်လေသည်။

❖ ❖ ❖

တစ်ရှိထဲ, ရှိ

*****

"ဖား,ရှိလျှင် ရေရှိ၏,
မြွေမှန်လျှင် ခြေရှိ၏,
လူရှိလျှင် မီးရှိ၏,
*"ပွတ်ခုံ ပွတ်ကျည်နှင့် ပွတ်ဆုံ ပွတ်ကျည်"[ဆောင်းပါး]
Y.M.B.A အသျှင်ဝိသုတာဘိဝံသ
သူ့ဘဝ, သူ့စာ၊ စာ-၁၀၆။

## ၃၁။ ရေချမ်းအိုးဆယ့်တစ် မီးငြိမ်းလစ်

မြန်မာပြည်သူတို့ ရှင်ပြုမင်္ဂလာဘွင် ရေချမ်းအိုးများလည်း ပါဝင်သည်၊ ယင်း ရေချမ်းအိုးများကို ရှင်ပြုမင်္ဂလာ မဏ္ဍပ်တော်၏ ရှေ့မျက်နှာစာတွင် ထားတတ်ကြသည်၊ စားခန်း သောက်ခန်းများ တွင် အမျိုးသား ထမင်းကျွေးရုံနှင့် အမျိုးသမီး ထမင်းကျွေးရုံ များ၏ အဝင်ဝများတွင်လည်း ရေချမ်းအိုးများကို တွေ့ရှိရတတ် လေသည်။

ရှင်ပြုမင်္ဂလာ မဏ္ဍပ်တော်တွင် ရေချမ်းအိုးများ တည်ထား ရခြင်းနှင့်ပတ်သက်၍ စာဆိုက **"ရေချမ်းအိုး ဆယ့်တစ်၊ မီး မငြိမ်းလစ်ရှင့်"**ဟူသော စာပိုဒ်ဖြင့် နည်းပေးလမ်းညွှန် ထား သည်၊ ဆိုလိုသည်မှာ **"မီးတစ်ဆယ့်တစ်ပါး ငြိမ်းရန် ရေချမ်း အိုး တစ်ဆယ့်တစ်လုံး တည်ထားရမည်"**ဟု ဆိုလိုခြင်းဖြစ်သည်၊

(၁) "ရာဂမီး = ခန္ဓာ ရရှိမှု
(၂) ဇရာမီး = ခန္ဓာ အိုမင်း ရင့်ရော်မှု
(၃) မရဏမီး = ခန္ဓာ ပျက်စီးဆုံးရှုံးမှု

(၄) သောကမီး = စိုးရိမ်ပူဆွေးမှု
(၅) ပရိဒေဝမီး = ရှိုက်ကြီးတငင် ငိုပွဲဆင်မှု
(၆) ဒုက္ခမီး = ကိုယ်ဆင်းရဲမှု
(၇) ဒေါမနဿမီး= စိတ်ဆင်းရဲမှု
(၈) ဥပါယာသမီး = ပြင်းစွာ ပူပန်မှု
(၉) လောဘမီး = လိုချင်မက်မောမှု
(၁၀) ဒေါသမီး = အမျက်ထွက်မှု- စိတ်ဆိုးမှု
(၁၁) မောဟမီး = တွေဝေမိန်းမောမှု"

ဗုဒ္ဓ၏ တစ်ဆယ့်တစ်ပါးသောမီး ဖြစ်သည်။

**"မီးနှင့်ရေ, ရေနှင့်မီး"**တို့ကား ကမ္ဘာရန်ဘက်ကြီးများ ဖြစ်ကြ၍ များရာက နိုင်တက်ကြစမြဲ ဖြစ်လေသည်၊ ယင်း သဘာဝတရားနှစ်ပါးတွင် ရေသည် အေးချမ်းစေတတ်သော သဘောရှိ၍ မီးသည် ပူပန်စေတတ်သော သဘောရှိလေသည်၊ သို့ဖြစ်ရကား အေးချမ်းစေတတ်သည့် သဘောရှိသော သဘာဝ ဓမ္မ အားလုံးကို ရေနှင့် တင်စား နှိုင်းခိုင်း၍ ပူပန်စေတတ်သည့် သဘောရှိသော သဘာဝဓမ္မ အားလုံးကို မီးနှင့် တင်စား နှိုင်းခိုင်းလျက် ရှိကြလေသည်။

သတ္တဝါများ သန္တာန်တွင် ပူပန်စေတတ်သည့် သဘာဝဓမ္မ များသည် အစဉ်အမြဲ ကိန်းလျက်ရှိသည်၊ ယင်းတရားများကို လည်း ဗုဒ္ဓက **"မီး"**ဟူ၍ပင် တင်စား ဟောညွှန်တော် မူခဲ့လေ သည်၊ ယင်းမီးများကား ဇာတိစသော မီးတစ်ဆယ့် တစ်ပါးပင် ဖြစ်လေသည်။



ယင်းမီးတစ်ဆယ့်တစ်ပါးသည် သတ္တဝါများ သန္တာန်တွင် အစဉ်အမြဲ လောင်ကျွန်းလျက် ရှိသည်၊ ခန္ဓာကောင် တည် ထောင်ပေးမှုဖြင့် လောင်ကျွမ်းလျက် ရှိသည်၊ ခန္ဓာကောင်း ဆွေးမြေ့မှုဖြင့် လောင်ကျွမ်းလျက် ရှိသည်၊ ခန္ဓာပျက်ပြုံးမှုဖြင့် လောင်ကျွမ်းလျက် ရှိသည်။

သောက ပြည့်လျှမ်းမှုဖြင့် လောင်ကျွမ်းလျက် ရှိသည်၊ ရှိုက်ကြီး တငင် ငိုပွဲဆင်မှုဖြင့် လောင်ကျွမ်းလျက် ရှိသည်၊ ကိုယ်ဆင်းရဲမှု၊ စိတ်ဆင်းရဲမှုများဖြင့် လောင်ကျွမ်းလျက် ရှိသည်၊ ပြင်းစွာ ပူပန်မှုဖြင့် လောင်ကျွန်းလျက် ရှိသည်၊ လိုချင်မက်မောမှု ဖြင့် လောင်ကျွမ်းလျက် ရှိသည်၊ အမျက်ထွက်မှု စိတ်ဆိုးမှုများ ဖြင့် လောင်ကျွမ်းလျက် ရှိသည်၊ ဝေခွဲ မရမှုများဖြင့် လောင်ကျွမ်း လျက် ရှိသည်။

ထို့ကြောင့် ယင်းမီးတစ်ဆယ့်တစ်ပါး ချုပ်ငြိမ်းရန် အတွက် ရှင်ပြုမင်္ဂလာ မဏ္ဍပ်တော်၏ ရှေ့မျက်နှာစာတွင် ရှင်ပြုမင်္ဂလာ ဧည့်သည်များ သောက်သုံးရန်အတွက် **"ရေချမ်းအိုး တစ်ဆယ့် တစ်လုံး"**တည်ထားရခြင်း ဖြစ်သည်။

❖ ❖ ❖

## ၃၂။ ဖိုလ်ဖြစ်မှီးယူ ထီးဖြူလေးထား

မြန်မာပြည်သူတို့ ရှင်ပြုမင်္ဂလာတွင် ထီးဖြူတော်ကြီးများလည်း ပါဝင်လေသည်၊ ယင်း ထီးဖြူတော်ကြီးများသည် မောင်ရင်လောင်း၏ အသုံးအဆောင် အခြံအရံ ပစ္စည်းရပ်တစ်ခုသာ ဖြစ်လေသည်၊ ထီးဖြူတော်များကို မောင်ရင်လောင်းနေရာတော်၏ ဝဲယာတွင် စိုက်ဆောက်ထားလေ့ ရှိကြသည်။

ထီးဖြူတော်နှင့် ပတ်သက်၍ **"ဖိုလ်ဖြစ်မှီးယူ၊ ထီးဖြူလေးထား"**ဟူသော စာပိုဒ်ဖြင့် နည်းပေးလမ်းညွှန်ထားသည်၊ ဆိုလိုသည်မှာ ထီးဖြူတော် စိုက်ရောက်ရာတွင် ဖိုလ်လေးပါး ရှိခြင်းကို အစွဲပြု၍ **"ထီးဖြူတော် လေးလက် စိုက်ဆောက်ကြရမည်"**ဟု နည်းပေးလမ်းညွှန်လိုရင်း ဖြစ်သည်။

ဗုဒ္ဓစာပေများတွင် "အရဟတ္တ သေတစ္ဆတ္တ"ဟူသော စာပိုဒ်ကို တွေ့ရှိရလေသည်၊ **"အရဟတ္တဖိုလ် ထီးဖြူ"**ဟု ဆိုလိုသည်၊ အရဟတ္တဖိုလ်သည် ဖိုလ်လေးပါး၏ အချုပ် ဖြစ်လေ



သည်၊ ဖိုလ်လေးပါးတွင် အထွတ်အမြတ်ဆုံးလည်း ဖြစ်သည်၊ အရဟတ္တဖိုလ် ထီးဖြူကို ဆောင်းရသူသည် "အရဟန္တ" ဘွဲ့ထူးကို ရရှိသူ ဖြစ်လေသည်။

(၁) "သောတာပတ္တိဖိုလ်

(၂) သကဒါဂါမိဖိုလ်

(၃) အနာဂါမိဖိုလ်

(၄) အရဟတ္တဖိုလ်" ဖိုလ်လေးပါး ဖြစ်သည်။

ယင်းဖိုလ်လေးပါးတွင် သောတာ ပတ္တိဖိုလ်သည် သောတာပတ္တိမဂ်၏ ထီးဖြူတော် ဖြစ်သည်၊ သကဒါဂါမိဖိုလ်သည် သကဒါဂါမိမဂ်၏ ထီးဖြူတော် ဖြစ်သည်၊ အနာဂါမိဖိုလ်သည် အနာဂါမိမဂ်၏ ထီးဖြူတော် ဖြစ်သည်၊ အရဟတ္တဖိုလ်သည် အရဟတ္တမဂ်၏ ထီးဖြူတော် ဖြစ်သည်။

ယင်းထီးဖြူတော်များကို ဆောင်းမိုးနိုင်ရန် ရှင်ပြုမင်္ဂလာတွင် ထီးဖြူတော်လေးစင်း ပြုလုပ်ရမည်ဟု နည်းပေးလမ်းညွှန်ထားခြင်းဖြစ်သည်၊ ထီးဖြူတော်များ စိုက်ဆောက်ကြရာတွင် ရှင်ဘုရင်များ၏ မင်းခမ်းမင်းနားတော်များကဲ့သို့ မောင်ရင်လောင်း၏ ဝဲယာတွင် စိုက်ဆောက်ကြရသည်။

(၁) "သမ္မာဒေဝနတ်သမီး စောင့်သော ကနက္ကဒဏ်ထီး

(၂) သမုက္ခ နတ်သမီးစောင့်သော သမုက္ခထီး

(၃) ဝိသုကမ္မ နတ်သမီးစောင့်သော ဝိသုကမ္မထီး

(၄) သူရိယ နတ်သမီး စောင့်သော သူရိယထီး" မောင်းထောင်ဆရာတော်၏ အဆို ဖြစ်သည်။

မောင်းထောင်ဆရာတော်က ယင်းထီးဖြူတော်လေးစင်းကို လက်ဝဲတော်က စိုက်ဆောက်ရမည်ဟု ဆိုမိန့်ထားလေသည်။

(၁) "ပဒုမ နတ်သမီးစောင့်သော ပဒုမထီး

(၂) စန္ဒ နတ်သမီးစောင့်သော စန္ဒထီး

(၃) သမုဒ္ဒဇ နတ်သမီးစောင့်သော သမုဒ္ဒဇထီး

(၄) ကြင့်နှန်းထီး" မောင်းထောင်ဆရာတော်၏ အဆို ဖြစ်သည်။

ယင်း **"ထီးဖြူတော်လေးစင်းကို လက်ယာတော်က စိုက်ဆောက်ရမည်"**ဟု ဆိုမိန့်ထားသည်။[၁]

"ပလ္လင့်ယာဘက်၊ ကနက္ကဒ၊ သူရိယနှင့်၊ ပဒုမ, သမုတိ၊ လေးစင်းရှိလျက်၊ မဏိရွှေမြ၊ မျက်စုံပသား၊ စန္ဒ, ကမ္ဗု၊ ဝိသုကမ္မ၊ ကုမုဒဟု၊ ဆတ္တ လေးဖြာ၊ သာဘိသေက၊ နန်း မဆောင်မြဲ၊ လက်ဝဲတော်က၊ ကျင်းပညီးညီး"[၂] မုံရွေး ဆရာ တော်၏ အဆိုအမိန့်ဖြစ်သည်။

မုံရွေးဆရာတော်က ပလ္လင်လက်ယာဘက်တွင် ကနက္ကဒဏ ထီး, သူရိယထီး, ပဒုမထီး, သမုတိထီးဟု ထီးဖြူလေးစင်း စိုက်ဆောက်ရမည်နှင့် ပလင်လက်ဝဲဘက်တွင် စန္ဒထီး, ကမ္ဗုထီး, ဝိသုကမ္မထီး, ကုမုဒထီးဟု ထီးဖြူလေးစင်း စိုက်ဆောက် ရမည်ကို ဆိုမိန့်ထားသည်။

၁။ အမေးတော် အဖြေကျမ်း၊ ၃၁-၃၂

၂။ ကုသပျို့၊ ပိုဒ်- ၁၂၊ ရွှေဘုံနိဒါန်း၊ ၁၉-၂၀



ထီးဖြူတော်များ၏ အရိုးပမာဏကိုလည်း ဆယ်တောင်, ခြောက်တောင်, ငါးတောင်, လေးတောင် ပြုလုပ်ရမည်နှင့် ထီးဖြူတော်များတွင် ရွှေညောင်ရွက် တစ်ရာ့ရှစ်ရွက် တန်ဆာ ဆင်ရသည်ကိုပါ ဆိုမိန့်ထားသည်။

လောကဗျူဟာ အင်ရုံစာတမ်းကို ပြုစုသော အင်ရုံဝန်ကြီး ကမူ ပလ္လင်၏ လက်ဝဲ လက်ယာ နှစ်ဖက်လုံးမှာပင် ကနက္က ဒဏ်ထီး, တမွတ်ထီး တစ်စင်းစီနှင့် ယာဉ်ထီးဖြူနှစ်စင်း စိုက် ဆောက်ရမည်ကို ဆိုမိန့်ထားသည်၊ အင်ရုံဝန်ကြီး၏ ယာဉ်ထီး ဖြူဆိုသည်မှာ ဆင်, ရဏား, လှေ တည်းဟူသော ယာဉ်သုံးပါး တွင် စိုက်အပ်သော ထီးဖြူများကို ခေါ်ဆိုကြောင်း ဆိုမိန့်ထား သည်။[၁]

"ကနက္ကဒဏ်၊ ရောင်ဝှန်ဖြူလွှ၊ သူရိယနှင့်၊ ပဒုမမည်ရှိ၊ သမုတိဟု၊ ဖြူဘိလွှလွှ၊ ဝဲတော်ကလျှင်၊ ထိုမှတစ်စု၊ လက်ယာရှုသော်၊ ကမ္ဗု, စန္ဒ၊ ကမုက္ခဟု၊ ဖြူလွှရိပ်မြုံ၊ ဝိသကြုံဟု၊ ရွှေဘုံမြင့်ဖျား၊ ရိပ်ဖြူလွှား၍၊ ယပ်မား ပြောင်ပြောင်၊ ဝဲယာထောင်လျက်၊ တန်းဆောင်နေနှယ်၊ ရောင်ခြည်သွယ်သည်။ ။ ရှုဖွယ်အလွန်-ရှိ၏တည်း"။[၂] မဟာမင်းလှမင်းခေါင်ဘွဲ့ခံ ဆီမီးခုံရွာစား ဦးရွှန်း၏ အဆို ဖြစ်သည်။

၁။ လောကဗျူဟာအင်ရုံစာတမ်း၊ ၂၁၉။

၂။ မဟာသုတသောမပျို့၊ ပိုဒ်- ၂၃။

ဦးရွှန်းက ပလ္လင်လက်ဝဲတော်တွင် ကနက္ကဒဏ် ထီးဖြူ, သူရိယ ထီးဖြူ, ပဒုမထီးဖြူ, သမုဘိထီးဖြူဟု ထီးဖြူလေးစင်း စိုက်ဆောက်ရမည်နှင့် ပလ္လင့်လက်ယာတော်တွင် ကမ္ဘုထီးဖြူ, စန္ဒထီးဖြူ, ကမုက္ခထီးဖြူ, ဝိသကြုံထီးဖြူဟု ထီးဖြူလေးစင်း စိုက်ဆောက်ရမည်ကို ဆိုမိန့်လျက် ရှိသည်။

ဦးရွှန်း၏ အဆိုအမိန့်များသည် အခြား ပညာရှိကြီးများ၏ အဆိုအမိန့်များနှင့် များစွာ ကွဲလွဲလျက် ရှိသည်။ သို့ရှိလင့်ကစား ယင်းပညာရှိကြီးအားလုံးသည်ပင် ပညာရှိ မင်းဆရာကြီးများချည်း ဖြစ်ကြ၍ နည်းယူ မှက်သားအပ်သည်ချည်းသာ ဖြစ်သည်။

❖ ❖ ❖

## ၃၃။ ကုက္ကား တံခွန် သုံးခွန် ဗောဓိ

မြန်မာပြည်သူတို့၏ ရှင်ပြုမင်္ဂလာကား တံခွန်, ကုက္ကား, မုလေးပွားများဖြင့် သိုက်မြိုက် ဝေဆာလျက် ရှိသည်၊ ယင်း တံခွန်, ကုက္ကား, မုလေးပွားများ ပြုလုပ်ရာတွင် **“ဗောဓိပက္ခိယ တရားများ ရခြင်း၏ နိမိတ်သြဘာများကို အစွဲပြု၍ တံခွန် ကုက္ကား မုလေးပွားများကို- ၃၇,ခု ပြုလုပ်ရမည်”**[၁]ဟု နည်းပေး လမ်းညွှန်ထားသည်။

(၁) သတိပဋ္ဌာန် - ၄,ပါး
(၂) သမ္မပ္ပဓာန် - ၄,ပါး
(၃) ဣဒ္ဓိပါဒ် - ၄,ပါး
(၄) ဣန္ဒြေ - ၅,ပါး
(၅) ဗိုလ် - ၅,ပါး
(၆) ဗောဇ္ဈင် - ၇,ပါး
(၇) မဂ္ဂင် - ၈,ပါး ဗောဓိပက္ခိယတရား-၃၇,ပါး ဖြစ်သည်။

၁။ ဝဇီရာဝမ္မဒေသနာ၊ ၃၅။

**"ဗောဓိပက္ခိယတရား"**ဟူသည် မဂ်ဉာဏ်၏အဖို့ မဂ်ဉာဏ်၏ အသင်းအပင်း တရားစု၌ ပါဝင်သော တရားဟု ဆိုလိုသည်၊ ယင်းတရားများကို သာမန်လူသားများ လက်ဝယ်ပိုင်ပိုင် မရရှိနိုင်ကြချေ၊ မဂ်ဖိုလ်ကိုရပြီး ရောက်ပြီးသော အရိယာ ပုဂ္ဂိုလ်များသာ ရအပ်လေသည်။

ထို့ကြောင့် သာမန်လူသားများ လက်ဝယ်ပိုင်ပိုင် မရရှိနိုင်သော ဗောဓိပက္ခိယ တရားစုများ လက်ဝယ်ပိုင်ပိုင် ရရှိနိုင်ရန် တံခွန်များကိုလည်း-၃၇,ခု ကုက္ကားများကိုလည်း-၃၇,ခု မုလေးပွားကိုများလည်း-၃၇,ခုစီ ပြုလုပ်ရမည်ဟု နည်းပေးလမ်းညွှန်ထားခြင်း ဖြစ်သည်။

မုလေးပွားဟူသော စကားရပ်သည် **"မုလေးပန်း"**ဟူသော စကားရပ်မှ ရွေ့လျောဆင်းသက်လာသော စကားရပ်ဖြစ်သည်၊ ရှေးအခါက ရှင်ဘုရင်များ ထွက်စံတော်မူစဉ် ရာဇမတ် မင်းလမ်းမ တစ်လျှောက်တွင် မုလေးပန်းများကို ပန်းပွား, ပန်းဆိုင်များ ပြုလုပ်၍ လက်ဝဲလက်ယာ စိုက်ဆောက်ရလေ့ ရှိသည်။

ယင်းသို့ စိုက်ဆောက်ကြရရာ အခါခပ်သိမ်း မုလေးပန်းများကို လုံလုံလောက်လောက် မရရှိနိုင်ပဲ ရှိသည်၊ စိုက်ပျိုးသူများက စိုက်ပျိုးပါသော်လည်း သေးငယ်သော အပွင့်များ ဖြစ်၍ လုပ်ငန်းတွင် တွင်ကျယ် ထိရောက်မှု မရှိချေ၊ ယင်းသို့သော အခက်အခဲများကြုံဆုံကြရသဖြင့် အလွယ်တကူလည်းရ, လုပ်ငန်းတွင်လည်း တွင်ကျယ်ထိရောက်မှု ရှိသော အခြားဝတ္ထုပစ္စည်းများကို မုလေးပန်း၏ ကိုယ်ပွားအဖြစ် အစားထိုး အသုံးချကြလေသည်။



ယင်းသို့ အစားထိုးအသုံးချရသော မုလေးပန်း၏ ကိုယ်ပွားပန်းများကို မြန်မာပြည်သူတို့က ယနေ့တိုင် **"မုလေးပွား"**ဟု ခေါ်ဝေါ်ကြဆဲ ရှိသည်၊ ယနေ့မျက်မှောက်ခေတ် မြန်မာပြည်သူတို့ ဘာသာရေးအခမ်းအနားများတွင် မုလေးပန်းများနေရာ၌ စက္ကူဖြင့် ပြုလုပ်ထားသော **"မုလေးပွား"**များက ဝင်ရောက် တွင်ကျယ်လျက် ရှိနေချေပြီ၊ ပန်းများစွာရှိလျက် အဘယ့်ကြောင့် မုလေးပန်းများကိုသာ ရာဇမတ် မင်းလမ်းမများတွင် စိုက်ဆောက်ကြရသနည်း။

ပန်းများစွာရှိလျက် မုလေးပန်းကိုမှ ရာဇမတ် မင်းလမ်းမ တလျှောက်တွင် စိုက်ဆောက်ကြရခြင်းသည် ပန်းတကာ့ပန်းတွင် မုလေးပန်းကသာ ပိုမိုထူးချွန်၍ မွှေးပေသောကြောင့်သာ စိုက်ဆောက်ရခြင်း ဖြစ်သည်။

"သတ္တဝါတွင် ဘုရား၊ မြေ၌သွား၍ ခြေရာထင်သည့်တွင် ဆင်၏ခြေရာ၊ အခြင်တကာတွင် အထွတ်၊ အမြစ်နံ့သာတွင် အကျော်၊ အနှစ်နံ့သာတွင် စန္ဒကူးနီ၊ အပွင့်နံ့သာတွင် မုလေးပန်း" စသည်ဖြင့် ဗုဒ္ဓက ဟောဖော် ညွှန်ကြားခဲ့သည်။

"ကြယ်များ ဓိပတိ၊ နှိုင်းဘက်ရှိလျက်၊ ဇာတိမည်ထူး၊
ရောင်ခြည်မြူးသော်၊ ကျေးဇူးနက်လေး၊ ပမာသွေးလည်း၊
မုလေး ရှိလျက်၊ စံပယ်ခက်ကို၊ ငွေလျက်ကုန်ကာ၊
မဝယ်ရာသို့"[၁]

[၁] နေမိဘုံခန်းပျို့၊ ပိုဒ်- ၄၃

ကဗျာစာဆို အသျှင်အဂ္ဂသမာဓိ၏ အဆိုအမိန့် ဖြစ်သည်၊ ပျံ့မွှေး လှသော မုလေးပန်း ရှိနေလျက် ငွေကုန်ကြေးကျခံပြီး စံပယ်ပန်း မဆင်မြန်းသကဲ့သို့ဟု ပမာသွေး၍ အလေးပေး စပ်ဆို ထားခြင်း ဖြစ်သည်၊ ယင်းသို့သော အကြောင်းများကြောင့် သာ ပန်းတကာ့ပန်းတွင် မုလေးပန်းကိုမှ ရာဇမတ် မင်းလမ်းမ တစ်လျှောက်တွင် စိုက်ဆောက်ကြခြင်း ဖြစ်ပေသည်။

❖ ❖ ❖

## ၃၄။ ဒိဋ္ဌိ အောင်ချိုင် ဆီမီးတိုင်

မြန်မာပြည်သူတို့ ရှင်ပြုမင်္ဂလာတွင် ဆီမီးတိုင်များလည်း ပါဝင်လျက် ရှိသည်၊ ရှင်ပြုမင်္ဂလာ မဏ္ဍပ်တော်တွင် ဆီမီးတိုင် ပေါင်း-၆၂,တိုင် ထွန်းညှိရမည်ကို “**ဒိဋ္ဌိ အောင်ချိုင် ဆီမီးတိုင် ဆ,ဒွိ**”ဟူသော စာပိုဒ်ကဲ့ ပြဋ္ဌန်းလျက် ရှိသည်။

“**ဒိဋ္ဌိအောင်ချိုင်**”ဟူသော စကားခွန်း၌ “**ဒိဋ္ဌိ**”ဟူသော စကားလုံးအရ “**အောင်ချိုင်**”ဟူသော စကားရပ်ကို ထောက်သဖြင့် အကုသိုလ်အရာ မိစ္ဆာဒိဋ္ဌိကိုသာ ယူရသည်။ “**ဆ,ဒွိ**”ဟူသော စကားခွန်း၌ “**ဆ**”အရ ခြောက်ခုသင်္ချာ ယူ၍ “**ဒွိ**”အရ နှစ်ခုသင်္ချာကို ယူရသည်၊ ဆ,ဒွိ၏ ညီမျှခြင်းကိန်းဂဏန်းမှာ “**ခြောက်ဆယ့်နှစ်ပါး**”ဟု ဆိုလိုသည်။

မိစ္ဆာဒိဋ္ဌိ ဟူသည် အမှောင်တရားဖြစ်သည်၊ ယင်း အမှောင်ကို ပယ်ခွင်း၍ အလင်းကို ဆောင်နိုင်ရန် ဆီမီးတိုင်ပေါင်း-၆၂, တိုင် ပြုလုပ်ရမည်ဟု လမ်းညွှန်လိုရင်း ဖြစ်သည်။

(၁) သဿတဝါဒ – မြဲ၏ ဟူသော အယူ- ၄,မျိုး

(၂) ဧကစ္စသဿတဝါဒ – အချို့ မြဲ၏ဟူသော အယူ- ၄,မျိုး

(၃) အန္တာနန္တဝါဒ – အဆုံးရှိ၏- အဆုံးမရှိ ဟူသော အယူ-၄,မျိုး

(၄) အမရာဝိက္ခေပဝါဒ - မရေရာသော အယူ-၄,မျိုး
(၅) အမိစ္စသမုပ္ပန္န ဝါဒ - ကြောင်းကင်း၍ ဖြစ်၏ဟူသော အယူ-၂,မျိုး
(၆) သညီဝါဒ - သညာရှိ၏ဟူသော အယူ-၁၆,မျိုး
(၇) အ,သညီဝါဒ - သညာမရှိဟူသော အယူ-၈,မျိုး
(၈) နေဝသညီ နသညီဝါဒ - သညာရှိ၏ မရှိဟူသော အယူ ၈,မျိုး
(၉) ဥစ္ဆေဒ ဝါဒ - ပြတ်၏ဟူသော အယူ-၇,မျိုး
(၁၀) ဒိဋ္ဌဓမ္မ - နိဗ္ဗာန်ရှိ၏ဟူသော အယူ-၅,မျိုး ခြောက်ဆယ့်နှစ်ပါးသော မိစ္ဆာဒိဋ္ဌိ ဖြစ်သည်။

ယင်း ခြောက်ဆယ့်နှစ်ပါးသော မိစ္ဆာဒိဋ္ဌိ တရားများသည် သတ္တဝါများ၏ ဝိပဿနာမဂ်ပညာများကို မှောင်ချပေးနိုင်သော အမှောင်တရားများသာ ဖြစ်သည်၊ ယင်းအမှောင်ကို ပယ်ခွင်းနိုင်ရန် ဝိပဿနာမဂ်ပညာ နိမိတ်ပြဘာဖြစ်သည့် ဆီမီးတိုင်ပေါင်း-၆၂,တိုင် ညှိထွန်းပါဟု နည်းပေးလမ်းညွှန် ထားသည်။

❖ ❖ ❖

## ၃၅။ သံဃာလှူရန် မင်္ဂလာ

ရှေးကသော် မြန်မာပြည်သူတို့ ရှင်ပြုမင်္ဂလာ သံဃာလှူရန်တွင် ငါးပိ, ဆား, ငရုပ်များ ပါဝင်သည်ကို လေ့လာတွေ့ရှိရသည်၊ ယင်း ငါးပိ, ဆား, ငရုပ်များကို ထုတ်လုပ်လှူဒါန်းတတ်ရန်ကိုလည်း-

“သံဃာလှူရန်၊ မင်္ဂလာ၌၊ ငှက်ချေးခံ ဝမ်းသား၊ ပြင်ဘက်ထား၍၊ ကျောကားတွင်းသိ၊ ငါးပိ, ဆား, ငရုတ်, ထုပ်လုပ်ပေလင့်”ဟူသောစာပိုဒ်ဖြင့် နည်းပေးလမ်းညွှန် ထားလျက်ရှိသည်။

ငါးပိ, ဆား, ငရုပ်တို့တွင် ငရုပ်သီးကို ထုတ်လုပ်ဖို့ မလိုသော်လည်း ငါးပိနှင့် ဆားကိုကား ထုတ်လုပ်လှူဒါန်းမှသာ သဘာဝကျပေမည်၊ ထုတ်လုပ်ရန်မှာ ညောင်ရွက် သို့မဟုတ် ထုတ်လုပ်နိုင်လောက်သော သစ်ရွက်တစ်ခုခုဖြင့် **“ငှက်ချေးခံ ဝမ်းသား၊ ပြင်ဘက်ထား၍၊ ကျောကား တွင်းသိ”**ဟူသော လမ်းညွှန်အတိုင်း ငှက်ချေးခံဖြစ်သော အတွင်းဝမ်းသားကို အပြင်၊ အပြင်ကျောသားကို အတွင်းထားကာ ငါးပိနှင့် ဆားများကို ထုပ်လုပ်လှူဒါန်းရလေသည်။

ယင်းသို့ နည်းပေးလမ်းညွှန်ထားသည်ကို ထောက်လျှင် မြန်မာပြည်သူတို့ ရှေးခေတ် ရှင်ပြုမင်္ဂလာ သံဃာတော်များ လှူရန်တွင် မီးဖိုချောင်သုံး ပစ္စည်းများလည်း ပါဝင်လျက်ရှိသည်ကို လေ့လာတွေ့ရှိနိုင်သည်။

❖ ❖ ❖



အလှူရေစက် လက်နှင့်မကွာ

## ၃၆။ အလှူရေစက် လက်နှင့်မကွာ

ရှေးခေတ် ရှေးအခါက ရေစက်သွန်း ရေစက်ချ ကြသည်ကား ယခုခေတ်ကဲ့သို့ မဟုတ်ချေ၊ ရှေးခေတ်က ရေစက်သွန်း ရေစက်ချသည်ဟုဆိုလျှင် ရဟန်းတော်များ၏ လက်ဝါးပြင်သို့ ရေလုံ ရေချမ်းများ သွန်းလောင်း၍ ရေစက်ချလေ့ ရှိခဲ့ကြသည်။

ယင်းသို့ သွန်းလောင်းရေစက်ချသဖြင့် ရဟန်းတော်များ လက်နှင့် ရေလုံရေချမ်းများ မပြတ်မကွာ ထိတွေ့နေခြင်း "အလှူရေစက် လက်နှင့်မကွာ"ဟု ဆိုစမှတ် ပြုခဲ့ကြသည်။ ဤနေရာတွင် ပုဂံခေတ်၏ ဓလေ့ထုံးတမ်း တစ်ခုကို တင်ပြချင်သည်။

ပုဂံခေတ်ကမူ ယခုခေတ်ကဲ့သို့ ရေစင်များကို ခွက်ဖလား စသည်တို့တွင် ထည့်၍ ရေစက်သွန်းချခဲ့ပုံမျှမက အလွယ်တကူ ပေါက်ခွဲရမည့် ဖူးအုံ ညောင် ရေတကောင်း စသည်တို့၌ပါ ရေလုံ ရေချမ်းများ ထည့်၍ ရေစက်သွန်းလောင်းလေ့ရှိခဲ့ကြသည်။

ပုဂံခေတ်က ရေပူကို "ရေလုံ"ဟုခေါ်၍ ရေအေးကို "ရေချမ်း" ဟု ခေါ်ခဲ့ကြသည်။ ရေစက်သွန်းလောင်းပြီးသောအခါတွင်

ဖူးအုံနှင့် ညောင်ရေတကောင်း စသည်များကို ပေါက်ခွဲ ထုခြေ ပစ်လိုက်ကြသည်။

ပေါက်ကွဲထုခြေကြသည့် အဓိပ္ပါယ်ကား "**အလှူကို ဖျက်ဆီးသူတို့သည် ဤဖူးအုံ ညောင်ရေတကောင်းများ ကွဲကြေသကဲ့သို့ ကွဲကြေကြပါစေသား၊ အလှူကို နှောင့်ယှက်သသူတို့သည် ဤရေ ပူပန်သကဲ့သို့ ပူပန်ရပါစေသား၊ အလှူကို ချီးပင့်ထောက် ပံ့သသူတို့သည် ဤရေအေးသကဲ့သို့ အေးမြကြပါစေသား**"ဟူ၍ သူတို့ခေတ်၏ ဓလေ့ထုံးတမ်းအတိုင်း ကျိန်ဆို ဆုတောင်းခြင်းပင် ဖြစ်သည်။

ယင်းဓလေ့နှင့် ပတ်သက်၍ ကိုယ်တွေ့အဖြစ်အပျက်တစ်ခုကို တင်ပြချက်သည်၊ မိတ္ထီလာမြို့ ကျောက်ဖူး သုသာန်တွင် ဖြစ်သည်၊ အသုဘတစ်ခုတွင် ရဟန်းတော်၏ သီလပေး ရေစက်ချများသည် အားလုံးပင် ချောမောပြေပြစ်လျက် ရှိသည်၊ သို့ရာတွင် အသုဘရေစက်ချအပြီး ရေစက်ခွက်ကိုင်သူ ကာယကံရှင်သည် မိမိလက်တွင်ရှိသော ညောင်ရေတကောင်းကို ပရိတ်သတ်ရှေ့ မှောက်မှာပင် ဂွမ်းခနဲ မြည်အောင် ထုခြေ ရိုက်ခွဲလိုက်သည်။

မိတ်ဆွေများက စာရေးသူအား ကပ်၍ တိုးတိုးမေးလာကြသည်၊ မိတ်ဆွေများ၏ မျက်နှာကို အကဲခတ်ရာတွင် အံ့အားသင့်ခြင်းနှင့်အတူ စိုးရိမ်စိတ်များ လွှမ်းမိုးလျက်နေသည်ကို တွေ့ရှိရသည်၊ သူတို့တတွေ တော်တော်စိတ်မကောင်းဖြစ်ကာ **"ဘာလဲ ကိုယ့်လူ၊ ရေစက်ချ ဆိုပေးတာ မကြိုက်လို့လား"**



ဟု အသံခပ်အုပ်အုပ်ဖြင့် မေးလားမြန်းလား လုပ်လာကြသည်။

စာရေးသူလည်း စိတ်မကောင်း ဖြစ်ကြရှာသော မိတ်ဆွေများ ဘက်သို့လှည့်ကာ "**မဟုတ်ဘူး၊ သည်ဓလေ့ဟာ ပုဂံခေတ်က ဓလေ့ဖြစ်ကြောင်းနှင့် ဓမ္မသတ်ကြောင်းလာ ဓလေ့ဖြစ်ကြောင်း၊ သည်ဓလေ့ကို အချို့ဒေသတွင် ယနေ့တိုင် လိုက်နာကျင့်သုံးဆဲ ရှိကြကြောင်း**"ကို ရေရေလည်လည် ရှင်းပြလိုက်ရသည်။ ယင်းသို့ ရှင်းပြလိုက်တော့မှ စိတ်မကောင်း ဖြစ်ရှာကြသူ မိတ်ဆွေများ ဟင်းချနိုင်တော့သည်။

သို့ရာတွင် မိတ္ထီလာသားများက ရေလုံရေချမ်း နှစ်မျိုးလုံး ဖြင့် ရေစက်မသွန်းချကြပါချေ၊ ညောင်ရေအိုး၊ ရေတကောင်း ရိုက်ခွဲ ထုချေသည့် ဓလေ့တွင်မူကား ပုဂံ၏ မြေးမြစ်များ ပီသလှသည်ကို တွေ့ရှိရသည်။

"ဤသိုဝ် ရေလုံမ်ရေချမ် သွန်၍လှူသော...
ရေချမ် ချံ၏သို့လေ ချံသာ အတိ ဟီစေသတေ...
ရေလုံ ပူသကဲသိုဝ်လေ အမ္လိုခုနစ်ဆက် အလုံမ်ချံသာမဟိ
ပူပန်တိလျှင် ဖ္လစ်စေသတေ။"[၁] ပုဂံ၏ ကျိန်စာများ ဖြစ်သည်။

အလှူကို နှောင့်ယှက်သသူ ဖျက်ဆီးသသူများသည် ရေလုံ ပူသကဲ့သို့ ပူပါစေဟု ကျိန်ဆိုထားခြင်းနှင့် အလှူကို ချီးပင့်သသူ

---

၁။ သက္ကရာဇ်-၅၂၁, ခုနှစ်ထိုး ပခုက္ကူခရိုင် ရေစကြိုမြို့နယ်၊ လောင်းရှည်ရွာ အရှေ့မြောက်ယွန်းရှိ (တောင်ယမားချောင်းတောင်ဘက်) ငမဲတောင်ဦး ဘုရားကျောက်စာ။

များသည် ရေချမ်းချမ်း၏သို့ အေးမြပါစေဟု မေတ္တာပြုထားခြင်း ဖြစ်သည်။

ယင်းသို့ ရေလှုံ ရေချမ်း နှစ်မျိုးဖြင့် ရေစက်သွန်း၍ ဘုံးအုံ ညောင်ရေတကောင်း စသည်များကို ခွဲခြေသည်၊ ပုဂံသူ ပုဂံသားများ၏ ခြေရာလက်ရာများကား ယနေ့ပုဂံ၏ မျက်နှာစာ တိုင်းမှာလို ပွဲတင်ညံ့ဆဲ ရှိသည်။

❖ ❖ ❖



## ၃၇။ ရေငတ်၍ ကြွေးဆပ်ရသည်

ညောင်ရေ တကောင်းများ ရိုက်ခွဲ ထုခြေခြင်းနှင့် ပတ်သက်၍ ဓမ္မသတ်ကြောင်းလာ ဓလေ့ထုံးတမ်းတစ်ခုကို တင်ပြလိုသည်၊ ဗုဒ္ဓဘာသာ မြန်မာပြည်သူတို့၏ ယဉ်ကျေးမှု နယ်ပယ်တွင် လူသေအလောင်းများ ရေချိုးသော ရေအိုးနှင့် လုပ်တိုင်းတွင် အရိုးဆေးကြောရန် ယူဆောင်ရသော ရေအိုးများကို **“ရေလှုံအိုး”**ဟု ခေါ်ဝေါ်ကြဆဲ ရှိသည်။

ယင်းရေလှုံအိုးများကိုလည်း ကိစ္စပြီးဆုံးလျှင် ပြီးဆုံးခြင်း ထုခြေ ရိုက်ခွဲ ပစ်ကြသည်ချည်း ဖြစ်သည်၊ ရှင်ပြုမင်္ဂလာတွင် ရေလှုံ ရေတကောင်းကို ထုခြေရိုက်ခွဲရခြင်းနှင့် အသုဘတွင် ရေလှုံအိုးကို ထုခြေရိုက်ခွဲရခြင်းများ အဓိပ္ပာယ် တစ်မျိုးစီ ဖော်ဆောင်လျက် ရှိသည်ကို တသိ ချပ်သင့်လှသည်။

ရှင်ပြုမင်္ဂလာတွင် ရေလှုံ ရေတကောင်းများကို ထုချေ ရိုက်ခွဲရခြင်းသည် တင်ပြပြီးသကဲ့သို့ ဖြစ်ပြီး လုပ်တိုင်းရှိ ရေလှုံအိုး, ဘုံးအုံ, ညောင်ရေတကောင်းများကို ထုချေ ရိုက်ခွဲရခြင်းသည်

ဓမ္မသတ်ကြောင်းလာ ဓလေ့ထုံးထမ်းအရ ပြုလုပ်ရခြင်းဖြစ်သည်၊ လုပ်တိုင်းရှိ ရေလုံအိုးကို မခွဲခြင်းကြောင့် ရေငတ်၍ ယင်းရေလုံအိုးရှိ ရေကို သောက်မိသူ ခရီးသည်တစ်ယောက်သည် ကြွေးဆပ်ခဲ့ဖူးပေသည်။

လွန်လေပြီးသော ရှေးကမ္ဘာက ကြွေးတင်သူတစ်ယောက် ကွယ်လွန်ခဲ့သည်၊ ယင်းလူတွင် ဆွေမျိုးရင်းချာဆို၍ **"တစ်ယောက် တလေမျှပင် မရှိ"**ဟု ဆိုသည်၊ ကြွေးရှင်နှင့် လူအများက ကြွေးတင်သူ ရုပ်အလောင်းကို ရေလုံအိုး တစ်လုံးနှင့်အတူ သုသာန်တွင် ပစ်ထားလိုက်ကြသည်၊ ကြွေးရှင်လည်း ဆွေမျိုးရင်းချာ တစ်ယောက်တလေ ပေါ်ပေါက်လိမ့်နိုးဖြင့် သုသာန် တစ်နေရာမှ ပုန်းအောင်း ကြည့်ရှုနေလေသည်။

သုသာန်ဇရပ်တွင် အပန်းဖြေ နားနေရန် ရောက်ရှိလာသော ခရီးသည် တစ်ယောက်သည် ရေငတ်ငတ်ဖြင့် ရေလုံအိုးရှိ ရေကို သောက်မိလေတော့သည်၊ ဤတွင် အသင့်စောင့်ဆိုင်းနေသော ကြွေးရှင်နှင့် ပက်ပင်းတိုးမိလေတော့သည်၊ ကြွေးရှင်က ရေသောက်သူ ခရီးသည်အား "သေသူတွင် တင်ရှိရစ်သော ကြွေးများ ပေးဆပ်ရမည်"ဟု တရားစွဲလေတော့သည်။

ယင်းအမှုသည် ဗာရာဏသီပြည်ရှင် ဘုရင်မင်းမြတ်သို့တိုင် ရောက်ရှိသွားလေသည်၊ ဗာရာဏသီမင်းမြတ်က ဆရာရသေ့ကို စီရင်စေရာ ဆရာရသေ့က **"သုသာန်ရှိ ရေအိုးသည် အရိုးဆေးကြောရန်"**ထားသောအိုး ဖြစ်သည်၊ **"မသောက်သင့်သော ရေအိုးမှ ရေကို သောက်ခြင်းကြောင့် ဆွေမျိုး အဝင်အပါ**



**ဖြစ်ချေပြီ၊ သေသူတွင် တင်ရှိသော ကြွေးများကို ရေသောက်သူက ပေးဆပ်စေ"**ဟု စီရင်ချက် ချခဲ့သည်။

ရေငတ်၍ ရေသောက်မိသော ခရီးသည်ခမျာလည်း ကြွေးဆပ်ခဲ့ရသည်၊ ယင်းဓလေ့သည် မဟာလူနေမှု စနစ်တစ်ခုလုံးကို ပြက်ရယ်ပြုရာ ရောက်သည် ဖြစ်၍ နောက်နောင်တွင် ယင်းသို့သော အမှုမျိုး မပေါ်ပေါက်စေရန် **"သုသာန်ရှိ ရေလုံအိုး၊ ဖူးအုံ၊ ညောင်ရေတကောင်း စသည်များကို ထုခြေ ရိုက်ခွဲကြစတမ်း"**ဟု ကမ္ဘာဦးဒါန်း ထားကြရသည်ဟု ပြဆိုထားသည်။[၁]

ထို့ကြောင့် ရေလုံအိုး, ဖူးအုံ, ညောင်ရေတကောင်း စသည်များ ထုချေရိုက်ခွဲကြရခြင်းသည် ကမ္ဘာဦးကပင် စတင်ခဲ့သည်ဟု လေ့လာရနိုင်ပေသည်။

❖ ❖ ❖

၁။ မနုကျယ် ဓမ္မသတ်၊ ၁၀၆



ရေစက်ချနှင့် ဝသုန္ဒရေနတ်သား

## ၃၈။ ရေစက်ချနှင့် ဝသုန္ဒရေနတ်သား

ဗုဒ္ဓဘာသာ မြန်မာပြည်သူတို့၏ အလှူမင်္ဂလာ ရေစက်ချရာတွင် မပါလျှင် မပြီးတတ်သော စကားခွန်း တစ်ခုရှိသည်။ ယင်းကား အခြားမဟုတ်။ ဝသုန္ဒရေ နတ်သားဟူသော စကားခွန်းပင် ဖြစ်သည်။

ဝသုန္ဒရေ နတ်သားဟူသော စကားခွန်းကို မြန်မာပြည်သူတို့ ခံတွင်း တွေ့လာခဲ့ကြသည်မှာ ကာလအတန်ကြာညောင်းခဲ့ပြီ ဖြစ်သည်၊ ဝသုန္ဒရေ နတ်သားဟူသော စကားခွန်းကား ဆားကဲ့သို့ပင် ရှိချေသည်၊ သို့ရှိလင့်စကား အမှတ်ကို မြတ်နိုးတော်မူသော သာသနိက ပညာရှင်ကြီးများကမူ ဝသုန္ဒရေ နတ်သားတည်းဟူသောဆားကို ရေစက်ချတည်းဟူသော ဟင်းလေးအိုးထဲသို့ ခတ်တော်မူခြင်း မပြုခဲ့ကြချေ။

သို့ရာတွင် ဝသုန္ဒရေ နတ်သားတည်းဟူသော ဆားကို ခတ်ခဲ့သော ပုဂ္ဂိုလ်များက တွင်တွင်ကြီး ခတ်ခဲ့ကြသဖြင့် ဗုဒ္ဓ

ဘာသာ မြန်မာပြည်သူတို့မှာ သဘာဝမကျသော အသိဉာဏ်ကို ထွေးပိုက်မိလျက်သား ဖြစ်ခဲ့ကြရသည်။

တစ်ခါက ကြုံဖူးသည်၊ ဘာသာရေးပွဲတစ်ခုတွင် ဖြစ်သည်၊ ယင်းပွဲတွင် တာဝန်ရှိသူက ရေစက်ချ ဆိုပေးသည်၊ ရေစက်ချ အပြီးတွင် အမျိုးသားတစ်ယောက်က **“မိတ်ဆွေ ရေစက်ချ မရပါဘူး”**ဟု ဝင်ရောက် စောဒက တက်သည်၊ ရေစက်ချ ဆိုပေးသူက “ဘာကြောင့်လဲ”ဟု ပြန်လည် မေးခွန်းထုတ်လိုက်ရာ စောဒကတက်သူက **“မိတ်ဆွေရဲ့ ရေစက်ချထဲမှာ အယံ ဝသုန္ဓရေ နတ်သားမှ မပါဘဲကိုး”**ဟူသော စောဒကတက်သံ ကြားခဲ့ဖူးသည်။

အယံ ဝသုန္ဓရေကို ဤမျှအထိ အစွဲအလမ်း ကြီးမားနေကြချေပြီ၊ သဘာဝ မကျသော အသိဉာဏ်ကို ဤမျှအထိ ထွေးပိုက်မိလျက်သား ဖြစ်နေကြချေပြီ၊ ဤမျှအထိ စွဲလမ်းယူမှားရအောင်ကလည်း “အယံ ဝသုန္ဓရီ= ဤဝသုန္ဓရေ တဂုဏ်ချွေသည့် မြေစောင့်နတ်သားသည်၊ သက္ခိဌာနေ= သက်သေအရာ၌၊ တိဌတု= တည်ပါစေသတည်း”[၁]ဟု တာဝန်ရှိသူများက အာဘောင်,အာရင်းသန်သန်ဖြင့် ဆိုပေးနေကြခြင်းကြောင့်သာ ဖြစ်ပေသည်။

“သမုဒ်ရေအောက်၊ သေလာ ကျောက်ထက်၊ အတောက်ရဲရဲ၊ မီးခဲသဏ္ဍာန်၊ ကိုယ်ရောင်လျှံ၍၊ ဘေးရန်သူပုန်၊ ဖိန့်ဖိန့်တုန်သည်၊ ဝသုန္ဓရာ၊ နတ်ဒေဝါကား၊ သမ္ဗာရင့်ညောင်း၊ ဆုကြီးတောင်းသား၊ လောင်းဗုဒ္ဓင်္ကျူ၊ လူအညွှန့်တို့၊ ပေးစွန့်ဒါန၊ ရေစက်ချ၍၊ အမျှဝေသော်၊ ရွှေရောင်အလျှံ၊ ကန့်ကူတန်နှင့်၊ ဖလ်ပုရပိုက်၊ ရွှေပေတိုက်မှာ၊ ပိုက်ကာဖွင့်၍၊ စာရင်းယူတော်မူလေသည်”[၁] လောကဓာတ်ပုံ ရွှေကြေးမုံ၏ အဆိုအမိန့်များ ဖြစ်သည်။





ရွှေကြေးမုံက လူ့ပြည်ရှိ ကောင်းမှုရှင်များကို ဝသုန္ဓရေ နတ်သားက စာရင်းကောက်ယူကြောင်း မြွက်ဆိုထားသည်ကို တွေ့ရသည်၊ ယင်းအဆိုအမိန့်များသည် ဒီဃနိကာယ်လာ အဆိုအမိန့်များနှင့် မနီးမနေးဖြစ်လျက် ရှိသည်၊ ယင်း အဆိုအမိန့်များသည် မည်သည့် ဂန္ထန္တရကို မှီငြမ်းကိုးကား၍ ဆိုမိန့်ထားခြင်းဖြစ်သည်ဆိုခြင်းကို စာရေးသူတို့ ယနေ့တိုင် မတွေ့ရှိနိုင်သေးချေ။

ဒီဃနိကာယ် အဋ္ဌကထာ စသည်များတွင် စာတုမဟာရာဇ် နတ်မင်းကြီး လေးပါးနှင့် အခြား နတ်များ လူ့ပြည်သို့လာ၍ ကောင်းမှုရှင်စာရင်း ကောက်ယူကြကြောင်းကို ဆိုမိန့်ထားသည်၊ ဝသုန္ဓရေနတ်သားက လာရောက်၍ ကောင်းမှုရှင်စာရင်း ကောက်ယူကြောင်း ဆိုမိန့်ထားခြင်း မရှိချေ။

ယင်းသို့ မဆိုမမိန့်ရှိသာမက **“ဝသုန္ဓရေ မြေစောင့်နတ်ကြောင့် မာရ်နတ်စစ်သည်တွေ ထွက်ပြေးရသည်”**[၂]ဟူသော အဆိုအမိန့်များသည်ပင် သာသနာဝင် ကျမ်းကြီးကျမ်းခိုင်လာ

၁။ လောကဓာတ်ပုံ ရွှေကြေးမုံ၊ ၃၇။

၂။ သုတ္တနိပါတ် အဋ္ဌကထာ၊ ဒု-တွဲ၊ ၁၂၀။

အဆိုအမိန့် မဟုတ်ကြောင်း အဋ္ဌကထာဆရာက ထောက်ပြဝေဖန်ထားသည်။

မာရ်နတ်မင်းသည် ဘုရားလောင်းအား အပရာဇိတ ပလ္လင်ကို သူသာပိုင်ဆိုင်သည် ဆို၍ သူ့နောက်က စစ်တပ်ကို လက်ညှိုးညွှန်ကာ သူ့အတွက် သက်သေထူခဲ့သည်၊ ဘုရားလောင်းကိုလည်း **"ပိုင်ဆိုင်ကြောင်း သက်သေပြနိုင်သလော"** ဟု စောဒကတက်ခဲ့သည်၊ ဘုရားလောင်းသည် ဤမဟာပထဝီမြေကြီးကို သက်သေညွှန်းခဲ့သည်။

> "ပါရမီဖြည့်သော ငါ့အား ရဟန်းဖြစ်စေ၊ ပုဏ္ဏားဖြစ်စေ၊ နတ်ဖြစ်စေ၊ မာရ်နတ်ဖြစ်စေ၊ ဗြဟ္မာဖြစ်စေ တစ်စုံတစ်ယောက် သော သက်သေမရှိ၊ မဟာပထဝီမြေကြီးသာ ငါ၏ သက်သေ ဖြစ်သည်"[၁]

မာရ်နတ်နှင့် ပလ္လင်လုရာ မဟာဗောဓိစစ်မြေတွင် ဘုရားလောင်းသည် မြေကြီးကိုသာ သက်သေညွှန်းခဲ့ပေသည်။ သက်သေ ညွှန်းသည့်အတိုင်း မဟာပထဝီမြေကြီးကလည်း သက်သေခံခဲ့ပေသည်။ ဝသုန္ဒရေ နတ်သားက လာရောက် သက်သေခံကြောင်း အရိပ်အမြွက်ပင် မတွေ့ရှိရချေ။

ဝသုန္ဒရေနတ်သားက လာရောက် သက်သေခံခြင်း မဟုတ်သော်လည်း ဗုဒ္ဓဘာသာ မြန်မာပြည်သူတို့၏ ဗုဒ္ဓရုပ်ပွားတော်မြတ်များ ရှေ့မှောက်တွင် ဝသုန္ဒရေ နတ်ရုပ်များ ထားရှိခြင်းကို လေ့လာသင့်ပေသည်။

---

၁။ မူလပဏ္ဏာသ အဋ္ဌကထာ၊ ဒု-တွဲ၊ ၈၈၊ ၈၉



မြန်မာနိုင်ငံ တစ်ဝန်းလုံးတွင် ဗုဒ္ဓရုပ်ပွားတော်များကို ဘူမိဖဿ မုဒြာဖြင့် ထွင်းထုသွန်းလုပ်သည်က များပေသည်၊ ဘူမိဖဿ မုဒြာ၏ အဓိပ္ပာယ်မှာ ဘုရားရှင်၏ လက်ယာလက်ငါးချောင်းလုံးသည် လက်ယာဒူးမှအောက်သို့ တွဲလျားဖြန့်ချထားပြီး လက်ဝါးပြင်ကို ပလ္လင်ဘက်သို့ လှည့်၍ ပလ္လင်ကိုဖြစ်စေ၊ မြေကြီးကိုဖြစ်စေ ထိထားစေခြင်းနှင့် လက်ဝဲလက်ကို ပေါင်ခွင်ပေါ်တွင် လက်ဖဝါးလှန် တင်ထားစေခြင်း ဖြစ်သည်၊ ယင်းသို့သော ဗုဒ္ဓရုပ်ပွားတော် အားလုံးကို ဘူမိဖဿ မုဒြာပုံဟု ခေါ်တွင်သည်။

ဘူမိဖဿ မုဒြာ၏ အဓိပ္ပာယ်ဆောင်ခြင်းကို ပိုမိုလေးနက်လာစေရန် ဘူမိဖဿမုဒြာပုံတော်၏ ရှေ့တော်တွင် ဝသုန္ဒရေနတ်သား ဆံပင် ရေညှစ်နေသည့်ပုံကို ထွင်းထုသွန်းလုပ်ထားရှိခြင်း ဖြစ်သည်၊ အဓိပ္ပာယ်မှာ ဘုရားလောင်း ပါရမီဖြည့်စဉ်ဘဝအဆက်ဆက်က လှူဒါန်းခဲ့သော အလှူဒါနများအတွက် ရေစက်ချသည်ကို ခံရဖန်များ၍ ငါ၏ဆံပင်သည် စိုရွှဲနေပေပြီ။

မည်မျှ လှူဒါန်းခဲ့ပြီး ဖြစ်သည်ကို သိနိုင်စေရန်အတွက် ဆံပင်ကို ရေညှစ်ပြမည်ဆိုပြီး ဆံပင်ကို ပခုံးပေါ်မှ သိုင်းလျက်ရှေ့ဘက်သို့ စုယူကာ လက်နှစ်ဖက်ဖြင့် ညှစ်ပြနေသည့်ပုံဖြစ်သည်၊ ထို့ကြောင့် ဝသုန္ဒရေနတ်သားကို သက်သေထားဖို့မလိုချေ၊ သက်သေထားခြင်းထားလျှင် မြေကြီးကိုသာ သက်သေထားကြရာသည်။

တိပိဋကာလင်္ကာရဘွဲ့ခံ တောင်ဖီလာဆရာတော်ကြီးက မူကား ဝသုန္ဓရေနတ်သားကို သက်သေထားဖို့ မဆိုထားနှင့်ဦး ဝသုန္ဓရေနတ်ရုပ် အရေးအသားများကိုပင် အဖျက်ခိုင်းသော ဟူ၏။[၁] အချုပ်ဆိုရသော် ဝသုန္ဓရေဟူသော အမည်သည်ပင် သဇီဝနတ်၏ အမည်မဟုတ်ဘဲ နိဇ္ဇီဝ ဖြစ်၍ ရတနာအပေါင်းကို ဆောင်တတ်သော ဤမြေကြီး၏ အမည်သာ ဖြစ်ပေသည်။

❖ ❖ ❖

၁။ သမန္တစက္ခုဒီပနီ၊ ပ-တွဲ၊ ၂၀၂။



ထေရ်ဘုန်း ဥပဂုတ် ရန်ငုတ်ကြည်ပ

## ၃၉။ ထေရ်ဘုန်း ဥပဂုတ် ရန်ငုတ်ကြဉ်ပ

"ဩကာသ၊ ဩကာသ၊ အစိန္တေယျ- သုံးလူ့ဘ၏၊ ဓမ္မရင်နို့၊ သောက်စို့သဖြင့်၊ လေးဆင့်မဂ္ဂ၊ ဖလလေးဖြာ၊ အရိယာ သာဝက၊ သဘာဝကြောင့်၊ ဓမ္မသာမိ- နှိုင်းညှိစရာ ပမာမမြင် မြတ်ချစ်ရှင်၏၊ ရွှေရင်တော်နှစ်၊ သားတော်စစ်အဖြစ်သို့ ရောက်တော်မူကာ၊ ငါးရာတစ်ထောင်၊ ရန်မှောင်ညစ်ကြေး၊ ကိလေမှေးကို၊ ကင်းဝေးကုန်စင်၊ သုတ်သင်ရှင်းလင်း၊ လူခပင်းတို့၏၊ ကောင်းမှုအလေ့၊ မျိုးစေ့စိုက်ပျိုးရာ၊ လယ်ယာမြေ ကောင်းသဖွယ်၊ တင့်တယ် မြတ်ထွဋ်သောဂုဏ်၊ အလုံးစုံအားဖြင့် ချီးကျူး၍ မကုန်နိုင်သော အဟော်အစ္ဆရိ- မိမိအသက် ငဲ့ကွက်လေးစား၊ သနားမရှိ ပြကတေ့ ပြည့်စုံတော်မူသော၊ ပါတိမောက္ခ- သံဝရလည်း ဖြူစင်သန့်ရှင်းစွာ ကိုယ်၌မကွာ အမြဲဆင်မြန်းတော်မူခြင်းရှိသော ဥပဂုတ္တ အရှင်ဘုရား။ အရှင်ဘုရားသည်ကား သီရိဓမ္မာ၊ ရာဇာတုမရှိ၊ သမုတိမင်းမြတ်၏၊ ရွှေလက်ထက်အခါ ဘဝင်ရိုက်ချိုး တိုက်လုံးညာကြေ၊ ရေမြေလှူပ်ချောက်၊ တုန်မှောက်ဘနန်း၊ လှူဒါန်း



ပြုလုပ်တော်မူစဉ်၊ မိစ္ဆာစွဲကပ် နတ်တို့ဘဂေး မာရ်မင်းဘေးကို ကင်းဝေးကုန်အောင် ရွတ်ဆောင်ဖဲကြဉ်တော်မူဖူးရာ အာဇ္ဈောကာသ ဝလာမှသည် ကျလာထစ်ကြိုးသွန်းသောမိုးသွင် အမျိုးမျိုး အကြိမ်ကြိမ် ပုဆိန် ထားမလှံမ မလစ်၊ ကျောက်စရစ်ပြာပူ၊ တသူညွှံပျောင်း သောင်းသောင်းရိုက်ကြည်း၊ ပွဲတင်ဟည်းအောင်၊ အနည်းနည်းရှာစေငြားလည်း၊ ဟန့်တားပိတ်ပင်၊ အရှင်၏ဘုန်း၊ မြတ်လက်ရုံးကြောင့်၊ ပြိုင်နှုန်းမခြင်း၊ မာရ်နတ်မင်းလည်း၊ အတင်းထွက်ပြေး၊ ခွေးပုပ်လည်ဆွဲ၊ အခဲအညို၊ ခံလိုရမှု၊ ဆုံးမပြုသဖြင့်၊ ယခုတင်းတင်း၊ ကြောက်လန့်ခြင်းလည်း၊ သည်းတွင်းမဆန့်၊ တုန်လှုပ်ဖန့်လျက်၊ ခန့်ရှုံ့စိုးဂူ ရှိပါသည်။

သို့သည်သတင်း၊ ကျော်စောခြင်းကြောင့်၊ ရှင်ရှင်းဘုရား၊ မြတ်တစ်ပါးကို၊ ကိုးစား၍သာ၊ မိုးဒေဝါ၏၊ ရွာသည့်ကြိမ်မှန်၊ ခြိမ်းပရန်ကို၊ မထန်စေပဲ၊ ကုန်စင်လွှဲအောင်၊ အမြဲမကွာ၊ ဆည်းကပ်ပါသည်၊ အာဏာတော်ဂုဏ်၊ မိုးပဇ္ဇုန်သည်၊ တမှုန် မရောက်၊ တပေါက်မလျှော၊ သွေ့စေသော်...။ မြတ်ရှင်စော... ဩကာသ ဩကာသ[၁]"

ရှင်ဥပဂုတ် ပူဇော်ပသရာ၌ မြွက်ဆိုရင့်ကျူးရန် လင်္ကာဖြစ်သည်၊ ဗုဒ္ဓဘာသာမြန်မာပြည်သူတို့၏ ရှင်ပြုမင်္ဂလာကား ရှင်ဥပဂုတ်နှင့် မကင်းနိုင်ပဲ ရှိသည်၊ ရှင်ပြုမင်္ဂလာပွဲကျင်းပရာတွင် မြန်မာတို့တတွေ ရှင်ဥပဂုတ်ထေရ်ကို ဦးစွာပူဇော်သမှု ပသမှု

၁။ ရှင်ဥပဂုတ်ပူဇော်နည်း၊ (လက်ရေးမူ)။

ပြုကြရသည်။

ကာယကံရှင်က မပူဇော်တတ်စေကာမူ ကြားဘူးနားဝရှိသူများက ကိုယ်စားပူဇော်ပသပေးလေ့ ရှိကြသည်၊ ဗုဒ္ဓဘာသာ မြန်မာပြည်သူများသည် မိမိတို့ ရှင်ပြုပွဲကြီးကို မိုးလေကင်းကင်း ရှင်းရှင်း ပြုလုပ်လိုကြသည်၊ အခြားအချိန်တွင် မိုးလေကို တောင့်တသော်လည်း ယခုကဲ့သို့သော ရှင်ပြုပွဲကာလများတွင်ကား မြန်မာတို့တတွေ မိုးလေကို အလိုမရှိကြချေ။

ရှင်ပြုမင်္ဂလာပွဲ ဆင်နွှဲရာကာလတွင် သာသနဝန်ထမ်းများ အနက် ရှင်ဥပဂုတ်ထေရ်သည် ရှင့်ဒကာ၏ ပေးလှူပူဇော်မှုကို ဦးစွာခံယူရလေ့ ရှိသည်၊ ဗုဒ္ဓသားတော်များတွင် ရှင်သီဝလိမထေရ်က လာဘ်လာဘအရာတွင် အထူးကျော်ဇောမှုရ၍ ရှင်ဥပဂုတ်မထေရ်က မိုးဆီး မိုးတားတွင် အထူး ကျော်ဇောမှု ရလေသည်။

ထို့ကြောင့် ဗုဒ္ဓဘာသာမြန်မာပြည်သူများသည် ရှင်ပြုမင်္ဂလာ မဏ္ဍပ်ဆောက်စဉ်ကာလပင် ရှင်ဥပဂုတ်မထေရ်ကို မိုးဆီးမိုးတား ပေးပါမည့်အကြောင်း ဦးစွာ ပူဇော်ပသကြရသည်၊ ထို့ကြောင့် လည်း ရှင်ဥပဂုတ်မထေရ်နှင့် ရှင်ပြုမင်္ဂလာ မကင်းကွာနိုင်ပဲ ရှိသည်။

ရှင်ဥပဂုတ်မထေရ် ပူဇော်ပသရာတွင် ကန်တော့ပွဲပြင်ဆင် တတ်ရန်ကို **"ရေဖြင့် မဆေးကြော၊ ငှက်ပျောဖီးဆိုင်၊ မြီးခိုင် မစောင်းမတ်၊ ကောင်းမြတ်မသုံးပြီး၊ အုန်းသီးတစ်လုံး၊ ထေရ် ဘုန်းဥပဂုတ်၊ မာရ်နတ်ယုတ်၏၊ ရန်ငြုတ်ကြဉ်ပရာ၊ တင်သပါလော့"**ဟု နည်းပေးလမ်းညွှန်ထားသည်။



ကန်တော့ပွဲပြင်ဆင်ရာတွင် **"ရေဖြင့် မဆေးကြော၊ ငှက်ပျော ဖီးဆိုင်"**ဟူသော နည်းပေးလမ်းညွှန်မှုများနှင့်အညီ ငှက်ပျောဖီးကို ရေမဆေးရ၊ အဖီးချင်းဆိုင် ထည့်ရမည်ဟု လမ်းညွှန်လိုခြင်း ဖြစ်သည်၊ ငှက်ပျောသီးကို ရေဆေးမိက မိမိအလှူတွင် မိုးရွာတတ်သော ဟူ၏။

အုန်းသီးကိုလည်း **"မြီးခိုင် မစောင်းမတ်၊ ကောင်းမြတ် မသုံးပြီး၊ အုန်းသီးတစ်လုံး"**ဟူသော လမ်းညွှန်ချက်နှင့်အညီ အုန်းသီး၏ ကြွက်မြီးကို မမတ်စောက်ရ၊ ခွေနေစေရမည်ဟု နည်းပေးလမ်း ညွှန်လိုရင်း ဖြစ်သည်၊ အုန်းသီး၏ ကြွက်မြီး မတ်စောက်ထောင်နေပါက အုန်းသီး၏ ကြွက်မြီးကို လေဟပ် လေခတ်နိုင်၍ မိမိ အလှူတွင် လေကျတတ်သောဟူ၏။

သို့ဖြစ်ပေရာ ရှင်ဥပဂုတ်ကန်တော့ပွဲ ပြင်ဆင်ရာတွင် အချို့ အချဉ်နှင့် ရေမဆေးသော ငှက်ပျောနှစ်ဖီး ထည့်ရမည့်အပြင် အုန်းသီးကိုလည်း ကြွက်မြီးကို လင်ဗန်းထဲတင် ခွေထည့်ရမည် ဟု လမ်းညွှန်လိုရင်း ဖြစ်သည်၊ ဤသည်ကား ရှင်ဥပဂုတ် ကန်တော့ပွဲ ပြင်ဆင်ပုံ ပြင်ဆင်နည်း ဖြစ်သည်။

ယင်းသို့ ပြင်ဆင်ပြီးသော ကန်တော့ပွဲဖြင့် ရှင်ဥပဂုတ် အရှင်မြတ်ကို ပူဇော်ပသ တင်မြှောက်လိုက်ပါလျှင် မိမိ ရှင်ပြု မင်္ဂလာတွင် ကျရောက်လတ့်သော **"ဥပဒ်ဘေးဒဏ် ရန်မာရ် ခပ်သိမ်းများကို ရှင်ဥပဂုတ်က တားဆီးပေးသည်"**ဟု ဗုဒ္ဓ ဘာသာ မြန်မာပြည်သူတို့က ယုံကြည်ကြလေသည်။

❖ ❖ ❖



ဖမှာ ယပ်ထမ်း တခန်း သပိတ်လွယ်

## ၄၀။ ဖ, မှာ ယပ်ထမ်း တခန်း သပိတ်လွယ်

ဗုဒ္ဓဘာသာ မြန်မာပြည်သူတို့၏ ရှင်လောင်း လှည့်ပွဲကြီးကား ခမ်းနားကြီးကျယ်လှသည်၊ ရှေ့ဝင်း နောက်ဝင်းများခင်း၍ ရှင်လောင်း လှည့်လည်လေ့ ရှိကြသည်၊ ယင်းသို့ လှည့်လည်ရာတွင် ရှင်လောင်း၏ရှေ့တွင် ရှေ့ဝင်းများခင်း၍ ရှင်လောင်း၏ နောက်တွင် နောက်ဝင်းများ ခင်းကျင်းလေ့ ရှိသည်။

ဝင်းတော်သားများအနေဖြင့် စစ်ဝတ်တန်ဆာများ ဆင်မြန်း လိုက်ကြရသည်၊ ရှင်လောင်း၏ နောက်ဝင်းတော်တွင် ရှေ့ဆုံးမှ ရှင့်ဒါယကာကြီး လိုက်ပါရသည်၊ **"ဖမှာ ယပ်ထမ်း၊ တခန်းသ ပိတ်လွယ်"**ဟူသော စာပိုဒ်သည် ရှင်လောင်းလှည့်ရာတွင် ရှင့်ဒါယကာကြီး ပါဝင်ဆောင်ရွက်ရမည့် အဆောင်အရွက်များကို နည်းပေးလမ်းညွှန်ထားခြင်း ဖြစ်သည်။

ယင်းစာပိုဒ်ဖြင့် ရှင့်ဒါယကာကြီးသည် ရှင်လောင်းနောက်မှ ယပ်ကို ထမ်း၍ သပိတ်ကိုလွယ်ကာ လိုက်ပါရမည်ဟု နည်းပေး

လိုရင်း ဖြစ်သည်၊ သပိတ်လွယ်ရာတွင် ရှင့်ဒါယကာများ ဖြစ်ကြသော လူသားများအတွက် **"ဗယ်ဘက်က လွယ်ရမည်၊ ညာဘက်က လွယ်ရမည်"**ဟု ပုံသေကားကျ သတ်မှတ်ထားခြင်း မရှိချေ၊ ရသေ့ သူတော်စင်များအနေဖြင့်မူကား ဗယ်ဘက်ပခုံး၌သာ သပိတ်, သင်္ကန်းများကို ချိတ်လွယ်သမှု ပြုကြရလေသည်၊ ထို့ကြောင့် မြန်မာစာပေ ဖခင်ကြီး သျှင်မဟာသီလဝံသက-

**"စိန်ပန်းမောင်းဝါ၊ သင်္ကန်းလျာကို၊ ရှုသာတင့်တယ်၊ ပခုံးဗယ်၌၊ ချိတ်တွယ်လွှမ်းပြီး၊ ရသေ့ကြီးကား"**[၁]ဟု စပ်ဆို ညွှန်ပြထားသည်။

သို့ရာတွင် ရှင့်ဒါယကာများဖြစ်ကြသော လူသားများကား ရသေ့သူတော်စင်များ မဟုတ်ကြ၍ **"ရတနာသုံးပါးနှင့် စပ်ဆိုင်သော အခမ်းအနား မစီအစဉ်မှာ လက်ယာဘက်ကို အမြင့်အမြတ်ထားပြုန်သည်"**[၂]ဟူသော စကားကို ထောက်ထား၍ သပိတ်ကို မိမိတို့ လက်ယာပခုံး၌သာ ချိတ်လွယ်သမှု ပြုကြသော် ထုံးမှီ စံမျှ ဖြစ်ကောင်းအံ့ ထင်သည်။

"မိကိုညာက၊ ဖကိုလက်ဝဲ၊ ကိုင်စွဲချီလျက်၊ ပခုံးထက်ဝယ်၊ အသက်ဆုံးအောင်၊ မြတ်နိုးဆောင်၍၊ အခေါင်အဖျား၊ လုပ်ကျွေး ခြားလည်း၊ မွေးဖွားပိုက်ကျုံး၊ ရှေးတင်ဘူးတည့်၊ ကျေးဇူးလှယ်ပြိုင်၊ မဆပ်နိုင်ခဲ့"[၃] သျှင်မဟာရဋ္ဌသာရ

၁။ ဆုတောင်းခန်းပျို့၊ ပိုဒ်ရေ - ၈၅။
၂။ အုပ်ချုပ်ပုံစာတမ်း၊ စတုတ္ထတွဲ၊ ၁၅၄။
၃။ စတုဓမ္မသာရ ကိုးခန်းပျို့၊ ပိုဒ်ရေ - ၅၅။



၏ အဆိုအမိန့် ဖြစ်သည်။

ရှင်မဟာရဋ္ဌသာရ၏ အဆိုအမိန့်တွင် ကျေးဇူးတရား မွန်မြတ်လှသော အမိကို မိမိ၏ အမွန်မြတ်ဆုံးသော လက်ယာပခုံး၌ တင်ထမ်းလုပ်ကျွေး ငြားသော်လည်း ရှေးက တင်ဖူးသည့် မွေးကျေးဇူးများ ကျေလည်အောင် ပေးဆပ်နိုင်ခြင်း မရှိပုံကို လမ်းညွှန်လိုရင်း ဖြစ်သည်။

ထို့ကြောင့် လောကီလူသားများ ဖြစ်ကြသော ရှင့်ဒါယကာများအနေဖြင့် မိမိ၏ အမြတ်ဆုံးဖြစ်သော လက်ယာပခုံး၌ သပိတ်ကို ချိတ်လွယ်သမှု ပြုခြင်းက ထုံးမှီစံမျှ ဖြစ်ကြပေမည်။

ရှင့်ဒါယကာကြီး၏ နောက်တွင် ရှင့်ဒါယိကာမကြီးက အဆောင်အရွက်များကို ကိုင်ဆောင်၍ လိုက်ပါရလေသည်၊ ရှင့်ဒါယိကာမကြီး ဆောင်ရွက်ရမည့် အဆောင်အရွက်များကိုလည်း **"မွေးမယ်မယ်ကား၊ ဝတ်ဖွယ်ဝတ်ရာ၊ ထိပ်မှာ ဆောင်ရွက်"**ဟူသော စာပိုဒ်ဖြင့် နည်းပေးလမ်းညွှန်ထားသည်။

ရှင့်ဒါယကာကြီးနောက်မှ ထက်ကြပ်လိုက်ပါလာသော ရှင့်ဒါယိကာမကြီးသည် ရှင်လောင်း၏ ဝတ်ဖွယ် ဝတ်ရာများဖြစ်သည့် သင်္ကန်းများကို ဦးခေါင်းပေါ် တင်ရွက်လိုက်ပါရသည်။ ထို့အပြင် ရှင်လောင်း၏ အိပ်ဖွယ်ရာများဖြစ်သည့် ဖျာ, သင်ဖြူးများကိုလည်း လက်က ကိုင်ဆောင်ရသေးသည်။

ယင်း ဖျာ၊ သင်ဖြူးများကို **"ကံဆောင်ဖျာ"**ဟု ခေါ်သည်၊ ဦးခေါင်းပေါ်တွင် တင်ရွက်ထားသည့် သင်္ကန်းတွင်လည်း ပန်းများ စိုက်ထိုးရသေးသည်၊ ယင်းပန်းကို **"သင်္ကန်းပန်း"**ဟု

ခေါ်သည်၊ သင်္ကန်းတွင် စိုက်ထိုးသည့် ပန်းများမှာ များသော အားဖြင့် စက္ကူဖြင့် ပြုလုပ်ထားသော ပန်းများသာ ဖြစ်လေသည်၊ ထန်း အုန်းညွန့်ညို၊ ကုက္ကို နေဇာ၊ အင်္ဂါချရား၊ ပတ္တမြား ညွန့်ထီး၊ သပြေသီးဟု၊ ပန်းကြီးအမြွတ် ခုနစ်ရပ်ကို သင်္ကန်းတွင် မစိုက်ထိုးကြခြင်းကား အစွန်းထင်နိုင်သောကြောင့် ဖြစ်သည်။

❖ ❖ ❖



ကွမ်းနှင့်မြန်မာ

## ၄၁။ ကွမ်းနှင့် မြန်မာ

“တံတားဦးက ကွမ်းနုဝါ
ငမြာက ဆေး။ ။
ကွမ်းသီး တောင်ငူနဲ့
ကိုင်း ထုံးဖြူ ပြည်ရှား
သာ ဝါးလို့ထွေး။ ။”

မြန်မာပြည်သူတို့ကား ကွမ်းကို အလွန်နှစ်ခြိုက် စွဲလမ်းကြချေသည်၊ ကွမ်းကို နှစ်ခြိုက်ကြလွန်း၍ **“ထမင်းမစားပဲ နေနိုင်သည်၊ ကွမ်းမစားပဲ မနေနိုင်”**ဟု ရင့်ကျူးသော မြန်မာကြီးများပင် ဒုနှင့်ဒေး ရှိချေသည်၊ ကွမ်းကို နှစ်ခြိုက်စွဲလမ်းကြရကား လူကုံထံ ကြေးရတက်နှင့် ဝန်ကြီး တံတိုင်းကြီးများသည် နောက်ပါ ကွမ်းရေတော်ကိုင်များ ခန့်ထားကာ သွားလေရာရာ အရပ်တိုင်းသို့ ကွမ်းအစ်ကြီးငယ်များ ဆောင်ကြဉ်းသွားလာလေ့ ရှိကြသည်။



ဆင်းရဲသား ကျေးလက်လူတန်းစားများကလည်း အညှံ့မခံချေ၊ သွားလေရာရာ အရပ်တိုင်းတွင် အဆင်းရဲ အပင်ပန်းခံကာ ကိုယ်ထူကိုယ်ထစနစ်ဖြင့် ကွမ်းအစ်ကြီးငယ်များ ဆောင်ကြဉ်းသွားလာကြသည်သာ ဖြစ်သည်။

ဤသို့ ဤနှယ် ကွမ်းကို ခင်တွယ်ရှာကြသော မြန်မာပြည်သူများသည် မိမိတို့ လုပ်ငန်းချိန်တာကိုပင် **“ကွမ်းတစ်ယာညက်ခန့်”**ဟူသော စကားလုံးဖြင့် သတ်မှတ် ပိုင်းခြားနိုင်ခဲ့ကြလေသည်၊ ကွမ်းတစ်ယာညက်ခန့်ဟု အချိန်ကို သတ်မှတ်ပိုင်းခြားလိုက်ရုံမျှဖြင့် ကွမ်းကြိုက်ကြသည့် မြန်မာကြီးတိုင်းက လုပ်ငန်းချိန်တာ၏ အနှေးအမြန်ကို သိရှိနားလည်ပြီး ဖြစ်နေကြသည်။

ဤကား ကွမ်းစားခြင်း၏ အနှစ်သာရအများတွင် သာမန်အနှစ်သာရ တစ်ခုမျှသာ ဖြစ်ချေသည်၊ မြန်မာပြည်သူတို့ ကွမ်းကို နှစ်ခြိုက်စွဲလမ်းကြသည်ဟု ဆိုစေကာမူ ကွမ်းမည်ကာကို မနှစ်ခြိုက် မစွဲလမ်းကြ၊ ကွမ်းတွင်လည်း တံတားဦးက ကွမ်းကိုမှ နှစ်ခြိုက်စွဲလမ်းကြသည်၊ ဆေးတွင်လည်း ဆေးမည်ကာကို မနှစ်ခြိုက် မစွဲလမ်းကြ၊ ဆေးသားထူ၍ အကျော်ပါးသော ငမြာကြီးက ဆေးကိုမှ နှစ်ခြိုက်စွဲလမ်းကြသည်။

ကွမ်းသီးတွင်လည်း ကွမ်းသီးမည်ကာကို မနှစ်ခြိုက် မစွဲလမ်းကြ၊ အရသာရှိ၍ ချိုဆိမ့်သော တောင်ငူကွမ်းသီးကိုမှ နှစ်ခြိုက်စွဲလမ်းကြသည်၊ ထုံးတွင်လည်း ဖြူဆွတ်၍ ညက်ညောသော စစ်ကိုင်းက ထုံးကိုမှ နှစ်ခြိုက်စွဲလမ်းကြသည်၊ ရှားစေးတွင်လည်း နီမြန်း၍ရင့်သော ပြည်က ရှားစေးကိုမှ မြန်မာများ

ခံတွင်းတွေ့သည်၊ ဖော်ပြပါ ကျေးလက်တေးကဗျာကား မြန်မာတို့၏ ကုန်းဘောင်ခေတ် ကွမ်းယာကောင်းတစ်ခုကို နည်းပေးလမ်းညွှန်သကဲ့သို့ ရှိချေသည်။

"နုတ်ချေနံ့မှန်၊ ဖုံးမသိန်နှင့်၊ ရေစိမ်ချပ်လွှာ၊ ဖာလာ
မှည့်ခိုင်၊ ကြိုင်ကြိုင်ငေ၊ ရှားစေးနံ့လွတ်၊ ကျောက်ထုံးခတ်
လျက်၊ သူမြတ်စားတမ်း၊ သစ်ထက်ကွမ်းလည်း၊ နူတ်ခမ်း
သွားချောင်း၊ ဧွးဧွးမောင်းမျှ၊ သူကောင်းဘာသာ၊
ရောင်ဝါမပျက်၊ ပြုလျက်နေကြ၊ ဆုံးစေမျှလျှင်"[၁]

အသျှင်အဂ္ဂသမာဓိ၏ သစ်ထက်ကွမ်းဖွဲ့ ဖြစ်သည်။

အရည်ဝါသီ တောရမှီသည့် ပုဂ္ဂိုလ်များသည်ပင် ကွမ်းကို လက်မလွှတ်နိုင်၊ တောထဲတွင် ကုန်းဘောင်ခေတ်ကဲ့သို့သော ကွမ်းယာ၏ အဆင်အပြင်များ အလွယ်တကူ မရရှာကြ၊ နီမြန်းရင် ပြီးရော့၊ ရရာကို ကွမ်းအဖြစ် ဝါးကြရသည်။

ဖုံးမသိန်နှင့် ပါးပါးချပ်ချပ် လွှာထားသော ဖာလာသီးများတွင် ကျောက်ထုံးများ ထည့်၍ ရှာစေးမပါ ဗလာနတ္ထိ ဝါးကြရသည်၊ ယင်းသစ်ထက်ကွမ်းသည် ရှားစေး မပါသော်လည်း နူတ်ခမ်းနှင့် သွားများကိုကား ကောင်းစွာ နီးမြန်းစေနိုင်သည်၊ အသျှင်အဂ္ဂသမာဓိ၏ အဆိုအမိန့်ကား အင်းဝခေတ်၏ တောစရိုက်အလိုက်ဘာသာ ကွမ်းယာတစ်ခုကို ပြညွှန်းသကဲ့သို့ ရှိချေသည်။

"ကွမ်းအစ်ကြီး နီတာရဲနှင့်
ကြမ်းပြင်မှာ တူပျော်

၁။ သုဝဏ္ဏသျှ မြှားပစ်ခန်းပျို့၊ ပိုဒ်- ၅၂။



သာဘော်တို့ တူအရီး။
တွေ့မရှောင် အကုန်စားတယ်
ဖျားတဲ့ ခင်ကြီး"

ရှေးခေတ်ကသော် ကျေးလက်ဒေသ၌ ဖြစ်စေ၊ မြို့ကြီးရပ်ကြီး၌ ဖြစ်စေ၊ အိမ်သာလို့ ဧည့်ရောက်လာရင် အိမ်ရှင်များက ကွမ်းအစ်ဖြင့် တည်ခင်းဧည့်ခံတတ်ကြသည်။ ဧည့်သည်လာပြီဆိုရင် ရှေးဦးစွာ ဧည့်စားပွဲရောက်နှင့် နေသော အိမ်သားကား ကွမ်းအစ်ဖြစ်သည်။

ဧည့်လာတိုင်း ကွမ်းအစ်ဖြင့် ကြိုဆိုဧည့်ခံရသည်မှာ မြန်မာတို့အဖို့ မဆန်း၊ မဆန်းသည်နှင့်အမျှ မြန်မာတို့အဖို့ ရိုးလည်းမရိုးနိုင်ချေ၊ ရောက်လာသည့် ရွှေဧည့်သည်ကလည်း ရွှေဗမာဖြစ်သည်အလျောက် ကွမ်းစားမှ နေသားကျသည်ဟု ခံယူကာ ကွမ်းကို တစ်ရွက်မက နှစ်ရွက် သုံးရွက်ထပ်၍ပင် စားလိုက်ချေသေးသည်။ ယင်းသို့ ကွမ်စားသန်လှသော ရွှေဗမာများ သတိရဆင်ခြင်တတ်ရန် ဗန်းမော်ဆရာတော်က သရော်စာ စပ်ခဲ့ခြင်းဖြစ်သည်။

"မချီးမမြှင့်၊ မပင့်မမြှောက်၊ မထောက်မလှမ်း၊ ကွမ်းတစ်
ယာမျှ၊ မပို့သသော်၊ လောကဖွယ်ရာ၊ မလွတ်ပါဘူး၊
မေတ္တာမ ဝင်၊ ထဲမခင်လည်း၊ ပြင်လောကဝတ်၊ မချွတ်
သင့်ဘူး"[၁]

၁။ ကုသပျို့၊ ပိုဒ်ရေ - ၃၇၁။

ကွမ်းယာအပေါ် မုံရွေးဆရာတော်၏ ခံယူချက် ဖြစ်သည်။ ကွမ်းယာကို နှစ်ခြိုက်စွဲလမ်းကြသော မြန်မာတို့ဝန်းကျင်တွင် ကွမ်းသည် မေတ္တာ၏ စေတမန်ပင် ဖြစ်ခဲ့ချေပြီ၊ ကွမ်းတစ်ယာမျှ ဝေငှလိုက်ရုံဖြင့် တစ်ဦး၏ မေတ္တာစေတနာသည် အခြားသူတစ်ဦးသို့ မေတ္တာစေတနာများ ရောင်ပြန်ထင်ဟပ်စေနိုင်ခဲ့လေသည်။

မချိုးမဖြင့်၊ မပင့်မမြှောက်၊ မထောက်မလှမ်း၊ ကွမ်းတစ်ယာမျှ မပို့သသော် **"မေတ္တာမဝင် မချစ်ကြင်"**ဟု မြန်မာတို့တတွေ ဆိုတတ်လာသည်၊ **"မေတ္တာမပါ အကြင်နာကင်း ချစ်ခြင်းမရှိ"**ဟု မြန်မာတို့တတွေ အသည်းနာတတ် လာသည်။

မေတ္တာမဝင် စိတ်ထဲက မခင်လင့်ကစား ကွမ်းတစ်ယာမျှ တည်ခင်းကာ လေကဝတ်ပြုရုံဖြင့် တစ်ဦးမေတ္တာ တစ်ဦးမှာ ရောက်လာစေနိုင်သည်ကား မြန်မာပြည်သူတို့ အသဲစွဲ ကွမ်းယာ ဖြစ်သည်။

ဤမျှ လေးနက်သော လူ့သဘောကို ဖော်ဆောင်နိုင်စွမ်း၍ မေတ္တာပေါင်းကူး ချစ်ရည်လူးစေသော ကွမ်းယာသည် ဗုဒ္ဓဘာသာ မြန်မာပြည်သူတို့၏ ရှင်ပြုမင်္ဂလာတွင် မေတ္တာတမန်တော် စစ်စစ်ကြီး ဖြစ်ခဲ့ပြီ၊ ရှေးမြန်မာကြီးများသည် ရတနာပုံကုန်းဘောင်ခေတ်များကဲ့သို့ မေတ္တာစာများ ရေးဖွဲ့၍ ရှင်ပြုမင်္ဂလာ မဖိတ်ကြားခဲ့ကြ။

မေတ္တာ၏ စေတမန်၊ မေတ္တာ၏ အထိမ်းအမှတ်ဖြစ်သော ကွမ်းယာဖြင့် ရှင်ပြုမင်္ဂလာ ဖိတ်ကြားခဲ့ကြသည်။ ကွမ်းတစ်ယာကမ်းလိုက်ရုံမျှဖြင့် ရှင်ပြုမင်္ဂလာသို့ ကြွရောက်၍ သာဓုအနုမောဒနာ ခေါ်ဂါမည့်အကြောင်း နှစ်ဦးနှစ်ဝလုံးကပင် လက်ခံနားလည်ပြီး ဖြစ်တော့သည်၊ မြန်မာပြည်သူတို့ ကွမ်းယာကား ချစ်စရာကောင်းလှတော့သည်။

ရှေးမြန်မာကြီးတို့၏ ပေါရာဏစကားစုတွင် **"ကွမ်းထည့်"** ဟူသော စကားလုံး တစ်ခုရှိသည်၊ ယင်း၏အဓိပ္ပာယ်မှာ **"မိမိလူ"** ဟု သတ်မှတ်လိုက်ခြင်း ဖြစ်သည်၊ မိမိလူ သို့မဟုတ် လူရင်းဟု သတ်မှတ်ခြင်းကို ရှေးမြန်မာကြီးများက **"ကွမ်းထည့်"**ဟု ခေါ်ခဲ့ခြင်း ဖြစ်သည်၊ ကွမ်းထည့်ဟူသော ပေါရာဏ စကားလုံးသည် ဗုဒ္ဓဘာသာ မြန်မာပြည်သူတို့၏ ရှင်ပြုမင်္ဂလာမှ ပေါက်ဖွားလာသည်ဟုဆိုသော် လွန်အံ့မထင်ချေ။

"မင်းခေါင်လက်ထက်၊ ပျို့ရှယ်သက်က၊ ဝမ်းထွက်စတေ၊
မှတ်သောထွေဖြင့်၊ စာပေသင်ကာ၊ နေလှည့်ရာတွင်၊
ထည့်လာကွမ်းပန်၊ သိမ်းမြန်ကျောင်းကန်၊ အမွှန်အွန်နှင့်"[၁]

ရှင်မဟာရဋ္ဌသာရ၏ ဆရာဖြစ် ရက်ချုပ်မှတ်တမ်း ဖြစ်သည်။ ဘုရင်မင်းခေါင်သည် ရှင်မဟာရဋ္ဌသာရ စာသင်နေစဉ်မှာပင် ကွမ်းထည့်ခြင်းဖြင့် မိမိဆရာအဖြစ် သတ်မှတ်နိုင်ခဲ့သည်၊ ရှင်ပြုမင်္ဂလာ ဖိတ်ကြားရာတွင် ကွမ်းကမ်း၍ ဖိတ်ကြားကြသည်ကို မြန်မာနိုင်ငံ အထက်အညာဒေသ အချို့သော ကျေးရွာတွင် တွေ့မြင်နိုင်သေးသည်။

ယခုကဲ့သို့ ဖွံ့ဖြိုးတိုးတက်သော မြန်မာ့လူမှုဓလေ့တွင် ရှင်ပြုမင်္ဂလာ ဖိတ်ကြားရာ၌ ယွန်းဗျပ်ဖြင့် ဖိတ်ကြားခြင်း,

---

၁။ ---------------------

လက်ကိုင်ပဝါဖြင့် ဖိတ်ကြားခြင်း, မျက်နှာသုတ်ပုဝါဖြင့် ဖိတ်ကြားခြင်း, ဓမ္မစာအုပ် စာတမ်းများဖြင့် ဖိတ်ကြားခြင်းများသည် ရှေးမြန်မာကြီးများ ကွမ်းယာဖြင့် ရှင်ပြုမင်္ဂလာ ဖိတ်ကြားခြင်းတည်းဟူသော အတိတ်၏ အရိပ်ကို ထင်ဟပ်စေနိုင်ဆဲရှိသည်ဟု ဆိုနိုင်ပေသည်။

❖ ❖ ❖





ရှင်ပြုမင်္ဂလာနှင့် ကွမ်းတောင်ပန်းတောင်

## ၄၂။ ရှင်ပြုမင်္ဂလာနှင့် ကွမ်းတောင်ပန်းတောင်

မြန်မာ့လူမှုလောကတွင် ကွမ်းတောင်ပန်းတောင်ကား အထူးရေပန်းစားလှသည်၊ ယင်းသို့ ဆိုရခြင်းထက် ကာလသမီး ကာလသားလောကတွင် အထူးရေပန်းစားလှသည်ဟု ဆိုကပို၍ သဘာဝကျပေမည်၊ ကာလသမီးများသည် ကွမ်းတောင်ကိုင် အမျိုးသမီး လုပ်ရသည်ကို နှစ်ခြိုက်ကြသကဲ့သို့ ကာလသားများကလည်း ကွမ်းတောင်ကိုင် အမျိုးသမီးကို နှစ်ခြိုက်စွဲလမ်းကြသည်။

ကွမ်းတောင်ပန်းတောင်ကိုင်ဆောင်ရသော အမျိုးသမီးသည် အမရာ, ကိန္နရီ, မဒ္ဒီ, သမ္ဘူလ တော်လေးဝတို့ကဲ့သို့ လူမကနတ်မမျှ ချောမောလှပသော အပျိုတော် မိန်းကလေး ဖြစ်ရသည်၊ ထို့ကြောင့်လည်း အမျိုးသားများက နှစ်ခြိုက်စွဲလမ်းကြခြင်း ဖြစ်သည်။

သမီးပျို ရှိသော အလှူ့ဒါယကာများသည် ရှင်ပြုမင်္ဂလာပွဲတွင် မိမိ၏ သမီးပျိုကို ကွမ်းတောင်ပန်းတောင် ကိုင်ဆောင်



စေခြင်းဖြင့် ဖူးစာဖက် ကြော်ငြာ ကမ်းလေ့ မရှိကြချေ၊ အကြောင်းသော်ကား ကွမ်းတောင်ပန်းတောင် ကိုင်ဆောင်ရသော အမျိုးသမီးများသည် ရှင်လောင်း၏ ရည်းစားသနံ အဖြစ် သရုပ်ဆောင်ရသောကြောင့် ဖြစ်သည်၊ အချို့ အမျိုးသမီးများမူကား တကယ့် ရည်းစားသနံပင် ဖြစ်နေတတ်ချေသေးသည်။

ကွမ်းတောင် ပန်းတောင် ကိုင်ဆောင်ရမည့် အမျိုးသမီးသည် အချောဆုံး အလှဆုံး ဖြစ်ရမည့်အပြင် အဖြူ အနီ ခြယ်စီ မျက်မြတ် ရွှေပွတ်ချူကုံး ယကင်ထုံးလျက် ကိုယ်လုံးတန်ဆာ ရှုရာမငြီး ပျံလုနီးမျှ ခြယ်သကြရသည်၊ ပြင်ဆင်ကြရသည်၊ ထို့ကြောင့်လည်း ကွမ်းတောင်ကိုင် အမျိုးသမီးကို မြန်မာတွေက **"အလှကေရီ"**ဟု အသိအမှတ် ပြုထားခြင်း ဖြစ်သည်၊ ကွမ်းတောင်ကိုင် အမျိုးသမီးတွင် အပျိုရံများလည်း ပါကြရသေးသည်၊ ယင်းအပျိုရံ အမျိုးသမီးများသည်လည်း ရိုးရိုးဝတ်စားပြင်ဆင်၍ ကွမ်းတောင်ပန်းတောင်ကိုပါ ကိုင်ဆောင်လိုက်ပါကြရသည်။

ကွမ်းတောင်ပန်းတောင် ကိုင်ဆောင်သော အမျိုးသမီးများ လိုက်ပါရမည့်နေရာကိုလည်း "ကွမ်းတောင် ပန်းတောင်၊ ကိုင်ဆောင်ပျိုများ၊ ရှေ့ကထား၍"ဟူသော စာပိုဒ်ဖြင့် လမ်းညွှန်ထားသည်၊ ရှင်လောင်းလှည့်ရာတွင် ကွမ်းတောင် ပန်းတောင်ကိုင်ဆောင်သော အမျိုးသမီးများကို ရှေ့ဆုံးကထား၍ **"ရှင်လောင်းလှည့်ရမည်"**ဟု လမ်းညွှန်ထားခြင်း ဖြစ်သည်၊ သို့ရာတွင် တစ်ဦးခေါင်း တစ်ပညာ၊ တစ်ကျောင်း တစ်ဂါထာ၊ တစ်ရွာ

တစ်ပုဒ်ဆန်း ဟူသကဲ့သို့ တစ်ဒေသနှင့်တစ်ဒေသ လူမှုယဉ်ကျေးမှုတွင် ခံယူကျင့်သုံးမှုခြင်း ခြားနားချက် အနည်းငယ်မျှစီ ရှိတတ်ကြသည်။

မည်သို့ရှိစေ၊ ဤနေရာတွင် ဆီလျော်အံ့ ထင်သည်ကိုသာ တင်ပြလိုသည်၊ ရှင်ပြုမင်္ဂလာ ဝင်းခင်း၍ ရှင်လောင်းလှည့်ရာတွင် ရှင်လောင်း၏ရှေ့တွင် ဝင်းတစ်ဝင်းရှိ၍ ရှင်လောင်း၏နောက်တွင် ဝင်းတစ်ဝင်း ရှိရပေမည်၊ ရှေ့ရှိ ဝင်းကို **"ရှေ့ဝင်း"**ဟု ခေါ်ဝေါ်၍ နောက်ရှိ ဝင်းကို **"နောက်ဝင်း"**ဟု ခေါ်ဝေါ်သည်၊ ကွမ်းတောင် ပန်းတောင် ကိုင်ဆောင်ကြသော အမျိုးသမီးများကို ရှင်လောင်း၏ ရှေ့ဝင်းထိပ်တွင် မထားပဲ ရှင်လောင်း၏ နောက်ဝင်း ထိပ်တွင် ထားရှိရမည်ကို **"မိတ်ဆက်ကွမ်းတောင်၊ ကိုင်ဆောင်ပျိုများ၊ ရှေ့ကထား၍"**ဟု မိန့်ဆိုခြင်း ဖြစ်သည်၊ ယင်းသို့ထား၍ ရှင်လောင်းလှည့်ခြင်းကသာလျှင် မြန်မာဓလေ့ထုံးတမ်းနှင့် ဆီလျော်အံ့ ထင်ပေသည်။

"ရာဇကိုက်ကယ်နဲ့ မေ
လာလိုက်ခဲ့ အပျိုတွေ
စိန်ဘီးနဲ့ နားကပ် ဝေတယ်
တယ်လို့ပင် ယဉ်တဲ့ သူပေလေး
ဗျာတို့လေး"

ရှင်လောင်းလှည့်ရာတွင် သီဆိုလေ့ရှိသော ကျေးလက်တေး တစ်ပုဒ်ဖြစ်သည်၊ ရှိုးလိုက်ရတု ဆိုသူက နောက်သို့လှည့်၍ မဟာဆန်လှသော ကွမ်းတောင်ကိုင် အမျိုးသမီးကို စလိုက်ခြင်း



ဖြစ်သည်၊ **"ရာဇကိုက်"**ဟူသည် မင်းတုစိုးတန် ဝတ်စားဆင်ယင်ထားခြင်းများကို ဆိုလိုသည်။

နောက်ကလိုက်မှန်း သိလျက် **"လာလိုက်ခဲ့"**ဟု တမင်သက်သက် နောက်ပြောင် ကျီစားထားခြင်း ဖြစ်သည်၊ ယင်းအချိုးသည် ကွမ်းတောင် ပန်းတောင် ကိုင်ဆောင်လိုက်ပါရသော အမျိုးသမီးများ ရှေးအထက်ကာရီကပင် မောင်ရှင်လောင်း နောက်မှ လိုက်ပါရသည်ဟူသော ယုတ္တိဗေဒတစ်ရပ်ကို ထူထောင်စေနိုင်ခဲ့သည်။

"မကြည်တဲ့နှလုံး၊ မပြုံးတဲ့ မျက်နှာ
မြင်းပေါ်က မောင်ရင်လောင်း
ငဲ့စောင်းလို့ ကြည့်သောခါ...
ကညာလုံ ကြာမုံညွှတ်ဟာဖြင့်
ယမ်းယောင်ကာ ကွမ်းတောင်လွတ်တဲ့ပြင်
မတွယ်တာ ဆယ်ခါ လွှတ်မယ်တဲ့
ဒေါ်ချိုချို ပြောဆိုရွှတ်လေပေါ့
စိုစွတ်တဲ့ မြမျက်ရည်
လည်တယ်လို့ မဆုံး"

ဆရာမင်းသုဝဏ်၏ ပြောသံကဗျာမှ အချို့သော စာပိုဒ်များ ဖြစ်သည်၊ တောင်ကုန်းရွာ ဦးရေချမ်း၊ ဒေါ်ရွှေမေတို့၏ ရှင်ပြု မင်္ဂလာပွဲကြီးကို ရှုမြင်ခဲ့ရရာမှ မင်းသုဝဏ်၏ နှလုံးသားသည် ဤမည်သော ကဗျာကို ပေါက်ဖွားပေးခဲ့ခြင်း ဖြစ်သည်၊ မင်းသုဝဏ်၏ နိမိတ်ပုံတွင် ထင်ရှားသော နိမိတ်ကောင်းများမှာ

ရှင်လောင်းနှင့် ကွမ်းတောင်ကိုင် ဖြစ်သည်၊ ရှင်လောင်း၏ နောက်တွင် ရည်းစားသနံဖြစ်သော ကွမ်းတောင်ကိုင် အမျိုးသမီး ရှိနေချေသည်၊ ယင်းသို့သော သိင်္ဂါရ ရသများကို တောင်ကုန်း ရွာက ခံစားစေခဲ့ခြင်း ဖြစ်သည်။

နောက်လှည့်၍ ငှဲစောင်းကြည့်ခြင်း, ပြောင်လှောင်ခြင်း, ခွန်းစခြင်း, သောကလှိုက်ဖို ဒေါမာန်ပို၍ ငိုယိုခြင်း စသော ဗျာဘိစာရီ ဘာဝများသည် ရှင်လောင်းနှင့် ကွမ်းတောင်ကိုင် နီးနားခြင်း၏ အဓိပ္ပာယ်ကို ဖော်ဆောင်ပေးနိုင်ခဲ့သည်၊ ထို့ကြောင့် ကွမ်းတောင်ကိုင်ကို ရှင်လောင်း၏နောက်တွင် ထား၍ ရှင်လောင်း လှည့်ခြင်းကသာ မြန်မာ့လူမှုဓလေ့နှင့် ကိုက်ညီပေမည်။

**"မိတ်ဆက် ကွမ်းတောင်"**ဟူသော စာပိုဒ်ကို စောကြော ရအံ့ထင်သည်၊ ကွမ်းတောင် ပန်းတောင်က အဘယ်သို့လျှင် မိတ်ဆက်ပါသနည်း ဟူငြားအံ့၊ ကွမ်း၏ အရေးပါအရာရောက် လှပုံကို ရေလည်အောင် တင်ပြခဲ့ပြီး ဖြစ်သဖြင့် ဤနေရာတွင် ဤသို့သော စောကြောချက်ကို ပေယျာလကန် ဝကွက်၍ ချန်ချင်သည်၊ သို့ရာတွင် ကွမ်း၏ အရေးပါ အရာရောက်လှပုံကို မေ့ပျောက် ကျန်ရစ်သူတို့အတွက် ထပ်ဆင့် အဖြေပေးရပါမူ၊ **"မြန်မာတို့ ဘဝဇာတ်ခုံတွင် မေတ္တာ၏ တမန်တော် ဖြစ်သော ကွမ်းတောင်ကို ကိုင်ဆောင်ပြသလိုက်ခြင်းဖြင့် သင်တို့အားလည်း အောက်မေ့တတ အမှတ်ရပါသည်"**ဟူပေ၏။

သို့ဆိုလျှင် အဘယ်သို့သော အရာကို ကွမ်းတောင်ဖြစ်



သည်ဟု စောကြောကြစို့၊ ယနေ့ မျက်မှောက်ခေတ် လူငယ် လူရွယ် အားလုံးလိုလိုပင် မြန်မာမှု မြန်မာ့ဟန်များနှင့် မိုင်သန်း ပေါင်းများစွာ ဝေး၍ဝေး၍ ကျန်ရစ်နေခဲ့ချေပြီ၊ မြန်မာမှု မြန်မာ့ဟန် စစ်မှန်သော ကွမ်းတောင်ပန်းတောင်များနှင့် အလှမ်း တော်တော်ဝေး၍ ဝေး၍ ကျန်ရစ်နေခဲ့ချေပြီ။

ယင်းသို့ရှိစဉ် မျက်မှောက်ခေတ် လူငယ် လူရွယ်ထု၏ အသည်းနှလုံးတွင် ဖျောက်ဖျက်မရသော အမှတ်အသားတစ်ခု စွဲထင်ကျန်ရစ်နေသည်ကိုပင် ကျေးဇူးတင်ဖွယ် ကောင်းနေပေ သေးသည်၊ ယင်း အမှတ်အသားကား ရှင်ပြုမင်္ဂလာ၏ သမီးပျို **"ကွမ်းတောင်ကိုင်"**ဖြစ်သည်။

အချို့သော လူငယ်များက မှန်စီရွှေချ ကွမ်းအုပ်ကို "ကွမ်းတောင်"ဟု မှတ်သားမိ၍ မှန်စီရွှေချ ဟင်္သာရုပ်ကို "ပန်း တောင်"ဟု အမှတ်မှားလျက် ရှိနေကြသည်၊ အချို့လူငယ် များကလည်း အတုအပ ပြုလုပ်ထားသော မှန်စီရွှေချ ကွမ်း တောင် ပန်းတောင်ကိုပင် ကွမ်းတောင် ပန်းတောင် အစစ်ဟု အမှတ်မှားနေကြပေပြီ။

ယနေ့ မျက်မှောက်ခေတ် လူငယ် လူရွယ်ထု၏ အမှတ် အသားနှင့် မြန်မာမှု မြန်မာ့ဟန် စစ်မှန်သော ကွမ်းတောင် ပန်းတောင်တို့သည်ကား ဤသို့လျှင် မိုးနှင့် မြေကြီးပမာ အလှမ်းကွာလျက် ရှိချေပြီ။

မြန်မာမှု မြန်မာ့ဟန် စစ်မှန်သော ကွမ်းတောင်ပန်းတောင် များသည် **"ကွမ်းတောင် ပန်းတောင်"**ဟူသော အနွတ္ထသညာ

အရ ပုဂံ အင်းဝ စသော ခေတ်များတွင် ကွမ်းစစ် ပန်းစစ်များဖြင့် ပြုလုပ်ကောင်း ပြုလုပ်ကြမည် ဖြစ်သော်လည်း ကုန်းဘောင်ခေတ်တွင်မူ ငှက်ပျော်ဖက်ရွက်များဖြင့် ပြုလုပ်သည်ကို လေ့လာတွေ့ရှိရပေသည်၊ ကွမ်းတောင်ကို မပြသမီ ကွမ်းတောင်၏ အဓိပ္ပာယ်ကို နားလည်ရန် လိုအပ်လာသည်။

"နှုန်းနှုန်းမပြင်၊ နီးဝေးထင်သည်၊ ပန်းတင်ခုံနေ၊
ပြစ်ပြေ တင့်ခေါင်၊ ကွမ်းတောင် ဖြိုးမောက်၊ သပိတ်
မှောက်ထက်၊ လျှံတောက်တင့်ဆုံး၊ ဖောင်းလုံးကြားပြန်၊
တွန့်နားလန်နှင့်"[၁] နဝဒေးကြီး အဆိုအမိန့်ဖြစ်သည်။

**"ကွမ်းတောင်"**ဟု ခေါ်ဆို ခြင်းသည် ကွမ်းကိုတောင်ကဲ့သို့ မို့မောက်မြင့်တက်လာအောင် ပြုလုပ်ခြင်းကို "ကွမ်းတောင်" ဟု ခေါ်ဆိုခြင်း ဖြစ်သည်၊ စေတီတော်တွင်လည်း မို့မောက်မြင့်တက်သော သပိတ်မှောကို **"ကွမ်းတောင်"**ဟု ဖော်ညွှန်းလိုသည်။

"ဖက်ခွက်ချောအောင်၊ ငှက်ပျော်သူငယ်စာ၊ အရွက်မှာ
လည်း၊ တစ်ရာကျော်လောက်၊ မပေါက်မပွဲ၊ မရွဲ့တဲ့ဟာ၊
တချို့ဝါ တချို့စိမ်း၊ ခပ်သိမ်းစုံပါအောင်၊ ကောင်းရာကို
ရွေးခဲ့ရမည်။ ကြပ်မတ်ဆောင်ရွက်၊ ဖက်ခွက်ခုနစ်ခုကို၊
မိန်းမနု ခုနစ်ယောက်၊ စိတ်ပေါက်ခိုက်ကို၊ အကြိုက် ထိုး
ကြလေသည်မှာ ဘယ်နှစ်မြောင့် ဘယ်နှစ်ထောင့်၊
အကောက်ပုံပန်း၊ အဆန်းမူလပြလျှင် ကျယ်တော့မည်"

---

၁။ နဝဒေးကြီးဆို "မြေကြီးကသာ" ချီရတု။



"ပန်းဝါနုထွတ်၊ ကျွတ်ကျွတ်ရွတ်လျက်၊ တစ်ရွက်နှင့်
တစ်ရွက်ကို၊ ပြက်အတူတူ၊ ဖြူတခြမ်း ဝါတခြမ်း၊
ဝန်းဝန်းချင်း၊ မဝန်းချင်း၊ ချွန်းချင်းညီစေ၊ အထွေထွေ
ရှိမည်ကြောင့်၊ မျက်စိနှင့် ချင့်ကာ၊ မသိသာလျှင်၊
တောင်တာ လက်သစ်နှင့်၊ စနစ်ကို တိုင်းပြန်ရ၏"[၁]

ကုန်းဘောင်ခေတ်စာဆို ရွှေတောင်နန္ဒသူ၏ ကုန်းဘောင်ခေတ် ကွမ်းတောင်ဖွဲ့ ဖြစ်သည်၊ ပုဂံ အင်းဝ စသော ခေတ်များဆီက သုံးစွဲခဲ့သော ကွမ်းတောင်များကို ပီပီပြင်ပြင် မတွေ့ရလင့်ကစား ကုန်းဘောင်ခေတ်တွင် သုံးစွဲခဲ့သော ကွမ်းတောင်၏ ရုပ်ဘဝကိုကား ပီပီပြင်ပြင် တွေ့မြင်ရပေသည်။ ကုန်းဘောင်ခေတ် ကွမ်းတောင်များသည် ရွှေတောင်နန္ဒသူ ဆိုမိန့်သကဲ့သို့ ကွမ်းအစစ်များဖြင့် ပြုလုပ်ခြင်း မဟုတ်ပဲ ငှက်ပျောဖက်ဖြင့် ပြုလုပ်သော ကွမ်းတောင်များသာ ဖြစ်သည်။

ငှက်ပျောဖက်များဖြင့် ပြုလုပ်ခြင်းကြောင့် ကွမ်းတောင်ပြုလုပ်သည်ကို ရှေးအထက်ကာရီက **"ဖက်ခွက် ထိုးသည်"**ဟုပင် ခေါ်စမှတ် ပြုခဲ့ကြသည်။ အတုအပကို ဂုဏ်ခံ၍ အစစ်အမှန်ကို ပုန်ကန်ချင်ကြသော ယခုကဲ့သို့သော ခေတ်များတွင် မှန်စီရွှေချ ကွမ်းတောင်ကိုမှ **"ကွမ်းတောင် အစစ်"**ဟု တွေးထင်နေကြချေပြီ၊ သို့ရာတွင် အများအတွက် အားတက်စရာ အချက်ကား အတုအပကို ဂုဏ်ခံ၍ အစစ်အမှန်ကို ပုန်ကန်လိုကြသော မျက်မှောက်ခေတ်ကြီးတွင် စစ်ကိုင်းတိုင်း စစ်ကိုင်းမြို့နယ်

---

၁။ ငွေတောင်ရကန်၊ ပိုဒ်– ၇။

ဝါးချက်ရွာသူတို့က အတုအပကို ပုန်ကန်၍ အစစ်အမှန်ကို ဂုဏ်ခံကာ ပန်းပန်လျက် ရှိသော အချက်ဖြစ်သည်။

ဝါးချက်ရွာသူတို့သည် မိမိတို့ ရှင်ပြုမင်္ဂလာတွင် မှန်စီရွှေချ ကွမ်းတောင် အတုအပကို အသုံးမပြုပဲ မြန်မာရိုးရာအစဉ်အလာအားဖြင့် သုံးစွဲခဲ့သော ငှက်ပျောဖက်ထိုး ကွမ်းတောင်ကိုသာ ယနေ့တိုင် စွဲကိုင်အသုံးပြုလျက် ရှိပေသည်၊ ထို့ထက် ဝမ်းသာရသောအချက်ကား ဝါးချက်ရွာတွင် ကွမ်းတောင်ထိုးတတ်သော ကွမ်းတောင်လက်တတ်ကြီးများ ယနေ့တိုင် ထင်ရှားရှိနေသေးသော အချက်ဖြစ်သည်၊ ကွမ်းတောင်ပြုလုပ်ပုံမှာ အနာအဆာလွတ်သော ငှက်ပျောဖက် အရောင်အမျိုးမျိုးရအောင် ရှာရသည်၊ ရရှိသော ငှက်ပျောဖက်များကို အနံတစ်လက်မ၊ အလျားရှစ်လက်မ အရွယ်ရှိ အစိတ်များပြုလုပ်ရသည်၊ စိတ်ဖြတ်ထားပြီး ငှက်ပျောဖက်စိတ်များကို တစ်ခုချင်း အလယ်တည့်တည့် ချိုးရပြန်သည်၊ ယင်းနောက် ချိုး၍ ကျိုးနေသော နေရာကို ဗဟိုပြု၍ လက်ဝဲလက်ယာ အစနှစ်စစီကိုင်ကာ ထပ်မံချိုးထားရပြန်သည်၊ ယင်းသို့ ချိုးလိုက်လျှင် တစ်ဖက်တွင် အစနှစ်စ စုံထွက်သွား၍ အခြားတစ်ဖက်တွင် မြားကဲ့သို့ ချွန်ထွက်သွားသည်ကို တွေ့ရှိရမည်။

ယင်းအဆင့်တွင် လန့်လန့်ဖြတ်နေသည့် ဘက်ကို "**ကျော**"ဟု မှတ်သား၍ အခြားတစ်ဖက်ကို "**ရင်**"ဟု မှတ်သားရသည်၊ တစ်ဖန် အစနှစ်စကို ကိုင်၍ ရင်ကို မိမိတို့ဘက်သို့ မျက်နှာမူကာ ချိုးလိုက်ရပြန်သည်၊ ကွမ်းတောင်



ပြုလုပ်ရာတွင် ယင်းသို့သော ဖက်ခေါက်ချိုးပေါင်း အမြောက်အများ ပြုလုပ်ထားရသည်။

ထို့နောက် ရင်ချင်းအပ် ဖက်ခေါက်ချိုးပေါင်းသုံးခုကို တစ်စုံပြု၍ အမြောက်ထောင့်ချွန်း သုံးခုပေါ်အောင် တစ်ခုကြား တစ်ခုညှပ်ကာ ချုပ်တွဲ ထားရသည်၊ ချုပ်တွဲရာတွင် အပ်ချည် သို့မဟုတ် ယဉ်သွားဆံများဖြင့် ချုပ်တွဲရသည်၊ ရှေးခေတ်ကသော် ကွမ်းတောင်ပြုလုပ်တော့မည်ဆိုရင် ရွာရိုးလျှောက်၍ ယဉ်သွားဆံ ရှာရသည်ကအမော ဟူသောစကားကို ကွမ်းတောင် လက်တက်ကြီးများထံမှ မှတ်နာခဲ့ရသည်။

သုံးခုစီ ချုပ်တွဲထားသော ဖက်ခေါက်ချိုးများကို မိမိကွမ်းတောင် ပြုလုပ်မည့်ကလပ်ပေါ်တွင် တစ်ပတ် ပတ်မိလောက်ရုံ တစ်ခုချင်း စဉ်၍ အထက်အောက် နှစ်တန်း ချုပ်တွဲ သွားရသည်၊ ယင်းသို့ ချုပ်တွဲရာတွင် အထက်အောက် ထိပ်စချင်း မညီစေပဲ အထက်တန်းသည် အောက်တန်း၏ သုံးပုံတစ်ပုံမျှ နောက်ဆုတ်၍ စေတီ၏ သပိတ်မှောက်ကဲ့သို့ ဖြစ်လာစေရန် ချုပ်တွဲရသည်။

ယင်းနောက် အောက်တန်း၏ထိပ်ကို ကလပ်၏ အောက်ဖက်ဆီသို့ ညွှတ်ကျသွားအောင် ဖိနှိပ်ပေးရသည်၊ ယင်းသို့ အောက်မှောက်ကျနေခြင်းကို "**ကြာမှောက်**"ဟုခေါ်သည်၊ အထက်တန်း၏ ထိပ်စများကို ကလပ်၏ အထက်ဖက်ဆီသို့ ထောင်နေစေရန် ယဉ်သွားဆံဖြင့် လှည့်ပတ်၍ ကလပ်၏ အောက်မျက်နှာပြင်အထိ ထောက်ကန်ပေးထားရသည်၊ ယင်းသို့ အထက်သို့ လန်နေခြင်းကို "**ကြာလန်**"ဟု ခေါ်သည်၊ ကွမ်းတောင်၏ ဖက်

ခေါက်ချိုးများ အထက်ဆီသို့ လန်နေသဖြင့် အပြင်ဘက်သို့စိုရိ ထွက်ပေါ်နေသော ယဉ်သွားဆံကလေးများကို ကြည့်ရသည် ကပင် တစ်မျိုး အရသာရှိသည်ဟု ထင်ရသည်။

နောက်အဆင့်များ ချုပ်တွဲရာတွင် တစ်တန်းနောက် တစ်တန်းဆုတ်ကာ ဆုတ်ကာ ချုပ်တွဲသွားရသည်၊ ယင်းသို့ တစ်ဆင့်ပြီးတစ်ဆင့် ချုပ်တွဲပြီး၍ အထက်ဆုံးအဆင့် သို့မဟုတ် နောက်ဆုံးအဆင့်သို့ ရောက်သောအခါ လုံးပတ်တစ်မတ်ခန့် အရှည် တစ်လက်မခန့်ရှိ တုတ်ချောင်းငယ်တစ်ချောင်း စိုက်ထိုး လိုက်ရသည်၊ တုတ်ချောင်းစိုက်သည့် သဘောမှာ စေတီပုထိုး များတွင် ပိန္နဲတိုင်စိုက်သည့် သဘောပင် ဖြစ်သည်၊ တုတ်ချောင်း၏ ထိပ်တွင် ရိုးရိုးငှက်ပျောဖက်တစ်ခုကို ထီးသဏ္ဌာန် ပြုလုပ်၍ အပေါ်၌ အုပ်မိုးလိုက်ရသည်၊ ပိန္နဲတိုင်ထိပ်တွင် ထီးတင်လိုက် သည့်သဘောပင် ဖြစ်သည်။

ထီး၏ထိပ်တွင် ပန်းပွင့်လှလှကြီးတစ်ပွင့် တပ်ဆင်ထား သည်ကိုလည်း လေ့လာတွေ့ရှိရသည်၊ အလုံးစုံပြီးပြေသွားသော အခါ ထီးတော်၏ ထိပ်နှင့် ကလပ်၏ အောက်ခြေကို မုလေး ပန်းပွင့်များ ကြိုကြား ကြိုကြား သီကုံးထားသော ကြိုးသေး တစ်ချောင်းဖြင့် ရစ်ပိုင်း၍ ချည်ဆိုင်းထားရသည်၊ ယင်းသဘော မှာ ပိန္နဲတိုင် မယိုင်လဲရန်နှင့် တစ်မျိုးတစ်ဖုံအားဖြင့် အလှဆင် ခြင်းလည်း ဖြစ်နိုင်သည်၊ ယင်းသို့ ပြုလုပ်သွားခြင်းဖြင့် မြန်မာ့ ရိုးရာ ကွမ်းတောင်ကောင်းတစ်ခုကို ရရှိနိုင်ပေသည်။

"လက်ယာတော်ဝယ်၊ ရွှေသော် မျက်ရောင်၊ တပြောင်



ပြောင်နှင့်၊ ပန်းတောင်ရွှေသား၊ ရောင်ကြွားကြွားတည့်၊ ကွမ်းချိုပ် ကွမ်းတောင်၊ အလင်းဆောင်လျက်"[၁]

ဆီမီးခုံရွာစား ဦးရွှန်း၏ အဆိုအမိန့်ဖြစ်သည်၊ ဦးရွှန်း၏ အဆိုအမိန့်အရ ကွမ်းတောင်ကို ဘုရင် လက်ယာတော်ကသာ ထား၍ သုံးဆောင်တော်မူရာ ရှင်ပြုမင်္ဂလာ အခမ်းအနားတွင် လည်း မောင်ရှင်လောင်း၏ လက်ယာကသာ ထား၍ ခင်းကျင်း သင့်ပေသည်။

❖ ❖ ❖



၁။ မဟာသုတသောမပျို့၊ ပိုဒ်ရေ-၂၆။



မင်းကိုယ်ချည်တွင်း ရှင်လောင်းသွင်း

## ၄၃။ မင်းကိုယ်ချည်တွင်း ရှင်လောင်းသွင်း

မြန်မာပြည်သူတို့၏ ရှင်ပြုမင်္ဂလာပွဲတွင် ရှင်လောင်းသွင်းခြင်းသည် နောက်ဆုံးအဆင့်ဖြစ်သည်၊ ရှင်လောင်းသွင်းခြင်းကို အချို့ဒေသ ဘိသိက်ဆရာက တာဝန်ယူဆောင်ရွက်၍ အချို့ဒေသက သီးသန့် အဆိုတော်များ ငှားရမ်း၍ သွင်းကြလေသည်၊ ဘိသိက်ဆရာအဖြစ် သရုပ်ဆောင်ရသူသည် မိမိ ဆောင်ရွက်ရမည့် အခန်းကဏ္ဍများ တစ်ခန်းပြီးတစ်ခန်း ဆောင်ရွက်သွားပြီးနောက် ရှင်လောင်းသွင်း အခန်းကဏ္ဍကို ခေတ္တ ရပ်ဆိုင်းထားသည်။

ရပ်ဆိုင်းထားရသည့် အကြောင်းအရင်းမှာ ရှင်ပြုမင်္ဂလာမဏ္ဍပ်တော်အတွင်းသို့ သံဃာတော်များ ကြွရောက် မလာသေးသောကြောင့် ဖြစ်သည်၊ သံဃာတော်များ ရှင်လောင်းသွင်း

အခမ်းအနားနှင့် အချိန်ကိုက် ရောက်ရှိလာသော် ရှင်လောင်းသွင်းအခမ်းအားကို ရပ်ဆိုင်းခြင်းမပြုပဲ တဆက်တည်း သွင်းလေ့ရှိသည်ကို လေ့လာတွေ့ရှိရသည်။

သံဃာတော်များကို ငုံ့လင့်စောင့်ဆိုင်းရခြင်း၏ အကြောင်းရင်းကလည်း "မင်းကိုယ်ချည်တွင်း ရှင်လောင်းတွင်း"ဟူသည်နှင့်အညီ ချည်သာမန်သည် မင်းကိုယ်ချည်မမည်၊ မင်းကိုယ်ချည်ဟုရည်စူးမှန်းထားသော်လည်း **"မင်းကိုယ်ချည်"**ဟူ၍သာ ခေါ်ဝေါ်နိုင်သေး၍ မင်းကိုယ်ချည်တွင် သက်ဝင်တည်နေအပ်သည့် ပရိတ်မေတ္တာတန်ခိုးအာနိသင်များ သက်ဝင်ကည်နေမှု လုံးဝမရှိသေးချေ၊ ယင်းတန်ခိုးအာနိသင်များကို သံဃာတော်များက ပရိတ်မေတ္တာဖြင့် ထုံမွမ်းပေးရလေသည်၊ ပရိတ်မေတ္တာဖြင့် ထုံမွမ်းပြီး၍ အာနိသင်ရှိသော မင်းကိုယ်ချည်အတွင်း ရှင်လောင်းသွင်းမှသာလျှင် မင်းကိုယ်ချည်၏ အဓိပ္ပာယ်လည်း လေးနက်၍ မူလရည်မှန်းရင်းဖြစ်သော ရှင်လောင်း၏ ဥပဒ်ဘေးဒဏ်ရန်မာရ် ခပ်သိမ်းများလည်း ကင်းငြိမ်းနိုင်ပေသည်၊ ထို့ကြောင့် သံဃာတော်များကို ငုံ့လင့်စောင့်ဆိုင်းခြင်း ဖြစ်သည်။

ရှင်လောင်းသွင်း အစီအစဉ်မှာ သံဃာတော်များ ရှင်ပြုမင်္ဂလာ မဏ္ဍပ်တော်အတွင်း ကြွရောက်ပြီးနောက် သီလပေးခြင်း ပရိတ်ရွတ်ခြင်းများ ပြုလုပ်အပြီးတွင် ရှင်လောင်းသွင်းလေ့ရှိသည်၊ ရှင်လောင်းသွင်းပြီးနောက် ရှင်လောင်းကို ရှင်သာမဏေဘောင် အရောက် ချီးမြှောက်ခြင်း, တရားဟောခြင်း, ရေစက်ချခြင်းများကို ပြုလုပ်သည်၊ ယင်းအစီအစဉ်အရ ရှင်လောင်းသွင်းခြင်းသည် ရှင်ပြုပွဲအခမ်းအနား တစ်ခုလုံးအလယ်တွင်တည်ရှိသည်၊ ရှင်လောင်း သွင်းရမည်ကိုလည်း–



"ခုနစ်ဖဝါးလှမ်း၊ စီးဖြန်းဘာဝနေ၊ အဟံဘန္တေ သံဃမဇ္ဈေ၊ ပဝေသနံ အာပုစ္ဆာမိ၊ ပါဠိလင်းဆို၊ မင်းကိုယ်ချည်တွင်း၊ ရှင်လောင်းသွင်းသည်။ ။ မယွင်းရှေးထုံး–စဉ်လာတည်း"ဟူသော စာပိုဒ်ဖြင့် နည်းပေး လမ်းညွှန်ထားသည်။

ရှေးအထက်ကာရီက မောင်ရှင်လောင်းကို ရှင်ပြုမင်္ဂလာမဏ္ဍပ်အတွင်းမှာပင် ဆံချကြသည်၊ ဆံပင်များ မြေမကျရန်ကိုလည်း ရှင့်မိ ရှင့်ဖများက တရိုတသေ တဘက်ဖြင့် ခံယူလေ့ရှိသည်၊ ရှင်လောင်းမှ ရရှိသော ဆံပင်များကိုလည်း အမြတ်တနိုးဆံထိုး ဆံစု ပြုလုပ်ကာ မိမိအိမ်ရှိ ဘုရားစင်မြင့်တွင် ချိပ်ငင်ဆွဲဆင်ထားလေ့ ရှိသည်၊ ယင်းသို့သော စီမံလုပ်ဆောင်ဖွယ်များ စီမံပြီးပြေသောအခါ **"ခုနစ်ဖဝါးလှမ်း၊ စီးဖြန်းဘာဝနေ"**ဟူသော လမ်းညွှန်ချက်နှင့်အညီ မောင်ရှင်လောင်းကို ကမ္မဋ္ဌာန်းဘာဝနာများ စီးဖြန်းစေ၍ ခုနစ်ဖဝါး လှမ်းစေကာ မင်းကိုယ်ချည်အတွင်းသို့ ဝင်စေရသည်။

ခုနစ်ဖဝါးလှမ်းစေခြင်း၏ အဓိပ္ပာယ်မှာ အလောင်းတော်သိဒ္ဓတ္ထမင်းသား ဖွားမြင်ကာစ **"သေဋ္ဌောဟ မသ္မိ လောကဿ"** အစချီသော သုံးခွန်းသောစကားကို ကြုံးဝါး၍ ခုနစ်ဖဝါးလှမ်းခြင်းကို ရည်ရွယ်သည်၊ ယင်းရည်ရွယ်ချက်ဖြင့် ဖွားသစ်စ

သာမဏေအဖြစ် ဖော်ဆောင်လိုခြင်း ဖြစ်ဟန်ရှိသည်။

ရှင်လောင်းသွင်းခြင်းဟူသည် ရှင်ပြုရန် သံဃာဘောင်သို့ ဝင်ပါရမည့်အကြောင်း သံဃာတော်အပေါင်းအား ခွင့်တောင်း လျှောက်ထားခြင်းကို ဆိုလိုသည်၊ ရှင်လောင်းသွင်းရာတွင် ပါဠိဘာသာဖြင့်ဖြစ်စေ၊ ပါဠိမြန်မာ- နှစ်ဘာသာဖြင့် ဖြစ်စေ၊ ရှင်လောင်းသွင်းရတုဖြင့် ဖြစ်စေ၊ နှစ်သက်သလို သွင်းနိုင်သည်၊ ရှင်းလောင်းသွင်း ပါဠိအနက် မြန်မာနှင့် ရှင်လောင်းသွင်း ရတုများကို ဗဟုသုတအဖြစ် လေ့လာနိုင်ရန် နောက်တွင် သီးသန့် ဖော်ပြထားသည်။

ဤနေရာတွင် ရှင်လောင်းသွင်းရတုများကို စောကြောရန် လိုအပ်လာသည်၊ ရှင်လောင်းသွင်းရတုများသည် ရတုဟု ဆိုရ သော်လည်း ရှင်လောင်းလှည့်ရတုခေါ် ရှိုးလိုက်ရတုများနှင့် အစမ် အဟပ် ကာရန် လေယူ လေထားမှအစ ကွဲပြားခြားနား ရုံမျှမက ပတ်ပျိုး၊ ယိုးဒယား၊ သီးချင်းကြီး၊ သီးချင်းခံ၊ သိင်္ဂီသံ၊ ဘောလယ် စသည့် ဂီတမျိုးနှင့်လည်း လုံးဝမတူချေ၊ ယင်းတို့၏ ဂီတ သံစဉ်များနှင့်လည်း လုံးဝ မတူချေ။

"ဩော်... ဘဒ္ဒါနှင့် ပိပ္ပလိတို့၊ စိတ်ရှိတူစုံ၊ အာရုံဝင်စား၊
မြတ်တရားကို၊ ထပ်ပွားလျက်သာ၊ ရှေ့နောက်ကယ်
တန်းပါလို့၊ ထွက်လုမ်းကာလာခဲ့တယ်၊ မောင်မယ်
တူတွဲ၊ မြိုင်လယ်မှာ လမ်းနှစ်ဆိုင်အခွဲတွင်းမှ၊ လက်ဝဲ
ယူ မေကညာရဲ့၊ လက်ယာမှာ မင့်မောင်သွားမယ်ပ၊
တောဖျားလေမြိုင်ရဂုံ၌၊ ခိုင်နှစ်စုံအတူ သွားလျှင်လ၊



တရားနှင့် မလျော်ချေဘူး၊ ကြင်တဲ့မေ ဖြူပြာအိငယ်၊
ပန်းထုံထုံ လမ်းစုံရှိပါတဲ့၊ ပျိုတို့မောင် ရွှေရောင်
တွဲရယ်၊ ခွဲကြစို့လေး။"[၁]

ပိပ္ပလိဇာတ်ရှင်လောင်းသွင်းရတုမှ နောက်ဆုံးစာပိုဒ်ဖြစ်သည်၊ ရှင်လောင်းသွင်းရတု၏ ဂီတသံစဉ်ကို သိင်္ဂီသံ၏ အသံစဉ်နှင့် နှိုင်းယှဉ်ပြသရသော် ရကောင်းအံ့ထင်သည်၊ ရှင်လောင်းသွင်းရတု၏ အသံစဉ်သည် သိင်္ဂီသံ၏ အသံစဉ်များနှင့် အနီးစပ်ဆုံးဖြစ်သည်၊ သို့ရာတွင် အငင်အဆွဲ အပြစ်အချွဲ တွင်ကား သိင်္ဂီသံက နောက်ကျန်ရစ်ပေမည်၊ အဘယ့်ကြောင့်ဆိုသော် ရှင်လောင်းသွင်းရတုသည် ငင်ငင်ဆွဲဆွဲနှင့် ပြစ်ပြစ်ချွဲချွဲ သီဆိုရသောကြောင့် ဖြစ်သည်။ အသံအငင်အဆွဲ အပြစ်အချွဲတွင် မည်သည့်ဂီတ၏ အသံစဉ်နှင့်မျှ မတူချေ၊ ယင်းသို့သော အငင်အဆွဲ အပြစ်အချွဲများကြောင့် အချို့အလှူရှင်များသည်ပင် လွမ်းနာကျကာ မျက်ရည်လည်ရွဲ ဖြစ်ကြရသည်။

ရှင်လောင်းသွင်းရတုကို ခွဲခြားစိစစ်ရသော် ဇာတ်လမ်းဇာတ်ကွက်ကို ရိုးရိုးသီဖွဲ့ထားသော ရှင်လောင်းသွင်းရတုနှင့် နိမိတ်ပုံ ရစေကောင်းသော ဇာတ်လမ်းဇာတ်ကွက်များကို သီဖွဲ့ထားသောနိမိတ်ပြ ရှင်လောင်းသွင်းရတုဟု နှစ်မျိုး နှစ်စား စိစစ်ရသည်၊ ပထမအမျိုးအစားသည် မဟာဒုတ်ဇာတ်၊ ဖားနတ်သားဇာတ်၊ သီရိဓမ္မာသောကမင်းနှင့် ဝိသယုဇာတ်ကဲ့သို့သော ရှင်လောင်းသွင်းရတုများ ဖြစ်သည်၊ ဒုတိယအမျိုးအစားသည်

၁။ "တိုင်းမဂဓမှာလ"၍ ပိပ္ပလိဇာတ် ရှင်လောင်းသွင်းရတု။

ဝေဿန္တရာဇာတ်၊ သိဒ္ဓတ္ထမင်း တောထွက်ခန်း ပိပ္ပလိဇာတ်၊ “ဇမ္ဗုတိုင်းမှာလ”ချီ ရှင်လောင်းသွင်း ရတုနှင့် “နိဗ္ဗာန်သွားရန်ဖို့”ချီ ရှင်လောင်းသွင်းရတုများ ဖြစ်သည်။

ရိုးရိုးရှင်းလောင်းသွင်း ရတုများကို သီဆိုရာ၌ ကာယကံရှင်များ စိတ်လှုပ်ရှားမှု မရှိသော်လည်း နိမိတ်ပြ ရှင်လောင်းသွင်းရတုများကို သီဆိုသော အခါတွင်မူကား ကာယကံရှင်များ လွမ်းနာကျကြရသည်၊ ရည်းစားသနံများ မျက်ရည်လည်ရွဲ ငိုပွဲဆင်ကြရသည်၊ ရှင်လောင်းသွင်းရတု အဆိုပညာရှင်များကလည်း သမားဂုဏ် ပြတတ်ကြသည်၊ လူပရိသတ် ရဟန်းပရိသတ် ဗိုလ်ပုံအလယ်တွင် အဆိုပညာရှင်အနေဖြင့် ပညာပြကြော်ငြာကမ်းခွင့်ရသော်လည်း ခံစားရသူများ အဖို့ မချိတင်ကဲ ခံစားကြရသည်။

“သံသရာဘဝခြားလျှင်ဖြင့်၊ အပါယ်ရွာ မောင်မသွားရအောင်၊ ကရုပ်စုံသဘင်ကျင်းပါလို့၊ သွတ်သွင်းသည့်သာသနာ၊မင့်ဘိုးအေမြတ်နှစ်ပါးရယ်နှင့်၊ မောင့်ဘွားအေ မပါငြားရော့ထင့်၊ အားလျှော့လို့ စိတ်မရှင်၊ ခုခါပင် တုန်လို့ရှိုက်ပါပေ့၊ ငိုလိုက်ကြ ကျွက်ကျွက်ညံ၊ ပွက်ပွက်သံ သည်အတွင်းမှာလ၊ အဘိဓမ္မာ သိသာဖို့ အခင်းကိုတော့၊ မြိုက်ရသာ နိဗ္ဗာန် ချဉ်းရအောင် လင်းခဲ့မယ်လေး”[၁]

“နိဗ္ဗာန်သွားရန်ဖို့”ချီ ရှင်လောင်းသွင်းရတုမှ အဆုံးပိုဒ်

၁။ “နိဗ္ဗာန်သွားရန်ဖို့”ချီ ရှင်လောင်းသွင်းရတု။



ဖြစ်သည်၊ ယင်းအဖွဲ့အနွဲ့များလည်း နိမိတ်ပြ အဖွဲ့အနွဲ့များဖြစ်သည်၊ မိဘဘိုးဘွား ဖနီးမောင်နှံ မစုံလင်သော ကာယကံရှင်းမျာအနေဖြင့် ကွေကွင်းကွဲကွာပြီး ဖြစ်သော နိမိတ်ကောင်များကို အောက်မေ့တတ အမှတ်ရကာ လွမ်းနာကျကြရသည်၊ မျက်ရည်လည်ရွဲ ငိုပွဲဆင်ရသည်၊ **“မင်းဘိုးအေ မြတ်နှစ်ပါးရယ်နှင့်၊ မောင့်ဘွားအေ မပါငြားရော့ထင့်၊ အားလျှော့လို့ စိတ်မရှင်၊ ခုခါပင် တုန်လို့ ရှိုက်ပါပေ့”**ဟူသော အဖွဲ့အနွဲ့များသည် ကွေကွင်း ကွဲကွာလေပြီး ဖြစ်သော နိမိတ်ကောင်များကို ရင်းနှီး ဖော်ထုတ်ထားသော အဖွဲ့အနွဲ့များပင် ဖြစ်သည်။

**“မောင်မယ်တူတွဲ၊ မြို့င်အလယ်မှာ လမ်းနှစ်ဆိုင်အခွဲတွင်မှ၊ လက်ဝဲယူ မေကညာရဲ့၊ လက်ယာမှာ မင့်မောင်သွားမယ်ပ၊ တောဖျားလေ မြိုက်ရဂုံ၌၊ ခိုင်နှစ်စုံ အတူသွားလျှင်လ၊ တရားနှင့် မလျော်ချေဘူး၊ ကြင်တဲ့မေ ဖြူပြာအိငယ်၊ ပန်းထုံထုံ လမ်းစုံ ရှိပါတဲ့၊ ပျိုတို့မောင် ရွှေရောင်တွဲရယ်၊ ခွဲကြစို့လေး။**[၁] ပိပ္ပလိဇာတ် ရှင်လောင်းသွင်းရတုမှ အဆုံးပိုဒ်ဖြစ်သည်။

ယင်းအဖွဲ့အနွဲ့များသည်လည်း နိမိတ်ပြ အဖွဲ့အနွဲ့များပင်ဖြစ်သည်၊ ပိပ္ပလနှင့် မယ်ဘဒ္ဒါဟူသော နိမိတ်ပုံများဖြင့် ရည်းစားသနံ ဟူသော နိမိတ်ကောင်များကို ရင်းနှီးရယူထားသည်၊ **“မောင်မယ်တူတွဲ၊ မြိုင်အလယ်မှာ လမ်းနှစ်ဆိုင်အခွဲတွင်မှ၊**

၁။ “တိုင်းမဂဓမှာလ ”ချီပိပ္ပလိဇာတ် ရှင်လောင်းသွင်းရတု။

**လက်ဝဲယူ မေကညာရဲ့၊ လက်ယာမှာ မင့်မောင်သွားမယ်ပ”** ဟူသော အဖွဲ့အနွဲ့များသည် တဒင်္ဂတခဏ ခွဲရသည့် မှန်စေကာမူ ကျန်ရစ်သူ ရည်းစားသနံများအနေဖြင့် ခွဲရတော့မည်ဟူသော အသိက စိတ်လှုပ်ရှားစေကာ မျက်ရည်လည်ရွဲ ငိုပွဲဆင်စေသည်။

ဤမျှ လေးနက်သြဇာ ရှိ၍ ရသမြောက်လှသော ရှင်လောင်းသွင်းရတုများသည် အမိမဲ့သား ရေနည်းငါး ဖြစ်နေကြရသည်၊ မည်သည့်ခုနှစ်– မည်သူရေး စသည့် စာပေတစ်ခု၏ ပေါ်ထွန်းရာခေတ်ကိုလည်း ပြောပြနိုင်စွမ်း အလျင်း မရှိချေ၊ စာပေသမိုင်းတွင် ရှင်လောင်းသွင်း ရတုများ၏ ကူ၍ အင်နှင့်အားနှင့် ရပ်တည်နိုင်ခြင်းလည်း မရှိချေ၊ ရှိုးလိုက်ရတု ပေါ်ထွန်းရာ ခေတ်ကို ဤစာအုပ် အစပိုင်းက ဖော်ထုတ် ပြသခဲ့ပြီး ဖြစ်သည်၊ ရှိုးလိုက်ရတု သန္ဓေတည်ရာ ရခိုင်ပြည်တွင်လည်း ယင်း ရှင်းလောင်းသွင်း ရတုမရှိချေ၊ စာပေရတနာ ရှေးဟောင်း ယဉ်ကျေးမှုအမွေအနှစ်များ စုဝေးရာ ပုခန်း, အင်းဝ စသော ဒေသများတွင်ပင် ယင်းရှင်လောင်းသွင်း ရတုများ မရှိချေ။

ရှင်လောင်းသွင်းရတု၏ သန္ဓေတည်ရာသည် မြန်မာနိုင်ငံ မြေလတ်ဒေသ ဖြစ်သည်၊ ယင်းသို့ ဆိုရသော်ငြားလည်း အကယ်တိ သုံးစွဲသော ဒေသများမှာ မိတ္ထီလာ, သာစည်, မလှိုင်, ဝမ်းတွင်း စသည့် ဒေသများသာ ဖြစ်သည်၊ ယင်းဒေသရှိ ပညာရှင်များကလည်း မည်သူရေးဟု စာပေ အမှတ်အသား မတွေ့ရဟု ဖွင့်ဟကြသည်၊ သို့ရာတွင် **“စာရင်းကိုင် ပညာရှိ ရယ်က၊ စိတ်ကြည်ရုံ အကြံမိသည်မတော့၊ မင်းကံရှိ ရဖို့ရာ”**[၁]ဟူသော အဖွဲ့အနွဲ့၊ **“နာရီလေ ချိန်, မမှန်းပြီးဘူး ရွှေနန်းက ဆင်းသက်ခွါသော်”**[၁]ဟူသော အဖွဲ့အနွဲ့ စသည်များကို ထောက်ဆယင် ကုန်းဘောင်ခေတ်နှောင်းသုံး စကားလုံးများသာ ဖြစ်၍ ကုန်းဘောင်ခေတ်နှောင်းရေးဟု မှတ်ချက်ချနိုင်ပေသည်၊ ဖော်ပြပါ မြို့နယ်များတွင် ယင်းရှင်လောင်းသွင်းရတုများကို အငင်အဆွဲ အပြစ်အချွဲများဖြင့် သီဆိုလျက် ရှိဆဲဖြစ်သည်။

အခြားဒေသများ၌ **“အဟံ ဘန္တေ သံဃမဇ္ဈေ ပဝေသနံ အာဂ္ဂုစ္ဆာမိ”**ဟူသော ပါဠိဘာသာဖြင့်သာ ရှင်လောင်းသွင်းလေ့ရှိကြသည်၊ သို့ရာတွင် ရှင်လောင်းသွင်းခြင်းကို ရှင်ပြုပွဲ အခမ်းအနား အလယ်ပိုင်းလောက်တွင် ပြုလုပ်ရမည့်အစား **“ဖရဒုတ် ထမင်းခံ ငုတ်”**[၂]ဟု တိုတိုတုတ်တုတ် ကြိုက်ကြသော ခေတ်တွင် အချို့ဒေသက အလှူဝင်သည့် နေ့ကပင် ရှင်လောင်းသွင်းထားတတ်ကြလေသည်၊ အချို့ဒေသက သူ့အခန်းနှင့်သူ ရှင်လောင်း သွင်းကြသော်လည်း အကျဉ်းရုံး၍ သွင်းတတ်ကြသည်၊ ယင်းသို့ မရောက်ရာ ဆေးလိပ်းခြင်း၊ အတိုကြိုက်ခြင်း

၁။ “ဇမ္ဗူဒိပ်မှာလ”ချီ မဟာဒုတ်ဇာတ် ရှင်လောင်းသွင်းရတု။

၂။ “သာကီမျိုးမှာ”ချီ သိဒ္ဓတ္ထမင်း တောထွက်ခန်း ရှင်လောင်းသွင်းရတု။

၃။ “ဖရဒုတ် ထမင်းခံငုတ်ဟူသည်” ဘုရားဒကာ ဦးသာဒုတ် ထမင်းသုံးဆောင်ကြွပါဟူ၏။

များကြောင့် မျက်မှောက်လူငယ် လူရွယ်များ အမှတ်မှားကာ မြန်မာမှု မြန်မာ့ဟန်များ တစထက်တစ မှေးမှိန်သွားရပေသည်၊ အမျိုးနှင့် ဘာသာကို ဂုဏ်တက်စေသော မြန်မာမှု မြန်မာ့ဟန်များကို တာဝန်ရှိသူများက စိတ်ရှည်ရှည်ဖြင့် ကြပ်ကဲ ထိန်းသိမ်းသင့် လှပေသည်။

❖ ❖ ❖



## ၄၄။ သိဒ္ဓတ္ထမင်းသား တောထွက်ခန်း ရှင်လောင်းလှည့် ရတု

၁။ ပုလဲရတနာ၊ ဝေဠုယာနှင့်၊ အဗ္ဘာဗွေထဲ၊ ရောင်မစဲသည်၊
ရည်ရွဲယိုလုလုနှင့်။ ။

၂။ ဗုဒ္ဓကုံလောင်းစကြာ၊ အာဏာပြန့်ကြောင်း၊ လွှဲမစောင်း
သည်၊ ယူညောင်းဆင်ယင်ကာနှင့်။

၃။ လေးဒီပါသူအပေါင်း၊ ဆယ်ချောင်း ဦးနှိမ်၊ အသမှိန်သည်၊
ဘေဟိန်ရိုက်ကာ ညောင်း၍။

၄။ စကြာပေါင်း ခုနစ်စုံ။ လူ့ဘုံထင်ရှား၊
ပျော်စံစားသည်၊တို့ဘုရားပွင့်လောင်းလျာတည်း။

၅။ မှန်စွာမယုတ်၊ စုတိချုပ်သည်၊ ကျင့်ယုတ်ပြဟ္မပြည်သို့လေ။
မှန်စွာမယုတ်၊ စုတိချုပ်သည်၊ ကျင့်ယုတ်ပြဟ္မပြည်သို့လေ။

### အချိုးထောက်

❖ မြတ်ရောင်ခြည် ဝေ အဝိုက်ကယ်နှင့်၊ မကိုဋ်ကယ်တဲ့
နတ်နွယ်။
နန်းရွှေဘုံ၊ စံပျော်မွေ့တယ်၊ ချမ်းမြေ့သွယ်သွယ်။
အလှက လွှန်နုနယ်၊ ငွေစံပယ်ကြက်ရုံး။ ဂမုန်းငယ်
ခိုင်သဇင်သို့ပ၊ မွေးလှမဆုံး။

၆။ ဘုန်းတဝေဝေ၊ ဖြဟ္မပြည်မှ၊ လူ့ပြည်စုန်ဆန်၊ အမှန်ကျင့်
သုံး၊ တို့ရွှေကုံးသည်၊ သည်ဆုံးနာမ၊ ကပ္ပိလခေါ်၊
ပြည်တော် သာသာ၊ မယ်တော်မာယာဝမ်း၌။

၇။ ရွှေကြာတိုက် လင်းအောင်မြင်။ မြောက်လျှင် ဥတ္တရာ၊
ခုနစ်ခါလှမ်း၊ မိန့်ခွန်းမြွက်ပြန်၊ အဟံသေဋ္ဌော၊
လောကဿ ဟု။

၈။ ရွှယ်ပျိုနု တစ်ဆယ့်ခြောက်တွင်။ မင်းလျှင် သိဒ္ဓတ်၊
ယသော်နတ်နှင့်၊ လက်ထပ်တူ တညီတည်း။

၉။ ပလီပလာ၊ သိင်္ဂါဆင်းခုတ်၊ သွင်းထုလုပ်သည်၊ ရွှေရုပ်ကဲ့
ပမာသို့၊ ကေသာဆံထိုး၊ ခါးကြိုးမေခလာ၊ ဒွါဒရာသည်၊
ဆင်ကာ ညွတ်ညွတ်မျှ။

၁၀။ ထက်မိုးဝ ရွှေဝတိန်။ ဣန္ဒာသိကြား၊ ညာထားကလျာ၊
သုဇိတာနှင့်၊ နွဲ့ကာ စံလျက်၊ တိုးတက်စရာ၊ လွန်စွာထူးကဲ၊
အံ့နိုင်ပဲလျှင်၊ အမြဲမောက်လို့မို့ရှင်။

၁၁။ ဆင့်ရရင့်စီရရီ။ ညီညီ တွဲ့တွဲ့၊ သွဲ့ရရွဲ့နှင့်၊ ဆိုဖွဲ့
အံ့တလီမျှ။

၁၂။ ရမ္မသုဘာ၊ သုရမ္မဟု၊ နာမတွင်ခေါ်၊ ရွှေနန်းတော်မှာ၊
စံပျော်များစုံစီနှင့်လေ။ ရမ္မသုဘာ၊ သုရမ္မဟု၊
နာမည်တွင်ခေါ် ရွှေနန်းတော်မှာ၊ စံပျော်များစုံစီနှင့်လေ။



## အချိုးထောက်

❖ လူ့ဘုံတွင် ယဉ်ခေါင်ဆုံးပေမို့၊ ကြော့ဘုန်းတဲ့ သာကီနွယ်။
တောင်နန်းညာ လက်ယာထားပေတဲ့၊ များရွှေတုမယ်။
ရွှေရုပ်လယ် ပျော်တယ်ပ မညှိုး။
တန်ခိုးငယ် ဂုဏ်သိရ်နှင့်၊ မယ်ဖိမ္ဗာ ရွှေကိုယ်လှငယ်က၊
သောက မစိုး။

၁၃။ နိမိတ်လေးဖြာ၊ မြင်သောခါဝယ်၊ လောင်းလျာသိဒ္ဓတ်၊
နန်းပြာသာဒ် ပြန်အသွား၊ ချစ်ရန်မဆုံး၊ ပုလဲကုံးအလား၊
ပတ္တမြားအသွင်၊ သားရွှေစင်ကို၊ ကြည်လင်မေတ္တာ ပွားနှင့်။

၁၄။ သနားစုံမက်၊ သားနန်းခက်ကို၊ ဖက်ကာ ဖက်ကာ၊ အသာ
အသာ နမ်း၍၊ အလွမ်းတည်းလား မပြေ။ ရဝေဆောင်
တွင်း၊ လှခေါင်နင်းဟု၊ နတ်မင်းယသော်၊ မတော်နိုးမည်
စိုးခဲ့။

၁၅။ တိတ်ခိုးကြံသောခါ။ မတ်လျာဆန္န၊ ကဏ္ဍကကို၊ ကကြိုး
ဆင်လျက်၊ ထွက်ရန်အကြောင်း၊ ခွင့်ပန်တောင်း၍၊
မတ်ကောင်း သခင်၊ သုံးလူ့ရှင်သည်၊ အလျင် သန်လျက်
ကိုင်၍။

၁၆။ ထွင်ရှုဘုန်းလှိုင်ဟု၊ မဏ္ဍိုင်တို့ လောင်းလျာ၊ မြင်းကျော်
အဿ၊ မတ်ဆန္နနှင့်၊ ပြည်မှ ထွက်၍လာသော်။

၁၇။ နော်မာသောင်ထိပ်၊ စခန်းမြတ်မှာ၊ ဆံရိတ်ပယ်တော်မူ၍၊
ဖြဟ္မာ လှူဒါန်း၊ ကြာသင်္ကန်းနှင့်၊ ရဟန်း ပြုပြီးခါ။
ဒုက္ကစရိယာ၊ ခြောက်နှစ် ကြာအောင်၊ မွေကိုယ်တော်ရှာ၍။

၁၈။ တို့မုနိ မြတ်ဆရာသည်။ ရတနာဃရ၊ ရွှေအိမ်မဌ်၊ ပဋ္ဌာန ဆင်ခြင်ယင်။

၁၉။ ဤတွင်မုချ၊ ခြောက်ရောင်ကြွသည်၊ လင်ပတထိန်ထိန် တည့်လေ၊ ဤတွင်မုချ၊ ခြောက်ရောင်ကြွသည်၊ လင်းပ တထိန်ထိန်တည့်လေ။

### အချိုးထောက်

❖ မြတ်ဗုဒ္ဓ စိန္တေယျာ၊ နိဗ္ဗူတာ ခေမာနန်းကို၊ မြန်းကြွ သေချာ။ သာသနာငါးထောင်သာ အတွင်း။ မပျင်း ဘာဝနာနှင့်၊ ငါး၅ဂ္ဂီ ခါခါဆွတ်လျှင်၊ ကျွတ်လိမ့် မယွင်း။

၂၀။ ရွှေဝါဝင်းလဲ့၊ ခြောက်ပြစ်မဲ့၊ ချောနွဲ့ငွေနှင်းရည်။ ရှင်ကြည် နှလုံး၊ လုခေါင်ဆုံးကို၊ မောင်ဘုန်း ကြင်မိသည်ကြောင့်။

၂၁။ ရွှေမေတ္တာသည်၊ ယူမည့်ကြံဆဲဆဲ။ ဇမ္ဗူရစ်ခွေ၊ လျှမ်းလျှမ်း ဝေသည်၊ ဂဟေဆော် အမြဲသို့။

၂၂။ အလွဲလွဲ မရှိရအောင်။ မြင့်မိုရ်တောင်မျှ၊ မက ဂုဏ်အင်၊ ကျေးဇူးရှင်နှင့်၊ ဖခင်ပိတာ၊ ထံတော်မှာလျှင်၊ ခွင့်သာပန် အကြောင်းနှင့်။

၂၃။ သွယ်ပျောင်းအိ ပြုံးချိုချို။ စိတ်လိုချမ်းမြ၊ မကြောင့်ကြနှင့်၊ မိဘာနှစ်ပြင်ဆိုသော်။

၂၄။ ရွှေလျော်မြခဲ၊ မင်းရည်ရွှဲသည်၊ စိတ်ထဲမှာ တရှင်ရှင်နှင့်။

၂၅။ မြချစ်ရှင် သာသနာ၊ ထိန်ဝါတောက်ပ၊ ဒုလ္လဘဟု၊ မုချ ထမ်းရပေတော့မည်။



၂၆။ ရှင်ကြည်ကြည်အာရုံစော၊ မနောဘဝင်၊ ဇောအစဉ်၊ ဆင်ခြင်သည့် အနေကို။

၂၇။ ရွှေဂွမ်းလို တအိအိ၊ နေထိဖယောင်းပုံ။ ခြုံကာနဂါးလိမ်၊ ပုသိန်သဲပက်၊ တင်ခုံးထက်မှာ၊ ငိုလျက်နှုတ်ဆက်ကာနှင့်။

၂၈။ ခက်ပါဘိ မောင့်ကို။ ပိုကရှိနှင့်၊ ကိုယ်ဟန်ညွတ်တိမ်း၊ နွဲ့နွဲ့ယိမ်းမှာ၊ ဒေါင်းဖလ်ဝါ၊ သုပ်ကာ မျက်ရည်ရွဲနှင့်လေ။

### အချိုးထောက်

❖ အထွေထွေ မောင်တင်လျှောက်မည်ပ၊ မယ်စိတ်ချ နာ တော်မူ။ မြတ်ဘုန်းလူ့သာသနာ၊ ထမ်းရွက်ရာ နောင် အကျိုးပေမို့။ မင်းစေတနာပါမည့်ပြုံးပါနှင့်၊ တိုးလို့ကြည်ဖြူ။ ဆုထူးငယ်ယူ၊ လက်ဆောင်မူအကြောင်း။ အပေါင်းငယ် ဗိုလ်လူနှင့်၊ နိဗ္ဗူတာ ပြည်ရွှေမကို၊ လှမ်းကြွလေကောင်း။

❖ ❖ ❖

## ၄၅။ ရှင်လောင်းလှည့် စုံတွဲရတု

၁-ကျား ။ သုံးပါးရတနာ၊ မွန်မြတ်စွာနှင့်၊ ဆရာမိဘ၊ ရှိသမျှကို၊ ဦးချကန်တော့ကာ၊ ကိုကိုစကား၊ ပျိုပျိုထွားရယ်၊ ချိုနားပန်ဆင်ပါမှ။

၂-မ ။ မောင်လှူထွားရယ်၊ ပြောပသေချာစွာ၊ ပျိုခင်နှစ်ခြိုက်၊ ကောင်းလျှင်လိုက်မယ်၊ ငယ်ကြိုက်မယ့် ကြင်ယာရဲ့။

၃-ကျား ။ သည်လိုလားကွဲ့၊ သက်ထားခင်သူဇာ။ ဘာဝနာ သနင်း၊ သာသနာ အခင်းကို၊ မောင်ရင်းပြောလိုပါ၏။

၄-မ ။ တော့တနည်းကိုဖြင့်၊ မောင်ကြီးပြောရက်ပါ၊ တပါးကညာ၊ သနားစရာကို၊ အားနာ မောင်မညှာ၍။

၅-ကျား ။ မဟုတ်စကားကိုဖြင့်၊ လူပ်ရှားဆိုနှင့်ကွယ်။ မောင်သွားမယ့်လမ်း၊ ငှက်ယုတ်သန်းသလို၊ စခန်းပုံ ရုပ်ဆွယ်ခဲ့။

၆-မ ။ သနားမဖက်လျှင်လ၊ သွားရက်ပေလိမ့်မယ်၊ မောင်သွားလျှင်လ၊ ပျိုယဉ်ရှုမှာ၊ မုချ ခန္ဓာကွယ်လိမ့်။



၇-ကျား ။ မယားဆရစ်ကယ်က၊ တားမြစ်ပါနှင့်ကွယ်၊ ဝါတွင်းသုံးလ၊ မောင်နေပမယ်၊ ပျိုက မှတ်လို့နေလော့။

၈-မ ။ တားပရစေတော့၊ လှူလှမယ့်သခင်၊ ဖန်ဝါ နီမြန်း၊ ဝတ်သင်္ကန်းနှင့်၊ ရဟန်းပြုစေချင်ဘူး။

၉-ကျား ။ ကြာပါဖူးကွဲ့၊ ချစ်ဦးပုလဲညွှာ၊ တစ်ဝါတည်းဆို၊ တစ်ရက်ပိုလျှင်၊ ပျိုခင် ကျိန်စာတိုက်ပ။

၁၀-မ ။ ကိုယ့်အရေးမှုလို့၊ မောင်လေး စကားကြွယ်၊ ပြောသမျှစကား၊ ပျိုခင်နားမှာ၊ လုံသွားထိုးသည့်နှယ်ပ။

၁၁-ကျား။ ခက်ပါလှချေရဲ့၊ အလှ ဂေါ်သဇင်၊ နောက်နောင်ဘဝ၊ အထုံမျှအောင် မောင်လှ ဝတ်ချင်ပါ၏။

၁၂-မ ။ သင်္ကန်းဆင်မှ၊ နန်းခွင်ရသည် မဟုတ်ပါ၊ လူတို့ပဥ္စ၊ ငါးသီလကို၊ ထိန်းက ရောက်နိုင်ပါ၏။

၁၃-ကျား။ ဆင်ခြေပေါလှချည့်၊ ပျိုချော မောင်ကြင်ယာ၊ ခင်မောင့်ရွှေသွေး၊ တောင်းပန်ရေးကို၊ ခွင့်ပေးပျိုလွှတ်ပါတော့။

၁၄-မ ။ အနည်းနည်းရယ်နှင့်၊ မောင်ကြီးတောင်းပန်ရှာ၊ ငိုကာမစဲ၊ မောင်ရွှေခဲသည်၊ ဖွတ်ဆွဲတကယ်၊ မရုန်းနှင့်လေး။

## ဒိုချင်း

၁၅-ကျား။ ပမာမပြရက်တဲ့၊ အသဝါရယ်လေ၊ တဝါကပြင်၊ မောင် မကြာရပါဖူး၊ ဆောင်သာမှာ ရက်ရွေ့လို့ မတိုးရအောင်ပ၊ အို ခင်ရဲ့ လက်ချိုးကာထား။ မှတ်ရက်ပါ၊ ကြပ်လှတဲ့၊ မဒီ အသဝါရဲ့၊ ကြည်သာစွာ ခွင်အရေးရယ်နှင့်၊ သည်ဘဝါ မင့်မောင်လေးကိုဗျာ၊ အမယ်မင်း ပေးသင့်ပါပြီ။

၁၆-မ ။ ကြင်ရေးရဲ့ ဖော်ရှာသကို၊ ခွင့်ပေးပါ တစာစာနှင့်၊ ပျိုကညာ မသင့်ရေးရယ်ကြောင့်၊ အို မောင့်ရဲ့ ခွင့်ပေးနိုင်ပဲ။ ခင်ကညာ မကြင်နာ၊ မောင်ပင်ပြုရက်ပါပေ့၊ သဇင်ညှာ ပျိုယဉ်နုမှာရှင်၊ အမယ်မင်း ယင်းခု ခက်ခဲ။

❖ ❖ ❖

## ၄၆။ စုံတွဲရတု

၁-ကျား ။ ပန်းချီ ဆေးသ၊ ရေးမရသည်၊ အလှရွှေရုပ်သွင်၊ မောင်ကြီးသက်စု၊ လော်ရွှေဉရယ်၊ ခွင့်ပြုလိုက်ပါတော့။

၂-မ ။ လွှတ်ခွင့်အရေးရယ်နှင့်၊ မောင်လေးတစာစာ၊ ကညာယဉ်ကြွ၊ ပျိုလုံမ မမှာ၊ တဆိပ်မျှ မလွှတ်ချင်ဘူး။

၃-ကျား ။ ပျိုမောင် လှမှာလ၊ လောက ထင်ရှားစွာ၊ စလွယ်သွယ်ပျောင်း၊ ဗောင်းနားဆွောင်းနှင့်၊ ရှင်လောင်းလုပ်ဖို့ရာပ။

၄-မ ။ ခွင့်အကြောင်းရယ်နှင့်၊ မောင်ကောင်း တောင်းပန်ရှာ၊ သနားညှာရှု၊ အားမှုနာကြောင့်၊ ပျိုနုခွင့်ပေးပါပေ့။

၅-ကျား ။ လိမ္မာလှချေရဲ့၊ မယ်လှ အပူသယ်၊ ဝါကျွတ်ပါပြီး၊ ပျိုသက်ထား၏ ထံပါး မောင်လာမည်ကွဲ့။

၆-မ ။ မောင် မပျက်ပါနှင့်၊ ဆက်ဆက်လာခဲ့နော်၊ ဝါကျွတ်သောခါ၊ ပျိုသက်လျာက၊ သေချာလာနိုးမျှော်လိမ့်။

၇-ကျား ။ စိတ်ချပါကွဲ့၊ လုံမဒေဝီခင်၊ သွားခါနီးကွဲ့၊ မောင်မှာ ခဲ့မယ်၊ ပျို့က နားဝယ်ဆင်ပ။

၈-မ ။ မှာသမျှကိုလ၊ ပျို့က ပန်ဆင်မယ်၊ လုံစုံခပင်း၊ မကျန်ကြွင်းအောင်၊ မောင်ရင်း သေချာပြောပ။

၉-ကျား ။ မောင်မရှိလျှင်လ၊ ဖြူရစ်ပန်းစကဝါ၊ ရဟန်းပုဏ္ဏား၊ တွေ့ကြုံငြားလျှင်၊ ဝပ်တွားဖူးမြင်ပါကွဲ့။

၁၀-မ ။ သူတော်မြတ်ကိုလ၊ မပြတ်တင် ကိုးကွယ်၊ မောင်ကြီး စိတ်တိုင်း၊ ပျို့မရိုင်းအောင်၊ ချင့်နှိုင်းပူဇော်မယ်ပ။

၁၁-ကျား ။ နိစ္စဗဒ်ကိုတော့၊ မပြတ် ဘယ်အခါ၊ ပိဏ္ဍပါတ်ဆွမ်း၊ မြတ်ရဟန်းကို၊ လှူဒါန်းလောင်းလို့ နေလော့။

၁၂-မ ။ ခင်ခင်မောင်လှ၊ စိတ်သာချ၍၊ သွားပသည့်တဝါ၊ ဆွမ်းပိဏ္ဍပါတ်၊ မပြတ်ရအောင်၊ မလတ်လောင်း ရစ်မယ်ရှင့်။

၁၃-ကျား ။ မှာစရာအဝဝ၊ စကားကုန်ပြီလေ၊ ပျို့ခင့်မောင်ကြီး၊ ကျောင်းတော်ကြီးသို့၊ မြင်းစီးထွက်ခွာချင်ပေါ့။

၁၄-မ ။ ဇာနည်မြင်းကိုလ၊ မောင်ရင်း စီးနှင်ရှာ၊ ကတိမ်း ကပါး၊ ကျမှာများကြောင့်၊ သက်ထားပူလှပါ၏။

၁၅-ကျား ။ မောင့်အရေးရယ်နဲ့၊ ခင်လေးပူပန်ရှာ။ မစိုးရိမ် ကြောင့်ကျ၊ ဗျာပါဒဝယ်၊ သောက မဖြစ်ပါနဲ့။

၁၆-မ ။ စိတ်ချ၍ ခင်လှနေရစ်မယ်လေ၊ မြင်းကိုတက်လွှား၊ ကောင်းကင်ဖျားက၊ မောင်ဘွား စီးရစ်ပေတော့။



၁၇-ကျား ။ မေတ္တာအကြောင်းရယ်က၊ ပေါင်းသည့် ချစ်ဟောင်း သဇင်ညွှာ၊ ရာသီသုံးလ၊ တစ်ယောက်မျှပင်၊ သလွင်ခွင်မှာ၊ မယ်လှစံ ရစ်ပေတော့။

၁၈-မ ။ သွားရှာအုံးရှေ့၊ ကျော့မှူးမယ့် ကြင်ယာ၊ ကေသာ ဆံစ၊ ဖြေကာချ၍ မယ်လှ ကန်တော့လိုက်ပါ၏။

၁၉-ကျား ။ သာဓု သာဓု၊ ဤကောင်းမှုကြောင့်၊ လိုဆုပြည့်ပါ စေ၊ ညောင်သပြေနု၊ ငွေခရုနှင့်၊ မေပုလောင်းလို့ နေလော့။

၂၀-မ ။ မာစေကြောင်းရယ်နဲ့၊ ဆုတောင်း၍ နေပမယ်။ တစ်ဝါတွင်းဆို၊ ကျမ်းထိုထိုကို၊ ကိုလူပျို့ တတ်စေ ချင်၏။

## ငိုချင်း

၂၁-ကျား ။ အသဲရဲ့နာပါသကို၊ မလွှဲသာ ခွဲခွာလို့၊ သွားရပြန် ပေါ့၊ သနားစရာ ကညာမဒီခင်ကြောင့်ဗျာ၊ တစ် နာရီပင် မအေး။ မသက်သာ၊ တစ်ရက်တာ နေမကောင်းပါဘူး၊ ရွှေကျောင်းတော် ခန်းသာဝ ဆီက၊ ခွေလျောင်းကာ တမ်းကာ တမိပါပေါ့၊ မချမ်းသာသမျှ၊ တခဏ မရှင်ရေးရယ်နဲ့၊ အလှ ခင်ရေ၊ လွမ်းလှပါသဗျ၊ ဟဒယ ဘဝင်မှာဆွေး။

၂၂-မ ။ တားမရတာကြောင့် မောင်ရယ်၊ သွားရှာရော့ တစ်ပြည်နယ်။ မေကညာ စေတနာ မပြောင်းခဲ့ပါဘူး၊ ကေသာကို ဖြေကာလျှော့ပါလို့၊ အိုရှင် ဦးချကန်တော့မယ်။

ရတနာငွေပန်းကြာ တကောင်းရယ်နဲ့၊ ပတ္တနာရေဖျန်းကာလောင်းပါလို့၊ ပျိုဆင်ရှယ်၊ အို ခင်ရဲ့ သနင်း။ မလာလျှင် မောင်ရယ်၊ မကြာခင် ခန္ဓာပျက်ပါလိမ့်၊ ညှာသဇင် စံရာတဲမှာရှင်၊ အမယ်မင်း သည်းဖွဲ့ပူပြင်း။

❖ ❖ ❖



## ၄၇။ ဝေဿန္တရာ စုံတွဲရတု

၁။ စုံမြိုင်ခွင်က၊ မိခင်ရောက်ရှိသာ။ သားမောင်နှစ်မ၊ လှူဒါနကို၊ မွေးဖ ဆိုင်းငံ့ပါဦး။

၂။ ဖဘုန်းကြွယ်၊ မြကုံးသွယ် မောင်နှစ်မကိုလ၊ မွေးမာတာ ရောက်ချိန်ကျခါမှ၊ လှူပါ့ဘုရား။

★ ဝက်ဘာ၊ စုံတောရပ် ရဂုံသာက၊ မွေးမာတာ ရောက်ရှိမှကို ဘုရား၊ အမယ်လေး ဆိုင်းရစေသား။

၃။ ငိုရှိုက်ကာလျှင်၊ နှစ်ဖြာ မောင်နှစ်မ။ မွေးမိမာတာ၊ တွေ့လိုပါဟု၊ အခါခါ တောင်းပန်ကြ၏ရှင့်။

၄။ ဆင့်လောင်းကာ၊ ခွင့်တောင်းရှာ မောင်နှစ်မမှာလ၊ မွေးမယ်တော် မိခင်လှကိုတဲ့၊ မြင်ကြချင်ငြား။

မွေးမိခင် ဖူးတွေ့ရယ် မြင်လို၍၊ ဘဘုန်းရယ် သည်အရေးကို ဘုရား၊ အမယ်လေး ပေးခွင့်သနား။

၅။ မောင်နှမတို့၊ ငိုတခါခါ။ ဆယ်ဖြာညွှတ်ပျောင်း၊ ခွင့်ပန်တောင်းသည်၊ အကြောင်းခွင့် မသာခဲ့။

၆။ ဖိုလှိုက်ကာ ငိုရှိုက်ခါ မောင်နှမရယ်တို့၊ ခွင့်ပန်ထွာလျှောက်တင်သသော်လဲ၊ မရ ခွင့်ရေး။

★ လွန်သဒ္ဓါ ကြီးဘိစေတနာနဲ့၊ သားနှစ်ဖြာ ရွှေစင်နှတို့ကို ဘုရား၊ အမယ်လေး ဘုန်းခွင့်သနား။

၇။ သစ်သီးရှာ၊ မာတာ မွေးမိခင်။ မမြင်စေရ၊ မောင်နှစ်မကို၊ ဒါန ပြုတော့မည်တဲ့။

၈။ မယ်ကဏှာ သားမောင်ဇာ ကုမ္မာရငယ်တို့၊ မွေးမာတာ မိခင်လှကိုတဲ့၊ မြင်ကြချင်ငြား။

★ စုံမြိုင်ချေ၊ သစ်သီးရှာဖွေတဲ့၊ မြမွေးမေ မမြင်ရတာကြောင့် ကွယ်၊ သောက ပူပွား။

၉။ ကျေးဖူးရှင် မိခင်တမျက်နှာ၊ မမြင်ပါရ၊ သည်ဒုက္ခသည်၊ ဘယ်မျှ မရှိထင်ခဲ့။

★ မလွတ်သာ ဝဋ်ကြွမ္မာ ဟူသမျှမှာလ၊ ကြုံရမလွဲ။ စူဇကာ ကျွန်ပြုမည် သည်ကြမ္မာငယ်တို့၊ မွေးမာတာ မြင်ချင်ရေးငယ်က၊ သားနှစ်ဖြာ ရွှေစင်သွေးတို့ကို ဘုရား၊ လေးဆ ထက်ကဲ။

၁၀။ ဆိုးယုတ်မာ မျက်နှာ သူ့အသွင်။ အသားစားကျူး၊ စုံမြိုင်ဦး မှာ၊ ဘီလူးဖြစ်မည်ထင်ခဲ့။

❖ မွေးမိခင် ခုမြင်ချင် မောင်နှမကိုလ၊ မြှော်ဆသနား။ မွေးမာတာ ဖူးတွေ့ရယ်မြင်ကာမှ၊ ဘီလူးစာ ရွှေစင်သွေး တို့ကို ဘုရား၊ ကျွေးသင့်ပါငြား။

၁၁။ သူ့မိခင် ဘယ်တွင်မခွဲရှာ၊ နုနယ်ပါလှ၊ မောင်နှစ်မကို၊ မွေးဖ ရှုကြည့်ပါလော့။

★ ပြုလိုရာ စူဇကာ ဘယ်လိုပြုစေတော့၊ ယခုပင် မကြာရပါ ဘူး၊ ဖသားတော် ကုမ္မာရငယ်တို့၊ လိုက်ပါမည် ဘုရား။ လွန်နုနယ် ငယ်ရွယ်သူ ဖြစ်ပါရတာမို့၊ မယ်ကဏှာ ငယ်နှ



မ ကိုလ၊ မွေးမာတာ ရင်ခွင်တွင်းကိုတဲ့၊ ထားရစေသား။

၁၂။ ဆုပန်ထွာသည်၊ ရာဇာ ဖ, ဘုန်းဝေ။ သားတော်နှစ်ပါး ရင်သွေးများကို၊ ပုဏ္ဏားလှူရက်လေခြင်း။

★ လှူခံလာ၊ စူဇကာ သည်ပုဏ္ဏားကိုလ၊ ဘဘုန်းရယ် စေတ နာနဲ့၊ သဒ္ဓါဖြူဖွေး။ ဗုဒ္ဓက်ု ဆုထူးပန်ရွယ်ခြုလို့၊ သားဖော့အူ ဖြူဖြူနုတို့ကို ဘုရား–ဘုန်းခု လှူပေး။

၁၃။ စုံမြိုင်ခွင်က မွေးမေမြင်လှဲ့ပါ။ သားမောင်နှမ၊ လှူဒါနကို၊ မွေးဖ ပြုမည်သာတည်း။

★ ပန်းနံ့ရယ်ကြိုင်၊ နံ့သာမြိုင် ဂနိုင်ကွေ့ဆီက၊ မွေးမေမေ မလာသေးတာကြောင့်၊ လှူခံလာ ပုဏ္ဏားရယ် စူဇကာတို့၊ မေ့သည်းချာ ရွှေစင်သွေးတို့ကို ဘုရား၊ ပေးတော့မည်တဲ့။

၁၄။ သား မောင်ဇာနှင့်၊ ကဏှာမယ် နှမ။ ကျွန်ဖြစ်စာရင်း၊ ပို့အပ်နှင်း၍၊ ဖမင်း လှူတော့မည်တဲ့။

★ အောင်ဆုငယ်ရည်၊ ဘဘုန်းထေရ် ငွေခရငယ်နှင့်၊ လှူရေစက်သွန်း။ ပန်ဆုရယ်ရှာ၊ ဘို့ဖြတ်ကာ နွားမြတ်ပမာ သို့၊ ကျွန်ပြုကာ ရွှေရင်သွေးတို့ကို ဘုရား၊ ပေးအပ် ဆောင်နှင်း။

၁၅။ မောင်နှမတို့ ခံရ ပြစ်ကြီးစွာ။ မေတ္တာပါးရှား၊ သည်ပုဏ္ဏား သည်၊ သနားမကြင်နာခဲ့။

★ ဆိုးယုတ်မာ၊ မျိုးစုတ်ချာ သည်ပုဏ္ဏားရယ်က၊ မာန်ပွားကာ ကြိမ်တပြာနဲ့၊ နှိမ်ကာရိုက်နှင်း။ ဆမတန်၊ ရိုက်နှက်

အလွန်သန်လို့၊ ဒုတ်နှင့်တန် ကြိမ်ရာရေးငယ်က၊ သွေးဖြာလို့ဆင်း။

၁၆။ ဖပိတာ ရာဇာထွက်မှန်ကူ။ သားတော်နှစ်ပါး ရင်သွေးများကို၊ သနား ရှုတော်မူပ။

✶ ဆတ်ဆတ်ကယ်တုန်၊ လုပ်လုပ်ခုန်ဖို့ကာရှိုက်ပါလို့၊ ငိုရှိုက်မဆုံး။ လူကိုက်မဆန်၊ သူရိုက်ခံ ဒဏ်ရာတွေမှ၊ သွေးစီးတွေ တဖြာဖြာနဲ့၊ ဖသားတော် မယ်ကဏ္ဍာတို့ကို ဘုရား၊ အမယ်လေး ဘုန်းရှုပါအုံး။

၁၇။ ဘဘုန်းမွန် အလွန်ရှုသင့်ပါ။ သားတော်နှစ်ပါး၊ ရွှေနန်းဘွားကို၊ သနားချစ်ကြင်နာလော့။

✶ ရွှေနန်းလျှာ၊ ငွေပန်းလွှာ မောင်နှစ်မတို့ကိုလှ၊ ကယ်ပဘုရား။ ရိုက်ဒဏ်ရာ၊ နှက်လိုက်တာ အလွန်နာလို့၊ ဆွေမဟာ နွယ်ကမုတို့ကို ဘုရား၊ အမယ်လေး ဘုန်းရှုပါပြား။

၁၈။ သားမောင်ဇာနှင့်၊ ကဏ္ဍာနတ်လှဆွေ။ သေလုမျောပါး၊ သားတော်များကို၊ ဘဘွားလှူရက်လေခြင်း။

✶ လှိုက်ဖောငယ်ပို၊ ရှိုက်မောငို မောင်နှမကိုလ၊ တယ်ပဘုရား။ သည်တခါ ရိုက်နှက်ကယ် ကြိမ်ဒဏ်ရာနှင့်၊ သက်ခန္ဓာ ကြွေပါရော့မည်ထင့်၊ သားရွှေစင် ပင်ငွေဖော့တို့ကို ဘုရား၊ အမယ်လေး ဘုန်းဖော့သနား။

၁၉။ ဆုကြီးချွေသည်၊ ဗုဒ္ဓတို့ ဖအေ။ သားတော်နှစ်ပါး၊ တောင်းပန်ပြားလည်း၊ ရွှေနား မဆင်လေဘူး။



✶ ထောက်မညှာ၊ ကြောက်စရာ သည်အမှုငယ်ကြောင့်၊ ကယ်မှုမထား။ နှုတ်ချွန်သူ ဆုကြီးပန်ရွယ်ချူလို့၊ ဗုဒ္ဓက်ူ တစ်ဆူပြုတာမို့၊ ရင်သွေးတော် လောင်းရွှေညတို့ကို ဘုရား၊ အမယ်လေး ဘုန်းရှုသနား။

၂၀။ စုံမြိုင်ခြေက မွေးမေမသိရှာ။ သားတော်နှစ်ပါး၊ ရင်သွေးများကို၊ ဆောင်သွားတော့မည်သာတည်း။

✶ မင်းဆရာ အတင်းသာ ချည်နှောင်ဆွဲပါလို့၊ ဖွတ်ဆွဲကာသွား။ သည်တခါ သားလှရတနာတို့၊ မလွတ်သာ ဘယ်မပြေးနိုင် ဘူး၊ မေ့သည်းမျှာ ရွှေရှင်သွေးတို့ကို၊ ကြိမ်တန်ပြာ အခါခါ ကျွေးမယ်တဲ့၊ အမယ်လေး မြမွေးမေရေ ပြေးမြင်ရဲ့လား။

၂၁။ စုံမြိုင်ခွင်က မိခင်တို့ မာတာ။ သားမောင်နှစ်မ မြင်ပါရလျှင်၊ အသဲ ရင်ထုနာလိမ့်။

✶ နွယ်ကြိုးငယ် နှောင်၊ ပုလဲရောင် မောင်နှမမှာလ ကြုံရကံဆိုး။ ပုဏ္ဏားအို ဆဲရေး မြည်တွင်ဆိုလို့၊ သူခေါ်ရာ လိုက်ပါရမည်ထင့်၊ မဟာဆွေ မောင်နှစ်မတို့ကို ဘုရား၊ အမယ်လေး ကြိုးကွ ဒုတ်မိုး။

၂၂။ မေ့သည်းချာ၊ နှစ်ဖြာ မောင်နှစ်မ။ ရိုက်နှယ်ခါခါ၊ ခံ၍သာလျှင်၊ လိုက်ပါရချေသေး၏။

✶ ဒုတ်မိုးရယ်ဆောင် ကြမ္မာကောင် မောင်နှစ်မမှာလ၊ တူကွမကွဲ။ ကြုံရလေ၊ ကံဆိုးငယ်၊ ကြမ္မာပွေလို့၊ မျက်နှာ

ငယ်ကောင် မောင်နှစ်မမှာဘုရား အမယ်လေး ရှေးက ထက်ကဲ။

၂၃။ မောင်နှမတို့၊ ကြိုးရလေဘိအင်။ မွေးမေနှင့်လွဲ၊ စုံမြိုင်ထဲ မှာ၊ ဖွတ်ဆွဲကြမ္မာငင်လို့။

✶ ကြိုးရလေ၊ သားသက်ဝေ မောင်နှမမှာ၊ ဘဝကံကြွင်း။ ဝက်ဘာ၊ တောကြီးရယ် ရဂုံသာက၊ မွေးမာတာ မိခင်လှ ကိုကွယ်၊ အမယ်လေး ကွဲရလေခြင်း။

၂၄။ စုံမြိုင်ခွင်က၊ မိခင်တို့ မာတာ။ တောကြိုတောင်ကြား၊ တဖားဖားနှင့်၊ မနားလှည့်ရစ်ရှာလိမ့်။

✶ နေရစ်ကယ်ရှာ၊ တို့မာတာ သူ မသိသော်ကြောင့်၊ သားမောင်ဇာ ကဏ္ဍာလှတို့မှာ၊ မချိပူပြင်း။ မွေးမယ်မယ်၊ တောထဲ တလယ်လယ်နှင့်၊ သားနှစ်သွယ် ရှာမတွေ့လျှင် လ၊ ခန္ဓာတော် ကြမ္မာရွေ့မည်ထင့်၊ အမယ်လေး မောင်ကြီးဇာရေ၊ ပြေး ခု ချက်ခြင်း။

၂၅။ မေ့သည်းသည် နှစ်ဖြာမောင်နှမ။ ပျော်မွေ့နေရာ တောမြိုင်သာက၊ မကြာလိုက်လို့ ရှာလိမ့်။

✶ သည်တခါ ကိုယ်နှစ်ဖြာ မောင်နှမမှာလ၊ စံနေရာ ရပ်ဌာန ကိုတဲ့၊ ပစ်ခွာကာ လိုက်ပါရမှာမို့၊ ပူစမငြီး။ အသွယ်သွယ် အိုးပုပ်ချင်စလယ်နှင့်၊ ဟိုတောင်ခြေ ဟိုတောင်စပ်မှာလ၊ အရပ်ကို ကိုင်ကာရှုပါလို့၊ ကစားရာ နေဌာနကိုကွယ်၊ အမယ်လေး လွမ်းတမငြီး။



၂၆။ စုံမြိုင်ခွင်က တောကမထွက်နိုင်။ သည်မြိုင်အကြား၊ သားတော်များကို၊ ဘဘွားရှု၍ ဝင်၏။

✶ တောမြိုင်ခွင် မထွက်ခင် မောင်နှမကိုလှ၊ ဆောင်ရအောင် ဗျာကရာနှင့်၊ လိုက်လာပြီ သည်အသင်းဟာမို့၊ မျှော်မိ ယောင်မှား။ တို့မွေးမေ စုံတောရယ် ရဂုံဘွေက၊ မြန်မြန် လေး အမှီလိုက်ပါလို့၊ မြိုင်တိုက်မှာ ကဏ္ဍာနုတို့ကိုဘုရား။ အမယ်လေး ဆွဲလုလှဲ့လား။

၂၇။ ရွှေကျောင်းခွင် မိခင်တို့ မာတာ။ သားတော်နှစ်ပါး၊ ရင်သွေးများကို၊ လွမ်းအားပွေ့ရစ်ရှာပေါ့။

✶ ခုနေခါ တို့မာတာ ရောက်ချိန်ကျပါပေါ့၊ နေရီရီအချိန်ကျ ပြီမို့၊ မျှော်မိရောင်ရှင်း။ တို့နှစ်ခွင် မြတ်မွေးမေ သူမမြင်လို့၊ ဖခင်ကို လျှောက်တင် မေးလျှင်လ၊ ချစ်ကြင်နာ သေငယ် ဇောရယ်ကြောင့်၊ အမယ်လေး မောင်ကြီးဇာရေ၊ မျောလိမ့် မယွင်း။

၂၈။ တောမြိုင်ခွင်က၊ မွေးမိတို့ မာတာ။ သားမောင်နှမ၊ ရှာမရ လျှင်၊ သောက အလွန်ကြီးလိမ့်။

✶ အလွမ်းငယ်ပွေ၊ မသိလေ မေမေ အတွက်ကယ်ကြောင့်၊ မချိပူပြင်း။ စုံတတွေ တောကြီးရဂုံတွေက၊ အထွေထွေ ပူပုံရိုက်ပါလို့၊ အမယ်လေး လွမ်းလိုက်ဖြစ်ခြင်း။

၂၉။ ရွာမနီးသည် တောကြီးအဖြာဖြာ။ ဘယ်ဆီဌာန၊ ဘယ်ဆီ ကဟု၊ မှန်းဆမသိရှာပဲ။

★ ရောင်ဝေဖြာ၊ တောင်သေလာ ညို့ညို့မှိုင်းငယ်နှင့်၊ ရစ်ဝိုင်းကာဝဲ။ ရှစ်တိုင်းမှာ တို့စံရာ တောင်နန်းရယ် ဝက်ဘာက၊ ဘယ်နားမှာ ဘယ်ဆီကျပြီမို့၊ အမယ်လေး ရမ်းဆနိုင်ပဲ။

၃၀။ စုံကန္တာ၊ ဝနာစိမ်းလဲ့လဲ့။ လွန်ရှုဖွယ်မော၊ မြေ့ရေကြောသည်၊ အပေါင်းသူငါ ပျော်လိမ့်။

★ တောင်ခိုးငယ်ချို၊ မြူလွှင်မှုန်ရီရီနှင့်၊ ဘယ်ဌာနီ ဘယ်ပြည်မြတ်မှာတဲ့၊ မျှော်တကာ ဘယ့်နှယ်မှန်းသော်ကော၊ တောတန်းရယ် တောင်ခွင်က၊ ရစ်ဝိုင်းကာဆီး။ စုံရဂုံ ပန်းနံ့ရယ်ထုံ စမ်းရေဟုန် ရစ်ကာဝိုက်တယ်ကွယ်၊ အမယ်လေး လွမ်းဘွဲ့မြိုင်ကြီး။

၃၁။ စုံမြိုင်ညိုမှာ လူလား ပျံကာသန်း။ သံဝါရင့်ကျူး၊ ကျေးငှက်မြူးသည်၊ တွန်ထူး တစာစာနှင့်။

★ ရှုတိုင်းငယ်သာ၊ စုံကန္တာရဂုံဦးမှာလ၊ ကျေးငှက်တွေ ဘာသာ ထူးပါလို့၊ မြူးကြပျံ့ဝဲ။ မာဂဓာ ကျူးရင့်မြည်တွန်ကာနှင့်၊ တောရိပ်သာ တောင်လက်မောင်းမှာလ၊ ရွှေဒေါင်းတွေ တကြော်ကြော်နှင့်၊ ဖိုမခေါ်သံ ကြော်ကြွေးပါလို့၊ မယ်ကဏှာ ပူတဲ့အရေးကိုကွယ်၊ အမယ်လေး ဆွဲတင်လို့ကဲ။

❖ ❖ ❖

## ၄၈။ ရှင်လောင်းသွင်း ပါဠိမြန်မာ

အဟံဘန္တေ သံဃမဇ္ဈေ ပဝေသနံ အာပုစ္ဆာမိ။

ဘန္တေ= မာရဖိန်အခေါင်၊ ငါးမာရ်အောင်လျက်၊ ဖြူရောင်ညိုရိုက်၊ ယမိုက်သုံးဆင့်၊ ခြောက်ဖြာပွင့်သား၊ မင်းမင့်တန်ဆောင်၊ ဘုန်းခေါင်သနင်း၊ တရားမင်း၏၊ ခံတွင်းတော်မြိုက်၊ ရွှေကြာတိုက်တွင်၊ ကိန်းပိုက်ရာမှ၊ ဖွားသန့်ရ၍၊ သကျသာကီ၊ မြောက်ချီသတ်မှတ်၊ နေနတ်အရိယာ၊ နွယ်သညာရှိ၊ သမုတိမည်တွင်၊ ထေရ် အရှင်မြတ်တို့ဘုရား။

အဟံ= ဩ-လည်း လေးဖြာ၊ အာ-လည်း လေးဝ၊ ဂ-လည်း လေးတန်၊ ဂန်-လည်း လေးခု၊ ဥ-လည်း လေးလီ၊ နီ-လည်း ခြောက်ခု၊ နု-လည်း ခုနစ်တန်၊ သံ-လည်း ဆယ်တွေ၊ လေ-လည်း ဆယ်ထပ်၊ သံသာကပ်မှ၊ ကင်းလွတ်ဖို့မြော်၊ တပည့်တော်သည်။

သံဃမဇ္ဈေ= သုပ္ပဋိပန္န၊ စသည်ကိုးတန်၊ ဂုဏ်တမ်းခွန်တို၊ မိုးစွန်အထက်၊ ဘဝဂ်ဘုံဆိုက်၊ ကြွားကြွားဝိုက်၍၊ မြေးမိုက်ကို

လေ၊ ဆင့်ဆင့်ခြွေပေသော၊ မဟေသက္ခ၊ တတိယ ရတနာ၊ သံဃာတော်အပေါင်း၊ အရှင်ကောင်း အရှင်မြတ်တို့၏ ရှေ့တော်သတ်မတ်၊ အလယ်အရပ်သို့။

ပဝေသနံ= ကုသိနာရုံ၊ ရဂုံသာခင်း၊ တောအင်ကြင်းတွင်၊ သက်ဆင်းပါရ၊ လောင်းသိဒ္ဓ၏၊ ခုနစ်ဖဝါးလှမ်း၊ ကြွမြန်းတော်မူ၊ ထုံးနည်းတူသို့၊ ခုနစ်ဖဝါးလှမ်း၍၊ ဝင်ပါရခြင်းကို။

အာပုစ္ဆာမိ၊ ရောင်ဝါဆွဆွ၊ ပါဝါရဟု၊ လွလွပစ္စူ၊ စုလျားဖြူကို၊ ယူ၍ ဝဲဘက်၊ တင်ပြီးလျက်မှ၊ ဖမျက်နှင့်ဒူး၊ လက်တင်ဖူးလျက်၊ နဖူးထိဆိုင်၊ ဦးခေါင်းတိုင်ထက်၊ နှစ်ခိုင်လက်ခုပ်၊ ကြဖူးလုပ်၍၊ သရုပ်အင်္ဂါ၊ ငါးဖြာပဋ္ဌ၊ ပတိဌဖြင့်၊ ကြည်ဆွသဒ္ဓါ၊ ပန်ကြားပါ၏၊ အရိယာနွယ်ဝင် ထေရ် အရှင်မြတ်တို့ ဘုရား။

ယင်းရှင်လောင်းသွင်းကို ပါဠိလို သုံးခေါက်ဆို၍ ရှင်လောင်း သွင်းလေ့ သွင်းထ ရှိကြသည်၊ ပါဠိမြန်မာကိုမူ ဌာနအားလျော် စွာ တခေါက်တန်က တခေါက်ပင် ဆိုကြသည်၊ အရာဌာန အားလျော်စွာ အသုံးပြုနိုင်သည်။

❖ ❖ ❖

## ၄၉။ ဖားနတ်သား

တေဇာတော် ထွန်းပါလို့၊ ပြည့်ရွှန်းငဲ့ ဒေသနာ၊ ရှင်စောငဲ့မြတ်စွာ၊ ပြည်စမ္ပာ ဒေသစာကြွစဉ်က၊ များသတ္တဝါ ဝေနေယျရယ်တို့၊ ကျွတ်တမ်းယူ ပါဝင်ရအောင်လို့၊ ကတ္တရကန်တော်သာမှာ၊ နီးဆာယာအရိပ်တွင်းပေမို့၊ သီတင်းတော် သုံးနေကြောင်းကိုလ၊ ကျွက်ကျွက်ဆူ ပြည်သူအပေါင်းငယ်တို့၊ ညွတ်ညောင်းခပူဇော်ရာတွင်၊ သုံးလူ့ထွဋ် စောဘဂဝါက၊ ဟောပြကာ ခွန်းချွေထုတ်ပါလို့၊ ကမုဒ်ကြာ ရွှေအာလုပ်ကယ်က၊ လင်းချွေလို့သတိပဋ္ဌာန်၊ တိရစ္ဆာန် ပညတ်ထားပါသတဲ့၊ ဖားသူငယ် မြေစိုင်ကြားဆီက၊ သူကြားရပြန်သောအခါ၊ တရား၏ အရသာကို၊ ဖားခမျာ မသိတောင်းပေဘူး၊ အသံတော် သာယာကြောင်းကိုလ၊ ညွတ်ညောင်းကာ နာစဉ်တွင်းမှာလ၊ ဝိကာခံ တုန့်ပြန်ဆိုက်ချေပေ့၊ ငယ်အမိုက် နွားကျောင်းသူ၊ ဆွဲကိုင်ယူ ကြိမ်လှန်တံနှင့်၊ အဖန်ဖန် လှွတ်ကာစိုက်သောကြောင့်၊ သူ့ခေါင်း၌ ဖားသူငယ်မှာ၊ ဒုတ်ဒဏ်ရာအမှန် ထိသောကြောင့်၊ ပျက်ခန္ဓာ နတ်ရွာကြွသတဲ့၊ ဓမ္မသဝန ကုသိုလ်ဟုန်ငယ်လေး။

ရှိန်သဘာငယ်၊ ထိန်ဝါတောက်ပ၊ မဏ္ဍူကဟု၊ နာမဘွဲ့ခံ၊ သောင်းချွေရံစုံအပါတို့နှင့်၊ ထက်မိုးယံ စိုးစံရတာမို့၊ ဘယ်ကံငယ်ဆို ဘယ်ကုသိုလ် ဖန်လေသည်၊ ဆင်ခြင်ကာ ဘဝတွေးလိုက်တော့၊ ဖား ဟိုရှေးငါ ဖြစ်ခါက၊ စောဘဂဝါ မြတ်ဘုရားကိုဖြင့်၊ ခဏတာပန်ဆင်ကြားတွင်မို့၊ ပယောဂါ သူ့ကြိမ်ဒဏ်ကြောင့်၊ စုတေအမှန် ခန္ဓာပျက်ခဲ့၍၊ ဥပပါတ် ပဋိသန္ဓေ၊ ဟိတ်အခြေ ဖြစ်ပုံ သိပါတော့၊ စောမုနိ ဘုန်းရှိရာ၊ ဘုံဝိမာဗိမာန်ကြီးရယ်နှင့်၊ ဒေဝါရှင် လေယာဉ်စီးပါလို့၊ အပြီးတိုင် ဘုံကဆင်းပြီးလျှင်၊ ခြေရင်းမြတ် ဘံတော်သာ၊ ချဉ်းကပ်ကာ ပူဇော်သပြန်တော့၊ ဘုရာက မေးရာတွင်၊ မှန်ကန်စွာ သက်သေပြစေဟု၊ အလုံးစုံခင်းပြန်ကြားကာမှ၊ ဟောင်းဘဝ ဖားရုပ်သွင်၊ များလူရှင်မြင်အောင် ပြတဲ့၍၊ နောက်ဘဝ တရားနာ၊ များသတ္တာဗိုလ်လူအပေါင်းရယ်တို့၊ တရားကို ကြည်ဖြူကြတာဖြင့်၊ ရှစ်သောင်းကျော် လေးထောင်ကျွတ်ရတဲ့၊ ဖားနိပါတ်ပမာယူ၊ စိတ်သဒ္ဓါလွန်ကြည်ဖြူ၍၊ မြိုင်ယံငူ တိုးကာလှံ့လို့၊ ဆိုးအာရုံပယ်ကာ သတ်ကြကွယ်၊ မြတ်လှတယ်လေး။

❖ ❖ ❖

## ၅၀။ မဟာဒုတ်ဇာတ်

ဇမ္ဗူဒိပ်မှာလ၊ နိမိတ်ကယ်ထွန်းပြောင်၊ မော်ကွန်းငယ်ဆောင်၊ ရှေးယခေါင် ကမ္ဘာရယ်က၊ သာထူး၍သမ္ဘာလှိုင်၊ ကြာဦးခိုင် ငုံအချပ်ကယ်နှင့်၊ စုံရှစ်ရပ် ပရိက္ခရာကို၊ ထက်ပြပ်ဘွာနတ်အကြားမှာလ၊ မြတ်ငါးဆူ ရှင်တော်ဘုရားရယ်လို့၊ ပွင့်ငြားသည့် ဤကမ္ဘာမှာ၊ မည်သညာ ဘဒ္ဒကပ်ရယ်လို့၊ သိမှတ်ဖို့နောင်အစဉ်၊ သုံးလူ့ရှင် ကိုးဂုဏ်ထူးကိုလ၊ အစဦး ကကုသန်၊ ပြည်နိဗ္ဗာန် ကူးတို့မှူးပေမို့၊ လူသုံးဦး ကယ်ဆောင်တင်၊ ထို့ပြင်နောင် နှစ်ရှည်လျားပြန်တော့၊ မြေသြဇာ တယူဇနာခြားတွင်မှ၊ မြတ်ဘုရား ကောဏဂုဏ်၊ ဝေဏေယျုံ ဟူသမျှကိုလ၊ ပို့ဆောင်ကာ ခေမာကြွပါလို့၊ ကဿပ မြတ်ဘုန်းမော်ငယ်၊ နှလုံးမမျှော် ခြောက်ရောင်မောင်းတွေနှင့်၊ နှစ်,နှစ်သောင်း လူတို့ရွာမှာ၊ စိန္တေယျာ ကိုးဂုဏ်ဆင့်ပါလို့၊ ပြည်ရွှေညောင် ပလ္လင်မြင့်မှာလ၊ ပွင့်ခဲ့တယ်လေး။

သြော်… များရှင်လူငယ်၊ ကြည်လင်ညွတ်ခ၊ ဦးနှိမ်ငယ်သပါလို့၊ ကဿပဘုရား၊ လူနတ်အများ၊ တရားစည်ကြီး၊ ပဲ့တင်ဟီးမျှ၊ စောဓိမြတ်စွာ၊ ထေရ်သံဃာမြတ်နှစ်သောင်းငယ်နှင့်၊

လူနတ်ပေါင်း ဝေနေယျာကို၊ ဟောချွတ်ကာ ဗာရာဏသီမှာလ၊ သမ္ဗုဒ္ဓ ရောက်လေရာဝယ်၊ သူ့ထက်ငါ ဆုယူမှီးပါလို့၊ အသီး အသီး စာရေးတန်၊ လှူဒါန်းရန် စီမံကြပြန်တော့၊ မွဲပြာကြ ဆင်းရဲအို၊ ဖွတ်ဖုန်းမို မဟာဒုတ်ကယ်လို့၊ များသမုတ် လူတို့ ခေါ်၊ သနားမြော် ဆော်တိုက်တွန်းရှာကြ၊ ရှက်ကြောက်ရွံ့ သူ့ခမျာ မှာ၊ တပါးသာ အာမခံ၊ တူမောင်နှံ တိုင်ပင်ပြီးပါမှ၊ သူဌေးကြီး သူတို့အိမ်မှာ၊ အစေခံ မောင်နှံ လုပ်ပါလို့၊ ကျွေးမွေးရန် ဝတ္ထုများမှာတော့၊ ဆီ၊ ပျား၊ ဆန်၊ တန်ရုံ ရရှာသတဲ့၊ ဝမ်း မြောက်လှစီရင်ဖန်။

လှူဒါန်းရန် သံဃာပေးပါဟု၊ ပြောတဲ့၍ တောင်းလေ သော်၊ သံဃာတော် မကျန်ရှိပြီဟု၊ ပြောလေသည့် ထိုအခါမှာ၊ ဒုက္ခိတ လူငမွဲမှာတော့၊ လူးလဲ၍ ငိုရင်းမှိုင်၊ စာရင်းကိုင် ပညာ ရှိရယ်က၊ စိတ်ကြည်ရုံ အကြံမိသည်မတော့၊ မင့်ကံရှိရဖို့ရာ၊ စောသတ္တာ မြတ်ဘုရားကိုလ၊ စာရင်းချန် လှပ်ကာထားပါသကွဲ့၊ ပြေးငြား၍ ပင့်ပါချေ၊ သည်တော့လေ မဟာဒုတ်ကယ်က၊ မြန်းသုတ်သုတ် စိန္တေယျာကို၊ တပည့်တော် ဒုက္ခိတပါ ဘုရား၊ ချီးမြှောက်ပ တောင်းပန်သော်၊ သနားမြော် ကိုယ်တော်မြတ် ကယ်က၊ သပိတ်တော် ယူကာအပ်ရှာတော့၊ လောကဓာတ် ဤမြေပြင်မှာ၊ စကြာယာဉ် ဆိုက်လာရောက်သည်ဟု၊ ဝမ်း မြောက်လှ ပီတိဟုန်ငယ်၊ မြူးခုန်ကာ သပိတ်တော် ထမ်းပါလို့၊ စိတ်ရွှင်လန်း စောမြတ်စွာကို၊ ပင့်ဆောင်ကာ ဆွမ်းလုပ်ကျွေး ပြန်တော့၊ မွေးလိုက်သည့် နတ်ဩဇာတွေ၊ လူ့ပြည်မှာ အကုန်



သိပါသတဲ့၊ ဇောပီတိ ကုသိုလ်ဟုန်ငယ်၊ အိမ်လုံးကုန် ရွှေတွေ ပြည့်သည့်ပြင်၊ သူဌေးလျှင် မောင်နှံဖြစ်ပါသတဲ့၊ ညောင်စေ့မျှ ဥပမာလို၊ စေတနာသဒ္ဓါ မောက်သူမို့၊ ခုမျက်မှောက်ပစ္စုပ္ပန်မှာ၊ ကျိုးပေးဟန် မဟာဒုတ် ကယ်လို့၊ ကြည်စေတနာ သဒ္ဓါဟုတ် လျှင်ဖြင့်၊ သမ္ပယုတ် ဒါနကံကယ်၊ ကျိုးပေးဟန် အမှန်မှတ်ကြ တော့၊ ကဿပ လက်ထက်တော်မှာ၊ သူဌေးကျော် မောင်နှံ ဖြစ်ပါသတဲ့၊ ခုခါစစ် သံသရာဝယ်၊ သူတော်စင် မောင်မယ်များ ရယ်တို့၊ မြတ်ဘုရား ကျမ်းဂန်၊ ဉာဏ်ပညာရှုကာ တွေးကြ တော့၊ သံသရာ မဆိုသေး ပါဘူး၊ မျက်မှောက်တွင် ရှင်သူဌေး လို၊ ဒါနပေး ကုသိုလ်ရှင်ငယ်၊ ဘုရားရှင်ကိုယ်တိုင် ဟောတာမ တော့၊ **“ဒါနတော ဘောဂဝါ”**စောဒနာ ဝင်မရှုပ်ကြနှင့်၊ ဒါနခံ မဟာဒုက်ကိုတော့၊ ကျမ်းထုတ် တယ်လေး။

တောက်ပြောင်ငယ် ထွန်းပါလို့၊ ရောင်ရွှန်းငယ် သာသနာ အံ့ဩငယ်သာ၊ ရှစ်အင်္ဂါညီအစုံကြောင့်၊ ဂုဏ်တွေထူး ပါဘိတယ်လေး။

ဩော်... အနိစ္စမမြဲ၊ ဒုက္ခဆင်းရဲ၊ အနတ္တဆို၊ ဘာကိုမျှ အစိုးမရ၊ လူ့ဘုံရပ်က၊ မလပ်ကြည်ဖြူ၊ တဏှာမဖိ၊ သဒ္ဓါအိ ပီတိကူလို့၊ အလောဘစိတ်ဇောနှင့်၊ ရက်ရောမတွ၊ မောင်မယ် မတို့၊ ဩရသ ပုတ္တံ၊ ကိုးလလွယ် ဆယ်လဖွားရ၊ သားလှ မောင်ရေ၊ မြတ်ဗုဒ္ဓ အမွေခံပါရချေဟု၊ ဆုတောင်းပြု၍၊ မိတု မာတာ၊ ဉာတကာတို့၊ ညီညာသောသော၊ အုတ်အုတ်ဩနှင့်၊ ပြော တူရိယာသံ၊ ငြိမ့်ငြိမ့်သာ ညံ့ရော၊ သားသက်နှံ့ ချစ်သည့်

အရေးငယ်နှင့်၊ ဆွမ်းလုပ်ကာ မယ်မယ်ကျွေးပါ့မယ်၊ ကျင့်ဝတ်ဆောင် တို့ဓလေ့ကိုလ၊ သားရွှေမောင် ပျော်အောင်မွေ့ပါတော့၊ မေ့ပါနှင့်လေး။

❖ ❖ ❖

**မြစ်ကိုင်းရွာ**

•••••

"ပူပ ရတနာ၊ ရွှေပြည်သာမှ၊ တောင်ညာပစပ်၊ နောက်ခတ်ညွှတ်ဝယ်၊ ကြီးမြတ်ဂုဏ်အင်၊ **စည်သူရှင်**ဟု၊ သုံးခွင်များနတ်၊ အောင်သူထွက်လျှင်၊ ကျိန်းဝပ်စံရာ၊ လွန်သာယာသား၊ အံသားထူးဆန်း၊ **မြို့ကူခန်း**၏၊ ကျေးဖူးရပ်ထင်၊ နောက်တောင်ခွင်၌၊ ညွန့်ရှင်ခက်ရှည်၊ ရွာပတ်လည်က၊ ပင်စည်ဝေဝေ၊ နတ်ရပ်မြေသို့၊ သပြေစကား၊ ချယားပုညက်၊ နံ့မျက်သရဖီ၊ ကတ္တရီအင်ကြင်း၊ အဆင်းရွှေဝါ၊ မဟာလေှကား၊ ဆပ်သွားကံ့ကော်၊ ကြည့်တိုင်းမြော်သား၊ ရေသော်မနိုင်း၊ ပန်းမျိုးလှိုင်သည်၊ လုပ်အိုင်စကျင်း၊ တောင်ယာခင်းနှင့် ရေသွန်းလယ်ယာ၊ ရွာလက်ယာက၊ ရောမြစ်ကြီး၊ ရစ်သွယ်စီးလျက်၊ ဖြီးမျှရောင်းဝယ်၊ ဖောက်ကားသွယ်၍ လိုဖွယ်မတ၊ စည်ပင်ဝသည့်၊ သာလှပေနိုင်း၊ ရွာမြစ်ကိုင်း ဟု"

*"ရွှေပြည်ဝင်ခန်းပျို့"[ဆောင်းပါး]

Y.M.B.A အသျှင်ဝိသုတာဘိဝံသ

သူ.ဘဝ, သူ.စာ၊ စာ-၁၂၃။

## ၅၁။ သီရိဓမ္မာ သောကမင်းကြီးဇာတ်

ရှစ်စုံထီးရယ်နှင့်၊ ပြည်ကြီးငဲ့နိုင်ငံ၊ စံပျော်ရှင်ထိုသည့်နောက်တွင်မှ၊ နှစ်ရာကျော် တစ်ဆယ်မြောက်ပါလို့၊ ရှစ်နှစ်ရောက်ထိုအခါဝယ်၊ ပြည်ဗာရာ ပါဋ္ဌလိရယ်လို့၊ စိုးပိုင်သည့် မင်းဓမ္မာ၊ ဇောစေတနာ အလွန်ထက်သောကြောင့်၊ ကျောင်းတော်ကြီးရယ်တဲ့ အသောကာ၊ ဆောက်လုပ်ကာ လှူအပြီးတွင်မှ၊ ထိုကျောင်းကြီးအပေါ်မှာ၊ သံဃာတော် ထေရ်ခြောက်သောင်းငယ်နှင့်၊ ဆွမ်းဩဇာ ကြိုင်ကြိုင်လှောင်းပါလို့၊ နတ်ဆေးကောင်းဩသဓာ၊ သက်န်းလျာ အစုံပေးသည့်ပြင်၊ လေးပစ္စည်း ဒါယကာ၊ ငွေအသပြာ ကုသိုလ်မျိုးပေမို့၊ ကိုးဆယ်နှင့် ခြောက်ကုဋေ၊ ဇမ္ဗူမြေ နယ်အတွင်းမှာလ၊ မြူခပင်း များမြောင်စွာ၊ သရီရာဓာတ်မွေအောင်းစေဖို့၊ တစ်ကျောင်းစီ ကုသိုလ်တိုး၊ အမျိုးမျိုးလှူတော်မူ၊ တည်တော်မူ အဆူဆူ စေတီပေါင်းငယ်နှင့်၊ ရှစ်သောင်းက လေးထောင်ကျော်၊ ကုသိုလ်တော် ထူးပါဘိတယ်လေး။

လှူဒါနငယ်နှင့်၊ ရေစက်ကယ် လက်မကွာ၊ ထက်သဒ္ဓါစိုးကာ ဖြိုးသော်ကြောင့်၊ အလှူမျိုး သည်အရာ၊ ကုသလာဒါနာခန်းတွင်ဖြင့်၊ သူ့လိုလူ ဇမ္ဗူရှားပါးလိမ့်၊ တစ်ပါးကွဲ့မင်းရာဇာ၊ သာသနာ လှူသူ ပေါင်းတွင်ဖြင့်၊ ဘယ်ပုဂ္ဂိုလ်

သာလွန်ကြောင်းရယ်လို့၊ ညွှတ်ပျောင်း၍ လျှောက်သော အခါ၊ ရဟန္တာထေရ်ရှင်မြတ်ရယ်က၊ မိန့်လတ်ဘိ ဤသို့နှယ်၊ တို့ဘုန်းကြွယ် သက်တော်ရှိစဉ်က၊ ခုထက်ထိ သာသနာ၊ မြှောက်စားရာ သေချာ ကြည့်ပြန်တော့၊ သင်လိုလူ ဘယ်တစ်ယောက်ကမှ၊ ပေါ်မပေါက် ထွက်မလာ၊ မိန့်ခွန်းဖြာ သာသည့်ရေးရယ်ကြောင့်၊ လောင်းရာဇာ ထပ်ကာမေးပုံက၊ **"သာသနာဒါယဇ္ဇ၊ အမွေခံ ထိုက်ပါသလား"**ဟု လျှောက်ထားသည့် ထိုအခါ...။

နရိန္ဒာ အို မင်းမြတ်၊ လှူပစ္စည်း အထပ်ထပ်၊ ကျွန်းလုံးရပ် မြေပြင်၊ ထက်ခွင် ကနိဋ္ဌ ဗြဟ္မာ့ဘုံအထိ၊ ထုတ်ချင်းထိ အဆူဆူ၊ ပုံ၍ပင် လှူဘိလည်း၊ မာရဇိ ထွတ်ထား၊ မြတ်ဘုရား သာသနာ၊ ဒါယဇ္ဇ အမွေခံ၊ ဝေကန် မဖြစ်၊ ရွှေရင်နှစ် သားပုတ္တာ၊ ပရဒါ သူတို့သားကိုလ၊ ရှစ်ပါးကွဲ ပရိက္ခရာ၊ စုံလင်စွာဆောင်ကာ နှင်းပါလို့၊ သာသနာဘောင် အတွင်းမှာလ၊ သွတ်သွင်းကာ ချီးမြှောက်ပေးပါမှ၊ **"သာသနာ ဒါယဇ္ဇ၊ အမွေခံ ထိုက်သည်"**ဟု၊ ထေရ်မဟာ ပြန်ကာမိန့်သောကြောင့်၊ ပြည့်သဒ္ဒါ တိုးကာစိမ့်ပါလို့၊ ဥပရာ အိမ်ရှေ့မင်းရယ်နှင့်၊ သားရင်းကွဲ့ မဟိန္ဒာ၊ ရွှေရုပ်လွှာ ရှုမငြီး၊ သမီးအလှ သင်္ဃမိတ္တာ၊ ဓီတရာ ညာ့ပုလဲတို့အား၊ အာမဝန္တံ၊ ရဲရဲကြီး ခံကာဖြင့်၊ သာသနာ့ဒါယဇ္ဇ၊ အမွေ ခံရလို့မှု၊ သဗ္ဗညုသာသနာ၊ သွတ်သွင်းကာ စံနမူ ထားပါတော့၊ အလှူရှင် ဆွေအများတို့ရယ်၊ လှူကြကွဲ့လေး။

❖ ❖ ❖

## ၅၂။ ဝေဿန္တရာဇာတ် ဝတ္ထု

ဇာတ်တော်ပေါင်းမှာလ၊ ကျွတ်ကြောင်းရယ် ရည်သန်၊ ထွတ်လောင်းငဲ့မှန်၊ မင်းဝေဿန် မဒီထုံးလိုပ၊ ကျင့်သုံးကြ ပုံပမာ၊ စေတုတ္တရာ ပြည်ရွှေမကိုလ၊ စိုးပိုင်သ လောင်းရာဇငယ်၊ ဆင်ဆဒ္ဒန် လှူသည့် ပွဲကိုတော့၊ မကြည်ဖြူ ပြည်သူအသဲမှာဖြင့်၊ အူထဲလှိုက် ကျွက်ကျွက်ဆူ၊ တောင်းဆုကိုယူ၊ ဗုဒ္ဓင်္ကုရ စိတ်သန်မှန်းပါလို့၊ ဝင်္ကဘာ တောင်ညိုစခန်းကိုတော့၊ မြန်းထွက်တယ်လေး။

အော်... ညို့လို့သာ မှိုင်းတော့သကွဲ့၊ ရှုတိုင်းငဲ့သာယာ၊ ဝေဖြာဖြာ ပန်းတွေပေါ်သနဲ့၊ မင်းဝေဿန် နေရှာတဲ့ တောပေထင့်၊ တွေးချင့်ကာ အကုန်ကြည့်လိုက်တော့၊ စိမ်းလဲ့လဲ့ ညို့ပြာပြာ၊ လွမ်းစရာ အလွန်ကောင်းပါဘိသနဲ့၊ စမ်းချောင်းရယ် တမ်းခွန်တွေနှင့်၊ သီလဝန် သူတော်ကောင်းရယ်တို့၊ ကိန်းအောင်းသည့် နေရာ၊ တောင်သေလာ ချောင်စခန်းကိုလ၊ မြော်မှန်း၍ ရောက်လာရာ၊ မင်းဝေဿန် ဘုရင်မြတ်ကိုလ၊ ချဉ်းကပ်ကာ

လက်စုံမိုးပါလို့၊ ရှိခိုး၍ သံတော်ဦးတင်သည်မှာ၊ ပုဏ္ဏားမျိုးနွယ်၊ ကြိုးကိုးသွယ်နှင့်၊ စလွယ်ကိုတင်၊ ဗေဒင်မတတ်၊ ပုဏ္ဏားဝတ် စူဇကာ၊ မင်းဝေဿန် အလှူတော် ပေးလျှင်ဖြင့်၊ ဒုက္ခမှာ ကျွန်တော် အေးပါလိမ့်၊ ပူဆွေးကာ အကုန်ပျောက်အောင်လို့၊ စူဇကာ လှူခံရောက်ပါတော့သည် ဘုရားလေး။

အာရုံတက်စ၊ နိမိတ်ပြု၍၊ သည်နေ့ကေန်၊ အလှူခံ ဘယ် ချိန်ရောက်ပါလိမ့်၊ မင်းဝေဿန် သဒ္ဒါမြောက်သော်ကြောင့်၊ စောင့်စား၍နေရာ၊ သားနှစ်ဖြာ ရှေ့မှာထားပါလို့၊ ယောက်ျားဟဲ့ ငါ၊ သည်တစ်ခါ အကြံမြောက်ပြီပေါ့၊ ဗောဓိအောက် ပလ္လင်ခွင် မှာ၊ ရောင်ခြောက်ဖြာ တထိန်ထိန်နှင့်၊ အဘိညာဉ်သမာပတ်ကို လ၊ လေးသစ္စာ ကိုယ်မှာကပ်ပါလို့၊ ဘုရားမြတ် ရွှေဉာဏ်တော်၊ ကေန်နော် ငါစုံမက်သော်ကြောင့်၊ အသက်လောက်မက ချစ်ခင် ရှာ၊ သားနှစ်ဖြာ ရွှေရင်ဉကိုလ၊ ခမည်းတော် မှန်ကူရှုသော်လည်း၊ သဗ္ဗညုတ ဆုကိုပန်ဆင်၊ မွေးဖခင် ပါရမီပြည့်အောင်လို့၊ ကူညီကာ မောင်နှစ်မတို့က၊ ဖြည့်ကြပါကွဲ့လေး။

ထိုအခါ ကလေးနှစ်ဖြာ၊ ထွက်ကာ ပြေးပါလို့၊ အဖေလေး ရဲ့ မြင်လှဲ့ပါ၊ ခုနေခါ အမေနဲ့တွေ့လျှင်ဖြင့်၊ ပွေ့ပိုက်ကာ ရင်ခွင်ကြားမှာလ၊ သားနှစ်ဖြာပိုက်ကာထားပါလို့၊ ငိုရှိုက်ကာ အမေပြောလျှင်ဖြင့် သဘောတော် ရွှေဉာဏ်ဝင်လို့၊ ပုဏ္ဏားလိမ် အခေါ်ဆိုက်ပေမယ့်၊ သားနှစ်ဖြာ ဘယ်ကိုမှမလိုက်ရပါဘူးရယ် လို့၊ ဖ,ဖုန်းဝေ ရှာမတွေ့အောင်လို့၊ မုစလိန္ဒာအိုင်တော်တွင်း မှာလ၊ သားနှစ်ဖြာ နောက်ပြန် ဆင်းပါလို့၊ ထင်လင်းစွာ



ကြာပင်အောက်မှာ၊ ပုံးပျောက်တယ်လေး။

ထိုအခါ ပုဏ္ဏားမွဲ၊ ဆင်နွဲကာ အသာကြည့်ပြန်တော့၊ ကလေးနှစ်ဖြာ မမြင်ဘိသော်ကြောင့်၊ တော်ရာမှာ ခေါ်ကာ ပြေးတယ်လို့၊ တနွေးနွေးသူထင်ရှား၊ မင်းဝေဿန် သဒ္ဒါကြီး သူက၊ ရှုမငြီး သားနှစ်ဖြာကို၊ လိုက်ရှာကာ ခြေရာကောက်ပြန် တော့၊ မုစလိန္ဒာ ကန်တော်သို့ ရောက်ကာမှ၊ ရှေ့နောက်ကို ပြန်လှန်ကြည့်လိုက်တော့၊ ဆင်းခြေရာ သည်မှာ တွေ့သော ကြောင့်၊ ငါ ဘုန်းဝေ ရှာလျှင် မတွေ့အောင်လို့၊ လိမ်ဉာဏ်ဆင် သူတို့ ပုန်းရှော့ဘင့်၊ ခေါ်အုံးမှ သင့်လျော်မည်၊ ပါရမီကူညီလို့ ဖြည့်ကြပါ၊ သားအလှ သမီးတော်ရေ၊ ခမည်းတော် ခေါ်လျှင်ဖြင့် ထူးကြပါကွဲ့လေး။

မင်းနှစ်ဖော် မောင်နှမ နှစ်ဦးတို့က၊ မထူးပဲနေဟန်၊ မလျော်ကာန်၍၊ သံပြိုင်အော် ဖခင်လို့ ဆက်ကြတော့၊ လေးထောင့် ကန်တွင်း ရေနက်ဆီက၊ ပြေးတက်ခဲ့ ပတ္တမြား နှစ်သွယ်၊ ငါဖခင် ကြင်နာတွယ်၍၊ နှစ်ပါးမယ်ဆန်လို့ မညင်းကြနဲ့၊ ပုဏ္ဏား အို သူ့ထံသို့ချဉ်းကြတော့၊ ဖမင်းမှာ လိုအင်ပြည့်ပါလိမ့်၊ ကန် တွင်းက ကြာပဒုံလို၊ ရင့်အုံးကာ ပွင့်လုဆဲပေမို့၊ ဖ,ကျိုးဆောင် မောင်တို့ ခဲကြပေတော့၊ ဝဲကယက် လွတ်ကြောင်းငှာ၊ ပြည်နိဗ္ဗူ ဌာဂ်မာသို့၊ ရွက်ဆင်ကာ ဖောင်တော်မှူးရယ်နှင့်၊ မျှားသတ္တာ ချမ်းသာလို့ ကူးရအောင်၊ အထူးပ တရားရှာ၊ ကြည်ဖြူစွာ လိုက်ကြကွဲ့လေး။

ကဏှာဇာလီ မောင်နှမရယ်တို့၊ မုစလိန္ဒာ ကန်တော်ထဲမှာ

လ၊ ယှဉ်တွဲကာ ပုန်းနေငြားသော်လည်း၊ ခမည်းတော် ခေါ်သံကြားသော်ကြောင့်၊ မင်းနှစ်ဖော် မောင်နှမ နှစ်ဦးရယ်က၊ ထူးကြစို့ နှမရေ၊ ပုန်းကွယ်ကာ ကြာပင်အောက်ဆီက၊ ခမည်းတော် ရှေ့တော်မှောက်ကိုလ၊ တူရောက်၍ လာကြရှာ၊ သားနှစ်ဖြာ လက်ကို ဆွဲပါလို့၊ လှူရဲတဲ့ မင်းဝေဿန်၊ စူဇကာရှေ့မှာ ရောက်သော်ကြောင့်၊ ဝမ်းမြောက်စွာ သဒ္ဒါရွှင်၍၊ ငါ ဘုရင်ပေးလိုက်တယ်လေး။

မင်းကြီးမျက်မှောက် ညှာမထောက်၊ ငါ တစ်ယောက်စူဇကာကို၊ သူများလို မထင်ကြပါနှင့်၊ ယဉ်အလှ သားနှစ်ဖြာကို၊ ထွက်ပြေးကာ ပုန်းနေငြားသော်ကြောင့်၊ လက်နှစ်ဖက် စုံကိုင်၍၊ မခံနိုင်အောင် ကြိမ်နှင့်ရိုက်ပြန်တော့၊ မောဟိုက်ကာ သွေးဖြာစီးပါလို့၊ သောကမီးရယ်တဲ့ တဖြိုက်ဖြိုင်၊ မခံနိုင် ကြုံမှိုင်ဆဲဟာမို့၊ ကိုယ်တော်တိုင် ရောင်ကိုဆွဲပါလို့၊ မိုက်လှသည့် ပုဏ္ဏားမွဲကိုလ၊ လည်ပင်း သံလျက်နှင့် စဉ်းလိုက်မည် ခဲသောကြောင့်၊ ပုဏ္ဏားက တောင်းပန်ရှာ၊ ထိုအခါ ဗုဒ္ဓင်္ကုရမင်းဝေဿန်က၊ သည်းမခံလျှင် ဆုပန်ပျက်မည်ကြောင့်၊ သံလျက်ကို နောက်ပြန်ယူ၍၊ ဖောက်ပြန်မှု အယူမလွဲရအောင်၊ လှူမြဲဖြင့် လှူလိုက်တယ်လေး။

ပုဗ္ဗ မုဉ္စ၊ ပရ စေတနာ၊ သုံးတန်ဖြာသား၊ ရွှေကရားနှင့်၊ ပုဏ္ဏားလက်ရောက်၊ ကရားညှောက်က၊ ရေစက်ချ၍၊ သားလှသမီး၊ ရှုမငြီးတို့အား၊ အပြီးတခါ၊ လှူဒါန်းပါသည်။ ပုညဝမုန၊ ကုသလအဟုန်၊ ဘဝဂ်ဘုံအထိ၊ အဝီစိမကျန်၊ ကေန်ယခု၊



ငါ့ ကောင်းမှုကို၊ နတ်လူသာဓု၊ ခေါ်ကြပါစေ၊ အမျှရယ်ဝေ၊ ဝသုန္ဓရေ မြေနတ်သားကိုလ၊ တိုင်ကြားကာ သက်သေထားပါလို့၊ သားပုတ္တ ပရိစ္စာဂ၊ အလှူတော်ကို ရေစက်နော် သွန်းချပြီးကာမှ၊ တောင်ဟုံသံ ပွဲတင်ဟီးပါလို့၊ မြေကြီးကလဲ သွက်သွက်ခါ၊ မင်းဝေဿန် ဆုပန်တောင်းသော်ကြောင့်၊ မြေမဟာ တုန်ကာစောင်းပါလို့၊ နတ်ပေါင်းရယ် ဗြဟ္မာတွေနှင့်၊ ကောင်းချီးနော် အသံပြုပါလို့၊ သာဓုလို့ ခေါ်ကြတယ်လေး။

❖ ❖ ❖

## ၅၃။ သိဒ္ဓတ္ထမင်းသား တောထွက်ခန်းကြီး

သာကီမျိုးမှာလ မညှိုးတဲ့ ဂုဏ်သိရ်၊ တစ်မျိုးရယ်ထိန်၊ တရှိန်ရှိန် နေရောင်တောက်ပါလို့၊ ထက်နှင့် အောက်ဘယ် မပျော်၊ ကနက်တော် ရှစ်စုံ မိုးပါလို့၊ မျိုးဝံသ သဘာကြွယ်၊ မဟာနွယ် နတ်ညီမျှပါလို့၊ ကပ္ပိလ နေပြည်တော်မှာ၊ ဘသုဒ္ဓေါ် မာယာမိ ငယ်တို့၊ နန်းသီရိ ရွှေအိမ်ပေါ်မှာ၊ မြတ်သားတော် ကုမာရငယ်နှင့်၊ သိဒ္ဓတ္ထငယ်မည်တွင်၊ ဖွားသန့်စင် ခုနစ်ရက် ကယ်က၊ မီးထွက်စ မွေးမာတာငယ်၊ နတ်ရွာမှာ ပျော်တော် အားပါးနဲ့၊ ရှုငြားပါဘုရား၊ လူတို့ပြည် မွေးမယ်တော် အစံစော တာကြောင့်၊ သားရတနာ လူယဉ်ချောရယ်က၊ နှမြောတယ် လေး။

သြော်… ဂေါတမီငယ်၊ ဒေဝီရယ်မှ မိထွေး၊ နို့ချိုကျွေး၍ ပိုက်ထွေး မ,ကာ၊ မှက်ခြင်ရယ် မကိုက်ရအောင်၊ နန်းသိုက်ညှာ ကို၊ ရှုကာ စောင့်ရှောက်၊ လူလားမြောက်အောင်၊ ဆယ့်ခြောက် နှစ် အရွယ်၊ ထိန်ထိန်ငယ် လျှမ်းပါတဲ့၊ နန်းကြီးလယ်မှာ၊



လွှန်ဆန်းကြယ် လေးအတက်ကိုလ၊ မင်းမှူးမတ် ဗိုလ်ပုံအလယ် မှာ၊ မျိုးစုံကွယ် သားတော်ပြပါလို့၊ တိုင်းဒေဝ နှမတော်ငယ်၊ လှယသော် သားရွှေလှော်၊ မောင်ရာဟုကိုလ၊ ဆောင်သမု မယ်ယသော်ငယ်၊ ပွေ့ပိုက်ကာ အိပ်ပျော်ခိုက်တွင်မှ၊ ရွှေနန်း လယ် မပျော်ပိုက်နိုင်ဘူး၊ မြိုင်တိုက်ကို ခုပင် ထွက်တော့မကွဲ့၊ ညဉ့်နက်တဲ့ သန်းခေါင် ယံ၊ မတ်မောင်ဆန် အမြန်ထကာကွဲ့၊ လိုက်ခဲ့တော့ ငါ့အကြံ၊ နတ်မြင်းပျံ မောင်ခဏ္ဍကိုလ၊ မသိအောင် အသာနှိုးချေကွဲ့၊ ခပ်တိုးတိုး ခုတိုင်ပင်၊ ရွှေနန်းလယ် မပျော် ရှင်လို့၊ ငါဘုရင် မှန်းပြခဲ့တယ်လေး။

သြော်… ရပါဘိ သံဝေငယ်၊ ဓမ္မေပါလ ဥယျာဉ်တော် ကြွတုန်းက၊ တိတ်,လေး၀ မြင်ရပြန်သော်၊ သူအို, သူနာ, သူသေ, ရဟန်း၊ လေးခန်းသော် အရိပ်၊ တိတ်နိမိတ်နှင့်၊ ထိတ် လန့်သံဝေ၊ ရတုံပေလျက်၊ မသက်မသာ၊ နန်းကခွာသော်၊ ဥယျာဉ်တော်တွင်၊ ရှင်ပျော် လှည့်ငြား၊ ကစားထွက်ရာ၊ ရာဟု လာဟု၊ နှိုင်းရှုမျှော်ပေ၊ ခေါ်ကြလေဟု၊ ဥယျာဉ်သာက၊ လှည့် လာပြန်သော်၊ စိတ်ခြိုးခြံ သည် ဓမ္မရယ်နှင့်၊ ကြံ၍နေတာ ရှည်လှပြီကွဲ့၊ တောစုံဝသည် မြိုင်ခွင်၊ ယနေ့ပင် ဝင်တော့မည်၊ နာရီလေချိန် မမှန်းပြီဘူး၊ ရွှေနန်းက ဆင်းသက်ခွာမယ်၊ မတ် ကျော်ငယ် မောင်ဆန်၊ ဆောလျင်မြန် သွား၍ ပြင်ချေလေး။

သြော်… ဘုရားကျွန် သွားပါပေ့၊ မနေသာ ရှိခိုးကာ ဦးပန် သ,ပါလို့၊ ကုံးကနှင့် ရွှေကတောင်၊ ပြိုးပြက်လေ ပြောင် ပြောင်တောက်ပါလို့၊ ထီးခမောက် နင်းအစုံ၊ ကတီပါ သည်

ထိပ်သိုင်းကိုလ၊ မရှိင်းအောင် ပြန်ဆင်ပြီးပါပေ့၊ သခင်ထံ လျှင်မြန် ဆက်ပါ့မယ်၊ ဘယ်အချိန် ကိုယ်တော် ထွက်မယ်လို့၊ မိန့်မြွက်ပါလေး။

အချိန်နော် မရွေးပြီဘူး၊ မြည်ကြွေးတဲ့ သံချို၊ ဥဒေါင်းရဲ့ခို၊ မြိုင်ညိုကိုခုပင် ထွက်တော့မကွဲ့၊ ညဥ့်နက်တဲ့ သန်းခေါင်ယံ၊ မတ်မောင်ဆန် အမြန်ထွက်ကြစို့၊ သက်မမျှ ညီလေး ခင်ငယ်၊ မြိုင်တော်ခွင်မှာ ငါအရှင်ကိုယ်တော်မြတ်ကယ်က၊ တောင်နန်းစံ ယသော်လှကိုလ၊ ကြာခြည်ကို လှပ်ကာ ကြည့်လိုက်တော့၊ သားအမိ စက်သော ခါတွင်၊ မဟာယံ သန်ခေါင်ကျပြီမို့၊ နေရစ်ကြ သားမိခင်ငယ်၊ လောင်းအရှင် ကိုယ်တော်မြတ်မှာလ၊ နိဗ္ဗာန်ကို အမြန် တ,ပါလို့၊ တောင်နန်းစံ ယသော်လှတို့ရဲ့၊ မြန်းကြွမယ်လေး။

ပြေ်ာ... ကာဠုရယ်က၊ ရွှေဥငယ့် သားတော်၊ ဖွားမြင်ငယ်မြော်၊ ဘွဲ့မည်တော် ငါကပေးခဲ့မကွဲ့၊ ရာဟုလေ မည်တွင်ခေါ်ကြရော့၊ သောင်းတိုက်ကွဲ့ ထက်အာကာ၊ လစန္ဒာ သာသည့်ခိုက်ကိုလ၊ တိမ်တုက်လေ သူရိန်ဖုံးပါလို့၊ ညဥ့်သန်းခေါင် ခုခါထွက်မည်ဟု၊ ရထားလေ မောင်ဆန်နဲ့၊ ဆောလျှင်မြန် နန်းကခွာမယ်လေး။

ပြေ်ာ... မသတီစိတ်၊ စောကာကျိတ်၊ အိပ်လို့လဲမပျော်၊ နေ့ရက်ကဲ့ကြာသော်၊ သံချေကျင်း တကွင်းက ထိ၊ နှစ်ကွင်းညီသော်၊ ဗောဓိပင်နှင့် ရွှေပလ္လင်၊ အောင်မြင်မည် မဟုတ်သေးသောကြောင့်၊ အရေးစုံတကယ် မြောက်တဲ့အောင်၊ တထောက်



ဆို မြိုင်ညိုနက်ကိုလ၊ လှမ်းထွက်မယ်လေး။

ပြေ်ာ... သည့်တံခါးရယ်နှင့်၊ ပိတ်ထားသည့် သေချာစွာ၊ ဖရာဇာ လုံစွာကြပ်ပါလို့၊ မလှပ်နိုင် လှပ်၍ ထားခဲ့တော့၊ မြို့ရိုးနှင့် သကောင်းတိုင်၊ မထွက်နိုင်သည့်ခါ ခက်ချေပေ့၊ ဖွားဖက်လေ မောင်ဆန်က၊ အကြံပင်ထုတ်ပ မောင်ငယ်လေး။

ပြေ်ာ... တိုင်းဌာနီငယ်၊ ရွှေပြည်ရယ်သာစွ၊ ကပ္ပိလမှာ၊ ဘဒ္ဒကေန်၊ နိမိတ်ဖန်ဟု၊ ဗိုလ်ခြေတစ်သောင်း၊ လှပ်မယ့်သာချောင်းကြတော့၊ ဖုန်းမောင်လေ လူကနည်းသော်ကြောင့်၊ အားခဲကာ ဘယ့်နှယ် ဖွင့်လို့မို့၊ ပွင့်ပမယ်လေး။

ပြေ်ာ... စိုးရိမ်တော်မူပါနဲ့၊ နေမျိုးငဲ့ ရာဇာ၊ ဝိုက်ဆည်းရယ်ကာ၊ ခိုင်လုံစွာ သာတံခါးကိုလ၊ ဘာကြောင့်လေ မှုပော်မထားပါနှင့်၊ အာမခံမှုတော်ထမ်းပမယ်၊ မြင်းကုံးက သည်အပေါ်မှာ၊ မြိမြိသာ ထိုင်ကာ လိုက်ပါတော့၊ ပန်းတစ်ပွင့် လေးမထင်၊ နန်ကြီးရှင် ဇက်ကို တဲပါလို့၊ ရဲရဲသာ ကိုင်ပါရော့၊ ဘုရားကျွန် မောင်ခဏ္ဍကရယ်က၊ ရှိသမျှ အားကုန်ထမ်းလို့မို့၊ ခုန်လွှားမယ်လေး။

ပြေ်ာ... စိတ်ကြံတုန်းကိုလ၊ ရွှေဘုန်းငဲ့တေဇာ၊ နတ်များလေ မနေသာလို့၊ တံခါးကို အကုန်လှပ်ပါလို့၊ လောင်းသိဒ္ဓတ် ထွက်ခဲ့လာသည်၊ မီးပျူးငယ်မှ မီးဝါ၊ ရှေးကထွန်းပါလို့၊ ပြောင်းလေ ကိုယ်စီနှင့်၊ နန်းသီဟ မြို့ရိုးပေါ်မှာ၊ သုံးဦးလေ ကျွန်အရှင်တို့၊ အကြံပင် မြောက်ကြလိမ့်မယ်လေး။

ပြေ်ာ... မာရ်နတ်သားက၊ ရှေ့ကရပ်လျက်၊ အဖျက်စကား၊

မပြောကြနှင့်၊ သုံးပါးဘုံတွင်၊ ကျင်လည်သမျှ၊ ဒုက္ခတာရှည်တော့ မည်ဟု၊ လောကီကုသိုလ်၊ အကုသိုလ်ကို၊ နုပျိုထုတ်နှုတ်၊ လောကုတ္တရာ အစစ်၊ ချမ်းသာနှစ်ကို၊ ငါလိုသည်၊ ဆုတ်လေ ရှားလေ၊ ဖဲသွားစေဟု၊ ဖယ်ဟဲ့ နတ်ယုတ်၊ နင်ရှုပ်လာ ငါပြန် ကြားက၊ ထောင်နားနာ၍၊ ငါ့သန့်လျှင်တွင်း၊ သက်ဖီဝိန်ကြွေ ကာ ဆင်းတော့မပ၊ နင့်ပြည်ကို ပြန်ကာသွားပါ မောင်ငယ်လေး။

ဩော်… ကျွန်ယုံ မတ်ကယ်က၊ နားတော်တဲ့ လျှောက် တင်၊ သခင်ပြန်ပါအုံး ဘုရား၊ နတ်ရွှေမြို့ဘုံပေါ်မှာ၊ လှနတ်ကယ် မယ်ယသော်တို့နှင့်၊ ဖ,သုဒ္ဓေါ် မာယာမိတို့ကိုလ၊ တစ်ဆံခြည် ကိုယ်တော် မုန်းရော့မလား ဘုရား၊ ဝဲလည်လည် သတ္တဝါ များကိုလ၊ ညာသောင်လေ ဆောင်ယူသွားပါလို့၊ သနားကာ၊ သည်ရမွှက်ကိုလ၊ စုံတောဆို မြိုင်ညို နက်ဆီသို့၊ ထွက်တော့ မယ်လေး။

ဩော်… မတ်မောင်ဆန်ငယ်၊ သောင်ယံကမ်းစ၊ နော်မာ ဝတွင်၊ နန်းမရွှေပြည်၊ ငါမလည်ဘူး၊ ဆံခြည်တစ်စေ့၊ မအောက် မေ့ဘဲ၊ စိတ်မှာစွဲ၍၊ လက်စွဲတော်စုံ၊ မတ်ကျွန်ယုံကို၊ မြေကြီးကို ဖျာလိုလိပ်သော်လည်း၊ ပြန်စိတ်လေ ငါမကူးပါဘူး၊ ချစ်ဦးလေ မယ်ယသော်တို့က၊ ထုံးလိုက်သည့် မြကေခိုင်ကို၊ အသာကိုင်ကာ သံလျက်ဓားရယ်နှင့်၊ တစ်ချက်လေ အသာပြတ်တော့ကမှ၊ မြိုင်ရပ်သာ တစ်ကိုယ်တည်းသာပ၊ သစ်သီး လိုရာသုံးတော့ မကွဲ့၊ နှလုံးငြိမ် နိဗ္ဗာန်ဆေးကိုလ၊ တိုင်းပြည်မှာ ငါသာ ပေးမည် ဟု၊ အတူတူ ချစ်လိုက်ပါတဲ့ မြန္မစ်စုံငယ်၊ ပြဟ္မာလှူ ကြာသက်န်း



ရယ်နှင့်၊ နိဗ္ဗာန်ဆို သာတဲ့ ကမ်းကိုလ၊ မြန်းတော့မယ်လေး။

ဩော်… ဘုရားကျွန်ကို မုန်းတော့မလား၊ လုံးလုံး လေပစ် လို့ မထားပါနှင့်၊ လောင်းရာဇငယ်၊ မျက်ရှည်ငဲ့ တလည်လည် ခဏ္ဍကရယ်၊ မင်းနဲ့ငါလည်း ပြန်ရတော့မယ်၊ တောင်းနန်းငယ့် စံပျော်၊ လှယသော်က ဆီးကြိုမေးလျှင်၊ ဘုရားကျွန် ဘယ့်နှယ် တင်ရပ၊ ဘုရားကျွန် အတင်ခက်သော်ကြောင့်၊ ရှက်လှတယ် လေး။

❖ ❖ ❖



## ၅၄။ ဝိသယ ဇာတ်တော်ကြီး

လူ့ပြည်တိုင်းမှာလ၊ ရှုတိုင်းငဲ့ သာယာ၊ တုန့်နှိုင်းရဲ့ကွာ၊ တောင်လက်ယာ ဇမ္ဗူကျွန်းမှာလ၊ မဇ္ဈိမာ အလယ်ထွန်းပါသတဲ့ အဝန်းက ကိုးယူဇနာကျယ်၊ ကျွန်းငယ်ရံ နှစ်ထောင်ပေါင်းရယ်နှင့်၊ အသီးသီး လွှန်ဆန်းကြွယ်၊ အံ့ညြဖွယ် ထက်အောက်ပိုင်းပါလို့၊ ဆယ့်ခြောက်တိုင်း ဆုံးမကုန်အောင်၊ အလုံးစုံ မြို့တော် ပေါင်းမှာတော့၊ ရှစ်သောင်းက လေးထောင်ကျော်၊ တိုင်းပြည် တော် မြို့တော်ကြီးမှာဖြင့်၊ ပြောမကုန် အံ့မပြီးနိုင်ဘု၊ အသီး အသီး ရွှေနန်းတည်၊ ဗဟိုရ်စည်ဆော်ကာရွှမ်းပါလို့၊ ဘိသိက် သွင်း မင်္ဂလာ၊ တသညာ အမည်ရသော်ကြောင့်၊ ဤလောက ဇမ္ဗူနယ်မှာ၊ မတူဖွယ် နာဂရ ရယ်က၊ ရှေးကနော် ဝတ္ထုကြောင်းသာပ၊ တွေးဆမြော် သူတော်ကောင်းရယ်တို့၊ ဘုရား ထိုမြွတ်စွာမှာ၊ ဝိသယာ ဖြပ္ပဏာရယ်လို့၊ မျိုးဝံသ ပုဏ္ဏားနွယ်၊ တရားဝင် စင်ကြယ်သည့် အဖြစ်ကယ်ကြောင့်၊ အများရယ် ဥစ္စာနှစ်မှာတော့၊ ဝိသယ သူဌေးခေါ်၊ စည်းစိမ်တော် စိုးပိုင်သပါလို့၊ ရွှေဖော့မယ် မောင်နှမရယ်က၊ အာသယ ဘွဲ့နာမံ၊



ဆုကြီးရယ်ပန်၊ တူမောင်နှံ့ တိုင်ပင်ပြုသည်မတော့၊ ရှေးကောင်းမှု တို့နှစ်ဖော်မှာ၊ ကုသိုလ်တော် လှူဒါနရယ်ကြောင့်၊ သူဌေးကျော် ခေါ်ရပါသကွဲ့၊ သာသနာဗာတီရပေမို့၊ မြတ်သံဃာ ရှာမရသော် လည်း၊ ဒုက္ခိတ ယာစကာကို၊ လှူခံနော် လာသရွေ့ကိုလ၊ ယုတ်မြွတ်ကယ် မချိန်လုပ်ပါဘူး၊ တစ်နေ့လျှင် လှူသည့်ကိန်း မှာတော့၊ တစ်သိန်းက ခြောက်ထောင်ကျော်၊ ပြည်မဟာ ဇမ္ဗူကျွန်းမှာတော့၊ ပြောစရာ ညြဘာထွန်းသူမို့၊ ထက်ဝန်းကျင် ဘယ်မလတ်ပေဘူး၊ အရပ်ရပ်ကယ်တဲ့ များဗိုလ်ခြေ၊ သက်တော် ရှည် ဘုန်းကော်ကြီးစေဘို့၊ နတ်ခြောက်ပြည် ကျော်ကာဟီးပါလို့၊ ကောင်းချီးပြု သာဓုခေါ်၊ ကုသိုလ်တော် ကျော်သတင်းငယ်နှင့်၊ အာနုဘော် တေဇော်ပြင်းသော်ကြောင့်၊ မိုးက္ကန္ဒာ မဏ္ဍုချင်းရယ်၊ တင်းရတယ်လေး။

ဝတီသာငယ်၊ က္ကန္ဒာသက္က၊ လဲဝါစုလို့၊ နုလှပါသည်၊ မဏ္ဍုမင်း ဘယ်အခင်းကြောင့်၊ တင်းပါရဟု၊ နတ်စက္ခုဖြင့်၊ ကြည့်ရှုလေသော်၊ အကြောင်းရယ်မြော်၊ လောင်းမြတ်ကျော် ဝိသယရယ်လို့၊ သူဌေးကျော် လှူဒါနရယ်ကြောင့်၊ ရပါလှ အာဇာနည်၊ ပါရမီ ဆယ်လီမြတ်ကယ်နှင့်၊ သိကြားနတ် ငါ့စည်း စိမ်ကို၊ သူချိန်ကာ ယူမည်ဟု၊ ဒါနနှင့် ငါ့ကိုရွယ်၊ လူစရယ်ကျယ်၊ ဘဝကွယ် နလံမထအောင်လို့၊ သဒ္ဓါလံ ကျွမ်းပြန်ကျစေဟု၊ ရှိသမျှ သူ့စည်းစိမ်ကို၊ မိုးက္ကန္ဒာ ရှင်နတ်မင်းရယ်က၊ တခဏ ချင်း ပျောက်ကွယ်စေ၊ ရန်ငြိုးရဲ့ပွေ၊ မိုးအဆွေ အယူလွဲပါပေ့၊ မင်းကျင့်လေ အမြင်နည်းသော်ကြောင့်၊ ရွှေးပဲမျှ မကျန်ပါ၊

အိမ်လုံးငယ် ခါ၊ လောင်းမြတ်စွာ ဝိသယှမှာလ၊ ကျွမ်းသတာ လံကာကျသော် ကြောင့်၊ ကြံမရ ပူဗျာပါငယ်၊ လှူစရာဘယ်မှာ ရပမလဲ၊ မွဲပြာကျ မောင်နှံစုံမှာ၊ နှလုံးတုံ သေငယ်ဖော ရယ်နှင့်၊ ဆွေ့ဆွေ့ခုန် ဗေဒါမျောပါလို့၊ နှစ်ကိုယ်မှာ မှိုင်ကာဆွေးပါရ၊ မသိနိုင် ဘယ်အရေးရယ်ကြောင့်၊ ဉာဏ်ပညာ ရှိသည့်အရေး ငယ်နှင့်၊ ညှိတွေးလို့ သတိပေါ်၊ သူဌေးကတော် အာသယှကိုလ၊ တရားတော် ခါခါပြပါသကွဲ့၊ တို့ပေးသမျှ အလှူတွေမှာ၊ အကျိုးလေ မကြာ ရောက်ပါလိမ့်၊ တိုး၍သာ ကုသိုလ်ရောက် တော့မပ၊ ကြောက်ပါနှင့် အလှူတွေမှာ၊ အကျိုးလေ မကြာ ရောက်ပါလိမ့်၊ တိုး၍သာ ကုသိုလ်ရောက်တော့မပ၊ ကြောက်ပါ နှင့် အလှူရှင်ကတော်ရယ်၊ သူဌေးကျော် ဝိသယှရယ်က၊ အရေးနော် ပေါ်လာရပါလိမ့်၊ နားချလို့ စိတ်ကြည်လင်အောင်၊ အိမ်ပေါ်မှာ ဖွေရှာကြပြန်တော့၊ ထမ်းပိုးငယ် တံဇဉ်နဲ့၊ ထို့အပြင် ကြိုးခွေတွေ့ပါလို့၊ ရွှေရင်မှာ အသာပွေ့လို့ပ၊ သူဌေးကိုတဲ့ ပေးရာတွင်၊ လှူဝတ်တွေပျက်မည် လမ်းရယ်ကြောင့်၊ မြက် ထမ်း၍ ရောင်းလေဗျာ၊ ရှစ်ရွေးသာ အဖိုးငွေရသတဲ့၊ လေးရွေး မျှ လှူဒါန်းရန်၊ တို့မောင်နှံ့ လေးရွေးစားမယ်ပ၊ ကြံစည်ကာ အိမ်သို့ပြန်၊ အလှူခံ ဖုန်းတောင်စားတွေက၊ တကြော်ကြော် ပေးပါ ဘုရားရယ်ဟု၊ အိမ်နားက ဟစ်ကာအော်၊ သနားငယ် မျှော်၊ သူဌေးကျော် ဝိသယှရယ်က၊ သဒ္ဓါတော်ဖြူ ရှာလှသူမို့၊ သူမရ ငါမရ ရှိကြလေရာ၊ စားစရာ ချန်မထားပါဘူး၊ ရှစ်ရွေး သား အကုန်လှူ၊ တို့ထိုးနည်းတူ နောက်တစ်ရက်မှာတော့၊



စားစရာ ချန်မကွက်လေဘု၊ ခြောက် ရက်မြောက် ထိုနည်းတူ၊ တောင်းတိုင်းရယ်လှူ၊ ဗုဒ္ဓက်ု စိတ်မူ နွမ်းပါလို့၊ ခန္ဓာငယ် အာရုံခန်းသော်ကြောင့်၊ ရက်သတ္တာ လည်တစ်ပတ်တွင်ဖြင့်၊ ဝမ်းအာဟာ အစာငတ်သော်ကြောင့်၊ မတ်တတ်က လဲရရှာ၊ မူးခွေကာ မေ့လျော့ငြားပြန်တော့၊ ရှင်သိကြား မနေသာ။

ထံပါးရယ်လာ၊ ထင်ရှားစွာ ကိုယ်တိုင်ပြပါလို့၊ ဝိသယှ သူဌေးကျော်ငယ်၊ ကာလနော် သူ့ထက်ကဲပါလို့၊ ဒါနတော် အလှူရဲသော်ကြောင့်၊ ဖြူပြာကြ အိမ်လုံးခါအောင်၊ ပျောက်ပျက် တာ မဟုတ်လားရယ်လို့၊ နောက်ဆက်ကာ မလှူအားပါဘူး၊ ကြောက်ပါဘိ အလှူများကိုလ၊ စကားနှင့် ဝန်ခံလျှင်၊ လူ့ပြည်မှာ အနေ မရှိင်းအောင်ပ၊ လှူတာတွေ စိတ်နှင့် နှိုင်းလျှင်ဖြင့်၊ ရှေ့အတိုင်း ဖြစ်စေမယ်။

ထိုအခါ ဝိသယှရယ်က၊ မဖွယ်ရာ လာလို့ မပြောပါနှင့်၊ သင့်အာစ နှုတ်မြွက်သံကို၊ ပုပ်ညှီနံ စိုးပိုင်ရှိင်းပါဘိ၊ သုတ်ဓမ္မ ကွန် ထုတ်ပြန်နှိုင်းလျှင်ဖြင့်၊ ဂိုဏ်းမလွတ်ပြောသည့်သူမှာ၊ ဘယ်သူဟာ ဘယ်အကျိုးရယ်လို့၊ မြော်ကိုးလို့ စဉ်းစားပါ၊ မိုးကုန္ဒာ ငါသိကြားရယ်လို့၊ ပြန်ကြား၍ ပြောလေရာဝယ်၊ ငါ့ဥစ္စာ ပျောက်ကွယ်လတ်သည်မတော့၊ သင့်အတတ် ကေန်သာ၊ မိုးကုန္ဒာ ဖြစ်ပါလျက်ကယ်နှင့်၊ ဘယ့်အတွက် ငါ့အလှူကို၊ သင်ငြူစူ ပျောက်ကွယ်ထားပါသလဲ၊ ပြောစမ်းပ နတ်ဒေဝါငယ်၊ ငါ့စည်းစိမ် ရွှေအိမ်နန်းကိုလ၊ စိတ်မှန်းကာ ဝိသယှရယ်က၊ ကုသိုလ်ကံ စီမံပြုပါလို့၊ ဒါနနှင့် ယှူမယ့်ရှယ်၊ ထို့ကြောင့်ကွယ်

မခံရပ်နိုင်လို့၊ လမ်းစပြတ် အကုန်ပယ်။

ထိုအခါ မိုးကုန္တာ ဒေဝိန္ဒကို၊ သူဌေးကျော် ဝိသယုရယ်က၊ တရားတော် ဟောကာပြပါလို့၊ ဒေဝါရှင် သင်နတ်မင်းရယ်၊ နားစေ့စေ့ထောင်။

လူတို့ဘောင်နတ်ပြည်စုတ်ကိုလ၊ ညီစော်နံ စည်းစိမ်ရှုပ်ကို ဖြင့်၊ ဘင်ပုပ်သို့ ပမာထင်၊ အဟုတ်ပင် မလိုလားပေဘူး၊ မယုံလျှင် မြတ်တရားကိုတဲ့၊ နာကြားတော့ သိကြားအိုငယ်၊ မဂ်နှင့်ဖိုလ် ထိုတရားငယ်နှင့်၊ နိဗ္ဗာန်ဘောင် ရောက်အောင် သွားနိုင်တဲ့၊ မြတ်ဘုရား ဖြစ်ရေအောင်၊ ငါကျင့်ဆောင် ကုသိုလ် ပြုသည်ဟု၊ သူဌေးက မိန့်ဆိုလျှင်၊ သိကြားအို ဒုသီလရယ်က၊ ဘုရားဆို ကြောက်ပါလှသော်ကြောင့်၊ ဝန်ချကာ မှားသည့် အရေးကိုတော့၊ ကန်တော့ကြေး သည်းခံပါ၊ ကြည်သဒ္ဓါ လှူဒါ မျိုးကိုလ၊ ဘုရားဉာဏ်အားသန်လှသူမို့၊ ဆတပိုးတိုး၍လှူ၊ စိုးရိမ်တော် မမူရအောင်ပ၊ သိကြား အို... မိုးကုန္တရယ်က၊ လိုသမျှ ဖန်ဆင်းကူမယ်၊ ပြည်နိဗ္ဗူ ရွှေအောင်မြို့ကိုလ၊ မဂ်နာဝါ ဖောင်ကူတို့ရယ်နှင့် ပို့တော်မူ ထိုကာလမှာတော့၊ သိကြားအို ပါပရစေလို့၊ တောင်းပန်ခ သူတို့ထံ၊ နတ်ပြည်စံ ပြန်ကာ ကြွ သတဲ့၊ စေဘုရား ဒေသနာငယ်လေး။

❖ ❖ ❖

## ၅၅။ ဝိပ္ပလိနှင့် မယ်ဘဒ္ဒါဇာတ်

တိုင်းမဂဓမှာလ၊ နိုင်းသမျှ စံမကွာ၊ အမည်တော်ရယ်သာ၊ ခေါ်သညာ ပိပ္ပလိရယ်လို့၊ ဟိတ်ရှိတဲ့ သူဌေးကျော်၊ သူ့ကြင် ဖော် ဆွေသမုရယ်က၊ ရွှေရုပ်နှင့် စံမကွာ၊ မယ်ဘဒ္ဒါ သူတော် ကောင်း ရယ်ဟု၊ အကြောင်းကို ဆင်ခြင်၍၊ ပုံတင်ကာ မှတ်ဖို့ ကောင်းပါရဲ့၊ သံသရာ ဖန်လာတဲ့အကြောင်းပေမို့၊ ချည်ကြိုးခွေ ရစ်ပတ်နှောင်၍၊ ကြောက်မက်ဖွယ် အလွန်ကောင်းပေရဲ့၊ ကုဋေ တစ်ရာ အသပြာကို၊ ညှာတာစုံမက်၊ တွယ်တာကာ မခွါရက် လျှင်ဖြင့်၊ လေးသွယ်သမုတ်၊ စက်ခလုတ်မှာ၊ နစ်မြုပ်ကြမည် သို့ဖြစ်သည်ကြောင့်၊ ဖန်ဝါဆင်မြန်း၊ ရှင်ရဟန်းများကဲ့သို့၊ တောရပ်ကို မှီတော့မကွဲ၊ ဤနေ များစွာကို၊ မတွယ်တာ ကြင် ဆွေနှင်းပါလို့၊ သံသရာ သည်ညွှတ်ကွင်းကိုလ၊ လွတ်ကင်း အောင် စိတ်ရည်သန်တော့မကွဲ၊ မယ်ဘဒ္ဒါ ကြင်ဇနီးရယ်၊ မင်းတို့မောင် ရွှေရောင် ကြီးရယ်က၊ ပစ္စည်းတွေ အကုန် နှင်းခဲ့ မကွဲ၊ တောထွက်ရန် မြန်မနေးချည်ဘူး၊ လှသက်ဝေ ပျိုခင်လေး ရယ်၊ ခွင့်ပေးပါလေး။

ဩော်... ဘဒ္ဒရယ် ကြင်ရာမောင်၊ ခွင့်ပန်တောင်း ငယ်

ပေါင်းလင်လှ၊ ရွှေရောင်ပွ နှမက လင်၊ ကြောက်မယ်ထင်လို့၊ မရွှင်ဗျာလှိုင်၊ နှစ်ဦးဆိုင်တဲ့၊ ပိုင်ကုဋေ့ခေါ်၊ တစ်ရာကျော်ကို၊ မောင်တော်ယူရစ်၊ ရွှေတော်စစ်၊ မချစ်လို့သာ မဟုတ်ပါဘူး၊ ဇာတိကင်းရန်၊ နိဗ္ဗာန်လမ်းနှင့်၊ မဂ်လမ်းကို ရှာတော့မကွဲ့၊ ပျိုတို့မောင် ရွှေရောင်စောင်းရယ်က၊ ဘဒ္ဒမယ် လက်စုံပေါင်းပါလို့၊ နှုတ်ပြန်လှန် သာယာကြောင်းကိုလ၊ ခွင့်တောင်းတယ်လေး။

ဩော်… လောင်းကျော်ရယ် မမြတ်လှ၊ ကဿပဟု၊ နာမ မည့်ရှိ၊ ယဉ်ဘိ ကြင်ရာ၊ မယ်ဘဒ္ဒါတို့၊ နှစ်ဖြာဉာဏ်ယူ၊ အကြံငယ်တူ၊ ကြည်ဖြူဆန္ဒ၊ ထွက်ခဲ့ကြ၍၊ ဓနများစွာ၊ ငွေဘဏ္ဍာလို၊ ကျွန်ပါစွန့်ပယ်၊ ဇာတိဘုံ စိတ်ကုန်ညစ်၍၊ ဖြစ်ကပျက်ပြန်၊ လောကဓံဝယ်၊ ဘုံသုံးဆယ့်တစ်၊ ကျင်လည် နစ်၍၊ အနှစ်ကယ် မပါ၊ အကာတုတ်နှောင်၊ အပုပ်ကောင်ကို၊ ရုပ်ဆောင်တင်ပြ၊ ခင်မလှ၍၊ ဘဝနှစ်ပြန်၊ နစ်ဖို့သာ မှန်တော့သကွဲ့၊ ရုပ်နာမ်သည်တွင်၊ ရွံစရာ နောင်မကောင်းရအောင်၊ သံသရာစက် ပြတ်ကြောင်းကိုလ၊ ခေမာသောင် ရွှေဖောင်ကပ်ပါလို့၊ တောထွက်မယ်လေး။

အော်… ဘဒ္ဒါနှင့် ပိပ္ပလိတို့၊ စိတ်ရှိတူစုံ၊ အာရုံဝင်စား၊ မြတ်တရားလို၊ ထပ်ပွားလျက်သာ၊ ရှေ့နောက်ကယ် တန်းပါလို့၊ ထွက်လှမ်းကာ လာခဲ့တယ်၊ မောင်မယ်တူတွဲ၊ မြိုင်လယ်မှာ လမ်းနှစ်ဆိုင် အခွဲတွင်မှ၊ လက်ဝဲယူ မေကညာရဲ့၊ လက်ယာမှာ မင့်မောင်သွားမယ်ပ၊ တောဖျားလေ မြိုင်ရဂုံ၌၊ ခိုင်နှစ်စုံ အတူ



သွားလျှင်လှ၊ တရားနှင့် မလျော်ချေဘူး၊ ကြင်တဲ့မေ ဖြူပြာအိငယ်၊ ပန်ထုံထုံ လမ်းစုံရှိပါတဲ့၊ ပျိုတို့မောင် ရွှေရောင်တွဲရယ်၊ ခွဲကြစို့လေး။

## ၅၆။ လိုရာရ ရှင်လောင်းသွင်းရတု (က)

ဇမ္ဗူတိုင်းမှာလ၊ သမိုင်းရာဇဝင်၊ ကသိုဏ်းရယ်ဆင်၊ ဂုဏ်ပေါ်ထင် လူ့ပြည်ရောက်တာမို့၊ အားသစ်လို့ ကြိုးပမ်းရာ၊ မျိုးရိက္ခာ နောင်ဖို့ခဲကြကွဲ၊ လွဲမည်ဘု သံသရာမှာ၊ စုံဆန်ကာ ဘုံစဉ်တက်ပါလိမ့်၊ ထက်ပါပေ့ စေတနာငယ်၊ နတ်ခြောက်ရွာ ဘုံတလျှောက်မှာဖြင့်၊ ကဲမောက်တဲ့ ဒါနကံငယ်၊ တူမောင်နဲ့ ရေစက်သွင်းပါလို့၊ ပြည်နိဗ္ဗာန်သာတဲ့ ကျွန်းကိုတော့၊ ရွှမ်းတော့မယ်လေး။

စေတနာ ဖြူသည့် အတွက်၊ လှူရေစက်နှင့်၊ မင်္ဂဖိုလ်သာခေါင်၊ ရေလိုအေးတဲ့ နိဗ္ဗာန်သောင်ကို၊ ရောက်အောင်တက်မည်ဟု၊ စိတ်ကူးတော် ညီကြပေ့၊ ရွှေပြည်ကြီး နိဗ္ဗာန်ကို၊ လမ်းမှန်မှန် ဘယ်မကောက်ပြီဘူး၊ တူမောင်နဲ့ သည်နှစ်ယောက်ကယ်တို့၊ ရောက်ပေလိမ့် ယွင်းမချော်၊ တူပျော်ပျော် လက်ကိုဆွဲပါလို့၊ လွဲမည်ဘု မောင်နဲ့စုံ၊ နတ်ခြောက်ဘုံ စံလို့ ချဉ်းပြန်တော့၊ အံ့မပြီး လှူကြီးရှင်မှာ၊ ဖောင်မဂ္ဂင် လမ်းစဉ်လို့၊ သား



ရတနာ ရွှေသင်္ကန်းရယ်နှင့်၊ ပြည်ခေမာ နိဗ္ဗာန် နန်းဆီသို့၊ ရွှမ်း တော့မယ်လေး။

ကြည်သဒ္ဒါ ကောင်းမှုမျိုးရယ်က၊ အားထုတ်သူ နောင်မညှိုးပါဘူး၊ တိုးတက်ရေး ရှေ့ကိုသာ၊ ခပြောတာ တကယ်အဟုတ်ပါပဲ၊ ဘယ်သူငါ ပျက်အောင်လုပ်သော်လည်း၊ မယုတ်ရ စေတနာငယ်၊ ဝိသယ ရှင်သူဌေးလိုပ၊ သက်မသေ နတ်ပြည်သို့ ပေးပါလိမ့်၊ လှူဒါန်းရေး အကျိုးမျှော်၊ ကုသိုလ်တော် ကောင်းမှုမျိုးမှာတော့၊ မျက်မှောက်တွင် ဆတပိုးသာပ၊ တိုးတက်ရိုးဝတ္ထုလာ၊ လိုရာဆို အကုန်ပြည့်ပါလိမ့်၊ သံသရာ ဘဝမိုးပြန်တော့၊ အံ့မငြီး သူတော်စင်၊ လှူကြီးရှင် မောင်မယ်များရယ်တို့၊ တောင်းဆုယူ နိဗ္ဗာန်မြတ်ကယ်နှင့်၊ လူနတ်ပြည် စည်းစိမ်မြတ်ကိုလ၊ တင်းတိမ်အောင် ပျော်စံစားပါလို့၊ မြတ်ဘုရား မိတေးလျာငယ်၊ ပွင့်သောခါ ထံတော်မှောက်မှာတော့၊ တရားတော်ဟောသည့် နောက်ကိုဖြင့်၊ မင်္ဂသောတာ ဖိုလ်သို့ ရောက်ပါလိမ့်၊ နိဗ္ဗာန်ဆို ဗိမာန်ပေါက်အောင်၊ လှူစေတနာ ကူကာထောက်လျှင်ဖြင့်၊ ရောက်လိမ့်မယ်လေး။

❖ ❖ ❖

## လိုရာရ ရှင်လောင်းသွင်းရတု (ခ)

နိဗ္ဗာန်သွားရန်ဖို့၊ စိတ်ထားငယ်ကြည်လင်၊ မင်္ဂလမ်းကိုဝင်၊ အလှူရှင် လှူဒါနကိုလ၊ သွင်းရေစက် ချရအောင်၊ မြတ်ဘုန်းခေါင် ဖေဖေလေးကိုလ၊ စာပေးလို့ လျှောက်ရန်၊ အတန်အတန် စောပါဘိတယ်လေး။

ဩော်... ဘုံနန်းအလယ်မှာ၊ မောင်မယ်နှစ်ပါး၊ သမီးသား တို့၊ ပျော်ပါးရအောင်၊ နတ်တို့ဘောင်မှာ၊ ကြိုဆောင်လို့လ၊ လှူဒါန၊ ထက်လှစေတနာ၊ အရိယာဟု၊ ရည်မှန်းပြု၍၊ သမုတိ သံဃာ၊ ထေရ်အရှင်ကိုယ်တော်မြတ်ကိုလ၊ စေတနာသုံးတန် ထားပါလို့၊ ဒေသနာမြတ်တရားကိုတော့၊ အားကျဖို့ လှူပြီး လျှင်၊ နတ်ရပ်သွင် ပုံမခြားပါဘူး၊ ရှင်သိကြား ဖေဖေကိုသာ၊ သံသရာ ဘဝခြားလျှင်ဖြင့်၊ အပါယ်ရွာ မောင်မသွားရအောင်၊ ကရုပ်စုံ သဘင်ကျင်းပါလို့၊ သွတ်သွင်းသည့်သာသနာ၊ မင့် ဘိုးအေ မြတ်နှစ်ပါးရယ်နှင့်၊ မောင့်ဘွားအေ မပါငြားရှော့ထင်၊ အားလျှော့လို့ စိတ်မရွှင်၊ ခုခါပင် တုန်လို့ ရှိုက်ပါပေ့၊ ငိုလိုက်ကြ ကျွက်ကျွက်ညံ၊ ပွက်ပွက်သံ သည်အတွင်းမှာလ၊ ဘိဓမ္မာ သိသာဖို့ အခင်းကိုတော့၊ မြိုက်ရတာ နိဗ္ဗာန်ချဉ်းရအောင်၊ လင်းခဲ့မယ်လေး။

❖ ❖ ❖

<u>ဆက်လက်ထွက်ပါမည်</u>

Y.M.B.A ဆုရ

# ဆုတောင်းပျို့ဦကာ

အင်းဝခေတ် အရှင်မဟာ သီလဝံသ ရေးသားခဲ့သော ဆုတောင်းခန်းပျို့ အဖြေ ဖြစ်သည်၊ ဤအဖြေသည် Y.M.B.A အသင်းကြီးမှ ရွှေတံဆိပ်ဆု ချီးမြှင့်ခြင်း ပြုလုပ်ပေးခဲ့သည်၊ စာသင်သားလောက၌ သွေးတောင်းနေသော စာမူတစ်ခု ဖြစ်သည်။

---

**ပုရိသ၏**

# မြန်မာ့ ရှုခင်း

ပြုပြင်တိုးချဲ့ ဆက်လက်ထွက်မည်။

အသျှင်ဝိသုတာဘိဝံသ၏

# သူ့ဘဝ သူ့စာ

အနည်းငယ် ကျန်သေးသည်။

# ပြောသံ

'ပလုတ်ဖြုန်း' ရယ်နဲ့
တောင်ကုန်းရွာ သာခေန်းဆီက
ဒေါ်ရွှေမေ ဦးရေချမ်းငယ်တို့
သာသနာ ဝါဝါလန်းရန်တဲ့
ဆန်းလိုက်တဲ့ ပြောသံစည်။

အလို- နေခြည်မှာ ရွှေရည်ဝင်းလို့
ဆယ်စင်းလဲ မက
အဝေးကမှန်း၊ ဟိုရွာလမ်း
တီးတန်းကြီး လှပါဘိ-
တလတာ သည်အရေးကိုလ
မအုပ်ါ ကြည်ကြည် ပေးပါတဲ့
ရတုချို့ စိတ်ကို သွေးလေတော့
မလေးမောင် ရွှေယောင်ငိုက်တဲ့ပြင်
မြင်းကဏ်ပင် ငြင်းဆန်မိုက်လေပေါ့
လွှမ်းနိုက် မတည်။

မကြည်တဲ့ နလုံး
မပြုံးတဲ့ မျက်နှာ
မြင်းပေါ်က မောင်ရှင်လောင်း
ငုံစောင်းလို့ ကြည့်သောခါ-

ကညာလုံ ကြာမုံညွှတ်ဟဖြင့်
ယမ်းယောင်ကာ ကွမ်းတောင်
လွှတ်တဲ့ပြင်
မတွယ်တာ ဆယ်ခါ လွှတ်မယ်တဲ့
ဒေါချိုချို ပြောဆိုရှုတ်လေပေါ့
စိုစွတ်တဲ့ မြမျက်ရည်
လည်တဲ့လို့ မဆုံး။

ဖြုန်းနိုင်ပေ့ ကိုရွှေစည်
တီနိုင်ပေ့ ကိုရွှေနဲ့
ရွှဲနိုင်ပေ့ ကိုရွှေမောင်
လုံမငယ် အရှက်အိုးမို့
အငြိုးနဲ့ ပြောင်ရော့ထင့်-
လျောင်ချက်ကယ်နှာ
မောင်မျက်နှာ တရှာမှတ်ပေမဲ့
သာသနာ ဝါဝါဝတ်မှာမို့
မယ်လွှတ်ရာ ဘယ်ဆီနိုရပ
တလဆို ရက်ကိုချဉ်းပါဗျ
ဘွာခတ်ကာ ခမျာ ငြင်းလေတော့
သျှောင်ကြီးရှင် ဆံပင် တင်းပြီကွဲ့
ညှင်းတဲ့ တုတ်ဖြုန်း။

*6580001*
k 4000.00